


w.burmeseclassic.c
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

BURMESE CLASSIC .com

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပျောက်ဆုံးနေသောသတို့သမီး

လုရန်မြို့....

လုရန်မြို့သည် နာမည်ကျော်ကြားထင်ရှားသော မြို့ကြီးဖြစ်သည်။

နေ့ရောညပါ ကြက်ပျံမကျ စည်ကား၍နေသည်။

အကယ်၍....

သင်သည် လုရန်မြို့သို့ရောက်ရှိလာမည်ဆိုပါလျှင် ချန်ဂေဟာအား အလွန်ပင်နှစ်သက်သဘောကျသွားမည် ဖြစ်သည်။

ချန်ဂေဟာ၏ခမ်းနားကြီးကျယ်မှုကိုလည်း ရင်သပ်ရှုမောမဆုံးအောင် ရှိလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဝေဟာပိုင်ရှင် သူဌေးကြီးချန်ရှူးသည် ခရိုင်ငါးခရိုင်တွင် အချမ်းသာဆုံးသူဌေးကြီးအဖြစ် လူတိုင်းသိကြသည်။

ထို့ကြောင့်....

ချန်ရှူး၏သား သူဌေးသားလေး ချန်ဖိုး၏မင်္ဂလာပွဲသည် အလွန်စည်ကားသိုက်မြိုက်လိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လေသည်။

* * *

သို့သော်....

သူဌေးသားလေးချန်ဖိုး၏မင်္ဂလာပွဲသည် စည်ကားသိုက်မြိုက်မှုအလျဉ်းကင်းမဲ့ခဲ့လေသည်။

လူတိုင်းလူတိုင်း ပြောမဆုံးနိုင်အောင် ဖြစ်ရသည်အထိ အထင်နှင့်အမြင် ကွာခြားသွားခဲ့သည်။

ထိုသို့ ဆန့်ကျင်ဘက်အသွင် ပြောင်းလဲသွားခဲ့ရသည်မှာ မင်္ဂလာပွဲကျင်းပရန် တစ်ရက်အလိုတွင် သတို့သမီးပျောက်ဆုံးသွားခဲ့ခြင်းကြောင့် ဖြစ်လေသည်။

* * *

BURMESE CLASSIC .com



ယဉ်ယဉ်...

ယဉ်ယဉ်မှာ ဆေးဆရာယဉ်ကျိန်း၏သမီး ဖြစ်လေသည်။

ယဉ်ကျိန်းသည် သမားတော်ကောင်းပီသသူဖြစ်သည်။

ငွေကြေးကိုမခေနမဆားဘဲ ရောဂါဝေဒနာရှင်များအား မေတ္တာဖြင့် အခမဲ့ကုသပေးသူဖြစ်သည်။

သမားတော်ယဉ်ကျိန်းအား လူများက ချစ်ခင်လေးစားကြသည်။ ကြည်ညိုကြလေသည်။

သမားတော်ယဉ်ကျိန်းသည် ဆင်းရဲနွမ်းပါးသူ ဖြစ်လေသည်။

သို့တိုင်....

သမီးဖြစ်သူ ယဉ်ယဉ်သည် အလွန်ချမ်းသာကြွယ်ဝသော သူဌေးသား ချန်ဖိုး၏သတို့သမီးဘဝကို ရောက်ရှိလာခဲ့လေသည်။

သာမန် မိန်းကလေးတစ်ယောက်ဖြစ်သော ယဉ်ယဉ်နှင့် သူဌေးသားချန်ဖိုးတို့သည် မည်သို့မည်ပုံ အကြောင်းပါခဲ့သနည်း။

သူဆင်းရဲမလေး ယဉ်ယဉ်သည် ဖြိုးပဲ [illegible] ဘိုင်ရှင်ကလေးဖြစ်ခြင်းကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အလှသည် လူတိုင်းပါးစပ်ဖျားၗ ပြောစမှတ် တွင်ရလောက်အောင် ရှိလာသောအခါ ထင်ပေါ်ကျော်စောလာခဲ့ခြင်း ဖြစ်ပေတော့သည်။

ယဉ်ယဉ်နှင့်သူ့ရှေးသားချန်ဖိုးတို့၏ မေတ္တာလမ်းခရီးသည် သာသာယာယာဖြောင့်ဖြူးနေခဲ့လေသည်။

သို့ပါလျက်....

မင်္ဂလာပွဲကျင်းပရန်တစ်ရက်အလိုတွင် ယဉ်ယဉ်ပျောက်ဆုံးသွားသည်မှာ အတယ်ကြောင့်ပါနည်း။

အလွန်ထူးခြားသောကိစ္စတစ်ခု ဖြစ်ပေတော့သည်။

* * *

မင်္ဂလာပွဲကျင်းပရန် တစ်ရက်အလို....

ဆေးဆရာယဉ်ကျိုန်၏အိမ်ကလေးမှာ ထိုက်သင့်သလိုပြင်ဆင်ထားပါသော်လည်း ထည်ဝါမှုကင်းမဲ့နေသည်။

သားမက်လောင်း ချန်ဖိုးသည် ဆေးဆရာ ယဉ်ကျိုန်း၏နွမ်းပါးသော အခြေအနေကို မသိမဟုတ်သိနေသည်။

သို့သော်....

ထိုအိမ်ကလေးမှာ ကြီးကြီးကျယ်ကျယ်ပြင်ဆင်စရာမလိုရှိ ဖြစ်လေသည်။



သတို့သမီးဖြစ်သော ယဉ်ယဉ်အတွက် အထူးတလည် ပြ
ဆင်ထားသောအိမ်ကြီးတစ်လုံးနှင့် အခြေအရံများကို ချ
ဖိုးက စီစဉ်ပေးထားခဲ့သည်မဟုတ်ပါလား။

မင်္ဂလာပွဲကျင်းပရန် ရက်ရွေးပြီးကတည်းက ယဉ်ယဉ်အာ
ထိုအိမ်ကြီးဆီသို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းဖြစ်လေသည်။

မင်္ဂလာပွဲကျင်းပရန်တစ်ရက်အလိုတွင် သတို့သားသတို့သမီး
တို့သည် မြို့လယ်ရှိ ကွမ်းယင်စန်းဘုံကျောင်းသို့ သွားရောက်
ဂါရဝပြုရမည်ဖြစ်သည်။

သတို့သမီးယဉ်ယဉ်သည် သတို့သားချန်ဖိုးစီစဉ်ပေးထား
သော အိမ်ကြီးမှနေ၍ ကွမ်းယင်စန်းဘုံကျောင်းသို့အလာ
လမ်းခရီး၌ ပျောက်ဆုံးသွားခြင်းဖြစ်ပေတော့သည်။

* * *

ယဉ်ယဉ်၏မျက်နှာ ပြုံးရွှင်နေ၏။

သူမပြုံးလိုက်သောအခါ ပို၍လှပလာသည်။

အလှပြင်ပေးနေသောစုစုက ကြေးမုံမှန်ပြင်၌ထင်ဟပ်နေသော ယဉ်ယဉ်၏အသွင်သဏ္ဌာန်ကိုတစ်လှည့်၊ ပြင်ပမှအသွင်သဏ္ဌာန်ကိုတစ်လှည့် ကြည့်လိုက်သည်။

'သိပ်ချောတာပဲ သခင်မလေးရယ်၊ နတ်မိမယ်လေးလို တောင်ထင်ရတယ်'

www.burmeseclassic.com



ဟု ချီးကျူးလိုက်လေသည်။

ယဉ်ယဉ် ရှက်စနိုးလေးဖြစ်သွားသည်။

စုစုက….

'အင်း…သခင်မလေးက ဒီလောက်အောင်ချောမောလှပနေတာကြောင့်လဲ သူဌေးသားလေးချန်ဖုံးက တမ်းတမ်းစွဲဖြစ်နေတာပေါ့၊ တကယ်ဆိုရင် သူဟာ ချမ်းသာကြွယ်ဝတဲ့ အရှိန်နဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာပေါ့၊ ဒီကြားထဲမှာ သခင်မလေးဟာ အားလုံးကိုကျော်ဖြတ်ပြီး ပထမ ရသွားတာပဲ'

ယဉ်ယဉ်က တိတ်တခိုးမှ သက်ပြင်းချလိုက်လေသည်။

'စုစုရယ်၊ ငါ့ကို ချောမောလှပလို့ချစ်တာထက် တကယ့်မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတာပဲလိုချင်ပါတယ်၊ လူတွေက ငါ့ကို ကံကောင်းတယ်လို့ ချီးကျူးကြတယ်၊ ဒါပေမယ့် တချို့က ငါ့ကို ငွေမက်တဲ့မိန်းကလေးတစ်ယောက်လို့ ဝေဖန်ပြောဆိုနေကြမယ်ဆိုတာ ငါသိပါတယ်'

ထိုစကားကြားလျှင် စုစုစိတ်မကောင်းဖြစ်သွားလေသည်။

အပြင်ဘက်တွင် ယဉ်ယဉ်ပြောသကဲ့သို့ မလိုသူများက ဝေဖန်ပြောဆိုနေကြကြောင်း သူသိသားလေသည်။

မည်သို့ဆိုစေ….



ယဉ်ယဉ်အား နှစ်သိမ့်ဖျောင်းဖျလိုက်လေသည်။

'အို…ဒီလိုမဟုတ်ပါဘူး၊ သခင်မလေးဟာ မိဘရဲ့စကားကို ဂါရဝတရားနဲ့ နာခံတဲ့ သမီးလိမ္မာလေးတစ်ယောက်လဲ ဖြစ်ပါတယ်'

ယဉ်ယဉ်က….

'အင်းလေ…မေမေ စိတ်ချမ်းသာဖို့အရေးကြီးပါတယ်၊ မေမေဟာ ဆင်းရဲနွမ်းပါးခဲ့တဲ့ ငါ့ရဲ့ဘဝကို မြင့်မားလာစေချင်လို့ ဒီလိုစီစဉ်ခဲ့တာ ငါသိပါတယ်၊ ဘာပဲဖြစ်ဖြစ် သခင်လေးချန်ဖုံးကလဲ ငါ့အပေါ် အတော်ကိုကောင်းရှာပါတယ်'

စုစုက….

'ဟုတ်ပါတယ်၊ သခင်မလေးတို့ရဲ့ အိမ်ထောင်ရေးဟာ သာယာပျော်ရွှင်မှုတွေနဲ့ ပြည့်စုံနေမှာပါ'

ယဉ်ယဉ်ကလည်း ထိုသို့ပင် မျှော်လင့်ထားလေသည်။

ထိုခဏ အိမ်ဖော်တစ်ယောက်ဝင်ရောက်လာပြီး….

'သခင်မလေးရှင့်၊ ဘုရားကျောင်းကိုသွားဖို့ အချိန်တန်ပါပြီ၊ ခေါ်ယာဉ်လဲ အိမ်ရှေ့မှာရောက်နေပါပြီ'

ဟု အရိုအသေတကာ ပြောဆိုလာလေသည်။

စုစုက….

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ သခင်မလေးလဲ အဆင်သင့်ဖြစ်နေပြီ၊ အခုဖဲ့လာခဲ့မယ်'

ဟု ပြောလိုက်သည်။

* * *

အိမ်ရှေ့တွင် အနီရောင်ပေါ်ယာဉ်တစ်ခုရှိနေ၏။

သန့်မာထွားကျိုင်းပြီး ဝတ်ကောင်းစားလှဝတ်ဆင်ထားသူလေးယောက်က ပေါ်ယာဉ်ကို ထမ်းကြမည်ဖြစ်သည်။

ယဉ်ယဉ်သည် စုစုနှင့်အတူ အိမ်ထဲမှထွက်လာကာ ပေါ်ယာဉ်ပေါ်သို့တက်လိုက်လေသည်။

လူသန်ကြီးလေးယောက်က ပေါ်ယာဉ်ကို ချက်ချင်းထမ်းလိုက်ကြလေသည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားကြလေသည်။

စုစုက အိမ်တံခါးပေါက်ဝ၌ရပ်ကာ ကျန်ရစ်ခဲ့သည်။

သူမသည် တရွေ့ရွေ့ဝေးသွားသော ပေါ်ယာဉ်ကိုကြည့်ကာ....

'ဘယ်လိုမှန်းလဲမသိဘူး'



ဟု တီးတိုးရေရွတ်လိုက်လေသည်။

သူမ၏အသွင်မှာ တွေတွေကြီးလေးဖြစ်နေသည်။

မှန်ပေသည်။

အစစအရာရာ အဆင်ပြေချောမွေ့နေသည့် ယဉ်ယဉ်၏မင်္ဂလာကိစ္စတွင် ယနေ့ ကွမ်းယင်စန်းဘု ကျောင်းသို့ သွားရောက်ကန်တော့မည့်ကိစ္စသည် တစ်စုံတစ်ခု မှားယွင်းသလိုရှိနေပါသည်။

အဘယ်ကြောင့်ဟူသည်ကို စုစု မစဉ်းစားတတ်ပါ။

ပေါ်ယာဉ်တစ်ခုနှင့် အထမ်းသမားလေးယောက်ကို လွှတ်လိုက်ခြင်းထက် ထိုထက်ပို၍များပြားသော အခြွေအရံများကို စေလွှတ်သင့်သည်ဟု ယူဆမိသည်။

အမှန်တကယ်လည်း ကြီးကျယ်ခမ်းနားမှု၏ ပြယုဂ်ဖြစ်သော သူဌေးသားလေးချန်ဖုံးသည် လူပေါင်းနှစ်ဆယ်ကျော်ပါဝင်သော ယဉ်ယဉ်အား ကြိုဆိုမည့်အဖွဲ့ကို စေလွှတ်ခဲ့ပါသည်။

စုစု တွေးထင်မိသလို တစ်စုံတစ်ခုမှားယွင်းနေခြင်း ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယင်စန်းဘုံကျောင်း....

ကြီးကျယ်ခမ်းနားလှသော ကွမ်းယင်စန်းဘုံကျောင်းတွင် သူဌေးကြီးချန်ရှုံး၏သား ချန်ဖိုးနှင့် အခြွေအရံများ စုရုံးရောက်ရှိနေကြပါသည်။

သတို့သမီး၏ဖခင် ဆေးဆရာယဉ်ကျိန်းလည်း ရောက်နေသည်။

သူတို့သည် သတို့သမီးအား စောင့်မျှော်နေကြသည်။

သို့သော်...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည့်တိုင် ယဉ်ယဉ်ကား ရောက်မလာပါ။

ရှိခိုးကန်တော့ရမည့် အချိန်ကို တစ်စက္ကန့်တစ်စ ကျော်လွန်လာလျှင် အားလုံးစိတ်ပူလာကြလေသည်။

'သတို့သမီးက ခုထိ ရောက်မလာသေးပါလား'

'ဘာများ ဖြစ်နေပါလိမ့်'

တီးတိုးဝေဖန်သံများ ထွက်ပေါ်လာလေသည်။

သူဌေးသား ချန်ဖိုး ကိုယ်တိုင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ဖခင်ဖြစ်သူကလည်း စိတ်ပူသောအကြည့်ဖြင့် သူ့အားလှမ်းကြည့်လာလေလျှင် ဖခင်အနီးသို့ ချဉ်းကပ်သွားလိုက်ပြီး....



'ဖေဖေ...သူ့ကို သွားကြိုခိုင်းလိုက်တာ ကြာပြီ၊ ဘာကြောင့် ခုထိရောက်မလာသေးတာလဲမသိဘူး'

ဟု ပြောလိုက်လေသည်။

သူဌေးကြီး ချန်ရှုံးက....

'တစ်ယောက်ယောက်ကို လွှတ်လိုက်ပါလား'

'ဟုတ်ကဲ့ ဖေဖေ'

ချန်ဖိုးသည် ချက်ချင်းပင် လူယုံတော် တစ်ယောက်အား စေလွှတ်လိုက်လေသည်။

မကြာပါချေ။

လွှတ်လိုက်သော လူယုံတော်သည် အမောတကော ပြန်လည်ရောက်ရှိလာလေသည်။

ချန်ဖိုးက....

'ဘယ်လိုလဲဟေ့'

ဟု မေးလိုက်လျှင် ထိုလူက....

'သတို့သမီး ဒီကိုထွက်လာတာကြာပြီလို့ ပြောပါတယ်'

'ဟေ'

သတို့သမီးသည် အိမ်မှထွက်သွားခဲ့သော်လည်း ကွမ်းယင်စန်း ဘုံကျောင်းသို့ ရောက်မလာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးချန်ရှုံးတို့သားအဖနှင့် သတို့သမီးဖခင် ဆေးဆရာ ယဉ်ကျိန်းတို့ ခေါင်းချင်းရိုက်ကာ တီးတိုးတိုင်ပင်နေကြသည်ကိုလည်းကောင်း၊ အချိန်တန်ပြီ ဖြစ်သော်လည်း သတို့သမီးရောက်မလာသေးသဖြင့်ကြောင့် လည်းကောင်း၊ အခြေအရံများနှင့် ရောက်ရှိနေကြသော ဧည့်ပရိသတ်များတို့က သို့လောသို့လော ဖြစ်လာကြလေသည်။

မေးမြန်းစုံစမ်းရင်း ဝေဖန်ပြောဆို ကြရင်းဖြင့် များမကြာမီ သတို့သမီး ပျောက်ဆုံးနေကြောင်း အားလုံး သိရှိသွားကြလေတော့သည်။

ထိုသတင်းသည် ကွမ်းယင်စန်း ဘုံကျောင်းမှ တစ်ဆင့် တစ်မြို့လုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

သတို့သမီး ပျောက်ဆုံးသွားပြီဖြစ်သည်။

အဘယ်ကြောင့်ပါနည်း။

သတို့သမီး မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။

* * *

သတို့သမီးသည် လမ်းကြားတစ်ခုအတွင်း၌ ရောက်ရှိနေပါသည်။



ဝေါယာဉ်ထမ်းထားသော လူသန်ကြီး လေးယောက်က လမ်းကြားအတွင်းသို့ ဝင်ရောက်လာကြသည်။

ထိုလမ်းကြားသည် ကွမ်းယင်စန်း ဘုံကျောင်းသို့ သွားသော လမ်းမဟုတ်ပါချေ။

ရုတ်တရက်....

လမ်းကြားကလေး၏ ဝဲဘက်ရှိ အိမ်တစ်လုံးမှ တံခါးပွင့်လာသည်။

လူတစ်ယောက်ထွက်ပေါ်လာပြီးပတ်ဝန်းကျင်ကိုကြိုးကန်းတောင်းမျှော် ကြည့်ကာ....

'မြန်မြန်ဝင်ကြဟေ့'

ဝေါယာဉ် ထမ်းထားသူများအား လှမ်းခေါ်လိုက်လေသည်။

ဝေါယာဉ်ထမ်းထားသူလေးယောက်သည် အိမ်ထဲသို့ ခပ်သွက်သွက် ဝင်လိုက်ကြလေသည်။

ထိုလူများအိမ်ထဲ ရောက်သည်နှင့်....

'ဂျိမ်း'

အိမ်တံခါးပြန်ပိတ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ် ငြိမ့်ခနဲ လှုပ်ရှားသွားခြင်းကြောင့် အတွေး လွန်နေသော ယဉ်ယဉ် ပြန်လည်သတိဝင်လာလေသည်။

'ရောက်ပြီ ထင်တယ်'

ဟု စိတ်ထဲတွေးလိုက်သည်။

ဝေါယာဉ်၌ ကာရံထားသော ယင်းကာကြားမှ အပြင် ဘက်သို့ တိတ်တဆိတ်ချောင်းကြည့်လိုက်သည်။

ထိုအခါ....

စည်ကားသိုက်မြိုက်မှုကင်းမဲ့ ကာဖုန်များ၊ ပင့်ကူအိမ်များ ပြည့်နှက်နေသော အခန်းကျယ်ကြီးတစ်ခုအတွင်း၌ ရောက်ရှိ နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်....ကွမ်းယစ်စန်းဘုံကျောင်းလဲ မဟုတ်ပါလား'

သူမ ရင်ထိတ်သွားလေသည်။

တိုစဉ်....

'ဆင်းစမ်း'

ခက်ထန်သောအသံ ထွက်ပေါ်လာသည်။

ဝေါယာဉ်၌ ကာရံထားသော အဝတ်များကို ခပ်ကြမ်း ကြမ်းလက်ကြီးတစ်ဖက်က ဆွဲဖယ်ပစ်လိုက်သည်။



ယဉ်ယဉ်လည်း ယောင်ယမ်းပြီး အပြင်ဘက် လှမ်းထွက် လေသည်။

ထိုအခါ....

ဝေါစင်ထမ်းသော လူကြမ်းကြီးလေးယောက်သည်သူတို့၏ ဖိုးကြီးသောအဝတ်အစားများအား ကပျာကယာချွတ်နေ သည်ကို တွေ့ရ၏။

တစ်ခဏအတွင်းမှာပင် အနက်ရောင် ဝတ်ဆင်ထားကြသူ အဖြစ် ပြောင်းလဲသွားလေသည်။

အိမ်ထဲ၌ ကြိုတင်စောင့်ဆိုင်းနေသူနှင့် ပေါင်းလျှင် ငါး ယောက်တိတိ ဖြစ်လေသည်။

ယဉ်ယဉ်သည် ကျိုးပဲ့လဲပြိုနေသောအိမ်ထောင်ပရိဘောဂ ပစ္စည်းများ၊ ဖုန်များ၊ ပင့်ကူအိမ်များကိုကြည့်ကာ လူသူနေ ထိုင်ခြင်းမရှိဘဲ စွန့်ပစ်ထားသော အိမ်ကြီးတစ်လုံးအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် အဖြစ်အပျက်ကို နားမလည်နိုင်အောင် ဖြစ်နေ သည်။

လူကြမ်းကြီးနှစ်ယောက်က သူမ၏ အနီးသို့ ရောက်ရှိလာ လေသည်။

တစ်ယောက်က ယဉ်ယဉ်အား ခြေဆုံးခေါင်းဆုံး ကြည့် ပြီး....

www.burmeseclassic.com

www.burmeseclassic.com

'တောင်တောင်လှတဲ့ မိန်းကလေးပဲ'

ဟု ရှုမှက်လှမ်းပေါ့လေသံဖြင့် ပြောလေသည်။

ကျွန်တစ်ယောက်က ထိုလူအား တွန်းဖယ်လိုက်ပြီး....

'ဟေ့ကောင်....အပိုတွေလုပ်မနေနဲ့ အချိန်မရှိဘူး၊ သွား ကြမယ်'

ဟု ငေါက်ကာ ယဉ်ယဉ်၏လက်မောင်းကို လှမ်းဆွဲလိုက် လေသည်။

ယဉ်ယဉ် ကမျာကယာနောက်ဆုတ်လိုက်သည်။

'ဒါဘာလုပ်တာလဲ၊ ရှင်တို့က ဘယ်သူတွေလဲ'

အလန့်တကြား မြန်မာလိုက်လေသည်။

ထိုလူက....

'ပါးစပ်ပိတ်ထားစမ်း၊ နင့်ကိုငါတို့ ဖမ်းခေါ်လာတာ အေးအေးဆေးဆေးလိုက်ခဲ့၊ငြင်းမယ်ထွက်ပြေးမယ်ဆိုရင်သေ ဖို့သာ မြင်ထား'

ရိုင်းစိုင်းကြမ်းကမ်းစွာ အော်ငေါက်လာလေသည်။

ယဉ်ယဉ် မျက်လုံးပြူးသွားသည်။

ကျောချမ်း ဓားပြမှန်းသိလိုက်ရပြီဖြစ်သည်။



လူဆိုးများက သူမအား ပြန်ပေးဆွဲလာကြခြင်းမဟုတ်ပါ ၁း။

သူမ၏အသားများပင် တဆတ်ဆတ်တုန်ယင်လာပြီး....

'ကျွန်....ကျွန်မတောင်းပန်ပါတယ်ရှင်၊ ကျွန်မကို ပြန်ပို့ ေးကြပါ'

လူကြမ်းကြီးက....

'နင့်ကိုဖမ်းလာတာ ပြန်လွှတ်ပေးဖို့မှ မဟုတ်ဘဲ၊ လာ မ်း'

အတင်းပင်ဆွဲခေါ်သွားလေတော့သည်။

ယဉ်ယဉ် မရုန်းဝံ့ပါ။

လူဆိုးဓားပြများသည် သူ့အသက်တစ်ချောင်းကို ဖက် က်ပမာ သတောထားကြောင်း သူမ ကြားဖူးထားသည် ဟုတ်ပါသား။

လူကြမ်းကြီးငါးယောက် ခေါ်ဆောင်ရာနောက်သို့ လိုက် သွားရလေသည်။

ထိုလူကြမ်းကြီးများသည် အိမ်အနောက်ဘက် တံခါးကို င်ကာ နောက်ဖေးလမ်းကြားထဲမှ ခေါ်ထုတ်သွားကြခြင်း စ်ပါသည်။

'ငါ့ကို ဘယ်ခေါ်သွားကြမလို့ပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ယဉ်မှာ ခြေလက်ပင် မသယ်နိုင်အောင် ဖြစ်လာလေသည်။

ထိုစဉ်....

လမ်းကြားအတွင်း၌ အလဲလဲအပြိုပြို ဖြစ်နေသော ဝေါစင်တင်ခုနှင့် အတုံးအရုံးလဲကျနေကြသော ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူများအား တွေ့မြင်လိုက်ရလေသည်။

ထိုလူများမှာ ယဉ်ယဉ်အားကြိုဆိုရန် သူဌေးသား ချန်ဖိုးလွှတ်လိုက်သော အကြိုတော်များဖြစ်လေသည်။

ထိုအကြိုတော်များအား လူဆိုးများက တိုက်ခိုက်ခဲ့ပြီးနောက် လူစားထိုး ဟန်ဆောင်ပြီး မိမိအားလာရောက် ကြိုဆိုခဲ့ကြခြင်းဖြစ်ကြောင်း ယဉ်ယဉ် ဆင်ခြင်လိုက်ပြန်လေသည်။

'မြန်မြန်သွားစမ်း'

သူမတွေးဘောနေ၍ ခြေလှမ်းနှေးကွေးသွားရာ လူကြမ်းကြီး တစ်ယောက်က ခပ်ကြမ်းကြမ်း တွန်းလိုက်လေသည်။

ယဉ်ယဉ်လည်း ငိုင်မနေနိုင်ဘဲ လိုက်သွားရတော့သည်။

မကြာပါချေ။

နောက်ဖေးလမ်းကြားအဆုံးတွင် မြင်းလှည်းတစ်စီး ရပ်ထားသည်ကို တွေ့ရလေသည်။

လူကြမ်းကြီးတစ်ယောက်ကမြင်းလှည်းတံခါးဖွင့်ပေးပြီး....



'မြန်မြန်တက်'

ယဉ်ယဉ်အား မြင်းလှည်းပေါ် တက်ခိုင်းလိုက်သည်။

'ဟုတ်....ဟုတ်ကဲ့ပါရှင်'

ယဉ်ယဉ်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မြင်းလှည်းပေါ် လှမ်းတက်လိုက်လေသည်။

'ဂျိမ်း'

လူကြမ်းကြီးက မြင်းလှည်းတံခါးကိုဆောင့်ပိတ်လိုက်၏။

ထိုစဉ်...

'ဂလိုး'

နောက်ဖေးလမ်းကြားထဲမှ အသံတစ်ချက်ထွက်ပေါ်လာ၏။

မြင်းလှည်းအား မောင်းနှင်ထွက်သွားရန်ဟန်ပြင်နေသော လူကြမ်းကြီးငါးယောက် လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ....

လဲပြိုကျနေသော ဝေါစင်မှာ လှုပ်လှုပ်ရွားရွားဖြစ်လာသည်။

ဝေါစင်အောက်မှလူတစ်ယောက် ကုန်းရုန်းထလာသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ သွေးအလူးလူး ပေကျံနေ၏။

ယဉ်ယဉ်အား ကြိုးဆိုရန် ချိန်ဖုံးလွှတ်လိုက်သော လူများ
အနက် တစ်ယောက်အပါအဝင်ဖြစ်လေသည်။

လမ်းကြားတစ်ဖက်ထိပ်၌ ရောက်ရှိနေကြပြီဖြစ်သော လူ
ကြမ်းကြီးတို့အား လှမ်းကြည့်လိုက်ပြီး ကြောက်လန့်တကြား
ထွက်ပြေးသွားရန် ဟန်ပြင်လေသည်။

လူကြမ်းကြီးငါးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ
လေသည်။

'ဟေ့ကောင်... ဟိုမှာတစ်ယောက်ထွက်ပြေးသွားပြီ'

'မင်းတို့လုပ်တာမှ မသေချာဘာ'

'ဒီကောင့်ကို အလွတ်ပေးလို့ မဖြစ်ဘူး'

'လိုက်ပြီးရှင်းပစ်မှ'

'ပြောနေကြာတယ်၊ သွားစို့'

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

ထို့နောက်...

နောက်ဖေးလမ်းကြားအတွင်းသို့တစ်ဟုန်ထိုးပြေးဝင်သွား
လေသည်။

သွေးများပေကျံနေသူသည် ထွက်ပြေးရန် ကြိုးစား၏။



သို့သော်...

လူကြမ်းကြီး ငါးယောက်၏ လက်ထဲမှ ထွက်ပြေးလွတ်
မြောက်နိုင်ခြင်း မရှိတော့ပါချေ။

လူကြမ်းကြီးငါးယောက်သည် ထိုလူအနီးသို့ရောက်ရှိသွား
ပြီး ဝိုင်းဝန်း ထိုးကြိတ် ရိုက်နှက်သိုက်ကြလျှင်...

'အမယ်လေးဗျ'

ယယ်သံပါအောင် ညည်းတွားရင်း မြေပေါ်လဲကျကာ
အသက်ပျောက်သွားလေတော့သည်။

လူကြမ်းကြီးတစ်ယောက်က...

'တော်တော်အသက်ပြင်းတဲ့ ခွေးကောင်'

ဟု ဒေါသတကြီးပြောကာ ခြေထောက်ဖြင့် ကန်ကျောက်
လိုက်သေးသည်။

ထို့နောက်...

'အချိန်မရှိဘူး၊ သွားကြမယ်ဟေ့'

ဟု ခေါ်ဆောင်ကာ မြင်းလှည်းရှိရာသို့ ပြေးလွှားသွား၏။

ကျန်လူများကလည်း လိုက်ပါသွားကြလေသည်။

မကြာပါချေ။

'ဟီး...ဟီ...ဟီး'

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်း၊ဟီသံ၊မြင်းခွာသံများထွက်ပေါ်လာသည်။

မြင်းလှည်းသည် မြို့ပြင်သို့ဦးတည်ကာ အရှိန်ပြင်းစွ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

မြင်းလှည်းတစ်စီးသည် မြို့ပြင်သို့ ဒုန်းစိုင်းမောင်းနှင်နေ သည်။

ထိုမြင်းလှည်းသည် အရေးကြီးသော ကိစ္စတစ်ခုကြော အလျင်အမြန်မောင်းနှင်လာခြင်းဖြစ်သလို အခြားမြင်းလှည်း များနှင့် မတူသောမြင်းလှည်းတစ်စီးဖြစ်ကြောင်းလည်း မြင် ရုံဖြင့် သိနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော်....

မြင်းလှည်းအား လူကြမ်းကြီးတစ်ယောက်က မောင်းနှ နေပြီး ကျန်လူကြမ်းကြီးလေးယောက်က မြင်းလှည်းအိမ် ဝဲယာတစ်ဖက်တစ်ချက်၌ နှစ်ယောက်စီ တွဲလွဲခိုကာ စီးနင်း လိုက်ပါလာကြခြင်းကြောင့် ဖြစ်လေသည်။



ထိုမြင်းလှည်းနှင့် လူကြမ်းကြီးငါးယောက်မှာ သတို့သမီးယဉ်ယဉ်အား ဖမ်းဆီးခေါ်ဆောင်လာကြသူများပင် ဖြစ်ပါတော့သည်။

လူကြမ်းကြီးများသည် ယဉ်ယဉ်ကိုခေါ်လာကြပြီး မြို့ပြင်သို့ရောက်လျှင် လမ်းမကြီးပေါ်မှ ဖဲ့ဆင်းကာ တောအုပ်အတွင်းသို့ မောင်းနှင်ဝင်ရောက်သွားကြလေသည်။

တောအုပ်ထဲရောက်လာသည့်တိုင် မြင်းလှည်းကို အရှိန်မလျှော့ပါချေ။

သို့ဖြင့်....

များမကြာမီ တောအုပ်ကို ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းလေးတစ်ခုရှေ့သို့ ရောက်လာကြတော့သည်။

'ဟေး....ဟေး'

လူကြမ်းကြီးက မြင်းများကိုအော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

ထို့နောက်....

လူကြမ်းကြီးငါးယောက်စလုံး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီး စမ်းချောင်းတစ်ဖက်ကမ်းသို့ လှမ်းကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းတစ်ဖက်၌ လူပသောမြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့ရလေသည်။

လူကြမ်းကြီးငါးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ခေါင်းဆောင်ဖြစ်သောလူကြမ်းကြီးက ရှေ့သို့လှမ်းထွက်လိုက်၏။

စမ်းချောင်းတစ်ဖက်ရှိ မြင်းလှည်းဆီသို့ မျက်နှာမူပြီး ဦးညွှတ်လိုက်၏။

'မိတ်ဆွေ ကျုပ်တို့က သတို့သမီးကိုခေါ်လာခဲ့ပါပြီ'

ဟု ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မခွေးမနှောင်းမှာပင်...

'ဟူး....ဟူး....ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် စမ်းချောင်းလေးတစ်ဖက်မှခုန်ပြီး လူကြမ်းကြီး ငါးယောက်ရှေ့သို့ရောက်ရှိလာလေသည်။

ရောက်လာသည့် အရှိန်အဟုန်ကြောင့် လူကြမ်းကြီးငါးယောက် ကပျာကယာ နောက်ဆုတ်လိုက်ကြရလေသည်။



ရောက်လာသူအား စိုးရိမ်စွာကြည့်လိုက်ကြ၏။

ထိုလူမှာ ငွေရောင်ဝတ်ဆင်ထားသောအမျိုးသမီးကြီးတစ်ယောက် ဖြစ်လေသည်။

အမျိုးသမီးကြီး၏မျက်နှာမှာ မပြုံးသော်လည်း ပြုံးနေသည်ဟု ထင်ရ၏။

သူမ၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပနေ၏။

လူကြမ်းကြီးငါးယောက်အား တစ်ချက်ခဝေ့ကြည့်လိုက်ပြီး ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ....

'ချန်ကျန်းခွေးဘီလူးငါးကောင် လူတော်တွေပဲ'

ဟု ချီးကျူးလိုက်လေသည်။

လူကြမ်းကြီးငါးယောက်မှာ ကျေနပ်သွားကြလေသည်။

ခေါင်းဆောင်လူကြမ်းကြီး ရယ်မောလိုက်လေသည်။

'ဟဲ... ဟဲ... ဟဲ....ခင်ဗျားက ထိုက်ထိုက်တန်တန် ပေးမယ်ဆိုတော့လဲ ကျုပ်တို့က အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရတာပေါ့ဗျာ'

ငွေရောင်အမျိုးသမီးကြီးက....

'စိတ်ချ မင်းတို့ကို ငွေတစ်သောင်းပေးမယ်လို့ပြောတာ တစ်ပြားတစ်ချပ်မှ မလျော့စေရဘူး'

www.burmeseclassic.com

ပြောရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

'ဝှီး'

ငွေထုပ်ကလေး ပစ်လွှင့်လာသည်။

ခေါင်းဆောင်လူကြမ်းကြီးက အသာအယာပင် ဖမ်းယူထားလိုက်သည်။

ငွေရောင်အမျိုးသမီးက....

'စေ့မစေ့ ရေတွက်ကြည့်လိုက်ဦး'

ဟု ပြောလျှင် လူကြမ်းကြီးကအသာအယာပင် ခေါင်းခါယမ်းလိုက်လေသည်။

'ရေတွက်စရာ မလိုပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

'ကျုပ်တို့ကို ဒီသက်မကာသပ်ပြီးချီးမြှင့်မယ်ဆိုတာ သိထားလို့ပါ'

'ဩော်'

ငွေရောင်အမျိုးသမီးကြီး၏မျက်နှာ ပိုပြီး ပြုံးရွှင်လာလေသည်။

ခေါင်းဆောင် လူကြမ်းကြီးကလည်း ပြုံးလိုက်သည်။

www.burmeseclassic.com



'ခင်ဗျားက ဆေးဆရာတစ်ယောက်ရဲ့သမီးကို ဖမ်းခိုင်းခဲ့တယ်၊ ဒါပေမယ့် သူဟာ ကျိကျိတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ ချွေးမ ဖြစ်နေတယ်ဆိုတာ ပြောမပြခဲ့ဘူး'

ငွေရောင်အမျိုးသမီးက....

'ဆေးဆရာရဲ့သမီးလို့ ကျွန်မကပြောခဲ့တာမှားနေလို့လား'

ခေါင်းဆောင်လူကြမ်းကြီးက....

'မမှားပါဘူးဗျာ၊ ဒါပေမယ့် ဆေးဆရာဆိုတဲ့ လူဟာ ဆင်းရဲတယ်၊ ယောက္ခမ လုပ်သူကတော့ ချမ်းသာတယ်၊ တကယ်လို့သာ ကျုပ်တို့သဘောနဲ့ကျုပ်တို့ သတို့သမီးကို ဖမ်းခေါ်ထားလိုက်မယ်ဆိုရင် သူဌေးကြီးဆီက ကြိုက်သလောက် ငွေညှစ်လို့ ရတာပေါ့'

ဟု ပြောလိုက်လေသည်။

ငွေရောင်အမျိုးသမီးက လက်ဝါးဖြန့်လိုက်သည်။

'ကျွန်မရဲ့ငွေ ပြန်ပေးပါ'

'ဘာဗျ'

'ငွေပြန်ပေးပြီးရင် သတို့သမီးကို ပြန်ခေါ်သွားနိုင်ပါပြီ'

လူကြမ်းကြီးက....

'ခင်ဗျား မလိုချင်တော့ဘူးပေါ့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်သည်။

ငွေရောင်အမျိုးသမီးက....

'ကျွန်မကို အကျပ်ကိုင်တာ မကြိုက်ဘူး'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

လူကြမ်းကြီးက ရယ်မောလိုက်၏။

'နေပါဦးလေ၊ ကျုပ်ပြောတဲ့ စကားဆုံးအောင် နားထောင်ဦး'

ငွေရောင်အမျိုးသမီးက မျက်မှောင်ကုတ်ကာ ကြည့်နေလိုက်၏။

လူကြမ်းကြီးက ဆက်ပြောလိုက်လေသည်။

'ကျုပ်တို့ ချန်ကျန်းနွေးတီလူး ငါးဖော်ဟာ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်ကြပါတယ်၊ ဆေးဆရာယဉ်ကျိန်းရဲ့ သမီးကို ဖမ်းပေးရင် ငွေတစ်သောင်းပေးမယ်လို့ ခင်ဗျားပြောတော့ ကျုပ်တို့ သဘောတူလက်ခံခဲ့ကြတယ်၊ ခုတော့ သူဟာ ကျိကျိတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးချွေးမဖြစ်နေတာကိုသိရတယ်၊ အမှန်အတိုင်းပြောရရင် သူ့ကို ပြန်ပေးဆွဲသွားလိုက်ရင် ငွေအမြောက်အမြား ရနိုင်တာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်တို့က ကတိအတိုင်း ခင်ဗျား လက်ထဲကို ထည့်လိုက်မှာပါ၊ ခင်ဗျားအနေနဲ့လဲ ကျုပ်တို့အပေါ် သိတတ်ပြီး ဆုငွေထပ်ချီးမြှင့်မယ်လို့ ယုံကြည်လို့ ပြောနေတာပါဗျာ'



ငွေရောင်အမျိုးသမီး သက်ပြင်းချလိုက်လေသည်။

လူကြမ်းကြီးတို့အား အဆိုမဆိုသင့်ကြောင်း နားလည်သဘောပေါက်သွားပုံရလေသည်။

'ကောင်းပြီလေ၊ ရှင်တို့ ကတိတည်တယ်ဆိုတော့ ကျွန်မကလဲ သိတတ်ရမှာပေါ့'

စကားဆုံးလျှင် နောက်ထပ် ငွေထုပ်တစ်ထုပ် ပစ်ပေးလိုက်လေသည်။

ခေါင်းဆောင်လူကြမ်းကြီးက ဖမ်းယူပြီး ငွေများကို စစ်ဆေးရေတွက်ကြည့်လိုက်လေသည်။

ငွေရောင်အမျိုးသမီးက....

'ရှင်တို့အတွက် အပိုဆုငွေတစ်သောင်းထပ်ပေးလိုက်တယ်၊ ရှင်ကျေနပ်ရဲ့လား'

လူကြမ်းကြီး ရယ်မောလိုက်လေသည်။

'ကျေနပ်ပါတယ်ဗျာ၊ ကျုပ်တို့က ငွေထက်ကတိကို ပိုပြီး တန်ဖိုးထားပါတယ်၊ သတို့သမီးဟာ မြင်းလှည်းထဲမှာရှိနေပါတယ်ဗျာ'

'ကောင်းပြီ'

ငွေရောင်အမျိုးသမီးက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် မြင်းလှည်းအနီးသို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်တစ်ဖက်ဆန့်ထုတ်ကာ မြင်းလှည်းတံခါး ဆွဲဖွင့်လိုက်သည်။

'ဝှန်း'

မြင်းလှည်းတံခါးပွင့်သွားလေသည်။

ငွေရောင်အမျိုးသမီးသည် မြင်းလှည်းအိမ်ထဲ၌ လူသူ တစ်ယောက်မှမရှိသည်ကို တွေ့ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချက်ချင်းပင် လူကြမ်းကြီးများဘက်သို့လှည့်ကာ....

'ဘယ်သူမှလဲ မရှိကြပါလား'

ဟု ပြောလိုက်လေသည်။

'ဘာဗျ'

လူကြမ်းကြီးများ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချက်ချင်းပင် မြင်းလှည်းအနီးသို့ ဝိုင်းအုံရောက်ရှိလာကြ လေတော့သည်။

'ကြည့်စမ်းပါဦး'

ငွေရောင်အမျိုးသမီးက လက်ဝှေ့ယမ်းပြကာ ပြောလေ သည်။



လူကြမ်းကြီးများသည် ဟောင်းလောင်း ဖြစ်နေသော မြင်းလှည်းအိမ်ကိုကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်နေကြ သည်။

ငွေရောင်အမျိုးသမီးက....

'ရှင်တို့ ဘာပြောချင်သလဲ'

ဟု မေးလာလေသည်။

ခေါင်းဆောင်ဖြစ်သူက....

'ဘာပြောရမလဲ၊ ကျုပ်တို့က သတို့သမီးကို ဖမ်းလာ တာပဲ'

'ဟင်း....ဟင်း....ဟင်း'

အမျိုးသမီးက ရယ်မောလိုက်လေသည်။

'ချွန်ကျွန်းခွေးဘီလူးခေါင်းဖော်ရဲ့ အကြံက ဒါပဲလား'

ဟု ပြောလိုက်သည်။

ခေါင်းဆောင်ဖြစ်သူက....

'ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ'

အမျိုးသမီးက....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မဆီကငွေယူပြီး သတ္တိသမီးကိုမပေးတာ ဘာသဘော လဲ၊ သူ့ကိုပြန်ပေးဆွဲပြီး သူ့ငွေးကြီးဆီကငွေညှစ်ရင် ပိုပြီး ရနိုင်တယ်လို့ စောစောကပဲ ရှင်ပြောခဲ့သေးဘယ်မဟုတ်လား'

ခေါင်းဆောင်က....

'ကျုပ်....'

သူပြောခဲ့သောစကားကြောင့် မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

အမျိုးသမီးက....

'သတ္တိသမီးဘယ်မှာလဲ'

ဟု မေးလိုက်သည်။

မခေါင်းဆောင်က သူ၏လူများကိုကြည့်လိုက်၏။

သူ၏လူများသည် ချက်ချင်းပင် ပခုံးတွန့်ပြကြလေသည်။

သူတို့သည် အတူတူသတ္တိသမီးကိုဖမ်းကာ အတူတူလာခဲ့ကြ ခြင်းဖြစ်သည်။

သို့ပါလျက်....

သတ္တိသမီး ထူးဆန်းစွာပျောက်ဆုံးသွားခြင်းကို နားမလည် နိုင်အောင် ဖြစ်နေကြပါတော့သည်။

ခေါင်းဆောင်သည် အမျိုးသမီးကိုကြည့်ပြီး....



'ဝမ်းနည်းပါတယ်ဗျာ၊ ဒီကိစ္စကို ကျုပ်တို့လဲ ဘာမှ မလည်နိုင်တော့ပါဘူး'

ဟုပြောလိုက်သည်။

အမျိုးသမီးက နှာခေါင်းရှုံ့လိုက်သည်။

'တော်တော်ရယ်စရာကောင်းပါလား၊ ရှင်တို့က ကျွန်မကို လိုလူစားမျိုးများထင်နေသလဲ'

ခေါင်းဆောင်လုပ်သူက....

'အပိုတွေပြောမနေနဲ့၊ ခင်ဗျားခိုင်းသလို ကျုပ်တို့လုပ်ခဲ့ ယ်၊ ဒါပေမယ့် လက်တွေ့ဖြစ်မလာခဲ့ဘူး၊ ဒါကြောင့် ဗျားငွေကို ခင်ဗျား ပြန်ယူပေတော့'

ငွေထုပ်လေးနှစ်ထုပ်ကိုထုတ်ယူကာ ပစ်ပေးလိုက်လေသည်။

အမျိုးသမီးက ဖမ်းယူခြင်းမရှိသဖြင့်....

'ဖုတ်....ဖုတ်'

ငွေထုပ်လေးနှစ်ထုပ်သည် မြေပေါ်ကျသွားတော့သည်။

အမျိုးသမီးက....

'ချန်ကျွန်းခွေးဘီလူးငါးဖော်၊ သတ္တိသမီးကိုမရရင်ကျွန်မ ကျေနပ်နိုင်ဘူး'

ခေါင်းဆောင်ဖြစ်သူမှာ စိတ်ရှုပ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

'ခင်ဗျားငွေ ခင်ဗျားယူပြီးပြန်တာကောင်းမယ်၊ ကျုပ်[...] ဘာမှလုပ်မပေးနိုင်တော့ဘူး၊ သတို့သမီး ဘာကြောင့်ပျောက်[...] သွားရတယ်ဆိုတာ လိုက်စုံစမ်းရဦးမယ်'

ပြောပြောဆိုဆို ထွက်သွားရန်ဟန်ပြင်လိုက်၏။

ကျန်လူများလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြ[...] သည်။

အမျိုးသမီးက....

'ခွေးဘီလူးတွေဟာ အတော့်ကိုကြောက်စရာကောင်း[...] ကြေးစားတွေလို့ လူတွေကပြောနေကြတယ်၊ ဒါပေမယ့် ကျွန်မကတော့ သတ္တိမရှိတဲ့ လူလိမ်လူကောက်တွေပဲလို့ ယ[...] ပါတယ်'

'ဘာ'

ခေါင်းဆောင်ဖြစ်သူ မကျေမနပ်ဖြစ်သွားလေသည်။

'ခင်ဗျား စကားကြည့်ပြောရင်ကောင်းမယ်'

အမျိုးသမီးက....

'ရှင်တို့ဟာ အချောင်သမားတွေလဲဖြစ်တယ်'

ခေါင်းဆောင်က....



'ဒီလောက်တောင်ဖြစ်လှတာ ခင်ဗျားကို ဆုံးမပေးရသေး[...]ပေ'

ချက်ချင်းပင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

အမှန်တော့....

ခွေးဘီလူးငါးဖော်သည် ကြေးစားလူဆိုးများ ဖြစ်ကြလေသည်။

သူတို့သည် အဆက်အသွယ်မှတစ်ဆင့် ငွေရောင်ဝတ်အမျိုး[သ]မီးနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။

အမျိုးသမီးသည် ဆေးဆရာတစ်ယောက်၏သမီးအား [အ]ရှင်ဖမ်းပေးရန် ငွေပေးကာခိုင်းစေခဲ့သည်။

ခွေးဘီလူးများသည် အလုပ်သက်ခံပြီးမှ ယဉ်ယဉ်၏ [အ]ကြောင်းကို သိလာရခြင်းဖြစ်သည်။

သို့သော်....

ယဉ်ယဉ်အားပြန်ပေးဆွဲတာ သူဌေးကြီးအားအကျပ်ကိုင်[...]ပြီ ငွေအများအပြား ရနိုင်သည်ဖြစ်သော်လည်း သူတို့၏ [က]တိအတိုင်း အမျိုးသမီးထံသို့ ခေါ်ဆောင်ပေးခဲ့ကြသည်။

သတို့သမီး ပျောက်ဆုံးသွားရသည်မှာ အဘယ်ကြောင့်[...] [ဖြစ်]သည်ကိုမူ သူတို့မစဉ်းစားတတ်ကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက သူတို့အား စွပ်စွဲစော်ကားလာသည့် ယူဆလာသောအခါ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြခြင်းဖြ ပေတော့သည်။

အမျိုးသမီးက ရယ်မောလိုက်လေသည်။

'ဩော်... ကျွန်မကိုတောင် တိုက်ခိုက်ကြတော့မယ်ပေ လေ၊ ကောင်းပြီ၊ ရှင်တို့ငါးယောက်စလုံး တစ်ခါတည် ဝင်လာခဲ့ကြပါ'

ဟု စိန်ခေါ်လိုက်လေသည်။

ခွေးဘီလူးငါးဖော်သည်လည်း ရှည်ရှည်ဝေးဝေး စဉ်းစာ မနေတော့ဘဲ....

'ယား'

ဩာလ်ပေးကာ အမျိုးသမီးထံ ဝင်ရောက်တိုက်ခိုက်လိုက် ကြလေတော့သည်။

* * *

ခွေးဘီလူးငါးဖော်မှာ လူဆိုးများဖြစ်ကြသည့်အလျောက် ပြဿနာတစ်ခုအား တိုက်ခိုက်ခြင်းဖြင့် ဖြေရှင်းလိုက်ကြခြင်း ဖြစ်လေသည်။



ထိုအမျိုးသမီးအားဆုံးမပြီးလျှင် ပျောက်ဆုံးသွားသော တို့သမီးအား လိုက်လံရှာဖွေရန် စိတ်ကူးထားကြလေသည်။

သို့သော်....

ထိပ်တိုက်ရင်ဆိုင်လိုက်ကြသောအခါ သူတို့မျှော်လင့်သလို ဖြစ်မလာနိုင်သည်ကို သိရှိလိုက်ကြလေတော့သည်။

အမျိုးသမီးက....

'ရှင်တို့နောင်တရစေမယ်'

ဟု ပြောကာလက်ဝှေ့ယမ်းလိုက်လျှင် လင်းလက်တောက် ပသောအလင်းရောင်များ ထွက်ပေါ်လာလေသည်။

ငွေရောင် အပ်ကလေးများသည် ခွေးဘီလူးငါးဖော်၏ မျက်နှာဆီသို့ တိုးဝင်သွားလေသည်။

ခွေးဘီလူးငါးဖော် ရင်ထိတ်သွားပြီး ကပျာကယာရှောင် တိမ်းလိုက်ကြလေသည်။

သို့သော်....

ပစ်လွှင့်လာသော ငွေအပ်ကလေးများသည် ခွေးဘီလူး ငါးဖော်၏ မျက်လုံးများကို ထိမှန်သွားလေတော့သည်။

'အား'

'အမယ်လေး'

www.burmeseclassic.com

www.burmeseclassic.com



‘သေပါပြီဗျ’

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ခွေးဘီလူးငါးဖော် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြ ချေ၏။

သူတို့၏မျက်နှာမှာ သွေးခြင်းခြင်း နီရဲနေသည်။

ငွေရောင်အမျိုးသမီးက....

‘ရှင်တို့ကို အသက်ချမ်းသာပေးလိုက်တာပဲ၊ ကံကောင်းပြီ မှတ်ထားကြပေတော့’

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ခုန်ထွက်သွား လေသည်။

စမ်းချောင်းလေး၏တစ်ဖက်သို့ ရိပ်ခနဲရောက်ရှိသွားတော့ သည်။

ခွေးဘီလူးငါးယောက်မှာ မြေပေါ်တွင် လူးလှိမ့်ညည်း တွားရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

ယဉ်ယဉ်....

သတို့သမီးယဉ်ယဉ်အား ငွေရောင်အမျိုးသမီးက အဘယ် ကြောင့် ဖမ်းဆီးလိုရပါသနည်း။



ယဉ်ယဉ် မည်သို့ပျောက်ဆုံးသွားရပါသနည်း။

အလွန်ထူးခြားသော ကိစ္စတစ်ခုဖြစ်လေသည်။

* * *

ယဉ်ယဉ်သည် မြင်းလှည်းပေါ်သို့ ရောက်ရှိသွားသော အခါ စိတ်ထဲ၌ အားငယ်လာလေသည်။

‘ဘယ်ကိုများ ခေါ်သွားကြမလို့ပါလိမ့်’

ဟု တွေးရင်း ထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာလေ သည်။

သို့သော်....

လူကြမ်းကြီးတစ်ယောက်က မြင်းလှည်းတံခါးကိုဆောင့် ပိတ်လိုက်၍ သူ၏အကြံပျက်ပြားသွားရလေသည်။

‘ထွက်ပြေးရင် ငါ့ကို သတ်ပစ်ကြလိမ့်မယ်၊ အေးအေး ဆေးဆေးနေမှဖြစ်မယ်’

သူမစိတ်လျှော့ချလိုက်စဉ် အပြင်ဘက်မှ ဆူဆူညံညံအသံ များ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ယဉ်ယဉ် ကြောက်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားလက်ဖျားများ အေးစက်လာသည်အထိ ဖြစ်လေသည်။

ထိုအချိန်မှာပင်....

'ကျွီ'

မြည်သံသဲ့သဲ့နှင့်အတူ မြင်းလှည်းတံခါး ပွင့်သွားလေသည်။

'ဟင်'

ယဉ်ယဉ်အံ့သြသွားလေသည်။

သူမသည် အပြင်ဘက်သို့ကြည့်လိုက်စဉ် လက်တစ်ဖက်ပေါ်လာပြီး သူမ၏ပခုံးကို ထောက်လိုက်လေသည်။

ယဉ်ယဉ်မှာ သွေးကြောပိတ်ခံလိုက်ရလျှင်....

'အင့်'

မသဲမကွဲညည်းတွားလိုက်မိသည်။

ထို့နောက်....

ဘာဆိုဘာမှ သတိမရတော့ဘဲ လဲကျသွားတော့သည်။



လူတစ်ယောက်က သူမအားအသာအယာဆွဲယူကာ ပခုံးပေါ်ထမ်းလိုက်ပြီး လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

* * *

အချိန်မည်မျှကြာသွားမှန်းမသိ။

ယဉ်ယဉ်သတိရလာသောအခါမှောင်မည်းနေသောအခန်းတစ်ခုအတွင်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူမသည် အေးစက်နေသောကြမ်းပြင်ပေါ်၌လဲလျောင်းနေခြင်း ဖြစ်ပါသည်။

ကပျာကယာလူးလိမ့်ထရင်း....

'ငါ ဘယ်ရောက်နေပါလိမ့်'

သူမသည် စင်းတဝါးဝါးဖြင့် ထရပ်လိုက်သည်။

ထိုစဉ်....

မီးရောင်များထွက်ပေါ်လာသည်။

လူတစ်ယောက်က မီးအိမ်တစ်လုံးဆွဲကာ အခန်းတွင်းသို့ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင် ထွက်ပေါ်လာသဖြင့် အခန်းတွင်း၌ လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။

ယဉ်ယဉ်က....

'ရှင်...ရှင်ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ထိုလူထံမှ ခပ်အုပ်အုပ်ရယ်သံ ထွက်ပေါ်လာသည်။

ယဉ်ယဉ်ထံသို့ တစ်လှမ်းချင်းလှမ်းလာသည်။

ယဉ်ယဉ်က နောက်ဆုတ်လိုက်လေသည်။

သူမ၏ကျောပြင်မှာ အခန်းနံရံနှင့် ထိတွေ့မိပြီး နောက်ဆုတ်၍မရတော့မှ ခြေလှမ်းရပ်တန့်လိုက်လေသည်။

ထိုလူသည်လည်း တလှမ်းချင်းလှမ်းလာပြီး ယဉ်ယဉ်နှင့် ခြေနှစ်လှမ်းစာမျှ အကွာတွင် ရပ်တန့်လိုက်လေသည်။

ယခု....

ထိုလူအား ယဉ်ယဉ် သေသေချာချာ တွေ့မြင်လိုက်ရပြီ ဖြစ်သည်။

ထိုလူမှာ အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။



သူ၏မျက်နှာသည် ဖြူဆွတ်ကာ သွေးရောင်ကင်းမဲ့သော လူသေအလောင်းတစ်လောင်း၏ မျက်နှာမျိုး ဖြစ်သည်။ အလွန်အရုပ်ဆိုးလှသည်။

မကောင်းဆိုးဝါး တစ်ကောင်နှင့် တွေ့လိုက်ရသည်ဟု ယဉ်ယဉ်တွေးမိကာ....

'အမယ်လေး'

အထိတ်တလန့် အော်ဟစ်လိုက်လေသည်။

ထိုလူက...

'ဩော်....မင်းက ကြောက်တယ် ဟုတ်လား'

'ရှင်....ရှင်သရဲ၊ မကောင်းဆိုးဝါးကြီး၊ ကျွန်မအနားက ဝေးဝေးကို ထွက်သွား'

ယဉ်ယဉ်၏ အော်သံသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။

'ဟား....ဟား....ဟား'

ထိုလူက ဟားတိုက်ရယ်မောလိုက်လေသည်။

ယဉ်ယဉ်က....

'သွား....သွား'

www.burmeseclassic.com

www.burmeseclassic.com



သူမမောင်းထုတ်လိုက်သော်လည်း ထွက်သွားခြင်း မရှိသည့်အပြင် ရှေ့တိုးလာသည်ကို တွေ့လိုက်ရသော အခါ ယဉ်ယဉ် ကြောက်လန့်တကြားဖြင့် ထိုလူအား ကုတ်ဆွဲ တိုက်ခိုက်ဖို့ ကြိုးစားလိုက်လေသည်။

ထိုလူက....

'သွားစမ်း'

'အမယ်လေး'

ယဉ်ယဉ် ခွေခွေကလေး လဲကျသွားတော့သည်။

ထိုလူသည် ယဉ်ယဉ်၏ဆံပင်ကို ဆောင့်ဆွဲလိုက်သည်။

'အမယ်လေး'

ယဉ်ယဉ် အထိတ်တလန့် အော်လိုက်ပြန်လေသည်။

ထိုလူသည် ယဉ်ယဉ်၏ပါးစပ်ကို လက်ဖြင့်မိညှစ်ရင်း....

'ပါးစပ်ဟလိုက်စမ်း'

ဟု အော်ငေါက်လိုက်လေသည်။

'နာတယ်....နာတယ်'

ယဉ်ယဉ်သည် ဝူးဝူးဝါးဝါး အော်ရင်း ပါးစပ်ဟလိုက်ရ၏။



ထိုလူက အနက်ရောင်ဆေးလုံးလေးတစ်လုံးအား ယဉ်ယဉ်၏ ပါးစပ်ထဲ ပစ်သွင်းလိုက်သည်။

ထိုဆေးလုံးလေးသည် ပါးစပ်ထဲရောက်လျှင် ချက်ချင်းအရည်ပျော်သွားပြီး ဝမ်းဗိုက်ထဲ စီးဝင်သွားတော့၏။

ထိုလူက ယဉ်ယဉ်အား တွန်းထုတ်လိုက်သည်။

တစ်ဖန်....

'မင်းဟာ သိပ်လှတဲ့မိန်းကလေးတစ်ယောက်ပဲ'

ဟု ပြောလိုက်လေသည်။

ယဉ်ယဉ်က ထိုလူအား မျက်လုံးပြူးကာ ကြည့်နေသည်။

ထိုလူက....

'ငါက သိပ်လှတဲ့ မိန်းကလေးတွေဆိုရင် သိပ်မုန်းတယ်'

ဟု သွားကြိုးလေသံဖြင့် ပြောလာလေသည်။

ယဉ်ယဉ်က....

'ရှင်....ရှင်ဘယ်သူလဲ'

ထိုလူက....

'ငါက နတ်ဆိုး'

'ရှင်'

'မိန်းမလှတွေကိုမုန်းတဲ့ နတ်ဆိုးလေးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်...ရှင် ဘာကြောင့် ကျွန်မကို ဖမ်းခေါ်လာရတာလဲ ရှင်၊ ရှင့်ကို ကျွန်မ မသိဘူး၊ ကျွန်မကို ဒုက္ခပေးပါနဲ့ရှင်'

ယဉ်ယဉ်က တောင်းပန်လိုက်လေသည်။

ထိုလူက....

'စိတ်ချ မင်းကိုလွှတ်ပေးမယ်၊ ဒါပေမယ့်'

ထိုလူသည် စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ခါးမြှောင် တစ်ချောင်း ဆွဲထုတ်လိုက်လေသည်။

'အမယ်လေး'

ယဉ်ယဉ် ကြောက်လန့်တကြား အော်လိုက်၏။

ထိုလူသည် ယဉ်ယဉ်၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

တစ်ဖန် ခါးမြှောင်ကိုင်ထားသောလက်ကို ဝှေ့ယမ်း လိုက်လေတော့သည်။

* * *

လမ်းပေါ်တွင်....

အဝတ်အစားမလုံမလဲ ဆံပင်ဖားလျား ချထားသော မိန်းကလေးတစ်ယောက်က ဦးတည်ရာမဲ့ လျှောက်သွားနေ၏။



မ၏ မျက်နှာမှာ ဒဏ်ရာအမာရွတ်များ ပြည့်နေကာ က်ရှုံ့ထိတ်လန့်စရာ ကောင်းလောက်အောင်ပင် အရုပ် သည်။

မ၏မျက်လုံးများ ကြောင်စီစီဖြစ်ကာ ပါးစပ်မှလည်း စဉ်ရေမရ တတွတ်တွတ်ရေရွတ်နေသည်။

ကျည်းတန်လှသော အရူးမလေးတစ်ယောက် ဖြစ်ပေ သည်။

အရူးမလေးအား မည်သူကမှ ဂရုမစိုက်ကြပါ။

ရူးမလေးကလည်း မည်သူ့ကိုမှ ဂရုမစိုက်ပါ။

မ ရယ်ချင်ရယ်သည်။ ငိုချင်ငိုသည်။

ပြောချင်ရာပြောသည်။

သွားချင်ရာသွားသည်။

အိပ်ချင်ရာ အိပ်သည်။

တွေ့ရာ ကောက်စားသည်။

ကယ်၍....

မသည် မင်္ဂလာဆောင်ကာနီး ပျောက်ဆုံးသွားသော သမီး ယဉ်ယဉ်ဖြစ်သည်ကိုသာ သိနိုင်ကြမည်ဆိုပါလျှင်....

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးယဉ်ယဉ် ပျောက်ဆုံးသွားပြီး အစအနပျော
ကွယ်သွားကာ အချိန်ကြာလာသောအခါ လူတို့၏ မေ့သွ
ကြလေတော့သည်။

* * *

ချောမောလှပသည်ဟု သတင်းကြီးသော မိန်းမလှလေ
များသည် ထူးဆန်းစွာ ပျောက်ဆုံးသွားတတ်ကြလေသည်

ထိုမိန်းကလေးများ အလောင်းကိုပင် ရှာမရပါ။

မိန်းမလှလေးများ ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်ပြီ
ရန်ငြိုးရန်စကြောင့်ဟု လည်းကောင်း၊ ငွေကြေးကြောင့်ဟု
လည်းကောင်း၊ အချစ်ရေးကြောင့်ဟု လည်းကောင်း ဖြစ်နိုင်
ချေရှိသည်များကို ဝေဖန်ပြောဆိုလေ့ရှိကြပေသည်။

သို့သော်....

ပျောက်ဆုံးသွားရသည့် အကြောင်းရင်း အစစ်အမှန်ကိုမူ
မည်သူမျှ ပြောဆိုနိုင်ကြခြင်း မရှိချေ။

အဖြစ်မှန်ကို ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ချေ။



အတူ....

နှာပေါ်တွင် ဖုတ်ရာအမာရွတ်များ ပြည့်နှက်နေပြီး
ကျိမက်ဖွယ်ကောင်းအောင် အရုပ်ဆိုး အကျည်းတန်
သော အရူးမလေး တစ်နေ့တခြား များပြားလာသည်
း မည်သူမျှ သတိမထားမိခဲ့ကြချေ။

လွန်ထူးဆန်းသော ကိစ္စတစ်ခုသည် အမှန်တကယ်ပင်
ပျက်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မောင်နှမ

ချူးပြည်နယ်....

ချူးပြည်နယ်သည် နေပြည်တော်နှင့် အလှမ်းကွာဝေးလှ သော ပြည်နယ်တစ်ခု ဖြစ်လေသည်။

ချူးပြည်နယ်၏ အရှေ့ဘက် အစွန်ဆုံးအရပ်၌ ချူးလိန်မြို့ ရှိသည်။

ချူးလိန်မြို့စားကြီးမှာ ပေထင်း ဆိုသူ ဖြစ်လေသည်။

မြို့စားကြီးပေထင်းတွင် သားပေလိနှင့် သမီးပေပေ ဟူ၍ သားသမီးနှစ်ယောက် ရှိလေသည်။

မြို့စားကြီးပေထင်းသည် သားသမီးနှစ်ယောက်နှင့်အတူ နေထိုင်ရင်း မြို့ရွာအေးချမ်းသာယာရေး ဆောင်ရွက်သလို တရားနှင့်အညီ အုပ်ချုပ်ခဲ့လေသည်။



ချူးလိန်မြို့နှင့်အနီး ပတ်ဝန်းကျင်ဒေသကျေးရွာများမှာ ...ပေါင်းများစွာ အေးချမ်းသာယာ နေခဲ့ကြသော်လည်း ...ခြာမိကမှ အန္တရာယ်ဆိုးတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

ချူးပြည်နယ်အစွန်ပိုင်း တောင်တန်းများတွင် ခိုအောင်း ...ကျက်စားလျက်ရှိနေကြသော လူဆိုးဓားပြများက သောင်း ...ကျန်းလာကြခြင်း ဖြစ်လေသည်။

မြို့စားကြီးသည် လူဆိုးဓားပြများအား သွားရောက်နှိမ် ...နင်းရန် တပ်ဖွဲ့များအား စေလွှတ်လိုက်သည်။

သို့သော်....

သူ၏ တပ်ဖွဲ့များသည် လူဆိုးဓားပြများ၏ တိုက်ခိုက်မှုကို ...ကာ မရှုမလှ အရေးနိမ့်သွားခဲ့ကြလေသည်။

တစ်ကြိမ်....

နှစ်ကြိမ်....

သုံးကြိမ်....

မြို့စားကြီးသည် တပ်ဖွဲ့များအား သုံးကြိမ်တိုင်တိုင် စေ ...လွှတ်ခဲ့သည်။

သုံးကြိမ်စလုံး သူ၏တပ်ဖွဲ့များ အရေးနိမ့်သွားခဲ့သည်။

လူဆိုးဓားပြများကား ပို၍ အတင့်ရဲလာသည်။

နောက်ဆုံး ချူးလိန်မြို့ကိုပင် ခြိမ်းခြောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက နယ်စားကြီးအား သွားရောက် အကူအညီ တောင်းခဲ့သည်။

နယ်စားကြီးကလည်း တပ်ဖွဲ့များ စေလွှတ်ပေးသည်။

ဤတွင်....

မယုံနိုင်စရာကောင်းအောင် လူဆိုးဓားပြများအား ရှာမတွေ့တော့ချေ။

နယ်စားကြီး၏ တပ်ဖွဲ့များ ပြန်သွားသောအခါ လူဆိုးများက သောင်းကျန်းလာကြပြန်သည်။

မြို့စားကြီးက နယ်စားကြီးထံအကူအညီတောင်းပြန်သည်။

နယ်စားကြီးကလည်း တပ်ဖွဲ့များစေလွှတ်ခဲ့ပြန်သည်။

လူဆိုးများ ပျောက်ကွယ်သွားကြပြန်သည်။

နယ်စားကြီး၏ တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းသွားတော့ ပြန်လည်သောင်းကျန်းလာကြပြန်သည်။

သို့ဖြင့်....

အကြိမ်များလာသောအခါ မြို့စားကြီးက အကူအညီ တောင်းသော်လည်း နယ်စားကြီးသည် တပ်ဖွဲ့များစေလွှတ်ခြင်းမပြုတော့ဘဲ လျစ်လျူရှုသားလိုက်လေတော့သည်။

လူဆိုးဓားပြများအား ကိုယ်တိုင်သာဖော်ထုတ်နှိမ်နင်းဖို့လည်း အမိန့်ပေးလိုက်လေသည်။



မြို့စားကြီးအခက်ကြုံရတော့သည်။

လူဆိုးများအကြောင်းကိုစုံစမ်းရင်း မည်သို့မည်ပုံ နှိမ်နင်းရမည်ကို အကြံထုတ်ရလေတော့သည်။

* * *

ည....

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

လူဆိုးများ၏အန္တရာယ်ကြောင့် ချူးလိန့်မြို့သည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အိမ်တိုင်းအိမ်တိုင်းလိုလို တံခါးပိတ် မီးမှိတ်ကာ အိပ်စက်နေကြပြီဖြစ်လေသည်။

သို့သော်....

မြို့စားခံဟာ၌ကား မီးရောင်များ ထိန်ထိန်လင်းနေပါသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော အစောင့်အကြပ်များသည် သတိဝီရိယဖြင့် စောင့်ကြပ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးများသည် မြို့စားဂေဟာကိုပင် ထိုးဖောက်ဝို
ခိုက်လာနိုင်သည့်အန္တရာယ် ရှိနေသည်မဟုတ်ပါလား။

မြို့စားကြီးပေ့ထင်းသည်လည်း အိပ်မပျော်နိုင်ပါသေ
ချေ။

အိပ်မပျော်သည့်အပြင် စာဖတ်ခန်းအတွင်း၌ရှိနေပြီး အာ
ကိုးအားထားပြုရသော လူယုံတော်များနှင့် လူဆိုးမျာ
အကြောင်း တိုင်ပင်ဆွေးနွေးနေပါတော့သည်။

* * *

မြို့စားဂေဟာ၏ဝဲဘက်တွင် ပန်းဥယျာဉ်တစ်ခုရှိလေသည်။

ပန်းဥယျာဉ်အတွင်း၌ ရောင်စုံပန်းများ ငွားငွားစွင့်စွင့်
ဖူးပွင့်နေကြလေသည်။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသောအခါ မွှေး
ကြိုင်သင်းပျံ့သောပန်းရနံ့များ လွင့်ပျံလာလေသည်။

လှပချောမောသော မိန်းကလေးတစ်ယောက်သည် ပန်း
ဥယျာဉ်အတွင်း၌ရှိနေပါ၏။

သူမသည် သာယာလှပသောညချမ်းတွင် ပန်းဥယျာဉ်ထဲသို့
လာရောက်ကာ အနားယူနေခြင်းဟုသင်ရ၏။



သို့သော်....

ထိုမိန်းကလေးက လာရောက်အပန်းဖြေနေခြင်းမဟုတ်
ကြောင်း သူမ၏မျက်လုံးများက ဖော်ပြနေလေသည်။

သူ၏မျက်လုံးများသည် မြို့စားကြီးရှိနေသည့် စာဖတ်ခန်း
ဆီသို့ စိုက်ကြည့်နေသည်။

မြို့စားကြီးသည် စာဖတ်ခန်းအတွင်း၌ လူယုံတော်များနှင့်
အတူ အရေးကြီးသောကိစ္စများ ဆွေးနွေးနေကြသည်ကို သိရှိ
ထားပုံရလေသည်။

ထိုမိန်းကလေးမှာ အခြားသူမဟုတ်ပါ။

မြို့စားကြီး၏သမီးငယ် ပေ့ပေ့ဖြစ်လေသည်။

ပေ့ပေ့သည် အသက်ဆယ့်ရှစ်နှစ်ခန့်ရှိပြီဖြစ်လေသည်။

မြို့စားကြီး၏ချစ်မြတ်နိုးမှုနှင့် အလိုလိုက်ခြင်းကို ခံထားရ
ပါသော်လည်း ဆိုးသွမ်းခြင်းမရှိ၊ လိမ္မာရေးခြားရှိသူလေး
ဖြစ်လေသည်။

သူတစ်ပါးအား ကူညီလိုစိတ်ရှိသည်။

သဒ္ဒါတရားမနောကောင်းသည်။

မြို့စားကြီးသမီးဟူ၍ မာန်မာနမထားချေ။

တစ်မြို့လုံးက သူမအားချစ်ခင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့သည် ချူးပြည်နယ်တွင် အချောဆုံးအလှဆုံး မိန်းကလေးအဖြစ်လည်း ကျော်ကြားခဲ့လေသည်။

ယခု...

အပြစ်ကင်းစင်ကာ ချောမောလှပသည့် ပေ့ပေ့၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့်အရိပ်အယောင်များ ဖြစ်ပေါ်နေလေသည်။

ယမြည့်ညတွင် မြို့စားကြီးသည် ချူးပြည်နယ်၌ ဆိုးသွမ်းနေသည့် လူဆိုးများအား ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်ရန် တစ်စုံတစ်ခု ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပေ့ပေ့ သိရှိထားပါသောကြောင့်ဖြစ်လေသည်။

ပေ့ပေ့ကြည့်နေစဉ်မှာပင် နောက်ကျောဘက်မှ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့ ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

လူငယ်တစ်ယောက်ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ထိုလူငယ်မှာ ပေ့ပေ့ထက် အသက်နှစ်နှစ်ခန့်ပိုကြီးသော ပေ့လိဖြစ်လေသည်။

အစ်ကိုဖြစ်သူ ပေ့လိမှန်းသိလိုက်၍ ပေ့ပေ့ သက်ပြင်းချလိုက်လေသည်။



အစ်ကိုဖြစ်သူပေ့လိသည် အသက်နှစ်ဆယ်ရှိပြီး ချောမောနိုးသော လူငယ်လေးတစ်ယောက်ဖြစ်သည်။

ညီမငယ်ပေ့ပေ့ကဲ့သို့ပင် သဘောမနောကောင်းပြီး ဖော်ရွေသူလည်းဖြစ်လေသည်။

ပေ့လိက....

'ညီမလေး... ညဉ့်နက်ပြီ၊ ပန်းဥယျာဉ်ထဲမှာ ဘာလုပ်နေတာလဲ'

ဟု မေးသလေသည်။

ပေ့ပေ့က ရယ်မောလိုက်သည်။

'ကျွန်မက ဖေဖေတို့ ဘာတွေတိုင်ပင်နေကြသလဲလို့ စဉ်းစားနေတာလေ'

'ဟာ.. ညီမလေးကလဲ'

ပေ့လိက စိတ်ပျက်သောလေသံဖြင့် ရေရွတ်လိုက်လေသည်။

ပေ့ပေ့က ပြုံးလိုက်၏။

'အစ်ကိုက ဘာပြောချင်လို့လဲ'

ဟု မေးလိုက်သည်။

ပေ့လိက....

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေးရယ်၊ ဖေဖေ ဘယ်လောက်စိတ်ရှုပ်နေတယ်ဆိုတာ သိမလေးသိပါတယ်၊ တော်ကြာညီမလေးကြောင့် ဖေဖေ စိတ်အနှောင့်အယှက် ဖြစ်နေပါဦးမယ်'

ဟုစဉ်းစားချင့်ချိန်သောလေသံဖြင့် ပြောလေသည်။

ပေ့ပေ့က ရယ်မောလိုက်လေသည်။

'အစ်ကိုရယ်၊ ကျွန်မက ဖေဖေ့ကို အနှောင့်အယှက်ပေးမှာတဲ့လား၊ ဖေဖေ့ကို ကူညီမယ့်သူပါ'

ပေ့လိက....

'ညီမလေး၊ ဖေဖေက သဘောကျမှာ မဟုတ်ဘူးနော်'

ပေ့ပေ့က....

'ကျွန်မသိပါတယ်အစ်ကို၊ ကျွန်မ တစ်ခုပြောပါရစေ'

'ညီမလေး ဘာပြောချင်လို့လဲ'

'ကျွန်မတို့ဟာ တစ်သက်လုံးဖေဖေ့ဆီက အကူအညီတွေ ယူနေကြတော့မှာလား၊ ဖေဖေ့ကို တစ်လှည့်ပြန်ပြီး ကူညီဖို့ မကြိုးစားနိုင်ကြတော့ဘူးလား'

ပေ့ပေ့က တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

သူမ၏စကား အဓိပ္ပာယ်လေးနက်လှပေသည်။



မိဘများသည် သားသမီးများအား ငယ်စဉ်ကပင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြရလေသည်။

သားသမီးများ၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးခဲ့ကြသည်။

အစစအရာရာအနစ်နာခံကာ မိဘမေတ္တာကို ဖော်ကျူးခဲ့ကြပေသည်။

သားသမီးများ အရွယ်ရောက်လာသောအခါ မိဘများ၏ ကျေးဇူးကိုသိတတ်ပြီး ကျေးဇူးဆပ်သင့်သည်မဟုတ်ပါလား။

ပေ့ပေ့၏ စိတ်ထားမှာ လေးစားစရာ ကောင်းလှပေတော့သည်။

ပေ့ပေ့က ဆက်ပြောလိုက်သည်။

'အစ်ကိုကော ဖေဖေ့မှာ အခက်အခဲကြုံနေတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား၊ ကူညီဖြေရှင်းဖို့ မစဉ်းစားဘူးလားဟင်'

ပေ့လိသက်ပြင်းချလိုက်မိပြန်သည်။

ညီမလေးရယ်၊ ဘယ်လိုပြောလိုက်တာပါလိမ့်၊ ဖေဖေ စိတ်သောကရောက်နေတာကို အစ်ကိုလဲ ဘယ်ကြည့်ရက်ပါ့မလဲ'

ပေ့ပေ့ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျွန်မတို့မောင်နှမနှစ်ယောက် ဖေဖေ့ကို ကူညီနိုင်မယ့်နည်းလမ်းကို ပူးပေါင်းရှာဖွေကြတာ မကောင်းဘူးလား'

ပေ့လီ လက်ခံလိုက်ရလေတော့သည်။

'အစ်ကို လက်ခံပါတယ်ကွယ်'

ပေ့ပေ့က သွက်သွက်လက်လက်ရှိသလောက် ပေ့လီက ရိုးရိုးအေးအေး ဖြစ်လေသည်။

ညီမဖြစ်သူကို အလွန်ချစ်ပြီး အမြဲတမ်းအလျှော့ပေးကာ အလိုလိုက်ခဲ့သူ ဖြစ်လေသည်။

ပေ့ပေ့က အကျိုးသင့် အကြောင်းသင့် ပြောသည်နှင့် ညီမဖြစ်သူ၏ဆန္ဒကိုပယ်ရှားခြင်းမပြုဘဲ လက်ခံလိုက်လေတော့သည်။

ပေ့ပေ့က...

'အစ်ကို ဖေဖေ့ရဲ့စာဖတ်ခန်းအနားကိုသွားပြီး ဖေဖေတို့ ဘာတွေပြောဆိုနေကြတယ်၊ တိုင်ပင် ဆွေးနွေးနေကြတယ် ဆိုတာကို နားထောင်ကြည့်ရအောင်'

ဟု ပြောလိုက်၏။

ပေ့လီ ရင်ထိတ်သွားလေသည်။

'ဟာ....မဖြစ်ဘူးထင်တယ်'



ဟု ကပျာကယာ ငြင်းလိုက်လေသည်။

ပေ့ပေ့က....

'ဘာဖြစ်လို့လဲအစ်ကို'

'ဘာဖြစ်ရမလဲ၊ ဖေဖေ ဘယ်လောက်စည်းကမ်းကြီးတယ်ဆိုတာ ညီမအသိပဲ၊ အရေးအကြီး တိုင်ပင်ပြောဆိုနေကြတာတွေကို မသိအောင် ခိုးနားထောင်ရင် စိတ်ဆိုးသွားလိမ့်မယ်'

ပေ့ပေ့က....

'အို....အစ်ကိုကလဲ ဖေဖေမသိအောင် ခိုးနားထောင်ပါတယ်ဆိုမှ ဖေဖေ ဘယ်လိုလုပ်သိနိုင်မှာလဲ'

'မဖြစ်ပါဘူး ညီမရယ်'

ပေ့လီက ခေါင်းယမ်းကာ ညည်းတွားလိုက်လေသည်။

ပေ့ပေ့က အားမလိုအားမရဖြင့်....

'ဖေဖေတို့ ဘာတွေတိုင်ပင်ပြောဆိုကြတယ်ဆိုတာကို မသိဘဲ ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာလဲ'

ဟု စောဒကတက်လိုက်လေသည်။

'ခက်တာပဲညီမရယ်'

ပေ့လီက ညည်းညူနေဆဲ....

ပေ့ပေ့က...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ဒီလိုတွေဝေနေလို့ ကျွန်မတို့ရဲ့ရည်ရွယ်ချက် ဘယ်တော့မှ အောင်မြင်နိုင်မှာ မဟုတ်ဘူး၊ နောက်ဆုံး ဖေဖေ သိသွားတော့ရော ဘာဖြစ်သလဲ၊ ကျွန်မတို့ ဖေဖေ့ကိုကူညီချင်လို့ ခုလိုလုပ်မိတယ်လို့ အမှန်အတိုင်းပြောပြလိုက်ရုံပေါ့'

ဖခင် မြို့စားကြီး ပေ့ထင်းသည် သူတို့အား အလွန် ချစ်မြတ်နိုးလေသည်။

လူဆိုးများကြောင့် စိတ်သောက ရောက်နေသော်လည်း သူ၏သားသမီးများ စိတ်မချမ်းမသာမဖြစ်စေရန် ဂရုစိုက်ခဲ့သည်။

ထို့ကြောင့် ဖခင်ကြီးအား မဖြစ်မနေ ကူညီသင့်သည်ဟု ပေ့ပေ့က ယုံကြည်ထားခြင်းဖြစ်လေသည်။

ပေ့လိ ခေါင်းကုတ်လိုက်သည်။

'ကောင်းပြီ....ညီမလေးသွားချင်ရင်လဲ သွားကြတာပေါ့'

ဟု သဘောတူလိုက်လေသည်။

ပေ့ပေ့ ဝမ်းသာသွားလေသည်။

'အစ်ကိုက သိပ်လိမ္မာတာပဲ၊ ကဲ....မြန်မြန်သွားရအောင်လား'

ပေ့လိ၏လက်ကိုဆွဲကာ ပြေးလွှားသွားလေသည်။

ပေ့လိလည်း လိုက်ပါသွားလေသည်။



သူတို့သည် ကိုယ်ဖော့ပညာကို အသုံးပြုကာ စာဖတ်ခန်းအနီးသို့ ပြေးလွှားသွားလိုက်ကြလေသည်။

အခန်းအနီးသို့ရောက်လျှင် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်ကြသည်။

'ခေါင်မိုးပေါ်တက်ရအောင်'

ဟု ပေ့ပေ့က ပြောလိုက်ရာ....

'ကောင်းသားပဲ'

ဟု ပေ့လိက ပြောလိုက်လေသည်။

သူတို့ ပြိုင်တူ လှုပ်ရှားလိုက်ရာ ခေါင်မိုးပေါ်ရောက်သွားကြသည်။

တံစက်မြိတ်တွင်ခြေကိုချိတ်ကာ လင်းနို့ငှက်များ နားနေသည့်အသွင်ဖြင့် ခန္ဓာကိုယ်ကို အောက်သို့ လှန့်ချလိုက်သည်။

ထို့နောက်....

ပြတင်းပေါက်တံခါးကြားမှနေပြီး အခန်းတွင်းသို့ချောင်းကြည့်လိုက်ကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မီးနဂါး

စာဖတ်ခန်းအတွင်း၌ မီးထိန်ထိန်လင်းနေသည်။

စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့ရလေသည်။

မြို့စားကြီးပေထင်း၊ အိမ်ထိန်းကြီးနှင့် တပ်မှူးကောင်းယုံတို့ ဖြစ်ကြလေသည်။

တပ်မှူးကောင်းယုံသည် လူဆိုးများအား သွားရောက်တိုက်ခိုက်ခဲ့သည့် မြို့စားကြီး၏ လက်ရုံးခေါင်းဆောင်များအနက် တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်ခဲ့သူ ဖြစ်လေသည်။



တိုက်ပွဲအတွေ့အကြုံကြွယ်ဝပြီး သတ္တိအလွန်ကောင်းသူဖြစ်သည်။

မြို့စားကြီး ပေထင်းသည် ကောင်းယုံကိုကြည့်လိုက်ပြီး....

'ကောင်းယုံ....လူဆိုးတွေ အကြောင်းကို ဖော်ထုတ်နိုင်တဲ့ မင်းကစီစဉ်ထားတယ်ဆိုတာ ဘယ်လိုမျိုးလဲ'

ဟု မေးလေသည်။

ကောင်းယုံက....

'ကျုပ်ရဲ့ သစ္စာရှိလူယုံတော်တစ်ယောက်ကို လူဆိုး တစ်ယောက်အသွင်ဖန်တီးပြီး လူဆိုးတွေနဲ့ ဆက်သွယ်ပူးပေါင်းခဲ့တာပါ မြို့စားကြီး'

ပေထင်း အံ့သြသွားလေသည်။

'ဟင်....ဒီကိစ္စကို ကျုပ်လဲဘာမှ မသိရပါလား'

ကောင်းယုံက ဦးညွှတ်လိုက်သည်။

'ဒီအစီအစဉ်ကို ကျုပ်ဘာသာလိုက်ပြီး အကောင်အထည်ဖော်ခဲ့မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် မြို့စားကြီး'

ပေထင်းက....

'မင်းက လျှို့ဝှက်ချက်ပေါက်ကြားသွားရင် လူဆိုးတွေရဲ့ လက်ချက်ကို မခံရတဲ့အပြင် မင်းလွှတ်ထားတဲ့လူယုံတော်ရဲ့အသက်

www.burmeseclassic.com

အန္တရာယ် ထိခိုက်မှာ စိုးရိမ်ရတယ်ဆိုတာ ကျုပ် သ
ပေါက်ပါတယ်၊ ဒီကနေ့ တင်ပြစရာရှိဘယ်ဆိုတာက မင်
လူယုံတော်ဆီက သတင်းရလာလို့လား'

ကောင်းယုံက....

'ဟုတ်ပါတယ် မြို့စားကြီး'

'ဘယ်လိုသတင်းမျိုးလဲ ပြောပါဦး'

ပေ့ထင်းက မေးလိုက်လေသည်။

ကောင်းယုံက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်ရဲ့လူယုံဆီက သတင်းတစ်ခု ရလာပါတယ်၊
ဟာ လူဆိုးတွေရဲ့အဖွဲ့လဲကို ထည်ထည်ဝါဝါ ထိုးဖောက်
ရောက်နိုင်ခဲ့ပြီး လူဆိုးတွေရဲ့ခေါင်းဆောင် ဘယ်သူဘယ်
ဆိုတာ စုံစမ်းနိုင်ခဲ့ပါတယ်'

ပေ့ထင်း လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'လူဆိုးခေါင်းဆောင် ဘယ်သူလဲဆိုတာ ပြောပါဦး'

ကောင်းယုံက....

'မီးနဂါးဆိုတဲ့ သိုင်းသမားဆိုးတစ်ယောက်ပါ မြို့စား
ကြီး'

ထိုစကားကြားလျှင် ပေ့ထင်း ငိုင်သွားလေသည်။



းနဂါး....

းနဂါးဆိုသော သိုင်းသမား လူဆိုးကြီးမှာ အလွန်
ာက်စရာကောင်းသည်ဟု ထင်ရှား ကျော်ကြားခဲ့သည်
တ်ပါလား။

ကောင်းယုံက ဆက်ပြောသည်။

'မီးနဂါးဟာ မီးတောင်ကန်းက လျှို့ဝှက်ဂူကြီးထဲမှာ
းချပြီးဗုဗျိုက်မှုတွေကျူးလွန်ဖို့ တပည့်ငယ်သားတွေကို
နိုးပေး ခိုင်းစေနေတယ်လို့ သိရပါတယ်'

'မီးတောင်ကန်း ဟုတ်လား'

'ဟုတ်ပါတယ် မြို့စားကြီး'

မီးတောင်ကန်းဟူသည်ကား တစ်နှစ်ပတ်လုံး အနီရောင်
းများပွင့်သော သစ်ပင်များဖုံးလွှမ်းနေသောတောင်ကန်း
င်ခုဖြစ်သည်။

အမြဲတမ်းမြူနှင်းများ ဖုံးလွှမ်းနေသော အရပ်ဒေသသည်း
စ်လေသည်။

လူသူကင်းဝေးပြီး တောနက်လှသည်။

သားရဲတိရစ္ဆာန်များသည်း ပေါများလှသည်။

အလွန်အန္တရာယ်များသော ဒေသဖြစ်၍ လူသူများသေ
ားရှောင်ရှောင်ဖဲ့ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းတစ်ခုလုံးအား ဖုံးလွှမ်းနေသော အနီရော
ပန်းပွင့်သစ်ပင်များ ပွင့်ဝေဝဲကျဆင်းနေသော မြူနှင်းမျ
ကြောင့် အဝေးမှကြည့်လျှင် တောင်တန်းတစ်ခုလုံး မီးမျ
လောင်ကျွမ်းနေသည်ဟုပင် ထင်ရလေ၏။

ထို့ကြောင့်....

ဒေသခံများက မီးတောင်တန်းဟု တင်စားခေါ်ကြခြ
ဖြစ်လေသည်။

ပေ့ထင်း သက်ပြင်းချလိုက်သည်။

'မီးတောင်တန်းနဲ့ မီးနဂါး လိုက်ဖက်လှပါတယ်၊ သူ့
ဖမ်းဆီးအရေးယူဖို့ မပြောနဲ့၊ မီးတောင်တန်းကို အရော
သွားဖို့တောင် မလွယ်ဘူး'

ကောင်းယိုက....

'ဟုတ်ပါတယ် မြို့စားကြီး၊ မီးနဂါးကို နှိမ်နင်းနိုင်
လူဆိုးတွေ ခေါင်းမထောင်ဝံ့ကြတော့မှာ ဖြစ်ပေမယ့် လာ
တွေဖြစ်နိုင်ဖို့ ခက်ခဲလှပါတယ်'

ပေ့ထင်းက....

'ဒီအတိုင်းဆို ကျုပ်တို့ လက်ပိုက်ကြည့်နေကြပြီး လူဆို
တွေ လုပ်ချင်ရာလုပ်သမျှကို ခေါင်းငုံ့ခံနေကြဖို့ပဲ ရှိတော့တာ
ပေါ့'



ဟု ညည်းတွားလိုက်ပြန်သည်။

ကောင်းယိုက....

'ကျုပ်ရဲ့ လူယုံတော်ဆီက သတင်းကိုစောင့်ပြီး ဘာဆက်
လုပ်သင့်တယ်ဆိုတာ စဉ်းစားတာ အကောင်းဆုံး ဖြစ်ပါလိမ့်
ယ်၊ လူဆိုးတွေကို လက်ပိုက်ကြည့်နေလို့တော့ မဖြစ်ပါဘူး၊
င်းလင်းဖယ်ရှားပစ်ရမှာပါ'

ပေ့ထင်းက....

'မီးနဂါးဟာ သိုင်းသမားဆိုးကြီးတစ်ယောက်လဲ ဖြစ်နေ
တော့ ခက်တာပေါ့'

ကောင်းယိုက....

'သိုင်းလောကက အဖြူရောင် သိုင်းသမားတွေဆီမှာ
အကူအညီတောင်းရင် ရနိုင်ပါတယ်၊ သူတို့ဟာ မီးနဂါးကို
ကိုင်းသေရင်ဆိုင်နိုင်ကြမှာပါ'

ဟိုစကားကို အဓိပ္ပာယ်ရှိစွာပြောလိုက်ခြင်း ဖြစ်လေသည်။

ပေ့ထင်းသည် သိုင်းပညာတတ်မြောက်သူ မဟုတ်သော်
လည်း သူ၏ အရင်းနှီးဆုံးမိတ်ဆွေ ဟန်ချုံးသည် သိုင်း
လောက၌ ထင်ရှားသော အဖြူရောင်သိုင်းသမားကြီး တစ်
ယောက်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချုံးသည် မြို့စားကြီး ပေ့ထင်းထံသို့ လာရော
လည်ပတ်ခဲ့ဖူးပြီး ပေ့ပေ့တို့ မောင်နှမ နှစ်ယောက်အာ
သိုင်းပညာသင်ကြားပေးဖူးသည်။

မြို့စားဂေဟာတွင် ငါးနှစ်ခန့် နေထိုင်သွားခဲ့ဖူးလေသည်

ဟန်ချုံးသည် ပေ့ထင်း ဒုက္ခရောက်နေသည် ဆိုပါလျှ
လက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ဟု ကောင်းယုံက ယုံကြည်
ထားခြင်းကြောင့် ဖြစ်လေသည်။

ကောင်းယုံ ဆိုလိုသည့် အဓိပ္ပာယ်ကို ပေ့ထင်းတလည်
ကောင်းစွာ နားလည်ထားလေသည်။

'အင်း...မီးကို ရေနဲ့ငြိမ်းမှ ရတယ်ဆိုတာ ကျုပ် နားလည်
ပါတယ်၊ သိုင်းသမားဆိုး တစ်ယောက်ကို သိုင်းသမား
ကောင်း တစ်ယောက်ကပဲ ဟန့်တားနိုင်လိမ့်မယ်၊ ကျုပ်က
ဟန်ချုံးကို အကူအညီတောင်းပြီး မီးနဂါးကို နှိမ်နင်းခိုင်း
တော့မှာပေါ့'

ဟု ပြောလေသည်။

ထိုစကားကြားလျှင် ကောင်းယုံ ဝမ်းသာသွားလေသည်။

'ဆရာကြီးဟန်ချုံးရဲ့ သိုင်းပညာဟာ အင်မတန်အံ့မခန်း
လောက်အောင် တော်ပါပေတယ်၊ ဆရာကြီးသာ ရောက်လာ
မယ်ဆိုရင် မီးနဂါးကို ဆုံးမနိုင်မှာပါ'

'နေဦး'



ပေ့ထင်းက ဟန့်တားလိုက်လေသည်။

'သူနဲ့ကျုပ် အဆက်အသွယ်ပြတ်သွားတာ ကြာပြီ၊ ကျုပ်
သာ ဒီမြို့ကနေ တစ်ဖဝါးမှ မခွာနိုင်အောင် အလုပ်များနေ
ရတာ၊ ဟန်ချုံးကလဲ သိုင်းလောကအကျိုးဆောင်ရွက်ရမယ်
အလုပ်များနေမှာပေါ့၊ ဒါကြောင့် ကျုပ်ဆီကို ရောက်မလာ
တာပဲ ဖြစ်လိမ့်မယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ မင်းဟ
သူ့ဆီကို သွားပါ၊ ကျုပ် စာတစ်စောင်ရေးပေးလိုက်မယ်'

ကောင်းယုံက ဦးညွှတ်လိုက်သည်။

'ကောင်းပါပြီ မြို့စားကြီး'

ပေ့ထင်းစားပွဲပေါ်တွင် အဆင်သင့်ရှိနေသော စာရွက်
နှင့် မှင်တံကို ယူလိုက်သည်။

ထိုစဉ်....

'ကျွီ'

ပြတင်းတံခါးပွင့်သွားပြီး လူတစ်ယောက်ခုန်ဝင်လာသည်
ကို တွေ့မြင်လိုက်ကြရလေတော့သည်။

*           *           *

www.burmeseclassic.com



'ပေ့ပေ့'

ပေ့ပေ့သည် အပြင်ဘက်မှခြောင်း၍နားထောင်ရင်းပေ့ထင်းနှင့် ကောင်းယုံတို့ပြောနေကြသည့်စကားများကို ကြားရလေသောအခါ စိတ်မထိန်းနိုင်အောင် ဖြစ်လာလေသည်။

နံဘေး၌ရှိနေသော အစ်ကိုဖြစ်သူအား....

'အစ်ကို ဆရာ့ဆီကို သွားကြမယ်ဆိုရင် သွားတဲ့လူဟာ ကောင်းယုံမဟုတ်ဘူး၊ ကျွန်မတို့ပဲဖြစ်ရမယ်'

ဟု ပြောလိုက်သည်။

ထို့နောက်....

ခန္ဓာကိုယ်ကို တစ်ချက်လှဲလိုက်ပြီး ပြတင်းပေါက်တံခါးကို တွန်းဖွင့်ကာ အခန်းတွင်းသို့ ခုန်ဝင်သွားခြင်းဖြစ်လေသည်။

ပေ့လိဟန့်တားဖို့ပင် အချိန်မရလိုက်တော့ချေ။

ပေ့ပေ့က မမျှော်လင့်ဘဲ ဝင်ရောက်လာသဖြင့် အခန်းတွင်း၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

'ဘယ်သူလဲ'

ဟု အော်ငေါက်ကာ ကောင်းယုံက ခုန်ထလာသည်။

သူ၏လက်ထဲ၌လည်း ဓားတစ်လက်ပါလာလေသည်။



မြို့စားကြီးပေ့ထင်းနှင့် အိမ်ထိန်းကြီးတို့သည်း ပြိုင်တူထရပ်လိုက်ကြလေသည်။

ပေ့ပေ့ကို တွေ့မြင်လိုက်ကြသည်နှင့်...

'သခင်မလေးပါလား'

ဟု ကောင်းယုံတို့က ရေရွတ်လိုက်ကြသည်။

ကောင်းယုံသည် ဓားကို ချက်ချင်းပြန်လည်သိမ်းဆည်းထားလိုက်လေသည်။

ပေ့ပေ့၏ရှေ့တွင် ဒူးထောက်ချလိုက်ပြီး....

'ရုတ်တရက်မို့ သခင်မလေးကို ရန်သူထင်မှတ်ပြီး တိုက်ခိုက်မိကြရှယ်မိတာ ခွင့်လွှတ်ပါသခင်မလေး'

ဟု တောင်းပန်လိုက်လေသည်။

အိမ်ထိန်းကြီးကလည်း....

'သခင်မလေး၊ ဘယ်လိုအကြောင်းထူးများရှိလို့လဲ'

ဟု ပူပန်စွာမေးလေသည်။

ပေ့ပေ့သည် အခန်းတွင်းသို့ရောက်လာပြီးမှ ဖခင်ဖြစ်သူရှေ့တွင် မည်သို့ပြောရမှန်းမသိ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကြီးလှသည့်ဖခင်ဖြစ်သူသည် ခွင့်မတောင်းဘဲ သူမဝင်ရောက်လာသည်ကို နှစ်သက်မည်မဟုတ်ကြောင်း နားလည်လိုက်ခြင်းကြောင့်လည်း ဖြစ်သည်။

မြို့စားကြီးတစ်ယောက်ဖြစ်သော ဖခင်အတွက် သူမ၏ အပြုအမူသည် ရိုင်းပျသည့်အသွင်ဆောင်နေသည် မဟုတ်ပါလား။

ပေ့ပေ့ တွေးထင်သည့်အတိုင်းပင် ပေ့ထင်း၏မျက်နှာ တင်းမာပြီး....

'ဘယ်သူများလဲမှတ်တယ်၊ သမီးဖြစ်နေတာကိုး၊ ပြောစမ်းပါဦး၊ ဘာကြောင့်များ ခွင့်မတောင်းဘဲဝင်လာရတာလဲ၊ ဒီမှာ ဖေဖေတို့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်ဆွေးနွေးနေကြတယ်၊ အချိန်လဲ မရှိတော့ဘူး၊ တကယ်ဆိုရင် ခုချိန်မှာ သမီးဟာ အိပ်ရာထဲရောက်နေသင့်ပြီ'

ဟု ပြောလေသည်။

ပေ့ပေ့က ကြမ်းပြင်ပေါ် ဒူးထောက်ကာ တောင်းပန်လိုက်လေသည်။

'ဖေဖေ၊ သမီးရဲ့အပြစ်ကို ခွင့်လွှတ်ပါဖေဖေ၊ ခုတလော လူဆိုးတွေရဲ့အရေးကိစ္စကြောင့် ညဉ့်နက်တဲ့အထိ ဖေဖေ အိပ်မပျော်နိုင်ဖြစ်နေတာကို သမီးသိထားလို့ ဖေဖေ့ကို စိတ်ပူပြီးလာချောင်းကြည့်မိတာပါ'



ပေ့ထင်း သက်ပြင်းချလိုက်လေသည်။

ကောင်းယုံနှင့် အိမ်ထိန်းကြီးတို့က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

ပေ့ထင်းက....

'ဖေဖေ့အတွက် ဘာမှမပူနဲ့၊ သမီး ဒီလိုဝင်လာတာ ကျုပ်တို့လူတွေကို အားနာဖို့ကောင်းတယ်၊ နောက်တစ်ခါ ဒီလိုမလုပ်နဲ့၊ သမီးသွားပေတော့'

ပေ့ပေ့အား ပြန်ခိုင်းလိုက်လေသည်။

ပေ့ပေ့က ဒူးထောက်ရာမှမထသေး။

ပေ့ထင်း မျက်မှောင်ကုတ်သွားပြီး....

'သမီးကိုကြည့်ရတာ အကြောင်းတစ်ခုခုရှိနေပုံရတယ်၊ ဟုတ်သလား'

ဟု မေးလိုက်လေသည်။

ပေ့ပေ့က....

'ဟုတ်ပါတယ်ဖေဖေ'

ဟု ဝန်ခံလိုက်လေသည်။

ပေ့ထင်းက....

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုအကြောင်းများရှိလို့လဲ၊ ပြောစမ်းပါဦး'

ပေ့ပေ့က....

'ဖေဖေ့ကို လာချောင်းကြည့်ရင်း ဖေဖေတို့ပြောနေတဲ့စကားထဲမှာ ဆရာ့အကြောင်းပါလာလို့ပါ ဖေဖေ'

ပေ့ထင်း မျက်နှာပျက်သွားလေသည်။

'ဒါ လျှို့ဝှက်ထားရမယ့်ကိစ္စတွေပဲ၊ သမီးနဲ့ မဆိုင်ဘူး၊ ကဲ....ကဲ...ပြန်ပေတော့'

ဟု နှင်လွှတ်လိုက်လေသည်။

ပေ့ပေ့က....

'သမီးနဲ့ဆိုင်ပါတယ်၊ ဘာကြောင့်လဲဆိုရင် သမီးဟာ ဖေဖေ့သမီးဖြစ်နေလို့ပါပဲ'

'ဟင်'

ပေ့ထင်း အံ့သြသွားလေသည်။

'သမီး ဘာတွေပြောနေတာလဲ'

ပေ့ပေ့က ဒူးထောက်ရာမှထလိုက်ပြီး တည်ကြည်သော မျက်နှာထားဖြင့် သူမ၏သဘောထားကိုပြောလေသည်။

ပေ့ပေ့က...



'ဖေဖေဟာ သမီးတို့ကို စိတ်မဆင်းရဲစေချင်ဘူး၊ ဒုက္ခ ရောက်စေချင်ဘူး၊ ဒါကြောင့် သမီးတို့ရှေ့မှာ ပြုံးရွှင်ရယ် ာနေခဲ့တယ်၊ ဘာမှ အခက်အခဲမရှိသလို ဟန်ဆောင်နေခဲ့ ယ်၊ ဖေဖေ့ရဲ့မေတ္တာစေတနာ ကြီးမားလှပါတယ်၊ ဒါပေ ယ့် သမီးတို့ကဲ ဒီအတိုင်းလက်ပိုက်ကြည့်နေကြမယ်ဆိုရင် ာဝန်ကျေပြီးမေတ္တာကြီးမားလှတဲ့ဖခင်အပေါ်မှာ ကျေးဇူး သိတတ်တဲ့သားသမီးတွေ ဖြစ်သွားပါလိမ့်မယ်'

ထိုစဉ်....

'ဟုတ်ပါတယ်ဖေဖေ၊ ညီမလေးပြောတာမှန်ပါတယ်'

ပေ့လိလည်းမနေနိုင်တော့ဘဲ၊ အခန်းတွင်းသို့ ခုန်ဝင် ာလေသည်။

ပေ့ထင်းက....

'လက်စသတ်တော့ သားကြီးလဲပါလာတာကိုး'

ဟု ရေရွတ်လိုက်၏။

ပေ့လိက ဦးညွတ်ဂါရဝပြုလိုက်သည်။

'ကျွန်တော်တို့ဟာ တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီပြီး ဖေ့ရဲ့ကျေးဇူးကိုဆပ်မယ်လို့ ဆုံးဖြတ်ထားပြီး လာခဲ့ကြ ပါဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ထင်းက ဘာကိုမှ နားမလည်နိုင်တော့သည့်သဘော
ဖြင့် ကောင်းယုံတို့အား ပခုံးတွန့်ပြကာ....

'ဒီမောင်နှမ ဘယ်လိုဖြစ်သာသလဲ၊ မပြောတတ်တော့
ပါဘူး'

ကောင်းယုံက ပြုံးလိုက်လေသည်။

'မြို့စားကြီးခင်ဗျာ.... သခင်လေးတို့မောင်နှမဟာ မိဘ
ကျေးဇူးကိုသိတတ်တဲ့ သားသမီးအလိမ္မာလေးတွေပါပဲ'

ပေ့ပေ့က....

'ဦးလေးကောင်းကို ကျေးဇူးတင်ပါတယ်၊ လူဆိုးတွေကို
နှိမ်နင်းရာမှာ ဦးလေးကောင်းတို့လိုပဲ ကျွန်မတို့လဲ တစ်တပ်
တစ်အား ပါဝင်ဆောင်ရွက်သင့်တယ်မဟုတ်လား၊ လူဆိုး
တွေကိုဖယ်ရှားပစ်နိုင်မှ အေးချမ်းသာယာသွားပါလိမ့်မယ်၊
ဒီကိစ္စမှာ ဘေးဖယ်နေမယ်ဆိုရင်တော့ တာဝန်မဲ့တဲ့လူတွေ
ဖြစ်သွားပါလိမ့်မယ်၊ ကျွန်မပြောတာ မှန်တယ်မဟုတ်လား
ဦးလေးကောင်း'

ကောင်းယုံက....

'မှန်ပါတယ်သခင်မလေး'

ထိုသို့ပြောပြီးမှ စိုးရိမ်သောအကြည့်ဖြင့် ပေ့ထင်းအား
လှမ်းကြည့်လိုက်မိလေသည်။



ပေ့ထင်း သက်ပြင်းချလိုက်သည်။

လူဆိုးများအားနှိမ်နင်းရာတွင် တစ်တပ်တစ်အား ပါဝင်
ဆောင်ရွက်လိုကြောင်း ပေ့ပေ့က မကြာခဏစကားခေါ်
သည်။

သူက မသိချင်ဟန်ဆောင်နေခဲ့ခြင်းဖြစ်လေသည်။

ယခုတော့....

ပေ့ပေ့သည် သူမ၏သဘောထားကို ပြောင်ဖွင့်ပြောလာ
ခဲ့လေသည်။

ပေ့လိကလည်း....

'ဟုတ်ပါတယ်ဖေဖေ၊ တခြားလူတွေ ကျီးလန့်စာစားဖြစ်
နေတဲ့အချိန်မှာ ကျွန်တော်တို့ဟာ လိုလေသေးမရှိအောင်
အေးအေးချမ်းချမ်း နေဘိုင်ရတာ ကျေနပ်စရာ ကောင်းပေ
မဲ့ တစ်ဖက်ကတွေးပြန်ရင် တာဝန်မဲ့တဲ့လူတွေလို ထင်စရာ
ဖြစ်မှာပါဖေဖေ၊ ဒါကြောင့် လူဆိုးတွေကိုနှိမ်နင်းတဲ့ကိစ္စမှာ
ကျွန်တော်တို့လဲ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ဖို့ ခွင့်ပြု
စေချင်ပန်ပါတယ်'

ပေ့ပေ့၏စကားကို ထောက်ခံတာ ပြောလိုက်လေသည်။

ပေ့ထင်းငိုင်ကျသွားတော့သည်။

ကောင်းယုံနှင့်အိမ်ထိန်းကြီးတို့က ငြိမ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည် ထင်ရလေသည်။

အတန်ကြာတော့မှ....

'သားတို့ အဘောင်ပဲစကားတတ်ကြပါလား'

ပေ့ထင်းက ရေရွတ်လိုက်လေသည်။

ပေ့ပေ့က....

'သမီးတို့ကြောင့် ဖေဖေ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးရိမ်တာကြောင့် တောင်းပန်တာပါ ဖေဖေရယ်'

ဟု လေသံပျော့လေးဖြင့် ပြောလေသည်။

ပေ့ထင်းပြုံးလိုက်သည်။

'သမီးတို့က ဖေဖေ့ကို ရှုန်းမထွက်နိုင်အောင် စကားနဲ့ ချုပ်နှောင်နေကြတာကိုး၊ ကောင်းပြီလေ သမီးတို့ဘယ်လို လုပ်ချင်သလဲဆိုတာပြောပါ'

ဟု မေးလိုက်သည်။

ပေ့ပေ့တို့မောင်နှမနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ပေ့ပေ့က....



စောစောက ဖေဖေတို့ပြောဆိုနေကြတဲ့ စကားထဲမှာ ...ာနာမည်ပါနေပါတယ်'

...ပေ့လိက....

...ဟုတ်ပါတယ်၊ မိုးနဂါးကိုနှိမ်နင်းဖို့ ဆရာ့ဆီမှာ အကူ ...တောင်းမယ်ဆိုရင် ကျွန်တော်တို့ပဲ ဆရာ့ဆီကိုသွားသင့် ...လို့ထင်ပါတယ် ဖေဖေ'

...ဟု ပြောကြလေသည်။

...ထိုစကားကြားလျှင် ပေ့ထင်း တွေဝေသွားပြန်သည်။

...သားသမီးနှစ်ယောက် အရွယ်ရောက်နေပြီဖြစ်သလို သိုင်း ...ပညာလည်းတတ်မြောက်နေကြပြီ ဖြစ်ပါသည်။

...သို့တိုင်....

...မျက်မျက်စိထဲ၌ ကလေးသူငယ်များဟု မြင်ယောင်နေဆဲ ...သည်။

...စ်စုံတစ်ခုဖြစ်သွားမည်ကို အမြဲစိုးရိမ်ပူပန်မိသည်။

...ကြောင့်....

...ယ်ကိုမှမလွှတ်ဘဲ မျက်စိအောက်၌ပင် ထားခဲ့လေသည်။

...ခုတော့....

www.burmeseclassic.com



ပေ့လိတို့က သူတို့တွင် အစွမ်းအစရှိကြောင်း၊ ပြသခွင့်...
...င်းဆိုနေကြပြီဖြစ်လေသည်။

သူက မည်သို့ဆုံးဖြတ်မည်နည်း။

ပေ့ထင်းတွေဝေနေစဉ် မနေနိုင်တော့သည့်အိမ်ထိန်းကြီး...
က ...ခင်ရောက်ပြောဆိုလာလေတော့သည်။

အိမ်ထိန်းကြီးသည် ပေ့ထင်းအားဦးညွတ်လိုက်ပြီး....

'မြို့စားကြီးခင်ဗျာ၊ ကလေးတွေဟာ စိတ်ဓာတ်တက်ကြွ...
နေကြပါတယ်၊ သူတို့ကို လျစ်လျူရှုထားလိုက်ရင် မဖြစ်သ...
တာတွေ ဖြစ်လာနိုင်ပါတယ်၊ လူဆိုးတွေနဲ့ ကိုယ်တိုင်ကိုယ်...
ရင်ဆိုင်ကြတာထက်စာရင် သိုင်းလောကကို လွှတ်လိုက်တာ...
ပိုကောင်းပါလိမ့်မယ်'

ဟု ပြောလာလေသည်။

ကောင်းယုံကလည်း....

'အိမ်ထိန်းကြီးပြောတာ မှန်ပါတယ် မြို့စားကြီး၊ သ...
လေးတို့ ခရီးမထွက်ဖြစ်တာ နှစ်ပေါင်းအတော်ကြာနေပါပြီ...
ဆရာကြီးဟန်ချုံးဆီကိုသွားပြီး အကူအညီတောင်းမယ်ဆို...
လူဆိုးတွေကိုနှိမ်နင်းရာမှာ တစ်တပ်တစ်အား ပါဝင်ဆော...
ရွက်ရာလဲရောက်ပါတယ်၊ ကျုပ်ကသွားရမယ်ဆိုရင် ကျန်...
ခဲ့တဲ့ တပ်ဖွဲ့တွေကိုအုပ်ချုပ်မယ့်လူ လစ်ဟာသွားနိုင်ပါတယ်...



...ကြောင့် သခင်လေးတို့ကိုပဲ စေလွှတ်လိုက်တာ အကောင်း...
ဖြစ်ပါလိမ့်မယ်'

ပေ့ထင်းက အားလုံးကို ကစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ဟား....ဟား....ဟား'

...သဘောကျစွာ ရယ်မောလိုက်လေသည်။

...တင်ဖန်....

'...တယ်လဲ အတိုင်အဖောက်ညီနေကြပါလား'

ဟု ပြောလေသည်။

ပေ့ပေ့က....

'ဖေဖေ....သမီးတို့ကို ခွင့်ပြုမယ် မဟုတ်လားဟင်'

ဟု မေးလိုက်လေသည်။

ပေ့ထင်းက....

'ဖေဖေက ခွင့်မပြုဘူးဆိုရင်ကော'

ပေ့ပေ့ ခေါင်းငုံ့သွားလိုက်လေသည်။

ပေ့ထင်းက ဆက်ပြောသည်။

'...ယ်မိဘမဆို ကိုယ့်သားသမီး ကောင်းစားတာကို မြင်...
ကြတာပါပဲ၊ ဖေဖေ့ရဲ့သားသမီးတွေဟာ အရည်အချင်း...

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့လူတွေဖြစ်မှာကို သူတစ်ပါး စေဖန်ခံရမှာကို ဖေဖ[…] အကြောက်ဆုံးပဲ၊ ဒါပေမယ့် တစ်စုံတစ်ခု ဖြစ်သွားမှာ[…] စိုးရိမ်လို့ ဖေဖေ့ရဲ့ မျက်စိရှေ့မှောက်မှာ ထားရတာပ[…] အခု သမီးတို့က တောင်းဆိုလာကြပြီဆိုတော့....'

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

ပေ့ပေ့ မရိုးမရွဖြစ်လာပြီး....

'ဖေဖေ ခွင့်ပြုမှာလားဟင်'

ဟု မေးလိုက်လေသည်။

ပေ့ထင်းက....

'ဖေဖေက အရင် ပြန်မေးရဦးမယ်၊ သမီးတို့ကော ကိုယ့်[…] ကိုယ်ကို ယုံကြည်စိတ်ချမှုရှိကြရဲ့လား၊ အရေးကြီးတဲ့ တာဝ[…] တွေကို ဘာကယ်ပဲ ထမ်းဆောင်နိုင်စွမ်း ရှိကြပြီလား'

ထိုစကားသည် စိတ်ခေတ်ပျော့ညံ့သူများ ချက်ချင်းဖြ[…] ဖြေရန် ခက်ခဲသည်ဖြစ်ပေသည်။

ပေ့ပေ့ကမူ ချက်ချင်း ပြန်လည်အဖြေပေးလိုက်[…] သည်။

'သမီးတို့ ကိုယ့်ကိုယ်ကို ယုံကြည်ပါတယ် ဖေဖေ'

ပေ့လိက....



'ဟုတ်ပါတယ် ဖေဖေ၊ ကျွန်တော်တို့ဟာ အရွယ်ရောက် […]နေကြပြီ၊ ကိုယ့်အားကိုယ်ကိုးပြီး အရေးကြီးတဲ့ ကိစ္စတွေကို […]ဆောင်ရွက်နိုင်စွမ်းရှိပါပြီ'

ဟု ပြောလေသည်။

ပေ့ထင်း သဘောကျသွားလေသည်။

'အင်း....သားတို့သမီးတို့ဟာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ […]ကြတယ်ဆိုရင် ဖေဖေ့ အနေနဲ့ ခွင့်မပြုနိုင်စရာ အကြောင်း မရှိပါဘူး၊ သားတို့ဆရာဆီကိုသွားဖို့ ခွင့်ပြုလိုက်မယ်'

ဟု ပြောလိုက်သည်။

ဖခင်ကြီးက ရွှေရွှေရှုရှု သဘောတူ ခွင့်ပြုလိုက် […]ခြင်းကြောင့် ပေ့လိတို့မောင်နှမ ဝမ်းသာပျော်ရွှင်သွားကြ […]လေတော့သည်။

အမှန်တော့...

ပေ့ထင်းက ခွင့်ပြုလိုခြင်း မရှိပါ။

သူက ပိတ်ပင်တားမြစ်ထားမည် ဆိုပါလျှင် အကျိုးဆက် […]ခုခု ဖြစ်ပေါ်လာနိုင်သည်ကို နားလည်ထားခြင်းကြောင့် ဖြစ်သည်။

ထိုမကောင်းကျိုးဆက်မှာ ပေ့လိတို့သည် စိတ်ဓာတ်ကျဆင်း […]သောလူနှင့် လူညံ့များအဖြစ် ပြောင်းလဲသွားနိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှင် ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်သည့် သဘောဖြင့် သိုင်းလောကသို့ လွှတ်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ထိုအချက်ကို ဝမ်းသာနေကြသော ပေ့ပေ့တို့မရိပ်မိလိုက်ကြပါချေ။

အတွေ့အကြုံ ကြွယ်ဝနေပြီဖြစ်သော အိမ်ထိန်းကြီးနှင့် ကောင်းယုံတို့က သဘောပေါက်သွားကြလေတော့သည်။

ပေ့ထင်းက....

'ကဲ....ဖေဖေတို့မှာ အရေးကြီးတဲ့အချိန် ရောက်နေပြီ၊ ခရီးထွက်မယ်ဆိုရင် အမြန်ဆုံးပြင်ဆင်ကြပေတော့'

ဟု ပြောလိုက်လေသည်။

* * *

## ခရီးသည်

နေခြည်ဖြာကျနေသည်။

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

ချူးပေနယ်မှ ပြည်မကြီးသို့သွားရာ လမ်းကြောင်းပေါ်တွင် ခရီးသည်သုံးယောက်ကရှိနေကြသည်။

ထိုခရီးသည် များသည်ကား မိန်းမငါး ဦးခေါင်းဆောင်သော လူဆိုးများကို နှိမ်နင်းရန် သိုင်းဆရာကြီးဟန်ချူးထံ သွားရောက် အကူအညီတောင်းကြမည့် ပေ့လိ၊ ပေ့ပေ့တို့ မောင်နှမနှင့် တပ်မှူးကောင်းယုံ၏ လက်ရုံးတစ်ဆူဖြစ်သော မားပဲ့ ဆိုသူတို့ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မားပင်သည် လက်ရွေးစင် တိုက်ခိုက်ရေးသမား တစ်ယောက်သည်း ဖြစ်သည်။

ပေ့လိတို့မောင်နှမအား ကူညီစောင့်ရှောက်ရန်နှင့် လိုအပ်သော ကိစ္စအဝဝကို ဆောင်ရွက်ပေးနိုင်ရန် မြို့စားကြီးက အဖော်ထည့်လိုက်ခြင်း ဖြစ်လေ၏။

သုံးယောက်သား ခရီးပြင်းနှင်လာခဲ့ကြရာ နှစ်ရက်အတွင်း မျူးပေပြည်နယ် ပိုင်နက်ကို ဖြတ်ကျော် လာနိုင်ခဲ့ကြသည်။

နောက်နှစ်ရက်အတွင်း ပြည်မသို့ရောက်လာကြသည်။

ဤတွင်....

ထူးခြားသောအဖြစ်အပျက်တစ်ခုနှင့် စတင်ရင်ဆိုင်တွေ့ကြုံခဲ့ကြရလေတော့သည်။

* * *

စားသောက်ဆိုင်လေးတစ်ဆိုင်...

ပေ့ပေ့တို့သည် စားသောက်ဆိုင်လေး တစ်ဆိုင်၌ ဝင်ရောက် အနားယူလိုက်ကြလေသည်။



ဆိုင်လုလင်က စားသောက်ဖွယ်ရာများ လာရောက်ချပေးသောအခါ ဗိုက်ဆာနေပြီဖြစ်သော ပေ့ပေ့က ချက်ချင်း စားသောက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ....

'သခင်မလေး၊ ခဏနေပါဦး'

စားသောက်ဆိုင်လေးတစ်ဆိုင်....

ပေ့ပေ့တို့သည် စားသောက်ဆိုင်လေးတစ်ဆိုင်၌ ဝင်ရောက်အနားယူလိုက်ကြလေသည်။

ဆိုင်လုလင်က စားသောက်ဖွယ်ရာများ လာရောက်ချပေးသောအခါ ဗိုက်ဆာနေပြီဖြစ်သော ပေ့ပေ့က ချက်ချင်း စားသောက်ရန်ဟန်ပြင်လိုက်လေသည်။

ထိုအခါ...

'သခင်မလေး ခဏနေပါဦး'

မားပင်က ဟန့်တားလိုက်လေသည်။

ပေ့ပေ့က....

'ဘာဖြစ်လို့လဲရှင့်'

မားပင်က....

www.burmeseclassic.com

www.burmeseclassic.com



'အစားအစာတွေမှာ အဆိပ်ရှိမရှိ စမ်းသပ်ပြီးမှ စားသောက်ကြတာ ကောင်းပါလိမ့်မယ် သခင်မလေး'

'ကြွ'

ပေ့ပေ့ ပြုံးလိုက်လေသည်။

'ကျွန်မတို့ကို ဘယ်သူကအဆိပ်ခတ်လုပ်ကြံမှာတဲ့လဲ၊ ကျွန်မတို့မှာ ရန်သူမှမရှိဘာ'

မားပင်က ငွေအပ်ကလေးတစ်ချောင်းဖြင့် စားသောက်ဖွယ်ရာများ၌ အဆိပ်ရှိမရှိစမ်းသပ်စစ်ဆေးပြီးသွားလေသည်။

'အဆိပ်မရှိပါဘူး၊ စားသောက်လို့ရပါပြီ သခင်မလေး'

ပေ့ပေ့က ပြုံးလိုက်၏။

'ကျွန်မတို့ကို အဆိပ်ခတ်မယ့်သူရှိရင်တော့ အတော့်ကို အံ့သြစရာကောင်းတာပဲ'

ဟု ပြောလိုက်သည်။

မားပင်က....

'သခင်မလေး သတိဆိုတာပိုဘယ်လို့မရှိပါဘူး၊ မီးနဂါးဟာ သိုင်းလောကနဲ့ အဆက်အသွယ်ရှိတဲ့ လူဆိုးတစ်ယောက်ပါ၊ သိုင်းသမားဆိုးတွေကို အခကြေးငွေပေးပြီး ကျုပ်တို့ကို လုပ်ကြံဖို့ကြံစည်ကောင်း ကြံစည်နိုင်ပါတယ်'



ဟု ပြော၏။

ပေ့လီက....

'မီးနဂါးက ကျုပ်တို့ကိုလုပ်ကြံနိုင်ဘယ်ဟုတ်သား'

မားပင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် သခင်လေး၊ ကျုပ်တို့ကလဲ သူ့ကိုချေမှုန်းနိုင်ဖို့ အကူအညီ ရှာယူရအောင် ထွက်လာခဲ့ကြတာ မဟုတ်လား'

ပေ့လီ သက်ပြင်းချလိုက်လေသည်။

ပေ့ပေ့က....

'အင်းလေ... ကျွန်မတို့ရဲ့ခရီးစဉ်ဟာ အပျော်ခရီးမဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်၊ နောက်ဆိုရင် သ[illegible]ာ:ပြီးဆင်ခြင်ပါ့မယ်'

ဟု ပြောလိုက်မှ မားပင်ကျေနပ်သွားလေသည်။

သူတို့သည် စားသောက်ပြီးလျှင် အချိန်ဖြုန်းမနေကြဘဲ ခရီးဆက်ကြပြန်လေသည်။

သို့ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သွားသောအခါသိုင်းလောကသားများကျင်လည် ကျက်စားနေကြသော မြို့လေးတစ်မြို့သို့ ရောက်ရှိသွားကြလေတော့သည်။

* * *

ည....

နေဝင်မိုးချုပ်သွားပြီဖြစ်သော်လည်း မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေဆဲဖြစ်လေသည်။

ပေ့ပေ့တို့သည် တည်းခိုခန်းတစ်ခု၌ ဝင်ရောက်အနားယူလိုက်ကြလေသည်။

ပေ့ပေ့သည် တည်းခိုခန်းအပေါ်ထပ် လေသာဆောင်ပေါ်မှနေ၍ စည်ကားသိုက်မြိုက်နေသော လမ်းမကြီးပေါ်သို့ ကြည့်ရင်း အနီးရှိ အစ်ကိုဖြစ်သူ ပေ့လိအား ပြောလိုက်လေသည်။

'အစ်ကို ဒီမြို့ဟာစည်ကားသိုက်မြိုက်လိုက်တာနော်၊ လူတွေဟာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လှုပ်ရှားသွားလာနိုင်ကြတယ်'



ပေ့လိ သက်ပြင်းချလိုက်လေသည်။

သူတို့၏မြို့၌ နေထိုင်ကြသူများကား ကျီးသန့်စာစားဘဝ ရောက်နေသည်မဟုတ်ပါလား။

ပေ့ပေ့က....

'မီးနဂါးကို အမြန်ဆုံးသုတ်သင်ရှင်းလင်းပစ်နိုင်ရင် ကျွန်မတို့မြို့လေးလဲ စည်ကားသာယာလာမှာပဲနော်'

ဟု ပြောလေသည်။

ပေ့လိက....

'ဟုတ်တယ်၊ မီးနဂါးကို အမြန်ဆုံးသုတ်သင်ရှင်းလင်းပစ်နိုင်အောင် ကြိုးစားရလိမ့်မယ်'

မီးနဂါးအား သုတ်သင်ရှင်းလင်းပစ်နိုင်မည် ဆိုပါလျှင် တိုင်းပြည်နယ်မှာ အေးချမ်းသာယာသွားလိမ့်မည်ဖြစ်ပေသည်။

သူတို့ဆောင်ရွက်ရမည့်ကိစ္စသည် အရေးပါသောကိစ္စတစ်ခု ဖြစ်ကြောင်း ကောင်းစွာနားလည်ထားကြလေတော့သည်။

ပေ့ပေ့က....

'ဆရာ့ကို အကျိုးအကြောင်းပြောပြပြီး မီးနဂါးကို သုတ်သင်ရှင်းလင်းပေးဖို့ အကူအညီတောင်းရမှာပေါ့၊ ဘာဖြစ်လို့လဲညီမလေး'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့က....

'ကျွန်မက ဒါကိုဆိုလိုတာမဟုတ်ဘူး'

ပေ့လိက....

'ဒါဖြင့် ညီမလေး ဘာပြောချင်တာလဲဟင်'

'ကျွန်မတို့ အကူအညီတောင်းရင် ဆရာက လိုက်လာပြီး ကူညီမှာသေချာပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျွန်မတို့က အိမ်ပြန်ရောက်တဲ့အခါ ဒီအတိုင်းနေကြ ဘောမှာလား'

ပေ့လိ သက်ပြင်းချလိုက်သည်။

ပေ့ပေ့၏သဘောထားကို နားလည်သဘောပေါက်လိုက်လေသည်။

'ဒါတော့ ဆရာ့ကိုပဲ အကျိုးအကြောင်းပြောပြရမှာပဲ၊ ဆရာက တာဝန်ယူမယ်ဆိုရင် ဖေဖေက ခွင့်ပြုမှာပါ'

ပေ့ပေ့က....

'ဟုတ်တယ်နော်၊ ဆရာတစ်ယောက်သာ ပါနေမှတော့ ဖေဖေက ခွင့်ပြုမှာပါ'

သူမ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာသည်။

'ကျွန်မတို့မှာ မျှော်လင့်ချက်ရှိလာပြီ'

ဟု ပြောလေသည်။

ပေ့လိ ပြုံးလိုက်သည်။

'ဆရာ့ဆီကို အစ်ကိုတို့သွားခွင့်ပြုဖို့ တောင်းဆိုခဲ့တာကို ဖေဖေ သဘောတူလိုက်တာဆိုတော့ ပထမအဆင့် အောင်မြင်ခဲ့ပြီပေါ့၊ ဒုတိယအဆင့်အနေနဲ့ ဆရာနဲ့အတူ မီးနဂါးကို ရှာဖွေရမှာ ပါဝင်ဆောင်ရွက်ဖို့လဲ ဖေဖေ ခွင့်ပြုအောင် ဆောင်ရွက်ရမှာပေါ့'

ပေ့ပေ့က....

'တကယ်လို့ ဖေဖေက ခွင့်မပြုဘူးဆိုရင်ကော'

ဟု စိုးရိမ်သောလေသံဖြင့် မေးလေသည်။

ပေ့လိ လက်ကာပြလိုက်သည်။

'ညီမလေး ဘာမှမပူနဲ့၊ နောင်တစ်ချိန်မှာ အင်ကိုဟာ ဖေဖေ့ရဲ့အရိုက်အရာကို ဆက်ခံရမှာပဲ၊ ခုချိန်ကတည်းက တွေ့အကြုံရှာဖွေမထားဘူးဆိုရင် နောင်အခါ စီမံအုပ်ချုပ်ဖို့ ခက်မယ်၊ အစ်ကို့မှာ အရည်အချင်းရှိတယ်ဆိုတာ ခုကတည်းက ပြသနိုင်မှ နောင်ရေးစိတ်အေးရမယ်ဆိုတာကို ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလာအောင် ရှင်းပြနိုင်မယ်ဆိုရင် အားလုံးအဆင်ပြေ
သွားမှာပါ'

ပေ့ပေ့ ဝမ်းသာသွားလေသည်။

'ဆရာ့ကိုလဲ အကျိုးအကြောင်းပြောပြရဦးမယ်'

မောင်နှမနှစ်ယောက်သည် အများအကျိုးဆောင်ရွက်ရ
အတွက် စိတ်တူကိုယ်တူရှိကြလေတော့သည်။

ထိုစဉ်....

ခြေသံများထွက်ပေါ်လာပြီး မားပင်က သူတို့အနီးသ
ရောက်ရှိလာလေသည်။

မားပင်က ပေ့လီတို့အား ဦးညွှတ်လိုက်ပြီး....

'သခင်လေးကို ကျုပ် သတိပေးစရာရှိပါတယ်'

ဟု ပြောလာလေသည်။

မားပင်သည် မြို့တစ်ပတ်ထွက်ကာ အခြေအနေကြည့်ခဲ့ခြင်
ဖြစ်လေသည်။

ပေ့ပေ့က....

'ပြောပါဦး'

ဟု မေးလိုက်သည်။

မားပင်က....



'သခင်မလေး....မကြာသေးခင်ကဘဲ ဒီမြို့က အချောဆုံး
ဆိုတဲ့ မိန်းကလေးနှစ်ယောက် ပျောက်ဆုံးသွားကြ
ယ်လို့ သိရပါတယ်'

ဟု ပြောလာလေသည်။

ပေ့ပေ့က....

'မိန်းမချောလေးတွေ ပျောက်ဆုံးသွားတယ်ဟုတ်လား၊
ကြောင့်များလဲ၊ ပြောပါဦး'

မားပင်က....

'ဘာကြောင့်လဲဆိုတာတော့ ဘယ်သူမှမသိကြဘူး၊ ဒီမြို့
းဟာ နှစ်ပေါင်းများစွာ အေးချမ်းနေခဲ့တဲ့မြို့လေးပါ၊
ခြားဘာဆိုလို့ မိန်းမချောလေးနှစ်ယောက် ပျောက်ဆုံး
းတာပဲရှိပါတယ်၊ ဒီသတင်းကို သခင်မလေးသိထားသင့်
ယ်ထင်လို့ လာပြောတာပါ'

ပေ့ပေ့က အစ်ကိုဖြစ်သူအား ကြည့်လိုက်လေသည်။

ပေ့လီက ပြုံးလိုက်လေသည်။

'ညီမလေးက မိန်းမချောလေးတစ်ယောက်မို့ သူက စိုးရိမ်
ပြောနေတာ'

ထိုစကားကြားလျှင် ပေ့ပေ့သည် တခစ်ခစ်ရယ်မော
က်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မားပင်ကိုကြည့်ကာ....

'ဦးလေးမားပင်ရယ်....ကျွန်မကို ဒီလောက်လဲ စိုးရိမ်မ
စမ်းပါနဲ့ရှင်'

ဟု ပြောလိုက်လေသည်။

မားပင်မှာ သူတို့မောင်နှမနှစ်ယောက်အတွက် အ
အရာရာစိုးရိမ်နေကြောင်း သဘောပေါက်မိလေသည်။

မားပင်က....

'သွဲ့လဲနက်လှပြီ၊ သခင်လေးတို့အိပ်သင့်ပါပြီ၊ မနေ
စောစောထပြီး ခရီးဆက်ရဦးမယ်မဟုတ်လား'

ပေ့ပေ့က....

'ဟုတ်ကဲ့ ဦးလေးမား၊ ကျွန်မက မိုးလင်းတာနဲ့ ဗိုက်
တတ်တယ်နော်၊ ပြီးတော့ မုန့်လဲစားချင်တယ်၊ အဝတ်လှ
လေးလဲ လိုချင်တယ်'

ဟု မိမိကိုယ်ကိုကလေးငယ်တစ်ယောက်ပမာ သဘောထ
ကာ ကျီစယ်နောက်ပြောင်လိုက်လေသည်။

'ဟား....ဟား....ဟား'

ပေ့လိက ရယ်မောလိုက်သည်။



မားပင်လည်း မခနနိုင်တော့ဘဲ ရယ်မောလိုက်လေတော့
သည်။

* * *

ထိုင်းဆရာကြီးဟန်ချုံး....

ဟန်ချုံးထံသို့ ပေ့ပေ့တို့ အရောက်သွားကြရလိမ့်မည်
လေသည်။

ဟန်ချုံးသည် တုံထိန်ရေကန်တွင်နေထိုင်လျက်ရှိပေသည်။

တုံထိန်ရေကန်သို့ ဦးတည်သွားနေကြသော ပေ့ပေ့တို့
သည် လမ်းခရီး၌ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့
ကြရပြန်လေသည်။

ကြားခရီးတစ်ခု၌ ခရီးတစ်ထောက်နားစဉ်ကြုံတွေ့ခဲ့ရခြင်း
လေသည်။

ပေ့ပေ့တို့သည် နေမွန်းတည့်အချိန်၌ကြားစခန်းလေး
ရောက်သောအခါ ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏတ္တအနားယူကာ စားသောက်ကြပြီးမှ ခရီးဆက်ရ လည်း ဆုံးဖြတ်ထားကြလေသည်။

သူတို့ ရောက်ရှိသာချိန်တွင် တစ်ဆိုင်တည်းသာရှိသော စားသောက်ဆိုင်လေး၌ လူရှုပ်နေပါသည်။

သို့သော်....

သူတို့ရောက်လာပြီးမကြာမီ အခြားသော ခရီးသည်များ ရောက်ရှိလာပြီး ဆိုင်ထဲ၌ ထိုင်စရာနေရာ မရှိတော့လောက် အောင်ပင် နေရာပြည့်ကျပ်သွားလေတော့သည်။

ခရီးသည်များလည်း ပါသည်။ ကုန်သည်ပွဲစားများလည်း ပါသည်။

သိုင်းလောကသားများလည်း ပါဝင်နေကြပေသည်။

ပေ့ပေ့နှင့်ပေ့လိတို့ကား ကျေနပ်နေကြသည်။

စားသောက်သံ ဆူဆူညံညံ၊ စကားပြောဆိုသံများဖြ စည်ကားသိုက်မြိုက်လာသည် မဟုတ်ပါလား။

သို့သော်....

မားပင်ကား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာလေတော သည်။



မားပင်သည် ဟိုဟိုသည်သည် ကျီးကန်းတောင်းမှောက် ကဲခေါ်ကြည့်နေ၏။

ပေ့ပေ့တို့အား ဒုက္ခပေးမည့်သူ ထွက်ပေါ်လာမည်ကို စိုးရိမ်နေခြင်းကြောင့် ဖြစ်လေသည်။

ထိုအချက်ကိုပေ့ပေ့တို့ရိပ်မိကာ ပြုံးမိကြလေတော့သည်။

ပေ့ပေ့က...

'ဦးလေး မားရယ်၊ ဖြောင့်ဖြောင့် စားစမ်းပါ၊ ကျွန်မ ကို နှောင့်ယှက်ဝံ့တဲ့လူ မရှိပါဘူး'

ဟု ပြောလိုက်လေသည်။

ပေ့လိက...

'ဟုတ်ပါတယ် ဦးလေးမား၊ ကျွန်တော်တို့ကို နှောင့် ယှက်စော်ကားလာရင်လဲ ကျွန်တော်တို့က ပြတ်ပြတ်သားသား ခံလိုက်မှာပါ'

မားပင် သက်ပြင်းချလိုက်သည်။

'သတိဆိုတာ မိုဃ်းတယ်မရှိဘူးပေါ့ကွယ်'

ဟု ပြောကာ စားသောက်လိုက်လေတော့သည်။

ထိုစဉ်...

'ဟေ့... ဒါ ဘာလုပ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအော်ဟစ်သံ ထွက်ပေါ်လာသည်
ဆိုင်ထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့သည်။

* * *

ဆိုင်ထဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

မှားပင် ရင်ထိတ်သွားလေသည်။

'သခင်မလေးတို့ သတိထားကြပါ'

ဟု တိုးတိုးသတိပေးလိုက်လေသည်။

ပေ့ပေ့တို့ကား မားပင်၏ စကားကိုပင် မကြားနိုင် အောင် ရုတ်ရုတ်သဲသဲ ဖြစ်နေသော နေရာဆီသို့ လှမ်းကြ လိုက်လေသည်။

ထိုအခါ....

မိန်းကလေးတစ်ယောက်သည် လူဘစ်ယောက်၏ အင် အား အတင်းဆွဲထားသည်ကို တွေ့ရလေသည်။

ထိုလူက....



'သရဲမ ငါ့ကို လွှတ်စမ်း'

ဟု အော်ဟစ်မောင်းထုတ်နေ၏။

မိန်းကလေးက အင်္ကျီကိုလက်မလွှတ်ဘဲ အတင်းဆွဲထား၏။

ထိုလူက....

'ဟေ့....သွားစမ်း၊ သွားစမ်း'

မည်သို့ပင် မောင်းထုတ်ပါသော်လည်း မိန်းကလေးက မလွှတ်ချေ။

ထိုလူသည် အတင်းရုန်းလိုက်ရာ....

'ဗြဲ'

သူ၏အင်္ကျီ စုတ်ပြဲသွားတော့သည်။

ထိုအခါ အောက်ခံအဝတ်အစားပေါ်လာသည်ကို တွေ့ရ သဖြင့်....

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ဆိုင်ထဲ၌ ရှိနေကြသူများက ဟားဘိုက်ရယ်မောလိုက်ကြ လေတော့သည်။

ထိုသူ ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အရဲမ၊ နင်က ငါ့ကို ဒုက္ခပေးတယ်ပေါ့လေ၊ သေပေတော့'

ဟု မအောင်ဝေါက ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

မိန်းကလေးမှာ အဝေးသို့ လွင့်သွားတော့သည်။

ထိုလူကား ဒေါသမပြေသေးပေ။

'နင့်ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမယ်'

ပြောရင်း မိန်းကလေးထံပြေးသွားပြီး ဆံပင်ဆွဲကာ ထိုးကြိတ်ကန်ကျောက်လိုက်လေသည်။

မိန်းကလေးသည် ထိုးကြိတ်သမျှခံနေရသော်လည်း အော်ဟစ်ညည်းညူခြင်းမပြုချေ။

ထိုလူ၏လက်ချက်ကြောင့် သူမ၏မျက်နှာတစ်ခုလုံး သွေးခြင်းခြင်းနီရဲသွားလေသည်။

ထိုမြင်ကွင်းကိုမြင်ရလျှင် ပေ့ပေ့ စိတ်မကောင်းဖြစ်သွားလေသည်။

'ဒီလောက်တောင်လုပ်ဖို့မကောင်းပါဘူး'

ဟု ရေရွတ်ကာ ထိုင်ရာမှထရန် ဟန်ပြင်လိုက်လေသည်။



မားပင် ရှင်ထိတ်သွားသည်။

'သခင်မလေး၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စအတွက် ကြားမဝင်သင့်ပါဘူး'

ဟု တားမြစ်လိုက်လေသည်။

ပေ့ပေ့က...

'ကျွန်မနဲ့မဆိုင်ဘူးဆိုတာသိတယ်၊ ဒါပေမယ့် မတရားသဖြင့်လုပ်နေတာကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး'

သူမသည် မားပင်ကို အမှုမထားတော့ဘဲ လှမ်းထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

'တော်ပါတော့ကွာ၊ မင်းရဲ့အကျီ စုတ်ပြဲသွားတာနဲ့ ဒီလောက်တောင်ရိုက်နှက်ရတာ မဟန်သေးပါဘူး'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့ ခြေလှမ်းတုံ့ခနဲ ရပ်သွားတော့သည်။

စကားသံထွက်ပေါ်လာရာဆီသို့သည်၊ လှမ်းကြည့်လိုက်မိသည်။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုတစ်ယောက်က ထိုင်ရာမှထလာပြီး ဟန့်တား လိုက်ခြင်းဖြစ်သည်ကို တွေ့ရလေသည်။

ယင်းအဘိုးအိုမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင် ထားလေသည်။

တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိပြီး လက်ထဲ၌ ဆေးတံ တစ်ချောင်းကိုင်ထား၏။

စာပေသမားတစ်ယောက် သို့မဟုတ် ကျောင်းဆရာတစ် ယောက်နှင့်တူလှသူ ဖြစ်ပေတော့သည်။

မိန်းကလေးအား ရှိုက်နှက်ခဲ့သူက....

'သူက ကျုပ်ကို အရှက်ခွဲဘာကော ဘာပြောဦးမလဲ'

ဟု မကျေမနပ် ပြန်မေးလိုက်လေသည်။

အဘိုးအိုက....

'မင်းကသာ သူ့ကို နည်းနည်းလောက်လျှော့လိုက်ရင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး'

'ဘာဗျ'

'မင်းလက်ထဲမှာ စားစရာအထုပ်တွေ ကိုင်ထားတယ်မဟုတ် လား'

မှန်ပေသည်။



ထိုလူသည် ဆိုင်ထဲမှ စားစရာများဝယ်ယူကာ ပြန်အထွက် တွင် မိန်းကလေးနှင့်ရင်ဆိုင်တိုးမိခြင်း ဖြစ်ပေတော့သည်။

ယခု....

သူ၏စားစရာအထုပ်များသည် မြေပေါ်သို့ပြုတ်ကျနေပြီ ဖြစ်သည်။

ထိုမျှမကသေး....

ထိုလူတိုးကြိတ်ထားသော မိန်းကလေးသည် နာကျင်မှုကို ဂရုမစိုက်ဘဲ မြေပေါ်ကျနေသည့် စားစရာအထုပ်တစ်ထုပ် အားဆွဲယူကာ ထွက်ပြေးသွားသည်ကို တွေ့မြင်ရလေသည်။

ထိုလူက....

'သရဲမ ငါ့စားစရာယူသွားပြန်ပြီ'

ဟု ငေါက်ကာ မြေပေါ်တံတွေးထွေးချလိုက်လေသည်။

မိန်းကလေးနောက်သို့မူ လိုက်မသွားချေ။

အဖြူရောင်ဝတ်အဘိုးအိုက....

'စောစောကသာ သူ့ကို နည်းနည်းလောက်ကျွေးလိုက် မယ်ဆိုရင် ခုလိုဖြစ်လာစရာအကြောင်းရှိမှာမဟုတ်ဘူး'

ဟု ပြောလေသည်။

ထိုလူက....

www.burmeseclassic.com

www.burmeseclassic.com



‘သူက စားရောလို့ချင်ဖို့သား’

‘မြေပေါ်ကျနေတာတောင် သူကောက်ယူသွားတာ မင်း အမြင်ပဲလေ၊ ယူက ဗိုက်ဆာလို့တောင်းတယ်၊ မင်းကမပေး တော့ သက်ရှိစကို အတင်းဆွဲသွားတာပေါ့’

အတိုးအိုက ရှင်းပြလိုက်သည်။

ထိုလူက....

‘အို...သူတောင်းတိုင်းပေးရမှာလား’

‘သနားဖို့ကောင်းပါတယ်ကွာ’

‘သနားတာက ဟုတ်တယ်၊ ကျုပ်ကို ကောင်းကောင်း မွန်မွန်တောင်းရင် မပေးဘဲနေမလား၊ ခုတော့ အတင်းလိုက် ဆွဲနေတာဗျ’

အတိုးအိုက....

‘ဒီမိန်းကလေးက စကားမပြောတတ်ဘူး၊ ပြီးတော့ ရူးသွပ်နေတာကွ’

‘ဗျာ’

‘ဒီနေရာကိုရောက်ဖူးသူတိုင်း သူ့ကိုသိကြတယ်၊ ဘယ် အရပ်ကရောက်လာမှန်းမသိဘူး၊ ရှုပ်ပျက်ဆင်းပျက် ကြောက် စရာကောင်းလိုက်တာ၊ စကားလဲမပြောတတ်ဘူး၊ ရူးလဲရူးနေ



သေးတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှဒုက္ခမပေးဘဲ သူ့ဘာသာ နေတာပါ၊ ဗိုက်ဆာမှ ဆိုင်ရှေ့ကိုရောက်လာတတ်တာပဲ’

အတိုးအို၏ရှင်းပြမှုကြောင့် ထိုလူငိုင်သွားလေသည်။

မိန်းကလေး၏ အမြင်အပျက်ကို တွေ့မြင်ရသူတိုင်းလည်း စိတ်မကောင်းဖြစ်သွားကြလေသည်။

ထိုလူသည်လည်း လက်လှန်ခြေလှန် ထိုးကြိတ်မိသည်ကို စိတ်မကောင်းဖြစ်သွားပုံရှိလေသည်။

‘ဒီလိုမှန်းမသိလို့ပေါ့ဗျာ၊ ကဲ...ကျုပ်က သူ့အတွက် တစ်လစာစားဖို့ငွေကို ပေးထားခဲ့ပါမယ်၊ သူရောက်လာရင် ကောင်းကောင်းမွန်မွန်ကျွေးလိုက်ပါ’

ဆိုင်လူလင်တစ်ယောက်အားခေါ်ကာ ငွေအချို့ ထုတ် ပေးလိုက်လေသည်။

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

သူမထိုင်ခုံ၌ ပြန်ထိုင်ချလိုက်သည်။

ယမှုခု မားပင် စိတ်အေးသွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့တို့ စားသောက်ဆိုင်ထဲမှထွက်လာကြပြီး တော
လမ်းမှဖြတ်လာကြသောအခါ သစ်ပင်တစ်ပင်အောက်၌ထိုင်
ကာ စားသောက်နေသော မိန်းကလေးတစ်ယောက်အား
တွေ့ရလေသည်။

အထိုးအကြိတ်ခံရသော မိန်းကလေးဖြစ်သည်။

ပေ့ပေ့သည် အရူးမလေးကိုလှမ်းကြည့်ရင်း....

'သနားစရာကောင်းလိုက်တာ'

ဟု ရေရွတ်လိုက်လေသည်။

သူမသည် မြင်းကိုအရှိန်လျှော့လိုက်ပြီး ငွေတုံးကလေး
တစ်တုံးနှိုက်ယူကာ အရူးမလေး၏ရှေ့သို့ ပစ်ချပေးလိုက်လေ
သည်။

'ဒေါက်'

ငွေတုံးကလေးသည် အရူးမလေး၏ရှေ့သို့ ကျသွားလေ
သည်။

အရူးမလေးက ငုံ့ကြည့်လိုက်၏။

ငွေတုံးလေးကိုမြင်လျှင် အရူးမလေးက ကောက်ယူလိုက်
သည်။

ပေ့ပေ့ ကျေနပ်သွားလေသည်။



ရူးမလေးအား သူမကူညီနိုင်လိုက်ပြီဟု ယုံကြည်မိလေ
။

သို့သော်....

တပ်မိတွေ့ရှသည့် မြင်ကွင်းကြောင့် ပေ့ပေ့ ပါးစပ်
ဟောင်းသားဖြစ်သွားလေတော့သည်။

အရူးမလေးသည် ငွေတုံးလေးအား ပါးစပ်ထဲကောက်
ဝါးလိုက်သည်ကိုတွေ့ရလေသည်။

'ဟေ့....ဟေ့'

ပေ့ပေ့ရင်ထိတ်သွားပြီး အော်ပြောလိုက်လေသည်။

အရူးမလေးက ဂရုမစိုက်ပါချေ။

ငွေတုံးလေးအား ဝါးစား၍မရလျှင်....

'ထွီ'

မြေပေါ်ထွေးထုတ်လိုက်ပြီး သူမ၏ထမင်းကျန် ဟင်းကျန်
းကို ဆက်ပြီးစားသောက်နေလိုက်လေတော့သည်။

'သေပါတော့ဟယ်'

ပေ့ပေ့ကညည်းတွားကာ နဖူးကိုလက်ဝါးဖြင့် ရိုက်ချ
က်မိလေတော့သည်။

'ဟား....ဟား....ဟား'

www.burmeseclassic.com

www.burmeseclassic.com



ပေ့လိက ရယ်မောလိုက်လေသည်။

ပေ့ပေ့ မကျေမနပ်ဖြစ်သွားသည်။

'အစ်ကို ဘာရယ်တာလဲ'

ဟု ရန်တွေ့လိုက်သည်။

ပေ့လိက....

'ညီမကိုသဘောကျလို့ပေါ့'

ဟု ပြောလိုက်လျှင်....

'အစ်ကိုနော်....အစ်ကို'

ပေ့ပေ့က နှုတ်ခမ်းစူသော မြင်းကိုဒုန်းစိုင်းသွားတော့ ...ရှိပ်သည်။

'ဟား....ဟား....ဟား'

ပေ့လိနှင့် မားပင်တို့က ရယ်မောပြီး လိုက်သွားကြလေသည်။

ရယ်မောသံများသည် သူတို့၏အနောက်ဘက်တွင် လွင့်ပျံ... ကျန်ရစ်ခဲ့လေတော့သည်။

*　*　*

---

ပေ့ပေ့တို့ခရီးတွက်လာကြရာ တုံ့ထိန်ရောက်နှင့် တစ်စ ...က်တစ်စ နီးကပ်လာကြလေတော့သည်။

...သူတို့ မြို့ကလေးတစ်မြို့သို့ ရောက်လာကြသောအခါ....

'သခင်လေးတို့ သတိထားကြပါ'

...မားပင်က တိုးတိုးသတိပေးလာလေသည်။

...ပေ့ပေ့တို့အံ့သြသွားကြလေသည်။

...ပေ့လိက....

'ဘာဖြစ်လို့လဲ့ ဦးလေးမား'

...ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မားပင်က....

'ကျုပ်တို့ကို တစ်စုံတစ်ယောက်က နောက်ယောင်ခံလိုက်
နေပါတယ် သခင်လေး'

'ဟင်'

ယော့လိုတို့ ရင်ထိတ်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်

တစ်ဖန်....

'ဘာဖြစ်လို့ ကျွန်မတို့ကိုနောက်ယောင်ခံလိုက်နေရတာလဲ'

ဟု ပေ့ပေ့က မေးလိုက်လေသည်။

မားပင် ခေါင်းခါယမ်းလိုက်လေသည်။

'မသိသေးဘူး သခင်မလေး'

ပေ့လိက....

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

စိတ်မြန်လက်မြန်ရှိသော ပေ့ပေ့က....

'ဘယ်လိုလုပ်ရမလဲ၊ အဖြစ်မှန် သိရအောင် ဖော်ထုတ်
မှာပေါ့၊ သူတို့ဟာ မီးနဂါးရဲ့လူတွေ ဖြစ်ကောင်းဖြစ်နို
တာပဲ၊ အခွင့်အရေးရတုန်းဆုံးမလိုက်ရင် မီးနဂါးဟာ ကျွန်



ကို အထင်သေးလို့ မရဘူးဆိုတာ သဘောပေါက်သွား
မှာမယ်'

ဟု ပြောလေသည်။

မားပင် ရင်ထိတ်သွားပြီး....

'သခင်မလေး၊ အခြေအနေ စောင့်ကြည့်ပါဦး'

ဟု တောင်းပန်လိုက်လေသည်။

ပေ့လိက....

'ဦးလေးမား၊ ညီမလေးပြောတာ မှန်တယ်ဗျ၊ နောက်
ယောင်ခံလိုက်နေတဲ့သူတွေ ရှိနေမှတော့ ကျွန်တော်တို့ အေး
အေးချမ်းချမ်း နေရတော့မှာ မဟုတ်ဘူး၊ တစ်နေ့နေ့တော့
လုပ်နေလိမ့်မယ်'

မားပင်က တည်ကြည်သော မျက်နှာထားဖြင့်....

'ရန်သူကို ရင်ဆိုင်မယ်ဆိုရင် ကျုပ်ရင်ဆိုင်ပါ့မယ်၊ သခင်
လေးတို့ဟာ တူ့ထိန့်ရကန်ကို အမြန်ဆုံး အရောက်သွားကြ
ရမှာဖြစ်ပါတယ်၊ ဒါ အရေးအကြီးဆုံးကိစ္စပါ'

ဟု ပြောလေသည်။

အတွေ့အကြုံနည်းပါးသော ပေ့ပေ့တို့မောင်နှမ ခေါ
ခေါ ဖြစ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မားပင်က....

'သခင်လေးတို့ ရှေ့က သွားနှင့်ကြပါ၊ ကျုပ် အချိန် လိုက်လာခဲ့ပါ့မယ်'

ဟု ပြောလေသည်။

ပေ့ပေ့က လက်မခံပါ။

'တုံထိန်ရေကန်ကိုသွားဖို့အရေးအကြီးဆုံးဖြစ်တယ်ဆိုတာ ကျွန်မတို့ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဦးလေးမားလ နောက်ချန်မနေခဲ့ပါနဲ့၊ ရန်သူပေါ်ပေါက်လာရင်လဲ အတူတူ ရင်ဆိုင်ကြတာပေါ့'

မားပင်က အနည်းငယ်စဉ်းစားလိုက်သည်။

ပေ့ပေ့တို့အား သည်အတိုင်း လွှတ်ပေးလိုက်ဖို့လည်း သူ စိတ်မချပြန်ပါချေ။

ထို့ကြောင့်....

ပေ့ပေ့ပြောသလို အတူတူသွားခြင်းသည်အကောင်းဆုံး ဖြစ်သည်ဟု သဘောထားကာ....

'ကောင်ပြီ သခင်မလေး၊ ကျုပ်တို့ အတူတူသွားကြတာ ပေါ့'

ဟု သဘောတူလိုက်သည်။



သုံးယောက်သား သတိထား၍ ရှေ့ခရီး ဆက်သွားကြရာ းချုပ်သွားသောအခါ တုံထိန်ရေတန်နှင့်အနီးဆုံး မြို့ကြီး င်မြို့သို့ ရောက်ရှိသွားကြလေတော့သည်။

* * *

ည....

ညဉ့်နက်ပြီဖြစ်သော်လည်း ပေ့ပေ့ အိပ်မပျော် နိုင်ပါ သေးချေ။

သူမသည် အိပ်ရာထဲ၌ လူးလိမ့်ကာ တွေးတောစဉ်းစား နေမိလေသည်။

'ငါတို့ကို နောက်ယောင်ခံလိုက်နေတာ ဘယ်သူတွေလဲ'

သူမတို့သည် ရှေ့ခရီးဆက်ရန်မိုးချုပ်သွားသဖြင့် တည်းခို ခန်းတစ်ခုသို့ ဝင်ရောက်ကာ တည်းခိုလိုက်ကြခြင်း ဖြစ်ခဲ့လေ သည်။

ပေ့လိနှင့် မားပင်တို့ အခန်းများဘက်မှ အသံဗလံများ တိတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေကြပြီထင်ရသလသည်။

ပေ့ပေ၏အတွေးများက အရှုးမလေးထံ ရောက်ရှိသွား
ပြန်သည်။

'အရှုးမလေး ယနာ့ရစရာ ကောင်းလိုက်တာ၊ ယော
ရှုယ်ရှုယ်ပဲ ရှိသေးတာ'

ဟိုဟိုသည်သည်တွေးတောရင်း တဖြည်းဖြည်းမျက်ခွံများ
လေးလံလာလေသည်။

ပထမဦးဆုံးအကြိမ် ခရီးပြင်းနှင်လာခဲ့ရသည်မို့ တစ်
ကိုယ်လုံးနာကျင်ကိုက်ခဲ ပင်ပန်းနွမ်းနယ်နေပါသည်။

သူမ အိပ်ပျော်သွားလုဆဲဆဲ အချိန်လေးအတွင်းမှာပင်...

'ချပ်'

မသဲမကွဲအသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်
ရလသည်။

ပေ့ပေ့ မျက်လုံးပြူးကျယ်သွားလေတော့သည်။

ကပျာကယာ လူးလိမ့်ထလိုက်သည်။

တံခါးဝဆီသို့ ချဉ်းကပ်သွားပြီး နားစွင့်လိုက်လေသည်။

ထို့အတူ....



အပြင်ဘက်စင်္ကြံလမ်းမှ လှုပ်ရှားသံများ ထွက်ပေါ်နေ
သည်ကို ကြားရလေသည်။

ပေ့ပေ့ မနေနိုင်တော့ချေ။

တံခါးကိုအသာအယာတွန်းဖွင့်ကာ အပြင်ဘက်သို့ကြည့်လိုက်
လေသည်။

ထိုအခါ....

အမှောင်ရိပ်ထဲမှ လူရိပ်များ လှုပ်ရှားနေသည်ကို တွေ့ရ
လေသည်။

မားပင်နှင့် ပေ့လီတို့၏ အခန်းရှေ့၌ ဖြစ်လေသည်။

ပေ့ပေ့ မနေနိုင်တော့ပါချေ။

ပေ့လီတို့အား အန္တရာယ်ပြုတော့မည်ဟုထင်မှတ်မိသဖြင့်....

'ဘယ်သူတွေလဲ၊ ဒါ ဘာလုပ်ကြတာလဲ'

ဟု အော်လိုက်လေသည်။

တိတ်ဆိတ်နေသောညဉ့်ယံတွင် ကျယ်လောင်စွာထွက်ပေါ်
လာလေသည်။

ဤတွင်....

'တို့ရှာနေတဲ့ မိန်းကလေးက ဟိုမှာဟေ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်၏အော်ပြောသံ ထွက်ပေါ်လာသည်။

ထို့နောက်....

တစ်ဟုန်ထိုး ပြေးလွှားလာကြသောအသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ပေ့ပေ့က အသင့်အနေအထားဖြင့် ရပ်နေလိုက်၏။

သူမသည် ရန်သူနှင့်ရင်ဆိုင်ရမည်ဆိုသောအခါ ကြောက်ရွံ့ထိတ်လန့်ခြင်းမျိုးမရှိဘဲ ပျော်ရွှင်နေလေသည်။

ထိုအချိန်မှာပင်....

'ဒါဘာလုပ်တာလဲ'

အော်ဟစ်သံများနှင့်အတူ....

'ဂုန်း... ဂုန်း'

အခန်းတံခါးများပွင့်သွားပြီး ပေ့လီနှင့် မားပင်တို့က အခန်းများအတွင်းမှ ခုန်ထွက်လာကြသည်ကို တွေ့ရလေသည်။

ပေ့ပေ့ ဝမ်းသာသွားသည်။

'အစ်ကိုနဲ့ဦးလေးမားမြန်မြန်လာ၊ ရန်သူတွေရောက်နေပြီ'

ဟု အော်ပြောလိုက်၏။



ရန်သူများကလည်း တရကြမ်း ဝင်ရောက်တိုက်ခိုက်လာကြလေသည်။

ပေ့ပေ့တို့က ပြန်လည်တိုက်ခိုက်လိုက်ကြ၏။

ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

တည်းခိုခန်းအပေါ်ထပ် စင်္ကြံလမ်းပေါ်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ပေ့ပေ့၊ ပေ့လီနှင့် မားပင်တို့သုံးယောက်က တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြရာ....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

www.burmeseclassic.com

www.burmeseclassic.com



ဘူးရှုံသောအောင်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ
လေတော့သည်။

ရန်သူများ မရှုမလှအရေးနိမ့်သွားကြလေသည်။

အခြေအနေမဟန်မှန်းသိလျှင်....

'ပြေးဟေ့....ပြေး'

ဟု အော်ပြောကာ ထွက်ပြေးသွားကြလေတော့သည်။

ပေ့ပေ့က....

'ရှင်တို့ လာချင်တိုင်းလာပြီး ပြန်ချင်သိုင်းပြန်လို့ ရမယ်
များထင်နေသလား'

ဟု အော်ပေါက်ကာ စကြိုလမ်းပေါ်မှခုန်ဆင်းကာ ရန်သူ
များနောက်သို့ ပြေးလိုက်သွားလေသည်။

ပေ့သိန္နငှ်မွာပင်တို့ မှုံထိတ်သွားကြလေသည်။

'သခင်မလေး....မလိုက်နဲ့'

'ညီမ ပြန်လာခဲ့'

သူတို့ အော်ပြောလိုက်ကြသော်လည်း ပေ့ပေ့ကား နား
မထောင်တော့ပါချေ။



ပေ့လိုတို့မှနေနိုင်ကြတော့ဘဲ လိုက်သွားကြရလေတော့
သည်။

* * *

ရန်သူများသည် တည်းခိုခန်းမှ ထွက်ပြေးသွားကြလေ
သည်။

ရန်သူများ စုစုပေါင်းငါးယောက်ဖြစ်သည်။

ပေ့ပေ့ မကျောမနပ်ဖြင့် လိုက်သွားၿ၏။

ဒုက္ခပေးကြသည်ဟူ၍ သဘောထားကာ ရန်သူများ
အပေါ် ဒေါသထွက်နေပါတော့သည်။

သူမက တစ်ဟုန်ထိုးလိုက်သွားနှင့်မြို့ပြင်သို့ရောက်မှန်းမသိ
ရောက်ရှိသွားလေသည်။

ရန်သူငါးယောက်သည် ပေ့ပေ့တစ်ယောက်တည်း လိုက်
လာသည်ကိုမြင်လျှင် အားတက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ပြေးသွားခြင်းမပြုတော့ဘဲ ခြေလှမ်းရပ်လိုက်ကြလေသည်။

ပေ့ပေ့ရောက်လာသောအခါ ချက်ချင်းဝိုင်းရံထားလိုက်ကြလေသည်။

ပေ့ပေ့က....

'ကောင်းတယ်၊ ကျွန်မတို့ ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်ကြတာပေါ့'

ဟု ပြောလိုက်၏။

ရန်သူငါးယောက်အနက် တစ်ယောက်က....

'မိန်းကလေးတစ်ယောက်ဘည်းပေ့၊ သူ့ကိုဖမ်းနိုင်ရင် တို့အကြံအောင်မြင်ပြီ၊ ကြိုးစားကြ'

ဟု သူ၏လူများကိုပြောလိုက်သည်။

ထို့နောက်....

'ယား'

ဓြာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ပေ့ပေ့ကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မြို့ပြင်တောအုပ်ထဲ၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။



ပေ့ပေ့သည် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိကာ ရန်သူများသော်လည်းမကြောက်ချေ။

သူမသည် သိုင်းဆရာကြီးဟန်ချုံး သင်ကြားပေးထားသော လက်နက်မဲ့သိုင်းပညာကိုအသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲပြင်းထန်စွာ ဖြစ်ပေါ်လာလေသည်။

သို့သော်....

ရန်သူအင်အားများသော်လည်း ပေ့ပေ့ကိုမယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြလေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

ရန်သူငါးယောက်စလုံး မြေပေါ်လဲကျသွားကြသည်။

သူတို့သည် အော်ဟစ်ညည်းတွားရင်း လူးလိမ့်ထလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

'ကြောက်ပါပြီဗျ၊ ကျုပ်တို့တွေ မတိုက်ပါနဲ့တော့'

'ကျုပ်တို့ အရှုံးပေးပါပြီ'

ဟု တောင်းပန်လာကြလေသည်။

ထိုအချိန်မှာပင်....

'ညီမလေး'

ပေ့လိနှင့်မားပင်တို့ ပြေးလွှားရောက်ရှိလာကြလေတော့သည်။

* * *

ပေ့ပေ့သည် တစ်ဖောအတွင်းမှာပင် သူရဲကောင်းကြီး တစ်ယောက်ပမာဖြစ်သွားလေသည်။

ရန်သူငါးယောက်သည် သူမအား ဒူးထောက်တောင်းပန် နေကြပြီ မဟုတ်ပါလား။

ပေ့လိ ရယ်မောလိုက်သည်။



'ညီမလေးက ဘယ်ဆိုးလို့လဲ'

ဟု ချီးကျူးလိုက်လေသည်။

မားပင်သည်ကား တအံ့တဩဖြစ်နေ၏။

ပေ့ပေ့အား မယုံကြည်နိုင်စွာ ကြည့်နေလေသည်။

ပေ့ပေ့က ပြုံးလိုက်သည်။

'ဦးလေးမား၊ ဘာကြောင့် ကျွန်မတို့ကို ရန်ပြုနေရသလဲ ဆိုတာ စစ်ဆေးပေးပါလား'

မားပင် ချက်ချင်းသဘောတူလိုက်လေသည်။

'ကောင်းပြီ၊ သခင်မလေး'

ဒူးထောက်နေသူ ရန်သူများအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ကဲ....ပြောကြစမ်း၊ ငါတို့ကိုဘာကြောင့် ဒုက္ခပေးရတာလဲ၊ မင်းတို့ဟာ မီးနဂါးရဲ့လူတွေမဟုတ်လား'

ဟု ဟောက်လိုက်လေသည်။

ထိုငါးယောက်အနက် တစ်ယောက်က....

'မ....မဟုတ်ရပါဘူးဗျာ၊ မီးနဂါးဆိုတာကို ကျုပ်တို့မသိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာလေသည်။

'ဘာကွ'

မားပင် လက်ပြန်ရိုက်ချရန် ဟန်ပြင်လိုက်၏။

ထိုလူက....

'အမယ်လေး မလုပ်ပါနဲ့ဗျာ၊ ကျုပ်တို့တစ္ဆေ်မသိလို့ပါ'

'မီးနဂါးကိုမသိဘူး ဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ်'

'ဒါဖြင့် မင်းတို့ဘယ်သူတွေလဲ'

'ကျုပ်ကစင်းဟိုပါ၊ သူတို့ကတော့....'

ထိုလူ၏စကားမဆုံးမီ ပေ့ပေ့ကကြားဖြတ်ပြောလိုက်၏။

'ရှင်တို့ဟာ မီးနဂါးရဲ့လူတွေ မဟုတ်ဘူးဆိုတော့ ဘယ်သူတွေလဲ ပြောစမ်းပါဦး'

စင်းဟိုက....

'ဒီမြို့ထဲကပါပဲဗျာ'

ပေ့ပေ့က....

'ဪ....ဒီမြို့ကဒုစရိုက်သမားတွေကိုး'

သူမ နောက်ဆုတ်လိုက်လေသည်။



ားပင်က....

နေပါဦး၊ မင်းတို့နဲ့ကျုပ်တို့ဟာ ရန်ငြိုးရန်စမရှိဘဲ ဘာ ကြောင့် ဒုက္ခပေးချင်ရတာလဲ'

ဟု မေးလိုက်လေသည်။

င်းဟိုက....

'သူ့ကြောင့်ပါ'

ပေ့ပေ့အားညွှန်ပြကာ ပြောလိုက်လေသည်။

'ဟင်'

ပေ့ပေ့ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူမသည် ချက်ချင်းပင်ရှေ့တိုးလာပြီး....

'ပြောစမ်း....ကျွန်မကြောင့် ဟုတ်လား'

ဟု ဝေါက်လိုက်သည်။

စင်းဟိုက....

'ဟုတ်ပါတယ်ဗျာ'

'နေပါဦး၊ ကျွန်မကဘာဖြစ်လို့လဲ'

'အစ်မလေးဟာ မိန်းမလှလေးတစ်ယောက် ဖြစ်နေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

‘ဘာ...ဘာပြောတယ်’

ပေ့ပေ့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ပေ့လီနှင့် မှားပင်တို့ကား မျက်မှောင်ကုတ်သွားကြ
သည်။

ပေ့ပေ့က....

‘ရှင်ဘော်တော်စော်ကားပါလား’

ဒေါ်ပွပွနှင့်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

မှားပင်က....

‘သခင်မလေး နေပါဦး’

ဟု တားမြစ်လိုက်လေသည်။

ပေ့ပေ့က နှုတ်ခမ်းစူကာခြေဆောင့်ရင်း....

‘ဦးလေးမား၊ ကျွန်မကိုစော်ကားမော်ကား ပြောနေတ
မကြားဘူးလား၊ သူတို့ကို ဘာကြောင့်မဆုံးမရတာလဲ’

ဟု ပြောလိုက်လေသည်။

မှားပင်က တည်ကြည်သောမျက်နှာထားဖြင့်....

‘အကြောင်းရှိလို့၊ သူပြောတာ ဖြစ်နိုင်ပါလိမ့်မယ် သ
မလေး’



င်းဟိုဘက်သို့ လှည့်ကာ....

သခင်မလေးလုပချောမောဘာဘာဖြစ်သလဲ၊ ပြောစမ်း’

ဟု မေးလိုက်လေသည်။

စင်းဟိုက....

‘လူဘစ်ယောက်က မိန်းမလှလေးတစ်ယောက် လိုချင်တယ်
လို့ပါဗျာ’

‘ဩော်....ဒီလိုသား၊ လူယုတ်မာတွေ’

မားပင်လည်း ဒေါပွသွားပြီး ပါးရိုက်ချလိုက်လေသည်။

‘ဖြန်း’

‘အား’

စင်းဟိုသည် နီရဲသွားသောပါးပြင်ကို လက်ဝါးဖြင့် ပွတ်
ာ နောက်ဆုတ်သွားလေသည်။

မားပင်က ...

‘မင်းတို့ကိုခိုင်းတဲ့လူ ဘယ်သူလဲဆိုတာ ပြောစမ်း’

ဟု ငေါက်လိုက်သည်။

စင်းဟိုက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ကျုပ်တို့မသိပါဘူး၊ ဟို အစ်မလေးကို ညွှန်ပြ ဖမ်းပေးနိုင်မယ်ဆိုရင် ငွေတစ်သောင်းပေးမယ်လို့ ပြော တယ်'

ပေ့ပေ့အား ညွှန်ပြကာ ပြောလေသည်။

ပေ့လိနှင့်မားပင်တို့ မျက်နှာပျက်သွားကြ၏။

သူတို့ထဲသလို မီးနဂါး၏လူများက လိုက်လံရန်ပြုကြခြင်း မဟုတ်ချေ။

ပေ့ပေ့အား လိုချင်သူတစ်ယောက်က ဒုစရိုက်သမား များအား ငွေပေး၍ ခိုင်းစေခြင်း ဖြစ်သေသည်။

ပေ့ပေ့အား အဘယ်ကြောင့် လိုချင်ကြပါသနည်း။

ပေ့ပေ့က....

'အဲဒီလူဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်၏။

စင်းဟိုက....

'ကျုပ်တကယ်ကို မသိပါဘူးဗျာ'

ဟု ငိုသံပါကြီးဖြင့် ပြောလာလေသည်။

သူ့အား ပေ့ပေ့တို့ ရိုက်နှက်မည်ကို ကြောက်ရွံ့နေတော့ သည်။



မားပင်က....

'နေဦး၊ မင်းတို့ကသာ သခင်မလေးကို ဖမ်းမိသွားရင် အဲဒီလူဆီကို သွားပို့ရမှာပဲ မဟုတ်လား'

ဟုမေးလိုက်သည်။

စင်းဟို ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

မားပင်က....

'ဒါဖြင့် သူက ဘယ်မှာ စောင့်နေမှာလဲ၊ ဘယ်ကို ပို့ပေး ရမှာလဲ'

ပေ့ပေ့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ပြောစမ်း'

စင်းဟိုက....

'ယန်ဘု ကျောင်းဆွေ့ကို သွားရမှာပါ၊ မနက်ဖြန် မွန်း တည့်ချိန်အရောက် ပို့ပေးရမှာပါ၊ ကျုပ်တို့ကမိန်းကလေးကို ဖမ်းခေါ်သွားပြီး သွားစောင့်နေရပါမယ်၊ ဒီလိုပဲ ချိန်း ထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

ပေ့ပေ့ ကျေနပ်သွားသေသည်။

မားပင်ကို ပြုံးပြုံလိုက်ပြီး....

'ကျွန်မတို့ ယန်ဘုံကျောင်းကို သွားကြတာပေါ့'

ဟု ပြောလိုက်လေသည်။

မားပင် ရုပ်ထိတ်သွားလေတော့သည်။

* * *

သေပြေးရှင်ပြေး

ယန်ဘုံကျောင်း....

ယန်ဘုံကျောင်းသည် မြို့ပြင်၌ရှိနေ၏။

ဘုံကျောင်းတွင် သီတင်းနေထိုင်ကြသော ဘုန်းတော်ကြီးများ မရှိကြပါ။

ဘုံကျောင်းစောင့် အဘိုးအိုတစ်ယောက်တည်းသာ ရှိလေသည်။

ထို့ကြောင့်....

ဘုံကျောင်း ပတ်ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့၊ ပေ့လိနှင့် မားပင်တို့ သုံးယောက်သည် ဘု
ကျောင်းအနီးသို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

သူတို့သည် ဘုန်းကျောင်းဝဲဘက်ရှိ သစ်ပင်များကြား
ရောက်ရှိနေပြီး အခြေအနေ စောင့်ကြည့်နေကြခြင်း ဖြစ်လေ
သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

နေဝန်းနီမှာ တောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်
တက်လာလေတော့သည်။

နေမွန်းတည့်အချိန်သို့ ရောက်လာလေသည်။

ပေ့ပေ့ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'နေမွန်းတည့်တော့မယ်'

မားပင်က....

'ဟုတ်တယ်၊ တို့ကိုပြောတဲ့အတိုင်းဆိုရင် ရောက်လာတော့
မယ်'

ထိုစဉ်....

'ဟိုမှာ....ဟိုမှာ'

ပေ့လိက တစ်နေရာဆီသို့ ညွှန်ပြလိုက်လေသည်။

ပေ့ပေ့တို့က လှမ်းကြည့်လိုက်ကြလေသည်။



ထိုအခါ....

'ခွပ်... ခွပ်... ခွပ်.... ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ
သည်။

မြင်းလှည်းတစ်စီးက တရွေ့ရွေ့မောင်းနှင်လာနေသည်ကို
တွေ့မြင်ရလေသည်။

ပေ့ပေ့က....

'သူတို့လာနေကြပြီ'

ဟု ပြောလိုက်လေသည်။

အားလုံး စိတ်လှုပ်ရှားလာကြသည်။

မြင်းလှည်းကို မျက်တောင်မခတ် ကြည့်နေလေသည်။

မြင်းလှည်းသည် တစ်စထက်တစ်စ ဘုန်းကျောင်းရှေ့သို့
ရောက်ရှိလာလေတော့သည်။

ပေ့ပေ့တို့ စောင့်ကြည့်နေစဉ်....

'ဟေး'

မြင်းလှည်းမောင်းသူက မြင်းများကို အော်ငေါက်က
ရပ်တန့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသမားမှာ ငွေရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။

ယိုအမျိုးသမီးက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သေးသည်။

ပေ့ပေ့က....

'အမျိုးသမီးတစ်ယောက်ပါလား'

ဟု ရေရွတ်လိုက်သည်။

ပေ့လိုက....

'ဟုတ်တယ်၊ သူဟာ ညီမကိုဖမ်းခိုင်းတဲ့လူ ဖြစ်နိုင်ပါ့မလား'

မာ့ပင်က....

'စောင့်ကြည့်ကြတာပေါ့'

သူတို့ သဘောတူလိုက်ကြလေသည်။

အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

ငွေရောင်အမျိုးသမီးသည် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြန်သည်။

တစ်ဖန်....



'ခုချိန်ထိတောင် ရောက်မလာကြသေးဘူးလား'

ဟု ရေရွတ်လိုက်လေသည်။

'ငါ့ကိုဖမ်းခိုင်းတာ သူပဲဖြစ်မယ်'

ဟု တွေးလိုက်၏။

သူမသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သစ်ပင်နောက်ကွယ်မှ ခုန်ထွက်လိုက်လေသည်။

ရုတ်တရက် လူတစ်ယောက်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသောအခါ ငွေရောင်အမျိုးသမီး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ပေ့ပေ့ကိုလှည့်ကြည့်ရင်း....

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ပေ့ပေ့က သူမနှင့်မလှမ်းမကမ်းသို့ရောက်သွားပြီး သေသေချာချာ တွေ့မြင်လိုက်ရတော့မှ....

'ဟင်... ညည်းကိုး'

ဟု ရေရွတ်လိုက်လေသည်။

ပေ့ပေ့က....

'ဟုတ်တယ်၊ ရှင်က ကျွန်မကို လိုချင်နေတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ငွေရောင်အမျိုးသမီးက....

'ညည်း....ညည်း'

ပေ့ပေ့ မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်လွှတ်လိုက်တဲ့လူတွေနှစ်ခါမဆုံးမရဘူး၊ရှင့်အကြောင်းကို ထုတ်ပြောကြတာပဲ၊ ကဲ...ရှင်ပြောဖို့ပဲကျန်တော့တယ်'

ဟု ပြောလိုက်သည်။

အမျိုးသမီးက....

'သြော်....ညည်းက ငါ့အကြောင်းသိနေပြီကိုး'

'ဟုတ်တယ်၊ ဘာကြောင့် ကျွန်မတို ဖမ်းခိုင်းရတာလဲ'

'ညည်းကိုလိုချင်လို့'

ပေ့ပေ့က....

'ကျွန်မကိုလိုချင်တယ်ဆိုတာ အကြောင်းရှိမှာပေါ့'

အမျိုးသမီး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်'

'ရှင် ပြောမယ်မဟုတ်လား'

'ညည်း သိချင်တယ်မဟုတ်လား'



'ဟုတ်တယ်'

အမျိုးသမီးပြုံးလိုက်လေသည်။

'ငါဟာ ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်ရဲ့အစေအပါးပဲ ...တယ်၊ ဒီတော့ ဘာကြောင့် ညည်းကိုလိုချင်ရသလဲဆိုတာ ...ည်းသိလောက်ပြီပေါ့'

ပေ့ပေ့ မျက်နှာပျက်သွားလေသည်။

'ရှင်ပျော်ပျော်တောင်ကြား ဟုတ်လား'

ရေရွတ်ရင်း နောက်ဆုတ်လိုက်လေသည်။

အမျိုးသမီးက....

'ဟုတ်တယ်'

ထိုစဉ်....

'ညီမလေး'

'သတိထား'

ပေ့လိနှင့်မားပင်တို့က ရှေ့သို့ခုန်ထွက်လာကြလေသည်။

ပေ့ပေ့၏ဝဲယာတစ်ဖက်တစ်ချက်၌ရပ်ကာ အကာအကွယ် ...းထားလိုက်ကြလေသည်။

အမျိုးသမီး မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဪ... ညည်းက အဖော်တွေပါခေါ်လာတာကိုး၊ ငါ့
ကရွှံ့ကိုက်မယ်များထင်နေသလား'

မားပင်က....

'ခင်ဗျားဟာ ရှင်ပျော်ပျော်တောင်ကြားက ဟုတ်လား'

ဟု မေးလိုက်လေသည်။

အမျိုးသမီးက....

'ဟုတ်ပါတယ်ရှင်၊ ကဲ....ရှင်တို့နှစ်ယောက် အေးအေး
ဆေးဆေးထွက်သွားကြပါတော့'

'ကျုပ်တို့က ဘယ်တော့မှ ထွက်သွားမှာမဟုတ်ဘူး
ခင်ဗျားကိုဆုံးမပြီးမှသွားမယ်'

အမျိုးသမီးက ရယ်မောလိုက်လေသည်။

'တကယ်ဆုံးမ မလို့လား'

မားပင် ခံပြင်းသွားလေသည်။

'ဓိတ်ချ၊ ခင်ဗျားသိစေရမယ်'

စကားဆုံးလျှင် အမျိုးသမီးထံ လျှပ်တစ်ပြက် တိုက်ခိုက်
လိုက်လေတော့သည်။

* * *

ပျော်ပျော်

ကုံကျောင်းလေး....

အားချမ်းသာယာနေသော ဘုံကျောင်းလေး ရှေ့တွင်
ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

ငွေရောင်ဝတ်အမျိုးသမီးသည် မားပင်နှင့် ပေ့လိတို့အား
ခိုက်လိုက်သည်။

ို့ကြောင့် ပေ့ပေ့လည်း မနေနိုင်တော့ဘဲ ဝင်ရောက်
ခိုက်လိုက်လေတော့သည်။

တိုက်ပွဲပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မားပင်သည် တင်မှူးကောင်းယုံ၏ လက်ရုံးဖြစ်သည်။

တိုက်ပွဲအတွေ့အကြုံကြွယ်ဝသူလည်းဖြစ်သည်။

ငွေရောင်အမျိုးသမီးက ဒုက္ခပေးမည် မလွဲကေန် ဖြ
ကြောင်း သဘောပေါက်မိသဖြင့် ပေ့ပေ့တို့အား ဆက
အကွယ်ပေးရင်း ဖြင်းဖြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်

သို့တိုင်....

'သွားစမ်း'

ငွေရောင်အမျိုးသမီးက အော်ငေါက်ရင်း လက်ဝါးနှ
ဖက်ဖြင့် တွန်းထုတ်လိုက်လျှင် မားပင် မခံနိုင်တော့ဘဲ....

'ဝုန်း'

အဝေးသို့လွင့်စဉ်သွားလေသည်။

ပေ့ပေ့နှင့် ပေ့ထင်းတို့ ခံပြင်းသွားကြလေသည်။

'သိကြသေးဘာပေါ့'

ဟု ကြုံးဝါးကာ ငွေရောင်အမျိုးသမီးထံ ခုန်ဝင်တိုက်ခိုက်
လိုက်ကြလေသည်။



ငွေရောင်အမျိုးသမီးက ရယ်မောလိုက်သည်။

'မင်းတို့လေးတွေ သိုင်းပညာမခေကြပါလား၊ ဒါမျိုးမှ
ပျော်ပျော်တောင်ကြားပိုင်ရှင်က သဘောကျတာ'

ဟုပြော၏။

သူသည် ပေ့ပေ့အား ဖိ၍ ထိုက်ခိုက်လိုက်လေသည်။

လက်ဝါးချောင်းဖြင့် ပေ့ပေ့၏ လက်ကောက်ဝတ်ကို
တ်ဆွဲနိုင်ရန် ကြိုးစားလိုက်ခြင်းလည်း ဖြစ်လေသည်။

အကယ်၍....

ကုတ်ဆွဲခြင်းခံရပါက သွေးကြောပိတ်ကာ အဖမ်းခံရမည်
စ်သည်။

ငွေရောင်ဝတ်ဆင်ထားသော အမျိုးသမီးသည် ပေ့ပေ့
ား လက်ရဖမ်းဆီးရန် ကြိုးစားလိုက်ခြင်းဖြစ်လေသည်။

ပေ့လိုက....

'ညီမလေး....သတိထား'

ဟု အော်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးနှစ်လုံးဖြင့် ငွေရောင်အမျိုးသမီးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ငွေရောင်အမျိုးသမီးသည် ပေ့လိ၏နောက်ကျောဘက်မှ ဝင်ရောက်လာသည်ကိုသိထားသော်လည်း မသိချင်ဟန်ဆောင်ကာ ပေ့ပေ့အား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ပေ့လိ ဝမ်းသာသွားသည်။

ငွေရောင်အမျိုးသမီးအား အနိုင်ရမည်ဟု ယုံကြည်လိုက်လေသည်။

သို့သော်....

သူက ရှေ့တိုးပြီးမှ အမှားကြီးမှားသွားပြီဖြစ်ကြောင်းရိပ်မိလိုက်လေသည်။

အမျိုးသမီးက လျှပ်တစ်ပြက် နောက်လှည့်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

ပေ့လိ ရင်ထိတ်သွားလေသည်။

ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

ငွေရောင်အမျိုးသမီး၏ လက်ဝါးသည် သူ၏ရင်ဝသို့တည့်တည့်မတ်မတ် ရိုက်ချလိုက်မိလေတော့သည်။



'ဝုန်း'

'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ပေ့လိမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

* * *

'ဟင်'

'ဟာ'

မှားပင်နှင့် ပေ့ပေ့တို့ အထိတ်တလန့် အော်လိုက်ကြလေသည်။

ငွေရောင်အမျိုးသမီး၏ လက်ချက်ကြောင့် ပေ့လိခံလိုက်ရမဟုတ်ပါလား။

'အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



'သခင်လေး'

မြင်တွေ့ခါကာ ပေ့လီအား ပြေး၍ပွေ့ထူလိုက်ကြ
သည်။

ပေ့လီကား ဒဏ်ရာပြင်းစွာ ရသွားပြီဖြစ်လေသည်။

သူ၏နှုတ်ခမ်းထောင့်မှ လည်းကောင်း၊ နှာခေါင်းမှ
လည်းကောင်း သွေးများယိုစီးကျလာလေသည်။

ခေါင်းမထောင်နိုင်တဲ့ မှုန်နေ၍ နေလေသည်။

ငွေရောင်အမျိုးသမီးက ရယ်မောလိုက်လေသည်။

'ရှင်တို့ အေးအေးဆေးဆေး သွားကြပေတော့၊ မိ
ကလေးကိုထားပြီး သွားမယ်ဆိုရင်ရှင်တို့ကိုခွင့်လွှတ်လိုက်မယ

ဟုလည်း ပြောလိုက်လေသည်။

မားပင် ခံပြင်းသွားသည်။

ပေ့ပေ့တို့မောင်နှမအား ကာကွယ်စောင့်ရှောက်ဖို့ သ
တွ သောနိုင်ရှိသည် မဟုတ်ပါလား။

'သခင်မလေး...သခင်လေးကိုကြည့်ထားပါ'



ဟု ပြောလိုက်သည်။

တစ်ဖန်...

'ယား'

ငွေရောင်အမျိုးသမီးထံသို့ ပြေးဝင် တိုက်ခိုက်လိုက်လေ
သည်။

ငွေရောင်အမျိုးသမီးက နှာခေါင်းရှုံ့လိုက်သည်။

'ရှင်က ဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

မားပင်မှာ တိုက်ခိုက်ခြင်းမပြုရမီ အဝေးသို့လွင့်စဉ်သွား
လေတော့သည်။

'ဝုန်း'

မားပင်ခံလိုက်ရသည်ကိုမြင်လျှင် ပေ့ပေ့ မနေနိုင်ပါ
တော့ချေ။

'သေဖို့သာပြင်ထား'

ဟု အော်ဟစ်ကာ ငွေရောင်အမျိုးသမီးထံ ပြေးဝင်
သွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်အမျိုးသမီးကလည်း ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြ
လိုက်လေသည်။

ထိုစဉ်....

'ဟိုမှာတွေ့ပြီ'

'မြန်မြန်လာကြဟေ့'

အော်ပြောသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်
ကြားလိုက်ရလေသည်။

ပေ့ပေ့ရင်ထိတ်သွားပြီး ကပျာကယာနောက်ဆုတ်သို
၏။

ငွေရောင်အမျိုးသမီးကလည်း လှမ်းကြည့်လိုက်လေသည်

ထိုအခါ....

အဖြူရောင်ဝတ်ဆင်ထားသူသုံးယောက် ပြေးလွှား လာ
နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများသည် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီ
အနီးသို့ရောက်လာသည်နှင့် ငွေရောင်အမျိုးသမီးအား ဝိုင်းရ
ထားလိုက်ကြလေသည်။



ငွေရောင်အမျိုးသမီး မကျေမနပ်ဖြစ်သွားလေသည်။

'ဒါက ဘာသဘောလဲ'

ဟု ငေါက်လိုက်သည်။

အဖြူရောင်ဝတ်ထားသူခေါင်းဆောင်က....

'ငွေမင်းသမီး၊ မင်းရဲ့မြင်းလှည်းကို တွေ့လိုက်ရတယ်၊ အတင်းကြီးလို ကျုပ်တို့လိုက်ရှာနေကြတာ၊ ခုတော့ မင်း ဘယ်ပြေးမလဲ'

ဟု ပြောလေသည်။

အမျိုးသမီး ရယ်မောလိုက်လေသည်။

'လက်စသတ်တော့ ရှင်တို့က ကျွန်မကိုလိုက်ရှာနေကြတာ ကိုး'

'ဟုတ်တယ်၊ သိုင်းလောကမှာ မိန်းမချောလေးတွေ ပျောက်ပျောက်သွားတာကြာပြီ၊ မင်းတို့ ရှင်ပျော်ပျော် တောင်ကြီးရဲ့လက်ချက်ဆိုတာ ကျုပ်တို့သိတယ်'

'ဘာပြောတယ်ရှင့်၊ ရှိသမျှအပြစ်အားလုံး ကျွန်မတို့ကို ပုံမချချင်ပါနဲ့၊ မိန်းကလေးတွေ ပျောက်သွားတိုင်း ကျွန်မတို့ ရှင်ပျော်ပျော်တောင်ကြီးရဲ့လက်ချက်မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ထားသူက....

'အပိုတွေပြောမနေနဲ့၊ ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်က မိန်းကလေးတွေကို ဖမ်းပြီး ကျေးကျွန် လုပ်ခိုင်းနေတာကို ဘယ်သူကမှလက်မခံဘူး၊ ကျုပ်တို့ကလဲ လက်ပိုက်ကြည့်နေမယ် မထင်နဲ့'

'ခစ်... ခစ်... ခစ်'

ငွေရောင်အမျိုးသမီး (ဝါ) ငွေမင်းသမီးဆိုသူက ရယ်မောလိုက်လေသည်။

'ရှင်တို့က ဘာဘာတ်နိုင်ကြမှာမို့လဲ'

အဖြူရောင်ဝတ်ထားသူက....

'ကောင်းပြီ၊ ကျုပ်တို့ ဘာတတ်နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ခါးကိုကြိုင်းခနဲမြည်အောင် ဆွဲထုတ်ကာ ငွေမင်းသမီးလေးထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ကျန်အဖြူရောင် ဝတ်ဆင်ထားကြသူများကလည်း....

'ယား'



ပြောသံပေးကာ ပြေးဝင် တိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

တိုက်ပွဲဖြစ်ပေါ်လာလေသည်။

အဖြူရောင် ဝတ်ဆင်ထားကြသူများသည် ငွေမင်းသမီးအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

အဖြူရောင်ဝတ်ထားသူများ၏ ပြောစကားအရ ငွေမင်းသမီးသည် ရှင်ပျော်ပျော် တောင်ကြားမှဖြစ်ပြီး အလုပ်အကျွေးပြုမည့်ကျေးကျွန်အဖြစ် အသုံးချရန် မိန်းမချောလေးများအား လိုက်လံဖမ်းဆီးနေသူဖြစ်ကြောင်း သိရလေသည်။

ငွေမင်းသမီး၏လုပ်ရပ်ကို မကျေမနပ်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းပညာအားကိုးနဲ့ မိန်းကလေးတွေကို လိုက်ဖမ်းပြီး ဒုက္ခပေးနေကြပါလား၊ အဘော်ကို ရှိမှန်းစရာကောင်းတဲ့ လူတွေပါလား'

ဟုလည်း စိတ်ထဲရေရွတ်လိုက်လေသည်။

ချက်ချင်းပင် မြေပေါ်မှလူးလိမ့်ထလာလေသည်။

မားပင်ထံသို့ပြေးသွားကာ ဖေးမလိုက်လေသည်။

မားပင်က နှုတ်ခမ်းထောင့်မှစီးကျလာသော သွေးများကို သုတ်ရင်း....

'ရတယ် သခင်မလေးရယ်'

ဟု ပြောလေသည်။

သူတို့သည် ပေ့လိကိုဂရုစိုက်လိုက်ကြသောအခါ ပေ့လိမှာ သတိလစ်မေ့မြောနေသည်ကို တွေ့ရလေသည်။

ပေ့ပေ့ စိုးရိမ်သွားပြီး....

'အစ်ကို....အစ်ကို'

ပေ့လိကို လှုပ်ကာလှုပ်ကာ ခေါ်လိုက်သည်။



ပေ့လိကား တုတ်တုတ်မျှမလှုပ်ချေ။

သူ၏တစ်ကိုယ်လုံးပျော့ခွေကာ ရေခဲတုံးပမာ အေးစက်နေသည်ကို တွေ့ရ၏။

ပေ့ပေ့ စိုးရိမ်သွားပြီ....

'ဒုက္ခပါပဲ'

ဟု ရေရွတ်လိုက်သည်။

တတ်သမျှမှတ်သမျှ ကုစားပေးလိုက်လေသည်၊

သို့သော်....

ပေ့လိ သတိပြန်လည်လာခြင်း မရှိပါချေ။

မားပင်က....

'သခင်လေးရဲ့ဒဏ်ရာ အတော့်ကိုပြင်းထန်တယ်၊ ကျုပ်တို့ အတိုင်းနေလို့မဖြစ်ဘူး သခင်မလေး'

ဟု စိုးရိမ်သောလေသံဖြင့် ပြောလေသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်....ကျွန်မတို့ သမားတော်တစ်ယောက်ယောက်ဆီကို အမြန်ဆုံးသွားမှဖြစ်မယ်'

ထိုစဉ်....

'ဝုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့ ရင်ထိတ်သွားသည်။

ကပျာကယာလှမ်းကြည့်လိုက်သောအခါ ငွေမင်းသမီး၏ လက်ချက်ကြောင့် အဖြူရောင်ဝတ်ထားသူများ ဖရိုဖရဲဖြင့် အဝေးသို့ လွင့်စဉ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်'

ပေ့ပေ့ မျက်နှာပျက်သွားသည်။



ငွေမင်းသမီးသာအနိုင်ရလိုက်လျှင် သူမတို့ကိုလည်း ချမ်းသာပေးမည်မဟုတ်ကြောင်း နားလည်မိသည်မဟုတ်ပါလား။

သူမတွေးထင်သည့်အတိုင်းမကြာမီဖြစ်ပေါ်လာလေတော့သည်။

အဖြူရောင် ဝတ်ဆင်ထားကြသူများသည် မြေပေါ်မှလူးလိမ့်ထလာကြသည်။

ငွေမင်းသမီးအား ကြောက်လန့်တကြား ကြည့်လိုက်ကြလသည်။

ငွေမင်းသမီးက မျက်နှာထားတင်းတင်းဖြင့်....

'ရှင်တို့မသွားကြသေးဘူးလား၊ သေချင်ကြပြီထင်တယ်'

ဟု ငေါက်လိုက်သည်။

ထိုအခါ....

အဖြူရောင်ဝတ်ဆင်ထားကြသူများသည် ဆက်၍မနေဝံ့ကြတော့ဘဲ ချက်ချင်းထွက်ပြေးသွားကြလေတော့သည်။

ငွေမင်းသမီး နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မတောက်တစ်ခေါက်ပညာလေးနဲ့ ရှင်ပျော်ပျော်ခတောင် ကြားကလူတွေကို လာစမ်းလို့ရမလား'

ဟုလည်း ရေရွတ်လိုက်လေသည်။

တစ်ဖန်....

ပေ့ပေ့တို့ဘက်သို့လှည့်လိုက်လေသည်။

မားပင်က....

'သခင်မလေး သတိထား'

ဟု အော်ပြောပြီး ပေ့ပေ့၏ရှေ့တွင် အကာအကွယ်ပြု ထားလိုက်၏။

မည်သို့ဆိုစေ....

ငွေမင်းသမီး၏လက်ချောက် ခံထားရသည့်ဖြစ်ရာ ဒူယီးနှယိုင် ဖြစ်နေပါတော့သည်။

ပေ့လီလည်း သတိလစ်နေသည်။

ပေ့ပေ့ မနေနိုင်တော့ပါ။

'သူ့ကို ကျွန်မရင်ဆိုင်မယ်'



ဟု ပြောရင်း ရှေ့သို့လှမ်းထွက်လာလေသည်။

ငွေမင်းသမီးက...

'ညည်းက အေးအေးဆေးဆေးလိုက်ခဲ့မယ်ဆိုရင် ညည်းလူတွေကို ချမ်းသာပေးလိုက်မယ်၊ ဒါမှမဟုတ်ရင်တော့ အားလုံး သတ်ပြီး ညည်းကိုအဓမ္မခေါ်သွားရမှာပဲ'

ဟု ခပ်ထန်ထန်ပြောလေသည်။

ပေ့ပေ့ အံကြိတ်လိုက်၏။

'ကျွန်မက ရှင့်ကိုကြောက်နေရမှာလား'

ပြောရင်း တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

မားပင်က....

'သခင်မလေး နောက်ဆုတ်လိုက်ပါ၊ ကျုပ် သူနဲ့ရင်ဆိုင်မယ်'

သူတို့သည် ငွေမင်းသမီးအားရင်ဆိုင်ဖို့ ဟန်ပြင်လိုက်ကြလေသည်။

မည်သို့ဆိုစေ....

www.burmeseclassic.com

www.burmeseclassic.com



ငွေမင်းသမီးအား အနိုင်ရဖို့မလွယ်မှန်း နှစ်ယောက်စလုံး သိသွားကြလေသည်။

'ခစ်... ခစ်.... ခစ်'

ငွေမင်းသမီးက သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကောင်းပြီ....ညည်းကို အစမှ ခေါ်သွားရတော့မှာပေါ့'

စကားဆုံးလျှင် မြေဒပါခြေဆောင့်ကာ ပေ့ပေ့တို့ထံသို့ လျှပ်ဘစ်ပြက် ခုန်ဝင်လာလေသည်။

'သေဖို့သာပြင်ထား'

မားပင်က ဆီးကြို့တိုက်ခိုက်လိုက်လေသည်။

'သွားစမ်း'

ငွေမင်းသမီးက လက်ဝှေ့ယမ်းကာ ရိုက်ထုတ်လိုက်၏။

'ဝုန်း'

မားပင် ချိုက်ချင်းအဝေးသို့လွင့်စဉ်သွားတော့သည်။

ယခု....

ပေ့ပေ့သည် ငွေမင်းသမီးနှင့် ထိပ်တိုက်ရင်ဆိုင်မိသိုက် ပြီဖြစ်လေသည်။

ငွေမင်းသမီးက တိုက်ခိုက်ခြင်းမပြုသေးဘဲ ပေ့ပေ့အား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေသည်။

တစ်ဖန် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

'မဆိုးဘူး၊ ငယ်လဲငယ်တယ်၊ ချောလဲချောတယ်၊ သခင် ကြီးက မင်းကိုသဘောကျမှာ သေချာတယ်'

ဟု ပြောလေသည်။

ပေ့ပေ့က....

'နေပါဦး၊ ရှင်တို့က ဘယ်သူတွေလဲ၊ ရန်ငြိုးရန်စလဲ ရှိဘဲ ဘာကြောင့် ကျွန်မတို့ကို ဒုက္ခပေးချင်ရတာလဲ'

ဟု မေးလိုက်လေသည်။

ငွေမင်းသမီး လက်ကာပြလိုက်လေသည်။

'မလိုဘူး၊ သိစရာမလိုသလို ရန်ငြိုးရန်စရှိဖို့လဲ မလိုဘူး၊ ...းဟာ အသက်ငယ်ပြီး ချောမောလှပတဲ့မိန်းကလေး တစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ဖြစ်နေတာဟာ ငါတို့ မျက်စိကျသွားရတဲ့ အဓိ
အချက်ပဲ'

ပေ့ပေ့က....

'ဘာဆိုင်လို့လဲရှင်'

ငွေမင်းသမီးက....

'ဆိုင်တာပေါ့၊ တို့ရဲ့သခင် ရှင်ပျော်ပျော်တောင်ကြ
ပိုင်ရှင်ဟာ မကြာသေးခင်ကပဲ သူ့သဘောကျတဲ့ နှင်းဆီဆို
မိန်းကလေးကျေးကျွန်အပေါ် အမျက်ထွက်စရာ ကိစ္စတစ်
ကြောင့် လက်ဝါးနဲ့တစ်ချက်တည်းရိုက်သတ်ပစ်လိုက်မိတယ်
နှင်းဆီသေသွားပြီးမှ ခြေလှန်လက်လှန်လုပ်မိတယ်ဆိုပြီး စိ
မကောင်းဖြစ်နေတာနဲ့ အထိန်းတော်ကြီးက နှင်းဆီနေရာမှ
အစားထိုးဖို့ မိန်းမချောလေးတစ်ယောက်ကို အမြန်ဆုံး
ပေးဖို့ ငါတို့ကို အမိန့်ပေးထားလို့ပဲပေါ့'

ဟု ရှင်းပြလေသည်။

ပေ့ပေ့ မျက်နှာပျက်သွားလေတော့သည်။

ရှင်ပျော်ပျော်တောင်ကြားသည် မည်သို့သော နေ
တစ်ခုဖြစ်ကြောင်းလည်း သဘောပေါက်သလို ရှိလာ
သည်။



ငွေမင်းသမီးက....

'ညည်းဟာ နှင်းဆီရဲ့နေရာကို အစားထိုးဝင်နိုင်မယ့်မိန်း
လေးတစ်ယောက်လို့ ငါယုံကြည်တယ်'

ဟု ပြောလာသေးသည်။

ပေ့ပေ့အံ့ကြိတ်ကာ...

'ကျွန်မဟာ လူယုတ်မာတွေရဲ့ ကျေးကျွန်မဘဝကို ဘယ်
တာမှ အရောက်ခံမယ့်လူမဟုတ်ဘူး၊ ထင်ရာစိုင်းနေတဲ့ ရှင်
ပျော်ပျော်တောင်ကြားကို ဆုံးမမယ့် လူတစ်ယောက်ဆိုတာ
တိထားပါ'

စကားဆုံးလျှင် တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ငွေမင်းသမီးက....

'ညည်း ဘာတတ်နိုင်မှာမို့လဲ၊ 'အေးအေးဆေးဆေးလိုက်
ခဲမင်း'

သူမသည် လက်တစ်ဖက်ဆန့်ထုတ်ကာ ပေ့ပေ့၏ လက်
ကောက်ဝတ်ကို ဖမ်းဆွဲရန်ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



'ဟား...ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

ရယ်သံထွက်ပေါ်လာသည်။

ရယ်သံဆုံးသွားသည်နှင့် လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ ခရမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထားသောအဘိုးအိုတစ်ယောက် ဖြစ်လေသည်။

ငွေမင်းသမီး ခင်ထိတ်သွားလေသည်။

ပေ့ပေ့အား ဖမ်းဆီးရန်မကြိုးစားတော့ဘဲ အဘိုးအိုဘက်လှည့်ကာ ရင်ဆိုင်လိုက်လေသည်။

အဘိုးအိုက....



'ဟေ့...မိန်းမရှုပ်၊ မင်းထွက်မပြေးသေးဘူးလား'

ဟု အော်ငေါက်လိုက်၏။

ငွေမင်းသမီး ခံပြင်းသွားလေသည်။

'ရှင်က ကျွန်မကို မိန်းမရှုပ်လို့ ခေါ်ဝံ့တယ်၊ ကောင်းပြီ၊ ကျွန်မရှေ့မှာ ရှင်ဒူးထောက် တောင်းပန်ရလိမ့်မယ်'

ပြောပြောဆိုဆို အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ပေ့ပေ့ ခင်ထိတ်သွားသည်။

ငွေမင်းသမီးမှာ ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်ကြောင်း သိထားပြီး သူမ၏လက်ချက်ကြောင့်အဘိုးအိုဒုက္ခရောက်သွားနိုင်သည်ဟုတွေးကာ....

'သတိထား'

ဟု အော်ပြောလိုက်လေသည်။

သို့သော်....

ခရမ်းရောင်အဘိုးအိုက လုံးဝအမှုမထားချေ။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အတွက် မပူပါနဲ့မိန်းကလေး၊ ရှင်ပျော်ပျေ
တော်ကြာက လူတွေကို ဆုံးမဖို့ ကျုပ် လိုက်ရှာနေတ
ခုမှပဲ ကျုပ်ဆန္ဒပြည့်ဝတော့မယ်'

ဒေပ့ပေ့အား စိတ်မပူရန်ပြောကာ ငွေမင်းသမီးနှင့် ရင်
ဆိုင် တိုက်ခိုက်လိုက်လေသည်။

ငွေမင်းသမီးက မကျေမနပ်ဖြစ်သွားလေသည်။

'ရှင်ဘယ်သူလဲ....ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်
ရှုပ်ရတာလဲ၊ သေချင်ပြီထင်တယ်'

ဟု ဟောက်လိုက်သည်။

လက်ဝါးတစ်ဖက် ဆန့်ထုတ်၍လည်း ခရမ်းရောင်အတိုးအို
အား ရိုက်ချလိုက်လေသည်။

အတိုးအိုက ရယ်မောလိုက်လေသည်။

'မင်းရဲ့ပန်းခွေလက်ဝါးသိုင်းက ဘယ်ဆိုးလို့လဲ'

ဟု ပြောကာ အသာအယာ ရှောင်တိမ်းလိုက်လေသည်။

ငွေမင်းသမီးသည် အတိုးအိုအား ထိအောင် မတိုက်ခိုက်
နိုင်သဖြင့် မကျေမနပ်ဖြစ်သွားလေသည်။



'ဒီတစ်ခါရှောင်နိုင်ရင် ရှောင်ပေတော့'

ပြောရင်း အတိုးအိုအား ဘယ်မံ တိုက်ခိုက်လိုက်လေသည်။

သူမသည် ပို၍ပြင်းထန်သော လက်ဝါးရိုက်ချက်ကို သုတ်
သုံးလိုက်ခြင်းဖြစ်လေသည်။

သူမက လက်ဝါးကိုသုံးချက်ဆင့်ကာ ထွန်းထုတ်လိုက်ခြင်း
ဖြစ်လေသည်။

'ဟူး....ဟူး....ဟူး'

လေတိုးသံများထွက်ပေါ်လာလေသည်။

လက်ဝါးရိုပ်သုံးခုသည် အတိုးအိုထံသို့တိုးဝင်သွား၏။

အတိုးအိုက ရယ်မောလိုက်သည်။

'ဟေ...ဒါက ပန်းပွင့်လက်ဝါးသုံးကွက်ပါလား၊ ဘယ်ဆိုး
လို့လဲ'

ဟု ပြောကာ ရှောင်တိမ်းလိုက်ပြန်သည်။

သူ၏ပုံပန်းသဏ္ဌာန်သည် အလေလာတကြီး အထိတ်တလန့်
ဖြစ်နေပုံမျိုးမဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးလေးသာ ဖြစ် သည်။

ကစားစရာအသစ်အဆန်းရသည့် ကလေးငယ်တစ်ယောက် နှင့်တူနေသေးတော့၏။

ထို့အပြင်....

ငွေမင်းသမီး အသုံးပြုသည့် သိုင်းကွက်များကို လည်း ကောင်းစွာသိနေသေး၏။

လက်ဝါးရိုက်ချက်များကို နောက်ဆုတ်ရှောင်တိမ်းခြင်း လည်းမဟုတ်ဘဲ ရှေ့သို့ပင်တိုးလာခြင်း ဖြစ်လေသည်။

ရိန်ခနဲလှုပ်ရှားလိုက်ပြီး ငွေမင်းသမီးအနီးသို့ ရောက်ရှိ လာလေသည်။

ငွေမင်းသမီး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

အဘိုးအိုက ရယ်မောလိုက်သည်။

'မင်းမဆိုးဘူး၊ ဒါပေမယ့် ငါ့ရဲ့အင်္ကျီစကိုတောင်ထိအောင် တိုက်ခိုက်နိုင်မှာမဟုတ်ပါဘူး'

ဟု ပြောလိုက်သည်။



ငွေမင်းသမီး ဒေါသူသွားလေသည်။

'စိတ်ချ၊ ဒီတစ်ခါ ရှင်သေဖို့သာပြင်ထား'

လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

အဘိုးအိုက....

'ဘာလဲ၊ မင်းက အဆိပ်ပန်းသိုင်းကွက်ကို အသုံးပြုတော့ မလို့လား'

ဟု မေးလိုက်လေသည်။

'ဟင်'

ငွေမင်းသမီး ရင်ထိတ်သွားလေသည်။

သူမ အသုံးပြုမည့်သိုင်းကွက်ကို အဘိုးအိုက သိနေသည် မဟုတ်ပါလား။

သူမသည် တိုက်ခိုက်ရန် မငံ့ရဲဘဲ ကပျာကယာနောက်ဆုတ် လိုက်လေသည်။

အဘိုးအိုက....

www.burmeseclassic.com

www.burmeseclassic.com



‘မင်းကို ယင်းကြိုင်က သိပ်ချစ်လို့ ဒီသိုင်းကွယ်ကို သင်ပေးထားတာပဲဖြစ်မယ်’

ဟု ပြောလေသည်။

ငွေမင်းသမီး မျက်နှာပျက်သွားသည်။

အတိုးအိုအား မျက်လုံးပြူး၍ကြည့်ကာ....

‘ရှင်....ရှင်ဘယ်သူလဲ’

ဟု မေးလိုက်လေသည်။

အတိုးအိုက....

‘ကျုပ်ဘယ်သူလဲတော့ မင်းမသိဘူးလား’

‘ရှင်....ရှင်’

‘ဟဲ..ဟဲ....ကျုပ်ကိုမသိတဲ့ လူသောကပေါ်မှာရှိနေသေးတာပဲ ဝမ်းသာစရာကောင်းလိုက်တာ၊ နို့မဟုတ်ရင်ကျုပ်က ကိုယ့်ကိုယ်ကို အထင်ကြီးနေမိဦးမှာပဲ’

ငွေမင်းသမီးသည် အတိုးအိုအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီးလျှင်....



‘ရှင်ဟာ ပေဒါအတိုးအိုလား’

ဟု မေးလိုက်လေသည်။

အတိုးအို မျက်လုံးပြူးသွားသည်။

‘တာ....တာပြောတယ်၊ မင်းက ကျုပ်ကို သိနေတယ်ဟုတ်လား’

ထိုစကားကြောင့် အတိုးအိုမှာ ပေဒါအတိုးအိုဆိုသူဖြစ်ကြောင်း ထင်ရှားသွားလေသည်။

ပေ့ပေက အခြေအနေစောင့်ကြည့်နေလေသည်။

ပေဒါအတိုးအိုဆိုသည့် အတိုးအိုမှာ ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဖြစ်ကြောင်းလည်း နားလည်သဘောပေါက်လိုက်ကြလေသည်။

ငွေမင်းသမီး၏အသွင်ချက်ချင်းပြောင်းလဲသွားလေသည်။

သူမသည် အတိုးအိုအား ဦးညွှတ်လိုက်ပြီး....

‘ရှင်ဟာ ပေဒါအတိုးအိုမှန်းမသိလို့ တိုက်ခိုက်မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ရှင်’

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မေဒါအသိုးအိုက....

'ကျုပ်ကိုတောင်းပန်နေတဲ့လူကို ကျုပ်က မသိုက်ခိုက်ချင်ပါဘူး၊ မင်းသွားရစ်တော့မယ်'

ငွေမှင်းသမီးက....

'စိတ်ချပါ၊ ကျွန်မကိုသွားခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်'

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ မြင်းလှည်းပေါ်သို့ ရောက်ရှိသွားလေသည်။

'ဟေး....ဟေး'

ငွေမင်းသမီးသည် မြင်းများကိုအော်ငေါက်ကာ ဒုန်းစိုင်းမောင်းနှင်ထွက်ခွာသွားလေတော့သည်။

မေဒါအသိုးအိုက....

'ယင်းကြိုင်ကိုပြောလိုက်ပါ၊ အသက်တွေသဲကြီးပြီ၊ အေးအေးဆေးဆေးနေဖို့ စိတ်ကူးပါလို့ ကျုပ်မှာလိုက်ပါရစေ'

ဟု အော်ပြောလိုက်လေသည်။

ငွေမင်းသမီးက....



'စိတ်ချပါရှင်၊ ကျွန်မဆက်ဆက်ပြောလိုက်ပါ့မယ်'

သူမ၏အသံသည် အဝေးမှပျံ့လွင့်လာလေသည်။

တစ်ခဏအတွင်းမှာပင်....

လှကောမြင်းလှည်းပေါ် အဝေးသို့ရောက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တစ်ကိုယ်တော်ခရီး

---

ငွေမင်းသမီး ထွက်သွားပြီဖြစ်လေသည်။

ယခု ပေ့ပေ့ သက်ပြင်းချနိုင်လေသည်။

ဗေဒါအဘိုးအိုသာ အချိန်မီရောက်မလာပါက သူမ၏ အခြေအနေမှာ မတွေးဝံ့စရာမဟုတ်ပါလား။

သူမသည် ဗေဒါအဘိုးအိုအား ဦးညွတ်ဂါဝပြုလိုက်ပြီး....

'ကျွန်မကိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

ဗေဒါအဘိုးအိုက...

'ငါ့ကို ကျေးဇူးတင်တယ်ဟုတ်လား'



ဟု မေးလာလေသည်။

ပေ့ပေ့ ကြောင်းအမ်းအမ်းဖြစ်သွားလေသည်။

ဗေဒါအဘိုးအိုက....

'ငွေမင်းသမီးကို ငါက လွှတ်ပေးလိုက်လို့ မင်းက ငါ့ကို ဆိုးမယ်လို့ ထင်နေတာ'

ဟု ပြောပြန်သည်။

ပေ့ပေ့က....

'တကယ်တော့ သူ့ကိုလွှတ်ပေးဖို့မသင့်ဘူးရှင့်'

ဟု ပြောလိုက်မိသည်။

ဗေဒါအဘိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ဟာ မိန်းမချောလေးတွေကို အဓမ္မ ဖမ်းပြီး ကျေးကျွန်လုပ်နေတာကို သိုင်းလောကတစ်ခု က လက်မခံကြဘူး၊ တကယ်ဆို ပြတ်ပြတ်သားသား နဲ့တားဆီးမသင့်တာပေါ့'

ပေ့ပေ့က....

'ဒါဖြင့်၊ ဦးက ဘာကြောင့် လွှတ်ပေးလိုက်ရတာလဲ'

ဟု မေးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗေဒါအဘိုးအိုက ...

'ရှင်းရှင်းပြောရရင် ကျုပ်လဲ ယင်းကြိုင်ရဲ့လုပ်ရပ်တွေ
သဘောမကျပါဘူး၊ ဒါပေမယ့် ကျုပ်တို့ဟာ တစ်ချိန်
ခင်မင်ရင်းနှီးခဲ့ကြတဲ့မိတ်ဆွေတွေဖြစ်ခဲ့ဘာကြောင့် သူ့ကို
သူလို လူတောတားဖို့ခက်နေတယ်ကွယ့်'

ဟု ပြောလေသည်။

'သြော်'

ပေ့ပေ့ ခေါင်းခါယမ်းသိုက်သည်။

'မိတ်ဆွေသူငယ်ချင်းဆိုတဲ့သံယောဇဉ်က ရှိနေသေးတယ်
ဆိုတော့ ဘယ်ဘက်နိုင်ပါ့မလဲလေ'

ဗေဒါအဘိုးအိုက....

'ဟုတ်တယ်၊ ကျုပ်က မဖြစ်သင့်တာ မဖြစ်စေချင်ဘူးလေ
အင်း....ကျုပ်အခေါ် မင်းက နားလည်သဘောပေါက်နို
တာပဲ၊ မင်းမဆိုးဘူး၊ တခြားလူတွေကတော့ ယင်းကြို
မကောင်းတာလုပ်နေမှန်းသိကြမယ်၊ ပြတ်ပြတ်သားသားရ
မဆိုင်တဲ့ မျက်နှာလိုက်တယ်လို့ ကျုပ်ကို အပြစ်တင်ကြတယ်
ယင်းကြိုင်ရဲ့လုပ်ရပ်တွေဟာလဲ ဘယ်လိုမှ လက်မခံနိုင်စရာဆို
တာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်ကိုယ်တိုင်လဲ သူ့ကို
ပြတ်ပြတ်သားသား ဟန့်တားနိုင်မှာမဟုတ်ဘူးဆိုတာ လူတွေ
မသိကြဘူး'



ဟု ပြောလေသည်။

ပေ့ပေ့ စိတ်ဝင်စားသွားလေသည်။

ဦးဟာ ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်ဆိုတာ
မနားလည်သားပါတယ်၊ ဦးက ဘာကြောင့် ရှင်ပျော်
း‌တောင်ကြီးပိုင်ရှင်ကို ပြတ်ပြတ်သားသား မဟန့်တား
တာလဲ'

ဗေဒါအဘိုးအိုက....

'ရှင်းပါတယ်၊ ကျုပ်က ယင်းကြိုင်ကို အနိုင်ယူမှာမဟုတ်
ပါ၊ ကျုပ်တို့နှစ်ယောက် ယှဉ်ပြိုင်ကြမယ်ဆိုရင် ရက်
ပေါင်းတစ်ရာကြာတဲ့တော်င် ပြိုင်ပွဲက ပြီးဆုံးသွားမှာမဟုတ်
ဘယ်သူမှလဲ အနိုင်ရကြမှာမဟုတ်ဘူး'

ပေ့ပေ့က....

'ဒါဆို ဦးတို့နှစ်ယောက် လက်ရည်တူနေကြတာ့ဆိုပါ
'

'ဟုတ်တယ်'

'ကျွန်မသာ ဦးနေရာဆိုရင် ရှင်းပျော်တောင်ကြီး
ကို အနိုင်ယူနိုင်မယ့်နည်းလမ်းကို ရှာကြမှာပဲ၊ ဒါမှ
မကောင်းတဲ့လုပ်ရပ်တွေကို ဟန့်တားနိုင်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဗေဒါအဘိုးအို မျက်မှောင်ကုတ်သွားပြီး သူမအား ခြေ
ခေါင်းဆုံး အကဲခတ်ကြည့်နေလိုက်လေသည်။

ပေ့ပေ့က....

'မိန်းကလေးတွေကိုအစမွှလိုက်ဖမ်းနေတယ်ဆိုတာကော
တဲ့ ကိစ္စမှမဟုတ်ဘဲ'

ဟု ပြောလိုက်လေသည်။

သူမသည် ယခုမှ သိုင်းလောကသို့ ရောက်လာသည်ဖြစ်
သိုင်းလောကသားတို့၏ ထူးခြားသောစိတ်နေသဘောထား
သိနိုင်သိမ့်မည်မဟုတ်ပါချေ။

ဗေဒါအဘိုးအို သက်ပြင်းချလိုက်ပြီး....

'ကျုပ်ကတော့ ယင်းကြိုင်ကိုအနိုင်ယူရမှာ မျက်နှာ
တယ်၊ ဒီကိစ္စကို သိုင်းလောကသားတွေပဲ ဖြေရှင်းပါ
တော့ဘယ်'

ဟု ပြောလေသည်။

ထိုစဉ်....

'သခင်မလေး'

ခေါ်သံနှင့်အတူ မားပင်က အနီးသို့ရောက်လာလေသည်

ပေ့ပေ့က လှည့်ကြည့်လိုက်သောအခါ....



'သခင်လေး ဒဏ်ရာရထားပါတယ်၊ အချိန်မီဆေးကုနိုင်မှ
ပါလိမ့်မယ် သခင်မလေး'

ဟု ပြောလာလေသည်။

'အစ်ကို'

ပေ့ပေ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချက်ချင်းပင် ပေ့လိထံသို့ပြေးသွားလိုက်လေသည်။

ဗေဒါအဘိုးအိုကလည်း လိုက်လာလေသည်။

သတိလစ်နေသော ပေ့လိကိုမြင်လျှင်....

'သူဟာ ငွေမင်းသမီးရဲ့ ပန်းလက်ဝါးရိုက်ချက်ကြောင့်
ဒဏ်ရာရသွားတာပဲ၊ သတိလစ်နေတာကိုကြည့်ရင် ဒဏ်ရာပြင်း
တယ်သင်တယ်၊ မှန်းစမ်း'

ပြောရင်း ပေ့လိ၏လက်ကောက်ဝတ်ကို စမ်းသပ်ကြည့်
လိုက်သည်။

ပေ့ပေ့နှင့်မားပင်တို့က စိုးရိမ်တကြီး ကြည့်နေကြလေ
သည်။

ဗေဒါအဘိုးအိုက အတန်ကြာစမ်းသပ်ပြီးလျှင်....

'အတွင်းဒဏ်ပြင်းဘယ်၊ ဒါပေမယ့် ကျုပ်နဲ့တွေ့မှတော့
တာမှမပူပါနဲ့တော့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ အသက်ကယ်ဆေးတစ်လုံးသုတ်ယူကာ ပေ့
ကို တိုက်ကျွေးလိုက်လေသည်။

တစ်ဖန် ပေ့ပေ့တို့အား ကြည့်ကာ…

'သူ့ရဲ့အသက်အန္တရာယ်အတွက် ဘာမှမစိုးရိမ်ရတော့ဘူး
ဒါပေမယ့် သုံးလလောက် အေးအေးဆေးဆေး အနားယူ
လိုလိမ့်မယ်၊ ဒီသုံးလအတွင်း သိုင်းပညာကိုအသုံးမပြုရဘူး
မောပန်းကြမ်းတမ်းတဲ့အလုပ်တွေ မလုပ်ရဘူး၊ တတ်နိုင်ရ
လှုပ်လှုပ်ရှားရှားမလုပ်ဘဲ အိပ်ရာထဲလှဲပြီး အနားယူနေတ
အကောင်းဆုံးပဲ'

ဟု ပြောလေသည်။

ပေ့ပေ့ စိတ်မကောင်းဖြစ်သွားလေသည်။

ပေ့လီ၏အခြေအနေမှာ ဟန်သဖြင့် ဗေဒါအဘိုးအိုပြ
သည့်အတိုင်း လိုက်နာမှဖြစ်မည်ဟုလည်း နားသည်လိုက်လေ
သည်။

ဗေဒါအဘိုးအိုက…

'မင်းတို့ အိမ်ပြန်ကြတာအကောင်းဆုံးဖြစ်မယ်၊ ကဲ…
ကျုပ်သွားတော့မယ်'

ဟုဆို၍ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေ
သည်။



ပေ့ပေ့က ဟန့်တားဖို့ဟန်ပြင်မိလေသည်။

သို့သော်…

မည်သို့သော အကြောင်းပြချက်ဖြင့် ဟန့်တားရမည်ကို
တွေးမရသဲ ငြိမ်နေလိုက်၏။

ဗေဒါအဘိုးအိုသည် တင်ကြအတွင်းမှာပင် အဝေးသို့
ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့
သည်။

* * *

ဗေဒါအဘိုးအို ထွက်သွားပြီးဖြစ်ခဲ့လေသည်။

ပေ့ပေ့ ငိုင်နေသည်။

'ခေါင်ခင်…ခေါင်ခင်'

မလှမ်းမကမ်းရှိ တဲကျောင်းမှ ခေါင်းလောင်းသံမျ
ထွက်ပေါ်လာတော့မှ သတိဝင်လာလေသည်။

ပေ့လီအား ဖေးမထားသည့် မားပင်ကိုကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးမားပင် ကျွန်မတို့ ဘယ်လိုလုပ်ရင်ကောင်းမ…

ဟု မေးလိုက်လေသည်။

မားပင်က....

'ကျုပ်တို့ အိမ်ပြန်တာအကောင်းဆုံးပဲ သခင်မလေး'

ဟု ပြောလာလေသည်။

ပေ့ပေ့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'အိမ်ပြန်ကြမယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး၊ သခင်လေးဒဏ်ရာရထား… ဖြစ်လို့ အိမ်ပြန်ပြီး ဆေးကုအနားယူတာ အကောင်းဆုံးဖြ… ပါလိမ့်မယ်'

'ဒါဖြင့် ကျွန်မတို့ အိမ်ကထွက်လာခဲ့တဲ့ ရည်ရွယ်ချက်ဟာ… သဲထဲရေသွန်ဖြစ်ရပြီပေါ့'

မားပင်က...

'ဆရာကြီးဟန်ချူးဆီကို တစ်ယောက်ယောက် လွှတ်လိုက်… လို့ ဖြစ်ပါသေးတယ် သခင်မလေး၊ ခုချိန်မှာ သခင်လေး… အတွက် ပိုပြီးစိုးရိမ်ရပါတယ်'

ဟု ပြောလေသည်။

ပေ့ပေ့ ငိုင်သွားပြန်သည်။



မီးနဂါးကဒုက္ခပေးနေသဖြင့် ဆရာဟန်ချူးထံ အကူအညီ …တောင်းရန် သူတို့ခရီးထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

ယခုတော့....

သူမကြောင့် ပေ့လိဒဏ်ရာရသွားခဲ့ပြီဟု တွေးကာ စိတ် …မကောင်းဖြစ်နေမိလေသည်။

ပေဒါအဘိုး၊ အိုနှင့်မားပင်တို့ပြောသကဲ့သို့ အိမ်ပြန်ခြင်းက အကောင်းဆုံးဖြစ်မည်ဟု တွေးမိလေသည်။

ထိုစဉ်....

'အင်း....အင်း'

ညည်းတွားသံနှင့်အတူ ပေ့လိ သတိရလာလေသည်။

ပေ့ပေ့ ဝမ်းသာသွားလေသည်။

ပေဒါအဘိုး၊ အို၏ အသက်ကယ်ဆေးမှာ အစွမ်းထက်လှသည် မဟုတ်ပါလား။

'အစ်ကို သတိရပြီနော်'

သူမသည် ပေ့လိ၏နဖူးပြင်ကို ကြင်နာစွာ စမ်းသပ်ကြည့်လိုက်လေသည်။

ပေ့လိ၏နဖူးပေါ်၌ ချွေးများစို့လာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း အေးစက် တောင့်တင်းနေ ခြင်းမျိုးမရှိတော့ဘဲ နွေးနွေးထွေးထွေး ဖြစ်လာတော့သည်။

ပေ့လိက လှုံးလိမ့်အော်လိုက်သည်၊

'အစ်ကို သိပ်ပြီးလှုပ်လှုပ်ရှားရှားမလုပ်နဲ့လေ၊ အစ်ကို့ရဲ့ ဒဏ်ရာတအရှင်းပျောက်ကင်းသွားသေးတာ မဟုတ်ဘူး၊ အိပ်ရာထဲ ဆုံးလလောက်လှဲနေပြီး အေးအေးဆေးဆေးနေဦးမှာ'

ပေ့ပေ့က စိုးရိမ်တကြီးပြောလိုက်လေသည်။

ပေ့လိ မျက်နှာညှိုးသွားသည်။

'ဟိုအမျိုးသမီးရဲ့ သိုင်းပညာဟာ ကြောက်စရာကောင်း အောင် မြင့်မားနေတယ်၊ အစ်ကို ခုလိုခံလိုက်ရမယ် မထင်ဘူး၊ အခုကော ဘယ်ရောက်သွားပြီလဲ'

ဟု မေးလာလေသည်။

ပေ့ပေ့က အကျိုးအကြောင်းရှင်းပြလိုက်လေသည်။

ပေ့လိက...

'အင်း... အစ်ကို့ကျေးဇူးရှင်ကို ဂါရဝမပြုလိုက်ရတာ နာ တာပဲ၊ သိုင်းလောကမှာ လူဆိုးတွေရှိနေသလို လူကောင်း တွေလဲ ရှိနေကြသေးတာပဲကော'

ဟု မှတ်ချက်ချလိုက်လေသည်။



မားပင်သည်လည်း ပေ့လိသတိရလာသဖြင့် ဝမ်းသာ သွားလေသည်။

'သခင်လေး ကျုပ်တို့အိမ်ပြန်ကြမယ်'

ဟု ပြောလေသည်။

ပေ့လိက...

'အိမ်ပြန်မယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်လေး'

'ဟာ... ဘယ်ဖြစ်မလဲ'

ပေ့လိက ငြင်းလိုက်လေသည်။

ပေ့ပေ့က သက်ပြင်းချလိုက်သည်။

ပေ့လိက...

'ကျုပ်တို့က မီးနဂါးကိုနှိမ်နင်းဖို့ ဆရာ့ဆီမှာ အကူအညီ တောင်းဖို့ထွက်လာခဲ့ကြတာ၊ ဒီအတိုင်းပြန်လို့ ဘယ်ဖြစ်ပါ့ မလဲ'

ဟု ပြောလာလေသည်။

မားပင်က...

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး သခင်လေး၊ သိုင်းလောကဟာ ရှုပ်ထွေးလှပါတယ်၊ အန္တရာယ်များတယ်ဆိုတာလဲ လက်တွေ့ မျက်မြင်ပဲ၊ သခင်လေးဟာ အတွင်းဒဏ်ရာရသွားပြီးဖြစ်လို့ အေးအေးဆေးဆေး အနားယူပြီး ဆေးကုရမှာ ဖြစ်ပါတယ်'

ပေ့လိက....

'ကျုပ်က အနားမယူနိုင်ဘူး'

ဟု ပြောလေသည်။

ပေ့ပေ့က....

'အင်ကို....ဒေဒါအဘိုးအိုက မလိုအပ်ဘဲ အနားယူဖို့ပြောမှာ မဟုတ်ဘူး၊ သူ့စကားကို နားမထောင်ရင် တစ်သက်လုံး ဒုက္ခိတဖြစ်သွားမယ်၊ သိုင်းပညာကိုလဲ ဘယ်တော့မှ အသုံးပြုနိုင်တော့မှာ မဟုတ်ပါဘူး'

ဟု ဝင်ပြောလိုက်လေသည်။

ပေ့လိ မျက်နှာပျက်သွားလေသည်။

'ဒါ...တကယ်ပဲလား ညီမလေး'

ပေ့ပေ့က....

'တကယ်ပြောတာပေါ့'

အမှန်တော့....



ပေ့လိ၏ အခြေအနေ မည်သို့ရှိမည်ကို သူမလည်း မသိချေ။

အတွင်းဒဏ်ရာရခြင်းနှင့် ပတ်သက်ပြီး ဖြစ်ပျက်ထတ်သညီကို ချင့်ချိန်ကာ ပြောလိုက်ခြင်းဖြစ်သည်။

သူမတို့၏ ရည်ရွယ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်လိုစိတ် ရှိသလို ပေ့လိအတွက်လည်း စိုးရိမ်မိလေသည်။

ပေ့လိ၏ စိတ်ဓာတ်သည်လည်း သူမနှင့်အတူတူရှိနေသောအခါ ဝမ်းသာသွားခြင်းဖြစ်လေသည်။

ပေ့လိက အံကြိတ်လိုက်သည်။

'အစ်ကိုက အတွင်းဒဏ်ရာရလိုက်ပေမယ့် ရည်ရွယ်ချက်ကိုတော့ ဘယ်တော့မှ အပျောက်ခံမှာ မဟုတ်ပါဘူး၊ အစ်ကိုတို့ဟာ ကိုယ့်ဒေသကလူတွေ အေးချမ်းသာယာစွာ နေနိုင်ရေးအတွက် ဆောင်ရွက်မယ်ဆိုပြီး ထွက်လာခဲ့ကြတာ မဟုတ်လား၊ ဘာတစ်ခုမှ စွမ်းဆောင်မပြနိုင်ဘဲ ပြန်သွားကြမယ်ဆိုရင် ပြက်ရယ်ပြုစရာ ဖြစ်လာတော့မယ်၊ မြို့စားကြီးပေ့ထင်းရဲ့ သားသမီးတွေဟာ ပညာအရည်အချင်း မရှိတဲ့လူတွေလို့ အပြောခံရတော့မယ်၊ အသက်သေချင်သေပါစေ ဒီလိုအဖြစ်မျိုးကို ဘယ်တော့မှ အရောက်မခံနိုင်ဘူး'

ဟု ပြတ်သားစွာ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပေ့လီသည် လူပုံပျော့ညံ့သော်လည်း သံမဏိစိတ်ဓာတ်ရှိကာ ယောကျ်ားကောင်းပီသသူဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

မားပင်က....

'သခင်လေးရယ်၊ ကိုယ်ကစွမ်းဆောင်ချင်ပေမယ့် ဝေဒနာက ရှိနေသားတယ်မဟုတ်လား၊ မီးနဂါးကိုနှိမ်နင်းဖို့ နောက်ထပ် တစ်ယောက်ကို စေလွှတ်လိုက်ရင် ရနိုင်တာပါပဲ၊ သိပ်လဲ စိတ်မပူပါနဲ့၊ သခင်လေး နေကောင်းသွားဖို့က အရေးကြီးပါတယ်'

ဟု ဖျောင်းဖျလိုက်လေသည်။

ပေ့ပေ့က....

'ဟုတ်ပါတယ်အစ်ကိုရယ်၊ ကျွန်မတို့ အိမ်ပြန်ကြပါစို့'

ဟု တိုက်တွန်းလိုက်လေသည်။

ပေ့လီ ခေါင်းခါယမ်းလိုက်သည်။

'ညီမလေးတို့ ပြန်ချင်ပြန်ကြပါ၊ ကျုပ်ကတော့ရှေ့ဆက်သွားမှာဖြစ်မယ်၊ ဆရာနဲ့တွေ့ပြီးမှ ပြန်မယ်'

ပြောပြောဆိုဆို ထရပ်လိုက်လေသည်။

'အစ်ကို'

'သခင်လေး'



ပေ့ပေ့နှင့် မားပင်တို့ အထိတ်တလန့် ဖြစ်သွားကြသည်။

အကြောင်းကား....

အသားအကြီးအနာသိုက်သော ပေ့လီမှာ ဝေဒနာကြောင့် မဟန်နိုင်ဘဲ ယိမ်းယိုင်ကာ လဲကျမလိုဖြစ်သွားခြင်းကြောင့် ဖြစ်သည်။

မားပင်က ပေ့လီကို ဖေးမရင်း....

'သခင်လေးရယ်...စိတ်လျှော့လိုက်ပါ၊ အိမ်ပြန်ကြပါစို့'

ပေ့လီက....

'ကျုပ်တို့....'

သူသာ ဒဏ်ရာအကြီးဖြစ်နေသော်လည်း မည်သို့မျှမဟန်နိုင်တော့သည်က အမှန်ပင်ဖြစ်လေသည်။

ပေ့လီသည် မူးဝေကာ မောဟိုက်နေလေတော့သည်။

ပေ့ပေ့က....

'ဦးလေးမားပင်၊ မြင်းလှည်းတစ်စီးလောက်သွားရှာလိုက်ပါ၊ ကျွန်မတို့ အိမ်ပြန်ကြမယ်'

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မားပင်သည် မြင်းလှည်းရှာရန် ထွက်သွားပြီ ဖြစ်လေသည်။

ပေ့လိက ဘုန်းကျောင်းအနီးရှိ သစ်ပင်တစ်ပင်ကို ကျောမှီကာ ထိုင်နေလေသည်။

မေ့ာဟိုက်နေသဖြင့် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရ၏။

ပေ့ပေ့သည် အစ်ကိုဖြစ်သူအားကြည့်ကာ စိတ်မကောင်းဖြစ်လာလေသည်။

ဗေဒါအတိုးအိုက လိုအပ်၍သာ အနားယူဖို့ပြောသွားခြင်းဖြစ်ကြောင်းလည်း သဘောပေါက်လာလေသည်။

လက်ကိုင်ပဝါတစ်သည်ထုတ်ကာ ပေ့လိအား ချွေးသုတ်ပေးရင်း....

'အစ်ကိုရယ် ကျွန်မတို့ အိမ်ပြန်ကြပါစို့'

ဟု ပြောလိုက်လေသည်။

ပေ့လိက....

'ညီမလေးက တကယ်ပဲ အိမ်ပြန်ချင်နေပြီလား'

ဟု မေးလေသည်။

ရုတ်တရက်....



ပေ့ပေ့ မည်သို့ အဖြေပေးရမှန်းမသိ ဖြစ်သွားလေသည်။

ပေ့လိက....

'ညီမလေး.... အစ်ကိုမေးတာ ဖြေစမ်းပါ'

ဟု တောင်းဆိုလာလေသည်။

ပေ့ပေ့ သက်ပြင်းချလိုက်ပြီး....

'ဟုတ်ပါသယ် အစ်ကို၊ ကျွန်မတို့ အိမ်ပြန်မှဖြစ်မယ်မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ပေ့လိက....

'အဲဒါ အစ်ကို့ကြောင့်မဟုတ်လား'

'အို....မဟုတ်ပါဘူး'

'ဘာကြောင့်မဟုတ်ရမှာလဲ၊ အစ်ကိုသာ ဘာမှမဖြစ်ဘူးဆိုရင် အစ်ကိုတို့ ရှေ့ဆက်သွားလို့ရမှာပဲ မဟုတ်လား'

ပေ့ပေ့ ဘာမှမပြောဘဲ နေလိုက်လေသည်။

ပေ့လိက ဆက်ပြောလိုက်လေသည်။

'ညီမလေး... မီးနဂါးရဲ့လက်ချက်ကြောင့် အစ်ကိုတို့ဒေသက လူတွေ ဘယ်လောက်ဒုက္ခရောက်ခဲ့ကြသလဲ၊ ဖေဖေဟာ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာရှိတဲ့ မြို့စားကြီးထစ်ယောက်ဖြစ်ပေမယ့် လူ...
စားပြုတွေရဲ့လုပ်ရပ်ကို ဟန့်တားခြင်းမပြုနိုင်တဲ့ လက်ပိုက်ကြ...
နေရတာမဟုတ်လား၊ အစ်ကိုတို့ကလဲ လူဆိုးတွေကိုနှိမ်နင်...
အကူအညီရှာမယ်ဆိုပြီး ထွက်လာခဲ့ကြတယ်၊ အားလုံး...
ဝမ်းသန်းတသာရှိခဲ့ကြတယ်၊ ရည်ရွယ်ချက်အတိုင်းဖြစ်မြော...
အောင်မလုပ်နိုင်တဲ့ ပြန်သွားခဲ့ကြမယ်ဆိုရင် ဘယ်လိုလုပ်...
မျက်နှာပြရတော့မလဲ၊ ညီမလေး စဉ်းစားကြည့်ပါဦး'

ပေ့မေ့ သက်ပြင်းချ သိုက်ပြန်သည်။

'ကျွန်မတို့က မကြိုးစားတာမှမဟုတ်တဲ့၊ မတော်တဆဖြ...
လာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ အစ်ကိုရယ်'

ပေ့လိက လက်မခံပါချေ။

'ရည်ရွယ်ချက်အတိုင်း ဖြစ်အောင်မလုပ်နိုင်ရင် ဘ...
အကြောင်းထူးမှာလဲ၊ ဘယ်လိုအခက်အခဲဖြစ်ဖြစ် ကျော်လွှ...
သွားနိုင်ရမှာပေါ့၊ ဒါမှလဲ အရည်အချင်းရှိတဲ့လူတွေ ဖြ...
လာမှာပေါ့'

ပေ့ပေ့က....

'အစ်ကိုက ဆရာ့ဆီကို ရောက်အောင်သွားမလို့လား...
ဒါတော့မဖြစ်နိုင်ဘူး'

ပေ့လိက....



'မဟုတ်ဘူး၊ အစ်ကို ဘယ်နည်းနဲ့မှ မသွားနိုင်တော့ဘူး၊
...ပြန်မှဖြစ်မယ်ဆိုတာ နားလည်ပါတယ်'

ပေ့ပေ့က....

'ဒါဖြင့်....'

ပေ့လိသည် ပေ့ပေ့အား စိုက်ကြည့်လိုက်ပြီး....

'ညီမလေးက ဆရာ့ဆီကို ရောက်အောင်သွားပါလား'

ဟု ပြောလေသည်။

ပေ့ပေ့၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ပေ့လိက....

'ညီမလေးဟာ အစ်ကို့ထက် သိုင်းပညာပိုသာတယ်၊ ဉာဏ်...
...ကောင်းတယ်၊ လုပ်ရည်ကိုင်ရည်ရှိတယ်၊ ဆရာကလဲပိုချစ်...
...တယ်၊ ဒီတော့ ညီမပဲ ဆရာ့ဆီကိုရောက်အောင်သွားပါ၊
...မှ'

ပေ့ပေ့က တည်ကြည်သောမျက်နှာထားဖြင့်....

'အစ်ကို့ဆန္ဒပြည့်ဝပါစေ့မယ်ရှင်'

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်... ခွပ်.... ခွပ်.... ခွပ်'

'ဟီး.... ဟီး.... ဟီး'

မြင်းခွာသံ၊ မြင်းဟီသံများ ထွက်ပေါ်လာလေသည်။

မားပင်သည် မြင်းလှည်းတစ်စီးကို ဒုန်းစိုင်းမောင်းနှင်ကာ ပြန်လည်ရောက်ရှိလာလေသည်။

ဘုံကျောင်းရှေ့သို့ရောက်လျှင် မြင်းလှည်းကိုအရှိန်သတ်ကာရပ်လိုက်ပြီး ကပျာကယာ ခုန်ဆင်းလာသည်။

'ကျုပ်က မြင်းလှည်းတစ်စီးရှာလာခဲ့ပြီ'

ဟုလည်း ပြောလေသည်။

ပေ့ပေ့က....

'အစ်ကို မြင်းလှည်းပေါ်တက်ရအောင်'

ဟု ပြောကာ မားပင်နှင့်အတူ ပေ့လိုကိုဖေးမရင်း ပေ့လိုအား မြင်းလှည်းပေါ် တင်လိုက်လေသည်။

မြင်းလှည်းအိမ်ထဲ၌ ပေ့လို သက်သောင့်သက်သာဖြစ်လာအောင် နေရာထိုင်ခင်းပြင်ဆင်ပေးပြီးလျှင်....

'အစ်ကို့ရဲ့ဝေဒနာ အမြန်ဆုံးသက်သာပျောက်ကင်းသွားပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။



ပေ့လို အားယူကာပြုံးလိုက်လေသည်။

'ညီမလေးလဲ အဆင်ပြေချောမွေ့ပါစေလို့ ဆုတောင်းပါတယ်ကွယ်'

'ပေးတဲ့ဆုနဲ့ပြည့်ဝပါစေရှင်'

'ကဲ.... ကဲ.... တံခါးပိတ်လိုက်တော့'

'ဟုတ်ကဲ့ အစ်ကို'

ပေ့ပေ့က မြင်းလှည်းတံခါးကို ပိတ်လိုက်လေသည်။

ထိုအခါ....

'သခင်မလေး၊ မြင်းလှည်းပေါ်တက်လေ'

မားပင်က ပြောလေသည်။

ပေ့ပေ့ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မလိုက်တော့ဘူး'

'ဟင်'

မားပင် အံ့ဩသွားလေသည်။

'ဘာဖြစ်လို့လဲ၊ သခင်မလေးက အိမ်မပြန်သေးဘူးလား'

'ဟုတ်တယ်၊ ဆရာ့ဆီကိုရောက်အောင် ကျွန်မသွားမယ်'

'ဟာ'

www.burmeseclassic.com

www.burmeseclassic.com



မားပင် အထိတ်တလန့်ဖြစ်သွားလေသည်။

ပေ့ပေ့က....

'ကျွန်မက အိမ်ပြန်ပြီးအနားယူစရာမှမလိုအပ်တာ၊ အစ်
အိမ်ပြန်မယ်၊ ကျွန်မက ဆရာ့ဆီကိုသွားမယ်'

'ဟာ...မဖြစ်ဘူး၊ မဖြစ်ဘူး'

မားပင် လက်မခံပါချေ။

ပေ့ပေ့က....

'ဘာကြောင့်မဖြစ်ရမှာလဲ၊ ကျွန်မတို့မောင်နှမဟာ ရည်
ရွယ်ချက်အတိုင်း ဖြစ်အောင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ပြီးပါပြီ
ဘယ်လိုအခက်အခဲရှိရှိ နောက်မဆုတ်ပါဘူး၊ ဒါမှ ဖေဖေ့
သားသမီးတွေ ပီသကြမှာပါ၊ ကိုယ့်ဒေသကလူတွေရဲ့အကျိုး
ကို ဆယ်ပိုးဆောင်ရွက်နိုင်ကြမှာပါ'

ဟု တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ပြောလိုက်
၏။

မားပင် ပါးစပ်အဟောင်းသား ဖြစ်နေသည်။

'ဦးလေးမားပင်လဲ တာဝန်ကျေပါတယ်၊ အစ်ကို့ကို
တာဝန်ယူပြီး အိမ်အရောက် ပြန်ပို့ပေးလိုက်ပါရှင်'

မားပင်သည် မြို့စားကြီးက စိတ်ပူနေမည်ဖြစ်ကြောင်း၊
အိမ်ပြန်လိုက်ခဲ့စေလိုကြောင်း၊ သူမအား တစ်ယောက်တည်း



ဆက်သွားခွင့်ပြုပါက အပြစ်တင်ခံရမည်ဖြစ်ကြောင်း၊ ပေ့
သည်ပင် ဒဏ်ရာရရှိထားပြီဖြစ်ရာ ပေ့ပေ့အတွက် တစ်
ယောက်တည်း ရှေ့ဆက်ရမည့်ခရီးသည်လည်း အန္တရာယ်မရှိဟု
ဆိုနိုင်ကြောင်း၊ စိတ်မချနိုင်ကြောင်း အမျိုးမျိုးပြောလေ
သည်။

မည်သို့ပင်ဖြစ်စေ...

ပေ့ပေ့က လက်မခံတော့ပါချေ။

နောက်ဆုံး....

မည်သို့မျှပြောမရသည့်အပြင် ပေ့လိုက်လည်းစိုးရိမ်နေရ
သဖြင့် ပေ့ပေ့အားထားရစ်ခဲ့ကာ ထွက်သွားရလေတော့
သည်။

သို့ဖြင့်....

ပေ့ပေ့သည် တစ်ကိုယ်တော်ခရီးစခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချုံးနေထိုင်သောကျေးရွာလေးသို့ရောက်ခဲ့လေသည်။

လမ်းပေါ်တွင် ကလေးများ ဆော့ကစားနေကြသည်။

အချို့သော အိမ်များရှေ့တွင် အမျိုးသမီးအချို့ဝိုင်းဖွဲ့ထိုင်ကာ စကားပြောနေကြသည်။

ပေ့ပေ့ကိုတွေ့ရလျှင် အကဲခတ်ကြည့်လာကြလေသည်။

ပေ့ပေ့က ဘာကိုမှအမှုမထားဘဲ ဟန်ချုံး၏အိမ်သို့ ဦးတည်လာခဲ့လေသည်။

ဟန်ချုံး၏အိမ်သို့ရောက်သောအခါ အိမ်တံခါးများပိတ်ထားသည်ကို တွေ့ရလေသည်။

ထို့ကြောင့် အိမ်နီးပါးချင်းများထံ၌ စုံစမ်းလိုက်သောအခါ....

'သြော်....ဆရာဟန်ချုံးလား၊ မိန်းကလေးအလာကောင်းပေမယ့် အခါနှောင်းသွားပြီကွယ့်၊ ဆရာကြီးဟာ မနှစ်ကပဲ ကွယ်လွန်သွားခဲ့ပါပြီ'

ဟု ပြောလာကြလေသည်။

ပေ့ပေ့မှာ မတ်တတ်ရပ်နေရာမှ လဲကျသွားတော့မတတ် ခံစားလိုက်ရလေတော့သည်။

* * *

## ပျောက်ဆုံးသွားသောအိပ်မက်

တုံထိန်ရေကန်....

တုံထိန်ရေကန်သည် သာယာလှပသောရေကန်ကြီး တစ်ခု ဖြစ်ပါသည်။

တုံထိန်ရေကန်အနီးတွင် သိုင်းဆရာဟန်ချုံးနေထိုင်သဖြင့် လူသိများ ထင်ရှားလေသည်။

ပေ့ပေ့သည် ခရီးဆက်လာရာ နောက်ထပ် အန္တရာယ် မတွေ့ရတော့ဘဲ တုံထိန်ရေကန်သို့ ရောက်ရှိလာခဲ့လေသည်။

သိုင်းဆရာဟန်ချုံး၏အိမ်သို့ သူမရောက်ခဲ့ဘူးပါချေ။

ပေ့ပေ့အဖို့ အသက်အငါ့မှရှိ အရောက်လာနိုင်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းမှာ အနောက်ဘက်တွင် ငုပ်သျှိုးသွားတော့မည် ဖြစ်လေသည်။

အလင်းရောင်အားပျော့သွားကာ အမှောင်ရိပ်များနေရာ ယူလာကြလေသည်။

စားသောက်ဆိုင်လေးအတွင်း၌ မီး သွန်း ညှိ လိုက် ပြီဖြစ် သည်။

စားသောက်နေကြသူများ ပြောဆိုနေကြသောစကားသံ များ ဟိုမှသည်မှ ထွက်ပေါ်နေ၏။

ဆိုင်၏ချောင်ကျကျထောင့်တစ်နေရာ၌ မိန်းကလေးတစ် ယောက် ရှိနေပါသည်။

ထိုမိန်းကလေးမှာ ပေ့ပေ့ ဖြစ်လေသည်။

ပေ့ပေ့သည် တစ်ယောက်တည်းထိုင်ကာ စားသောက် နေသည်။

သူမသည် ဗိုက်ထဲဆာလောင်နေခြင်းမရှိသလို စားသောက် လိုစိတ်လည်း မရှိချေ။

သူမသည် မည်သည့်နေရာသွားရမည်ကို ရုတ်တရက် စဉ်း စား၍မရသဖြင့် စားသောက်ဆိုင်သို့ဝင်ကာ အချိန်ဖြုန်းနေ ခြင်း ဖြစ်လေသည်။

ဆိုင်းဆရာပန်ချုံးကား ကွယ်လွန်သွားခဲ့ချေပြီ။



သူမ ခံလေသမျှ သဲရကျေပြီမဟုတ်ပါလား။

မီးနဂါးအား ဆုံးမဆိုသော အိပ်မက်သည် လွင့်ပါး ပျောက်ကွယ်သွားရပြီဖြစ်လေသည်။

'ဒါ ဘာဆက်လုပ်ရမလဲ'

ပေ့ပေ့ အကြိမ်ကြိမ်တွေးနေမိလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

နေရောင် ပျောက်ကွယ်သွားကာ မှိုးချုပ်သွား၏။

အပြင်ဘက်၌ အမှောင်ထုက လွှမ်းခြုံထားလိုက်လေသည်။

ပေ့ပေ့က ငေးငိုင်နေဆဲ....

ထိုစဉ်....

သူမ၏စကားပွဲသို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ပေ့ပေ့ သတိဝင်လာပြီး ခေါင်းမော့ကြည့်လိုက်သော အခါ တည်ကြည်သော ရုပ်သွင်ရှိသည့်အသက်လေးဆယ်ခန့် ရှိသူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူက....

'မိန်ကလေးမှာ အခက်အခဲတစ်ခုခုကြုံနေရပြီတင်တယ်' ဟု ပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

ပေ့ပေ့ ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိဖြစ်သွားလေသည်။

ထိုလူက....

'ကျုပ်က မိန်းကလေးကို အကဲခတ်နေတာကြာပြီ၊ မိန်းကလေးတစ်ယောက်တည်းထိုင်နေတာကြာပြီဆိုတော့ အခက်အခဲတစ်ခုခုရှိနေလို့ပဲဖြစ်ရမယ် တွေးပြီး ကူညီနိုင်အောင် လာခဲ့တာပါ'

ဟု ပြောလာလေသည်။

ထိုစကားကြားလျှင် ပေ့ပေ့ ဝမ်းသာသွားလေသည်။

'ထိုင်ပါဦးရှင်'

ထိုလူအား နေရာထိုင်ခင်းပေးလိုက်လေသည်။

ထိုလူကလည်း ပေ့ပေ့နှင့် မျက်နှာချင်းဆိုင်ထိုင်ချလိုက်၏။

ပေ့ပေ့က....

'ကျွန်မနာမည်ပေ့ပေ့လို့ခေါ်ပါတယ်ရှင်၊ ဦးက'

'ကျုပ်က ဖိုးစုအိမ်ပါ'



'ဟုတ်ကဲ့ရှင်၊ ခုလိုသိကျွမ်းရတာဝမ်းသာပါတယ်၊ ကျွန်မကို ကူညီချင်စိတ်ရှိတယ်လို့ သိရလို့လဲ ကျေးဇူးတင်ပါတယ်ရှင်'

ပေ့ပေ့သည် အလွန်ယဉ်ကျေးသိမ်မွေ့သည့် လေသံဖြင့် ပြောလိုက်လေသည်။

ထိုလူ(ဝါ)ဖိုးစုအိမ်က ပြုံးလိုက်လေသည်။

'ကျုပ်ဟာ သိုင်းလောကသားတစ်ယောက်ပါ၊ မကောင်းသူပယ် ကောင်းသူကယ်နေတဲ့လူတစ်ယောက်ဆိုရင် မမှားပါဘူး၊ မိန်းမကလေးတစ်ယောက်တည်း စားသောက်ဆိုင်မှာထိုင်ပြီး ငေးငိုင်နေတာ အခက်အခဲတစ်ခုခုရှိရမယ်လို့တွေးပြီး လာမေးတာပါ၊ ကျုပ်ကို ဘယ်လိုမှတော့သဘောမထားစေချင်ပါဘူး'

ပေ့ပေ့က....

'ကျေးဇူးတင်ပါတယ်ရှင်၊ ဦးထင်သလို ကျွန်မမှာ အခက်အခဲကြုံနေရတယ်ဆိုတာ အမှန်ပါရှင်'

သူမ အားကိုးတကြီးပြောလိုက်လေသည်။

ဖိုးစုအိမ်က လက်ကာပြလိုက်သည်။

'မပူနဲ့၊ ကျုပ်နဲ့တွေ့ရရင် မိန်းကလေးရဲ့ အခက်အခဲတွေ အားလုံးပြေလည်သွားပြီလို့ မှတ်လိုက်ပေတော့'

'ကျေးဇူးတင်လိုက်တာရှင်'

www.burmeseclassic.com

www.burmeseclassic.com



ဖိုးစုအိမ်က ဘာဟဲ့ဟဲ့ ရယ်မောလိုက်လေသည်။

တစ်ဖန်….

'မိန်းကလေးမှာ ဘယ်လိုအခက်အခဲတွေ ရှိနေလို့လဲဆိုတာ ပြောပါဦး'

ဟု မေးလိုက်လေသည်။

ပေ့ပေ့က….

'ကျွန်မဟာ ချူးလိန်မြို့ကလာခဲ့တာပါရှင်'

'ချူးပြည်နယ်က ချူးလိန်မြို့လား'

'ဟုတ်ပါတယ်ရှင်'

'အို.. အဝေးကြီးပါလား'

'ဟုတ်ကဲ့'

'ဒီလောက်အဝေးကြီးက လာခဲ့ရတယ်ဆိုတော့ အရေးကြီးတဲ့ကိစ္စရှိနေပြီထင်တယ်'

'ဟုတ်ပါတယ်ရှင်'

ဖိုးစုအိမ်က….

'ဘယ်လိုကိစ္စကြောင့်လဲဆိုတာ ပြောစမ်းပါဦး'

'တခြားတော့ မဟုတ်ပါဘူး၊ လူဆိုးတွေကို နှိမ်နင်းဖို့ သိုင်းသမားတစ်ယောက် လိုချင်လို့ပါ'



ဖိုးစုအိမ် ဦးခေါင်းအဆက်ဆက်ညိတ်လိုက်လေသည်။

'ဟုတ်ပြီ…ဟုတ်ပြီ ချူးပြည်နယ်မှာ လူဆိုးသားပြေတွေ သောင်းကျန်းနေတယ်ဆိုတဲ့သတင်းကို ကျုပ်ကြားဖူးထားပြီးပါပြီ'

ပေ့ပေ့ ဝမ်းသာသွားလေသည်။

'ဟုတ်ပါတယ်ရှင်၊ မီးနဂါးဆိုတဲ့ လူဆိုးကြီးက သောင်းကျန်းနေပါတယ်၊ သူဟာ သိုင်းလောကသားဖြစ်နေလို့ နှိမ်နင်းဖို့ခက်နေပါတယ်၊ သိုင်းလောကသား တစ်ယောက်ကို အကူအညီတောင်းပြီး မီးနဂါးကိုနှိမ်နင်းဖို့ပါ'

ဖိုးစုအိမ်က….

'မိန်းကလေးတို့က အကူအညီလိုချင်တယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်'

'အင်း….ဒါဆိုရင် မိန်းကလေး ဘာမှ စိတ်မပူနဲ့တော့၊ မိန်းကလေးကို ကျုပ်ကူညီမယ်'

'အို… ဝမ်းသာလိုက်တာရှင်'

ပေ့ပေ့က ဖိုးစုအိမ်ကို ကျေးဇူးတင်သွားလေတော့သည်။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာဦးညွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရှုကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်'

ဖိုးစုအိမ် လက်ကာပြလိုက်လေသည်။

'ကိစ္စမရှိဘူး၊ ကျုပ်ကိုကျေးဇူးတင်စရာ မလိုသူး၊ အချိန်ရှိတုန်း သွားလိုက်ကြရအောင်'

ပေ့ပေ့က....

'ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲရှင်'

ဟု မေးလိုက်လေသည်။

ဖိုးစုအိပ်က....

'ပိန်းကဲလေးကို ကူညီနိုင်မယ့်လူတွေဆီကို သွားကြမယ်လေ'

'ကောင်းပါပြီလေ'

ပေ့ပေ့သည် ဖိုးစုအိမ်ကို ယုံကြည်စိတ်ချသွားတာ စားသောက်ခ ကျသင့်ငွေပေးချေကာ ဖိုးစုအိမ်နောက်သို့ လိုက်သွားလေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယ ပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဝဏ္ဏအောင်

## အကျည်းတန်အမျက်

(ဒုတိယပိုင်းဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ာက်ဆုံးသွားသောအိပ်မက်

တုံထိန်ရေကန်နှင့် မလှမ်းမကမ်း၌ရှိနေသော မြို့လေးတစ်
ရောက်ရှိနေခြင်းဖြစ်သည်။
စားသောက်ဆိုင်တစ်ဆိုင်၌ ဖုံးစုအိမ်နှင့် ဆုံတွေ့ခဲ့ရခြင်း
ည်း ဖြစ်၏။
ဖုံးစုအိမ်က သူမအား အကူအညီပေးမည်ဆိုသောအခါ
ုသာအား ရဖြင့် လိုက်ပါသွားလေသည်။
ဆိုင်အပြင်ဘက်သို့ ရောက်သွားသောအခါ ဝန်းကျင်တစ်
ုံးအမှောင်ရိပ် လွှမ်းမိုးနေပြီ ဖြစ်လေသည်။
ဖုံးစုအိမ်က ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့က လိုက်သွားလေသည်။

တစ်ခဏအကြာတွင် လမ်းကြားလေးတစ်ခုသို့ ရော
သွားကြလေသည်။

ဖိုးစုအိမ်သည် လမ်းကြားအတွင်းသို့ ဝင်သွားလေသ

ပေ့ပေ့က လိုက်သွားရင်း....

'ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲဟင်'

ဟု မေးလိုက်လေသည်။

ဖိုးစုအိမ်က....

'ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်ဆီသို့ သွားကြမယ်၊ သူ
မင်းကို ကူညီနိုင်လိမ့်မယ်'

'ဪ'

'သူဟာ သိုင်းသမားတစ်ယောက်ပဲ၊ မှကောင်းသူပ
ကောင်းသူကယ်ဖို့ အသက်စွန့်ဖို့ ဝန်မလေးဘူး၊ မင်းရဲ့အခ
အခြဲကို ပြောပြရင် ကူညီမှာ သေချာတယ်'

ပေ့ပေ့က....



'ဦးလေးကော မကူညီနိုင်ဘူးလားဟင်'

ဟု မေးလိုက်သည်။

ဖိုးစုအိမ်က....

'ကျုပ်လဲ ကူညီမှာပါ၊ ဒါပေမယ့် ကျုပ်ရဲ့မိတ်ဆွေ ပါ
ဝင် ဒါ သွားရင် ပိုအကောင်းမလား တွေးမိလို့ပါ'

ပေ့ပေ့ ကျေနပ်သွားလေသည်။

'ဦးကို ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်သည်။

ဖိုးစုအိမ်က ရယ်မောလိုက်လေသည်။

'ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး သို့ ပြောပြီးပါပြီ
လေ၊ သွားကြရအောင်'

'ကောင်းပါပြီရှင်'

နှစ်ယောက်သား ရှေ့ဆက်လှမ်းသွားလိုက်ကြလေသည်၊

မကြာပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးတစ်လုံးရှေ့သို့ ရောက်ရှိသွားကြလေ
သည်။

* * *

သေးငယ်သော်လည်း သပ်သပ်ရပ်ရပ်ရှိသော အိမ်က
တစ်အိမ်ဖြစ်သည်။

ဖိုးစုံအိမ်က အိမ်တံခါးခေါက်လိုက်လေသည်။

'ခေါက်....ခေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှ
ပင်....

'ဘယ်သူလဲ'

မေးမြန်းသံနှင့်အတူ အိမ်တံခါးပွင့်သွားလေသည်။

အရပ်ပိန့်ပိန်ရှည်ရှည်ရှိသူတစ်ယောက် ထွက်လာသည်ကို
တွေ့လိုက်ရလေသည်။



ဖိုးစုံအိမ်က....

'ကျင်းဝမ် ငါဖိုးစုံအိမ်ပါ၊ အကူအညီလိုလို့ မင်းဆီကို
လာခဲ့တာ'

ဟု ပြောလိုက်သည်။

ကျင်းဝမ်ဆိုသူသည် ဖိုးစုံအိမ်အား ချက်ချင်း မှတ်မိလိုက်
လေသည်။

'ဘယ်သူများလဲလို့၊ ဖိုးစုံအိမ်ကိုး'

သူ၏မျက်လုံးများသည် ပေ့ပေ့ထံသို့ တရစ်ဝဲဝဲရောက်
နေ၏။

ပေ့ပေ့မှာ ထိုလူအား သဘောမကျနိုင်အောင်ဖြစ်သွား
လေသည်။

ကျင်းဝမ်က....

'မင်းက ဘယ်လိုအကူအညီမျိုး လိုအပ်နေတာလဲ၊ ပြော
စမ်းပါဦး'

ဟု မေးလိုက်လေသည်။

ဖိုးစုံအိမ်က....

www.burmeseclassic.com

www.burmeseclassic.com



'အရေးကြီးတယ်၊ အိမ်ထဲရောက်မှပြောမယ်'

'ကောင်းပြီ...အထဲဝင်ပါ'

ကျင်းဝမ်က ဖိတ်ခေါ်လိုက်လေသည်။

ဖိုးစုအိမ်က ပေ့ပေ့အားပြုံးပြုရင်း...

'မိန်းကလေး လာပါ'

ဟုခေါ်လိုက်သည်။

သူတို့အိမ်ထဲဝင်ရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်...

'ဘယ်သူများလဲမှတ်တယ်၊ မိန်းကလေးကိုး'

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့တို့လှမ်းကြည့်လိုက်ကြသောအခါ အဘိုးအိုတစ်ယောက် လှမ်းထွက်လာနေသည်ကို မြင်လိုက်ရ၏။

ထိုအဘိုးအိုကို မြင်လျှင်...



'ဟင်...ဗေဒါအဘိုးအို'

ပေ့ပေ့ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ဗေဒါအဘိုးအိုဟူသောအမည်ကို ကြားလိုက်ရသောအခါ ဖိုးစုအိမ်နှင့် ကျင်းဝမ်တို့ မျက်နှာ ပျက်သွားကြလေသည်။

ဖိုးစုအိမ်က...

'မိန်းကလေး... အိမ်ထဲဝင်နေအောင်'

ဟု ခပ်သောသော ပြောလိုက်သည်။

ထိုစဉ်...

'မိန်းကလေး...မင်းက ထောင်ချောက်ထဲကိုရောက်ဖို့ နည်းနည်းပဲ လိုပါတော့လား'

ဗေဒါအဘိုးအိုက ပြောလာလေသည်။

ပေ့ပေ့ ကြောင်အမ်းအမ်း ဖြစ်နေ၏။

သို့သော်...

ညာဘက်ကောင်းသူပီပီတစ်စုံတစ်ခုမှားယွင်းနေပြီဖြစ်ကြောင်း ချက်ချင်း ရိပ်မိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေဒါအဘိုးအိုသည် ထိပ်တန်း သိုင်းသမားကြီး တ[illegible]ယောက်ဖြစ်ပြီး ငွေမင်းသမီး၏လက်မှ သူမအား တစ်ကြိမ်[illegible] ကယ်တင်ခဲ့ဖူးသူ ဖြစ်၏။

ထို့ကြောင့်....

ပေဒါအဘိုးအိုအား သူမက အကြွင်းမဲ့ယုံကြည်ထားလေ[illegible]သည်။

ကျင်းဝမ်၏အိမ်ထဲ မှ ဝင်ဘဲနေလိုက်လေတော့သည်။

အမှန်ဆိုလျှင်....

ဖုံးစုအိမ်နှင့် ကျင်းဝမ်တို့သည် မိန်းမနှင့် ပတ်သက်လာ[illegible]လျှင် နာမည်ပျက်ရှိခဲ့ကြသူများ ဖြစ်လေသည်။

ယခုလည်း ပေ့ပေ့အား လှည့်စားကာဒုက္ခပေးဖို့ကြံစည်[illegible] နေခြင်းဖြစ်သည်။

အတွေ့အကြုံနည်းပါးလှသော ပေ့ပေ့မှာ ဘာကိုမှမရိပ်[illegible]မိဘဲ ဖုံးစုအိမ်နောက်သို့ လိုက်လာမိခဲ့ခြင်းဖြစ်တော့သည်။

ဖုံးစုအိမ်သည် သူ့အပေါ်တွင် ပေ့ပေ့ကသင်္ကာမကင်း[illegible] ဖြစ်သွားကြောင်း ရိပ်မိသွားပြီး ဒေါ်ပွသွားလေသည်။



'ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့်ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲ ဝင်ရှုပ်ရတာလဲ'

ဟု ဝေါက်လိုက်လေသည်။

ပေဒါအဘိုးအိုက....

'ဖုံးစုအိမ်....မင်းတို့အကြောင်း မသိရင်ခက်မယ်၊ ဒီမိန်းကလေးကို ဒုက္ခပေးမယ်ဆိုရင် ငါက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ငါ ဘယ်သူဘယ်ဝါဆိုတာ မင်းတို့သိကြပါတယ်'

ဟု တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

ဖုံးစုံအိမ် သက်ပြင်းချလိုက်သည်။

'ခင်ဗျားက တိုက်တိုက်ဆိုင်ဆိုင် ဒီလမ်းကြားထဲရောက်လာတာကိုး၊ ကောင်းပြီ၊ မိန်းကလေးကို ခေါ်သွားနိုင်ပါပြီဗျာ'

ဟု အလျှော့ပေးလိုက်လေသည်။

ပေ့ပေ့ မကျေမနပ်ဖြစ်သွားလေသည်။

'ရှင်တာ ကျွန်မကို လိမ်ညာပြီးခေါ်လာတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဟု ရန်တွေ့လိုက်လေသည်။

ဖိုးစုအိမ်က....

'ကျုပ်က လိမ်ပြောနေတယ်ဆိုတာ မင်း မရိပ်မိဘူးလား'

'ရှင်....ရှင်လူယုတ်မာ'

'ခေတ်စမ်း၊ မင်းလောက်အယုံသွယ်တဲ့ မိန်းကလေးမျိုးလဲ မတွေ့ဖူးသေးဘူး'

ဖိုးစုအိမ်က အော်ပြောလိုက်ပြီး အိမ်ထဲဝင်ကာ တံခါးကို ဒုန်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်လေတော့သည်။

* * *

အခြေအနေမှန်ကို သိလိုက်ရသောအခါ ပေ့ပေ့ ဒေါသ ထွက်သွားမိလေသည်။

သူမ၏အသားများ ဘာဆတ်ဆတ် တုန်ယင်နေပါတော့ သည်။



ဖိုးစုအိမ်တို့အား တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာ၏။

သို့သော်....

သူမသည် ငူငူကြီး ရပ်နေမိတော့သည်။

ထိုစဉ်....

'ကျုပ်တို့သွားကြစို့'

ဗေဒါအဘိုးအိုမှာ ပြောလာလေသည်။

ပေ့ပေ့က သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီရှင်'

သူမသည် ဗေဒါအဘိုးအိုနောက်သို့ ကောက်ကောက်ပါ အောင် လိုက်သွားလေတော့သည်။

* * *

ည....

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် ဝန်းကျင်တစ်နေ့လုံး သာယာလှပနေပါတော့သည်။

ပေ့ပေ့နှင့် အဘိုးအိုတို့သည် မြို့စွန်တစ်နေရာသို့ ရောက်ရှိလာကြပြီးဖြစ်လေသည်။

ဗေဒါအဘိုးအိုက ခြေလှမ်းရပ်လိုက်၏။

လရောင်အောက်တွင် နတ်မိမယ်လေးအလား ချောမောလှပနေသော ပေ့ပေ့ကိုကြည့်ကာ သက်ပြင်းချလိုက်လေသည်။

'မိန်းကလေး....မင်း အိမ်မပြန်သေးဘူးလား'

ဟု မေးလိုက်လေသည်။

ပေ့ပေ့ ခေါင်းခါယမ်းလိုက်၏။

'မပြန်နိုင်သေးပါဘူးရှင်'

ဗေဒါအဘိုးအိုက....

'ဘာဖြစ်လို့လဲ'

'ကျွန်မမှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိနေလို့ပါ'



'မင်းရဲ့လူတွေကော'

'သူတို့ကတော့ အိမ်ပြန်သွားကြပါပြီ၊ ကျွန်မအစ်ကိုရဲ့ အသက်ကိုကယ်တင်ခဲ့တဲ့အတွက် ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး'

ပေ့ပေ့က လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ကာပြောလိုက်လေသည်။

ဗေဒါအဘိုးအို လက်ကာပြလိုက်သည်။

'ဒါက....အရေးမကြီးပါဘူး၊ အရေးကြီးတာက မင်းမှာ ဘယ်လိုကိစ္စရှိလို့ တစ်ယောက်တည်းလျှောက်သွားနေရတာလဲ၊ ပြောစမ်းပါဦး'

ဟု မေးလေသည်။

ပေ့ပေ့က....

'ကျွန်မဟာ အကူအညီပေးနိုင်မယ့်လူတစ်ယောက်ကို လိုက်ရှာနေတာပါ'

ဗေဒါအဘိုးအိုက....

'လက်စသတ်တော့ မင်းဟာ အကူအညီလိုတဲ့လူတစ်ယောက်ဖြစ်နေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့က....

'ဟုတ်ပါတယ်ရှင်'

ဟု အကျိုးအကြောင်းရှင်းပြလိုက်၏။

ယခုတစ်ကြိမ်....

လုံးမ၏အခက်အခဲနှင့် သိုင်းလောကသို့ ထွက်လာရသ[ည့်] အကြောင်းရင်းကို ရှင်းပြရသည်မှာ ကျေနပ်စရာကောင်း[ပေ] သည်ဟု သူမထင်မိလေသည်။

ပေဒါအဘိုးအို သက်ပြင်းချလိုက်သည်။

'မင်းဟာ သိုင်းဆရာဟန်ချုံးရဲ့တပည့် ဖြစ်နေတာကိုး'

'ဟုတ်ပါတယ်ရှင်'

ပေဒါအဘိုးအိုက တည်ကြည်သောမျက်ထားဖြင့်....

'ဟန်ချုံးဟာသိုင်းသမားကောင်းတစ်ယောက်ပါ၊ သူဟာ ဒုစရိုက်သမားတစ်ယောက်ရဲ့လုပ်ရပ်ကို ဖော်ထုတ်ဖို့ကြိုးစား ရင်း အသက်ဆုံးရှုံးသွားခဲ့ရတယ်၊ တကယ်တော့ ရင်နာစရာ ကောင်းပါတယ်'

ဟု ပြောလာလေသည်။

[ရှ]င်'

ပေ့ပေ့ အံ့ဩသွားသည်။

ပေဒါအဘိုးအိုအား မယုံကြည်နိုင်စွာကြည့်ရင်း....

'ဆရာဟာ ဒုစရိုက်သမားတစ်ယောက်ရဲ့လက်ချက်နဲ့ သေ သွားရတာလို့ ဟုတ်သလား'

ဟု မေးလိုက်လေသည်။

ပေဒါအဘိုးအိုက....

'ဟုတ်တယ်...မင်းမသိဘူးလား'

'ကျွန်မဟာ ဆရာနဲ့အဆက်အသွယ် ပြတ်နေတာ ခြောက် လောက်ရှိပါပြီ၊ ဘာမှမသိလိုက်ရပါဘူးရှင်'

'အင်းလေ....မင်းက ချူးပြည်နယ်က ဘယ်မှမထွက်ဘူးဆို [တော့] မသိတာမဆန်းပါဘူး၊ ဟန်ချုံးမှာ တပည့်တွေကျွန် [ခဲ့]တယ်ဆိုတာသိရလို့ ဝမ်းသာစရာပါပဲ'

ပေ့ပေ့က....

'ဆရာ့ကို ဘယ်သူကလုပ်ကြံသွားတယ်ဆိုတာသိရင် ပြော ပါလားရှင်'

ဟု တောင်းပန်လိုက်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပေဒါအတိုးသို့ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်လဲ သေသေချာချာမသိဘူး၊ သိုင်းလောကသား တွေပြောနေကြတဲ့အတိုင်းဆိုရင် ရှင်ပျော်ပျော်တောင်ကြား နဲ့ပတ်သက်နေလိမ့်မယ်'

ပေ့ပေ့ ပို၍စိတ်ဝင်စားသွားလေတော့သည်။

BURMESE CLASSIC .com

သူမသည် ဟန်ချုံး၏နေအိမ်သို့ ရောက်ရှိခဲ့ပါသည်။

အိမ်တံခါးပိတ်ထားသဖြင့် အနီးပတ်ဝန်းကျင် စုံစမ်း ကြည့်သောအခါ ဟန်ချုံးသေဆုံးသွားပြီဟု သိခဲ့ရလေသည်။

အိမ်နီးပါးချင်းများထံ၌ စုံစမ်းကြည့်သော်လည်း မည်သူ ကမျှ သူမအား စကားဟဟမပြောကြချေ။

ဟန်ချုံးအကြောင်း ဘာမှစုံစမ်း၍မရခဲ့ပါ။

သူမ စိတ်ပျက်လက်ပျက်ဖြင့်ထွက်လာခဲ့ပြီး မြို့ကလေးတစ် မြို့သို့ရောက်လာချိန်တွင် ဖိုးစုံအိမ်နှင့်တွေ့ဆုံခဲ့ရခြင်း ဖြစ်လေ သည်။

ဟန်ချုံး၏ကျေးရွာမှလူများက သူမအား မလိုလားသည့် အကြည့်ဖြင့် ကြည့်ကြခြင်း၊ စကားမပြောလိုကြခြင်းသည်



ဘယ့်ကြောင့် ဖြစ်ကြောင်း သူမ နားလည်လာလေတော့ သည်။

ပေ့ပေ့က ပေဒါအတိုးအိုအား ဦးညွှတ်လိုက်ပြီး....

'ရှင်ပျော်ပျော်တောင်ကြားနဲ့ ဘယ်လိုပတ်သက်နေသလဲ ဆိုတာ ပြောပြပါလားရှင်'

ဟု မေးလိုက်လေသည်။

ပေဒါအတိုးအိုက....

'ကျုပ်သိရသလောက်တော့ မိန်းမလှလေးတွေကို ကျေး ကျွန်အဖြစ်လိုက်ဖမ်းနေတဲ့ လူတစ်ယောက်နဲ့ ဟန်ချုံးရင်ဆိုင် ခဲ့မိတယ်၊ အဲဒီလူရဲ့လက်ချက်ကြောင့် မင်းရဲ့ဆရာသေဆုံး သွားခဲ့ရတာပဲ'

ပေ့ပေ့ အံကြိတ်လိုက်သည်။

'ရှင်ပျော်ပျော်တောင်ကြားကို ကျွန်မ ဘယ်နည်းနဲ့မှ ခွင့် လွှတ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။

ပေဒါအတိုးအိုက ဘာမှမပြောဘဲ သက်ပြင်းအခါခါချနေ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မေ့မေ့သည် ပြောပြီးမှ ရှင်ပျော်ပျော်တောင်ကြ
ပိုင်ရှင်နှင့် ပေဒါအတိုးအိုတို့ ပတ်သက်နေကြောင်း ဆင်
မိကာ ပေဒါအတိုးအိုအား လှမ်းကြည့်လိုက်ကြလေသ

မေ့မေ့က...

'ရှင်ပျော်ပျော်တောင်ကြီးဟာ မိန်းကလေးတွေကိုအ
လိုက်ပြီးဖမ်းဆီးနေတယ်ဆိုတာ မတရားတဲ့လုပ်ရပ်ပါ၊
ကြောင့် သူတို့ကိုသန့်တားရမှာဖြစ်ပါတယ်၊ ဦးက ကျွန်မ
စိတ်မဆိုးစေချင်ပါဘူး'

ဟု ခေါင်းပန်လိုက်လေသည်။

ပေဒါအတိုးအို သက်ပြင်းချလိုက်သည်။

'ရှင်ပျော်ပျော်တောင်ကြီးရဲ့လုပ်ရပ်တွေဟာ မှားယွင်
နေတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် မိန်းကလေ
ပြောတာ ကျုပ် စိတ်မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်စဉ်းစာ
မိတာ တစ်ခုရှိပါတယ်'

'ဟုတ်ကဲ့...ပြောပါရှင်'

'မင်းရဲ့ဆရာမသေဆုံးသွားတဲ့ကိစ္စမှာ ရှင်ပျော်ပျော်တောင်
ကြီးရဲ့လက်ချက်လို့ လူတွေက ပြောနေကြပေမယ့် ကျုပ်က
တော့ မထင်ဘူး'



'ရှင်... ဘာကြောင့်များလဲ'

မေ့မေ့ အံ့သြသွားလေသည်။

'ဟန်ချုံး သေသွားတာဟာ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့
ုးကြောတွေပေါက်ပြန့်ပြီး ကလီစာတွေ ပျက်စီးသွားလို့
ရတာ၊ တခြားဘယ်လိုဒဏ်ရာဒဏ်ချက်မျိုးမှ မတွေ့ရဘူး
လို့ ပြောကြတယ်၊ ရှင်ပျော်ပျော်တောင်ကြီးရဲ့ လက်ချက်
ဆိုရင် ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်တစ်ခုခုတော့ တွေ့ရ
မှာပဲ၊ ကျုပ်က သံသယဝင်ခဲ့ပေမယ့် ဘယ်သူ့ကိုမှ မပြောခဲ့
ပါဘူး၊ မင်းဟာ ဟန်ချုံးရဲ့တပည့်ဆိုလို့ ပြောပြတာပါ'

မေ့မေ့ တွေဝေသွားလေသည်။

စဉ်းစားကြည့်လိုက်သောအခါ ပေဒါအတိုးအိုသည် ရှင်
ပျော်ပျော်တောင်ကြီးဘက်မှလိုက်ကာ ကာကွယ်ပြောဆိုမည့်
သူတစ်ယောက်မဟုတ်ဟု ယုံကြည်မိလေသည်။

ပေဒါအတိုးအိုကိုကြည့်ရင်း...'

'ကျွန်မဆရာ သေဆုံးသွားခဲ့ရတာဟာ ဘယ်သူ့လက်ချက်
ကြောင့်လို့ ဦးထင်သလဲ'

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါအဘိုးအိုက....

'ဘယ်သူ့လက်ချက်လဲဆိုတာတော့ ကျုပ်လဲမပြောတတ်ဘူး၊ ခန္ဓာကိုယ်ထဲကသွေးကြောတွေဖောက်ပြန်ပြီး ချက်ချင်းလဲကျသေဆုံးသွားအောင်လုပ်နိုင်တဲ့ပညာမျိုး သိုင်းလောကမှာ ရှားတယ်၊ ဒီပညာမျိုးတတ်ထားလူအချို့ သေကုန်ကြပြီ... ကျန်တဲ့လူတွေလဲ လူဆိုးတွေ မဟုတ်ကြဘူး'

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

ဗေဒါအဘိုးအိုကိုယ်တိုင် ဇဝေဇဝါ ဖြစ်နေ၍ သူမအားနှင့်လည်း မည်သူ့မျှသိနိုင်တော့မည်မဟုတ်ကြောင်း ဆင်ခြင်မိခဲ့လေသည်။

ဗေဒါအဘိုးအိုမသိနိုင်သေးသော ရှင်ပျော်ပျော် တောင်... ကြားမှ လူတစ်ယောက်၏လက်ချက်ဖြစ်ရမည်ဟုယုံကြည်ထား... လိုက်ခဲ့လေတော့သည်။

ဗေဒါအဘိုးအိုက....

'တစ်နေ့တော့ အဖြေပေါ်လာမှာပါ၊ ဒါပေမယ့် မင်း... ဘာဆက်လုပ်ဖို့ စိတ်ကူးထားသလဲ'

ဟု မေးလေသည်။



ပေ့ပေ့က....

'ဆရာမရှိတော့ပေမယ့် မီးနဂါးကို နှိမ်နင်းနိုင်မယ့်လူတစ်ယောက်ကို ရှာဖွေပြီး အကူအညီတောင်းမယ်လို့ စိတ်ကူးထားပါတယ်'

သူမသည် ဗေဒါအဘိုးအိုအား အားကိုးတကြီး ကြည့်လိုက်၏။

ဗေဒါအဘိုးအိုက ကူညီလျှင် မည်မျှကောင်းမည်နည်းဟု တွေးမိသည်။

ဟန်ချူး၏ကိစ္စသည် သူမ၏ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်သည်။

မီးနဂါးအား နှိမ်နင်းဖို့သည် အများအတွက် ဖြစ်သည်။

ထို့ကြောင့်....

မီးနဂါးအား နှိမ်နင်းဖို့ကိစ္စကို ဦးစားပေး ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။

ဗေဒါအဘိုးအိုက....

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးကို ကျုပ်က ကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးလို့ မကူညီနိုင် ကို ခွင့်လွှတ်စေချင်တယ်'

ဟု တောင်းပန်လေသည်။

ပေ့ပေ့ စိတ်မကောင်းဖြစ်သွားသော်လည်း....

'ကိစ္စမရှိပါဘူးရှင်'

ဟု ပြောလိုက်လေသည်။

ဗေဒါအဘိုးအိုက...

'ကျုပ်ကိုယ်တိုင် မကူညီနိုင်ပေမယ့် မင်းကို ကူညီနိုင်မယ့် လူတစ်ယောက်ဆီကိုတော့ လမ်းညွှန်ပေးလိုက်ပါမယ်'

ပေ့ပေ့က....

'ဟုတ်ကဲ့.... ကျေးဇူးပါပဲရှင်'

ဗေဒါအဘိုးအိုက ...

'ဟိုပေမြို့ကိုသွားပါ၊ အဲဒီမှာ သိုင်းသမားတစ်ယောက် ရှိတယ်၊ သူက မင်းကိုကူညီပါလိမ့်မယ်'



ပေ့ပေ့က....

'အဲဒီလူဟာ'

'သူဟာ မေတ္တာခြံဝင်းပိုင်ရှင်ပါ၊ သိုင်းလောကမှာအစဉ်အလာရှိခဲ့ဘူးတယ်၊ ဘယ်သူမဆို ခက်ခဲကြုံသောချိန် မေတ္တာခြံဝင်းကို သွားပြီး အကူအညီ တောင်းနိုင်ပါတယ်၊ မေတ္တာခြံဝင်းပိုင်ရှင်ဟာ ရောက်လာသူတွေရဲ့ အခက်အခဲကို တင်ပြတာတွေကို နားထောင်ပြီး သိုက်သင့်သလို အကူအညီ ပေးလေ့ရှိတယ်၊ သူတို့ဆီကို ရောက်သွားပြီး အကူအညီ တောင်းရင် ဘယ်သူ့ကိုမှ ငြင်းပယ်လေ့ လုံးဝမရှိဘူး'

ပေ့ပေ့က....

'ကျွန်မ မေတ္တာခြံဝင်းကို သွားသင့်တယ်လို့ ဦးက ဆိုလိုတာပေါ့ ဟုတ်လား'

ဟု မေးလိုက်လေသည်။

ဗေဒါအဘိုးအို ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်တယ်....သိုင်းလောကမှာ ဘယ်သူမဆို အခက်အခဲ ဒုက္ခကြုံတွေ့လာပြီဆိုရင် မေတ္တာခြံဝင်းကိုသွားပြီး အကူအညီ တောင်းကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့က....

'ကျွန်မက မေတ္တာခြံဝင်းကို သွားပြီး အကူအညီတောင်းရင်ကော သူတို့ ကူညီကြပါ့မလား'

ဗေဒါအဘိုးအို ပြုံးလိုက်သည်။

'ကျုပ် ပြောပြီးပြီလေ၊ မင်းကိုငြင်းကြမှာ မဟုတ်ဘူး၊ နောက်ဆုံး သူတို့ကိုယ်တိုင် မင်းကိုအကူအညီမပေးနိုင်ကြဘူးထားဦး၊ ကူညီနိုင်မယ့်လူဆီကို လွှတ်ပေးကြလိမ့်မယ်'

ပေ့ပေ့က....

'ခုလိုလမ်းညွှန်ပေးတဲ့အတွက် ဦးရဲ့ကျေးဇူးကိုဘယ်တော့မှ မမေ့ပါဘူးရှင်'

ဟု ဦးညွှတ်ကာ ပြောလိုက်လေသည်။

ဗေဒါအဘိုးအိုက....

'ကျုပ်ကလဲ မင်းရဲ့စိတ်နေသဘောထားကို ချီးကျူးပါတယ်၊ မင်းဟာ ကိုယ်ရေးကိုယ်တာထက် အများအကျိုးကို ဦးထိပ်ထား ဆောင်ရွက်နေတဲ့လူ မဟုတ်လား'

ပေ့ပေ့က ပြုံးလိုက်လေသည်။



ဗေဒါအဘိုးအိုက....

'မင်းက မေတ္တာခြံဝင်းကို သွားမယ်မဟုတ်လား'

ဟု မေးလေသည်။

ပေ့ပေ့ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ကျွန်မ သွားမှာပါ'

'ကောင်းပြီ'

မေတ္တာခြံဝင်းသို့ မည်သို့မည်ပုံသွားရမည်ဆိုသည်ကိုလမ်းညွှန်ပေးလေသည်။

ပေ့ပေ့က သေသေချာချာမှတ်ထားလိုက်၏။

ဗေဒါအဘိုးအိုက....

'ဒီညတော့ ကျုပ်မိတ်ဆွေ ကပ္ပိယကြီးရှိတဲ့ဘုံကျောင်းမှာသွားပြီး အနားယူကြတာပေါ့၊ မနက်မှလိုရာခရီး ဆက်ပေါ့၊ မကောင်းဘူးလား'

ပေ့ပေ့က သဘောတူလိုက်သည်။

ထို့နောက်....

နှစ်ယောက်သား ခပ်သွက်သွက် ထွက်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာခြံဝင်း

ပေ့ပေ့သည် မေတ္တာခြံဝင်းသို့ ရောက်ရှိလာလေသည်။

ဂိတ်ပေါက်မှ ခင်းထားသော မြေနီလမ်းလေးကို ဖြတ်ကျော်ပြီးလျှင် သစ်ပင်များအုံ့အုံ့ဆိုင်းဆိုင်းရှိနေသော ခြံဝင်းတစ်ခုအား တွေ့လိုက်ရလေသည်။

ပေ့ပေ့ ဝမ်းသာသွားသည်။

သူမသည် မေတ္တာခြံဝင်းသို့ အရောက်လာနိုင်ခဲ့ပြီမဟုတ်ပါလား။

မေတ္တာခြံဝင်းသည် သိုင်းလောကသားများ အခက်ကြုံတိုင်း လာရောက်အကူအညီတောင်းကြသော နေရာတစ်ခု ဖြစ်လေသည်။



မေတ္တာခြံဝင်းသည်လည်း လူတိုင်းအား ကူညီနေသော ခြံဝင်းတစ်ခုဖြစ်လေသည်။

ထို့ကြောင့်....

သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေမည် ဖြစ်သလို ခမ်းနားသည့်ဝါမှုအပေါင်း ခညားဝင်းနေမည်ဟု ပေ့ပေ့ ယုံကြည်ထားလေသည်။

မေတ္တာခြံဝင်းသို့ သွားရောက် အကူအညီတောင်းသူကို သည်ပင် မဝံ့မရဲဖြစ်ရလေသည်။

မည်သို့ဆိုစေ....

မီးနဂါးသား သုတ်သင်ရှင်းလင်းပစ်ဖို့ အရေးကြီးနေသည်မို့ မေတ္တာခြံဝင်းသို့ အရဲစွန့်လာရောက်ခဲ့ရခြင်း ဖြစ်ပေတော့သည်။

သူမသည် ခပ်သုတ်သုတ်လျှောက်လာရင်း မေတ္တာခြံဝင်း ရှေ့သို့ ရောက်လာသောအခါ ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

ပတ်ဝန်းကျင်ကိုလည်း တစ်ချက်ဝေ့ကြည့်လိုက်၏။

သူမသည် အလွန်ချောင်ကျလှသောနေရာတစ်ခုသို့ ရောက်နေခြင်းဖြစ်ကြောင်း ဆင်ခြင်မိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်၌ လူနေအိမ်ခြေမရှိဘဲ သစ်ပင်ချုံနွယ်များ ကြီးစိုးနေပါသည်။

လူသွားလူလာမဆိုထားနှင့် လေလွင့်ခွေးများပင် မတွေ့ရချေ။

ကျေးငှက်ကလေးများ၏ဘာသာဘာဝတေးဆိုသံကိုလည်း ကြားနေရလေသည်။

လောကကြီးနှင့် အဆက်အသွယ်ပြတ်နေသော သီးခြားနေရာတစ်ခုသို့ရောက်လာခြင်းဟုပင် ထင်ရလေသည်။

ထိုမျှမကသေး....

ပေ့ပေ့က မေတ္တာခြံဝင်းဆိုသောခြံဝင်းကြီးအား အကဲခတ်ကြည့်လိုက်လေသည်။

ခြံဝင်းမှာ ကြီးမားကျယ်ဝန်းလှပေသည်။

မေတ္တာခြံဝင်းအတွင်း၌ သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းနေ၏။

လူသူအရိပ်အယောင်မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်ခု၏ခေါင်မိုးကို တွေ့မြင်နေရသည်။



သိုင်းလောကသားတိုင်းကို အကူအညီပေးနိုင်တဲ့ နေရာတစ်ခုဟာ သုသာန်ဘစ်စပြင်လို တိတ်ဆိတ်ငြိမ်သက်နေတာ ဘာသဘောလဲ'

ဟု တိုးတိုးရေရွတ်လိုက်သည်။

ရှေ့ဆက်သွားသင့် မသွားသင့် ဝေခွဲမရ ဖြစ်သွားလေသည်။

အဘန်ကြာအောင် ငြိမ်သက်နေပြီးမှ....

'မဖြစ်သေးပါဘူးလေ၊ ပေဒ္ဒါအဘိုးအိုကိုယ်တိုင် စေလွှတ်လိုက်တယ်ဆိုတော့ ငါသွားတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်'

ဟု တွေးပြီး ရှေ့ဆက်လှမ်းသွားလိုက်လေသည်။

မကြာပါချေ။

ခြံဝင်းရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေတော့သည်။

ခြံဝင်းအုတ်နံရံများ ပြိုကျနေသည်၊

အုတ်တံတိုင်းပေါ်၌ ရေညှိများတက်နေသကဲ့သို့ ချုံနွယ်များလည်း နွယ်တက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငုက်ကလေးတစ်ကောင်သည် ပေ့ပေ့ကိုမြင်လျှင်အဝေး
သို့ ပျံသန်းသွားလေသည်။

ခြံဝင်းတံခါးမကြီးမှာလည်း ပိတ်၍မရအောင် တွဲလွဲကျ
နေသည်။

ယိုယွင်းချေးတက်နေပြီဖြစ်သော သံတံခါးပေါ်၌ ..

'မေတ္တာခြံဝင်း'

ဟု ရေးထားသော ကြေးဆိုင်းဘုတ်ကြီးရှိနေ၏။

ထို့ကြောင့် ဆိုင်းဘုတ်သည်လည်း အရောင်အဆင်းမှေး
မှိန်ကာ ကြေးညှိများ တက်နေပြီဖြစ်ပါသည်။

ပေ့ပေ့အံ့သြသွားသည်။

'ခြံဝင်းပျက်ကြီးတစ်ခုဖြစ်နေပြီ၊ ငါဘာဆက်လုပ်ရမလဲ'

သူမ တွေးနေသည်ဖြစ်သော်လည်း ခြေလှမ်းများက ခြံ
ဝင်းအတွင်းသို့ လှမ်းဝင်သွားပြီး ဖြစ်နေပါတော့သည်။

ကျိုးပဲ့ပျက်စီးကာ ချိုင့်ခွက်များ ဖြစ်နေပြီဖြစ်သော
ကျောက်ပြားလမ်းအတိုင်း လျှောက်သွားရင်း သစ်ပင်ချုံနွယ်
များကြားမှ ဖြတ်သွားရင်း တစ်ခဏအကြာတွင် ဟောင်းနွမ်း



ယိုယွင်းပြိုကျနေပြီဖြစ်သော အဆောက်အအုံကြီး တစ်ခုအား
မြင်လိုက်ရလေသည်။

နံရံပေါင်းများစွာကပင် ဆောက်လုပ်ခဲ့ပုံရှိလေသည်။

ယခုတော့....

ပြုပြင်ထိန်းသိမ်းခြင်းမရှိသဖြင့် ယိုယွင်းပျက်စီးနေပြီ ဖြစ်
သည်ကို တွေ့ရလေသည်။

ပေ့ပေ့က အဆောက်အအုံကြီးကို ငေးကြည့်နေစဉ်
မှာပင်....

'မိန်းကလေး၊ မေတ္တာခြံဝင်းက ကြိုဆိုပါတယ်'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ
သည်။

ပေ့ပေ့ ရင်ထိတ်သွား၏။

ကပျာကယာလှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

မလှမ်းမကမ်း၌ အဘိုးအိုတစ်ယောက်ရှိနေသည်ကို တွေ့
မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ ချုံကြမ်းအင်္ကျီများဝတ်ဆင်ထားပြီး အသာ ခြောက်ဆယ်ခန့် ရှိလေသည်။

ဥပဓိရုပ်ကည်ကြည်ခန့်ညားသည်။

ကြည့်ညိုလေးစားဖွယ်ကောင်းသောအသွင် ရှိလေသည်။

ပေ့ပေ့ ဝမ်းသာသွားလေသည်။

မေတ္တာခြံဝင်းမှ လူတစ်ယောက်အား တွေ့လိုက်ရပြီမဟုတ် ပါလား။

ပေ့ပေ့က ဦးညွှတ်ဂါရဝပြုလိုက်ပြီး....

'ဟုတ်ပါတယ်ရှင်၊ ဦးဟာ မေတ္တာခြံဝင်းကပါသလားရှင်'

ဟု မေးလိုက်လေသည်။

အဘိုးအို ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ်ဟာ မေတ္တာခြံဝင်းက အိမ်ထိန်းကျီး ချိုပါ၊ မိန်းကလေးက....'

ပေ့ပေ့က....

'ကျွန်မမှာ အခက်အခဲတစ်ခုရှိနေလို့ မေတ္တာခြံဝင်းကို လာပြီးအကူအညီတောင်းတာပါရှင်'



လာရင်းကိစ္စကို ပြောပြလိုက်လေသည်။

အဘိုးအို(ဝါ) အိမ်ထိန်းကြီးကျီးချို မျက်နှာပျက်သွား ကို ပေ့ပေ့ အမှတ်မထင် သတိပြုမိလိုက်လေသည်။

သို့သော်....

ကျီးချိုသည် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်၏။

ဆက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်ပြီး....

'ဪ....မိန်းကလေးက မေတ္တာခြံဝင်းမှာလာပြီး အကူ တောင်းနေတာကို၊ ဒီလိုကိစ္စဟာ တကယ်ပဲတစ်ကျော့ ပြီးဖြစ်ပေါ်လာပြီလား'

ဟု ရေရွတ်လိုက်လေသည်။

ပေ့ပေ့ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ကျီးချိုပြောသည့် စကားကို နားမလည်နိုင်အောင် ဖြစ် းလေသည်။

ကျီးချိုက....

'မေတ္တာခြံဝင်းကို အကူအညီတောင်းတဲ့လူတွေ ရောက် တာ ဆယ်နှစ်ဆယ်မိုးမကြာတော့ဘူး၊ အားလုံးက မေ့

www.burmeseclassic.com

သွားလိုက်ကြပြီထင်တာ၊ အင်း....သခင်ကြီးတို့ မရှိကြတော့ ကတည်းကပေါ့လေ'

ဟု ပြောလေသည်။

ပေ့ပေ့က ငေးကြည့်နေ၏။

ကြီးချိုက ဆက်ပြောလေသည်။

'မေတ္တာခြံဝင်းကို အကူအညီကောင်းမယ့်လူတွေ ရော... မလာသလို မေတ္တာခြံဝင်းကလဲ ဘယ်သူ့ကိုမှလဲ အကူအ... မပေးခဲ့တာကြာပါပြီ'

ပေ့ပေ့ ရင်ထိတ်သွားသည်။

'ရှင်'

သူမ လွှတ်ခနဲရေရွတ်လိုက်လေသည်။

ကြီးချိုက....

'အထဲကိုကြွပါ မိန်းကလေး'

ဟု ဖိတ်ခေါ်လိုက်လေသည်။

အဆောက်အအုံကြီးဆီသို့ လှမ်းသွား၏။



ပေ့ပေ့ မနေနိုင်တော့ဘဲ လိုက်သွားရလေသည်။

အဆောက်အအုံအတွင်းသို့ ဝင်ရောက်မိသည်နှင့် ပေ့ပေ့ ...ချက်ချင်း ပြန်သည်ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာ...လသည်။

အကြောင်းကား....

အဆောက်အအုံကြီးမှာ ရှေးဆန်လွန်းလှသည့်အပြင် ပရိ...ဘောဂပစ္စည်းများမှာလည်း ရှေးကျလှသည်။

...ဖုန်များ ပင့်ကူအိမ်များ...ပြည့် ပြည့်နှက်နေသည်။

ထို့အပြင်....

အနံ့အသက်မကောင်းတဲ့ မှို...စော်နံ့နေ၏။

လူသူမနေတဲ့ မကောင်းဆိုးဝါးများနေထိုင်သည့် နေရာ...တစ်ခုကဲ့သို့ ထင်စရာရှိခြင်းကြောင့် ဖြစ်လေသည်။

'ထိုင်ပါ'

ကြီးချိုက ထိုင်ခုံတစ်လုံးအား ညွှန်ပြ ကာ ပြောလေသည်။

'ကျေးဇူးပါပဲရှင်'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့က ထိုင်ခုံ၌ ဖုန်ခါပြီးထိုင်ချလိုက်လေသည်။

ကျီးချိုသည် ပေ့ပေ့၏လှုပ်ရှားပုံကို မျက်ခြည်မပြတ်ကြ နေ၏။

ပေ့ပေ့က ဖုန်ခါပြီးထိုင်လိုက်သည်ကိုမြင်လျှင် သူ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသ

'ခဏလေးနော်'

ဟု ပြောကာ ထွက်သွားလေသည်။

ပေ့ပေ့က ထိုင်စောင့်နေလိုက်သည်။

ကျီးချိုကား တော်တော်နှင့် ပြန်ရောက်မလာတော့ချေ

ပေ့ပေ့ စိတ်ပျက်လာသည်။

'ဘယ်လိုလူတွေမှန်းလဲမသိဘူး'

သူမစိတ်ထဲမှ ညည်းတွားလိုက်မိသည်။

သို့သော်....

မီးနဂါးကြောင့် ဒုက္ခရောက်နေရသူများအား ကူညီရန် ကြိုးစားဖို့ သူမ ခရီးထွက်လာခြင်းဖြစ်ကြောင်း သိုင်းလောက



၌အန္တရာယ်များပြီး အကူအညီပေးမည့်သူအား တွေ့ရဖို့မလွယ် ကြောင်းတွေးမိလျှင် စိတ်ပျက်မှုအပေါင်းသည် သူမထံမှ ယ်ခွာသွားတော့သည်။

အကူအညီရဖို့ သည်းခံရမည်၊ စိတ်ရှည်ရမည်ဖြစ်ကြောင်း သည်း နားလည်လာသည်။

ပေ့ပေ့၏ဦးခေါင်း ကြည်ကြည်လင်လင်ဖြစ်လာသလို စိတ်ထဲရွှင်ရွှင်ပျပျဖြစ်လာလေသည်။

ထိုစဉ်....

'မိန်းကလေး စောင့်နေရတာ အားနာစရာကောင်းလိုက်တာ'

စကားသံနှင့်အတူ ကျီးချိုက ပြန်ရောက်လာလေသည်။

သူ၏လက်ထဲ၌ လင်ဗန်းတစ်ချပ်ကိုင်ထားပြီး ရေနွေးကြမ်းကရားနှင့် မုန့်အချို့ပါလာသည်ကို တွေ့ရ၏။

'သုံးဆောင်လိုက်ပါဦး မိန်းကလေး'

ကျီးချိုက ညှို့ဝင်ပြုံးလာလေသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲရှင်'

ကျီးချိပေးသော ရေနွေးကြမ်းကိုသောက်ကာ မုန့်တ
ကိုစားလိုက်လေသည်။

ကျီးချိက သူမအား အကဲခတ်ကြည့်နေပါသည်။

ဖေ့ဖေ့က....

'ကျွန်မက....'

သူမသည် လေးရှင်းကိုစွကို စကားစခုန်ဟန်ပြင်လိုက်ေ
သည်။

ကျီးချိက....

'မိန်းကလေး၊ မေတ္တာဂြိဟ်မှာ အကူအညီလာတောင်
တာကို မေတ္တာဂြိဟ်က ဝမ်းပမ်းဘသာကြိုဆိုပါတယ်ကွယ်
ဒါပေမယ့် မေတ္တာဂြိဟ်အကြောင်းကို အရင်ဆုံးပြော
ပြပါရစေလား'

ဟု ပြောလာသည်။

ဖေ့ဖေ့က...

'ဟုတ်ကဲ့၊ ကျွန်မ နားထောင်နေပါတယ်ရှင်'



ကျီးချိက....

'ဒီလိုပါမိန်းကလေး၊ ကျုပ်တို့မေတ္တာဂြိဟ်ဟာ သိုင်း
လောကမှာ ထည်သည်ဝါ ရပ်တည်နိုင်ခဲ့ပြီး အများအကျိုး
သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ခဲ့တာ လူဘိုင်းသိကြ
ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ရင်နာစရာ
အဖြစ်ဆိုးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ် မိန်းကလေး'

ဖေ့ဖေ့က....

'ဘယ်လိုအဖြစ်မျိုးလဲရှင်'

ဟု မေးလိုက်မိလေသည်။

ကျီးချိက ...

'မေတ္တာဂြိဟ်မှာ မခံဘဲအဆိုးလောင်မှုဖြစ်ပွားခဲ့တာ
ပါပဲ မိန်းကလေး'

'ဗြာ'

'မီးဟာ ဘယ်ကဘယ်လိုစလောင်တယ်ဆိုတာ မပြောနိုင်ဘူး
ကြပါဘူး၊ ဒါပေမယ့် မီးလောင်လိုက်တဲ့အတွက် မေတ္တာ
ဂြိဟ်ရဲ့ အဆောက်အဆောင်တစ်ခုလုံး မီးလောင်ပြာကျ
သွားခဲ့ရပါတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ကျီးချို၏အသံ တုန်ခါလာလေသည်။

ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များမျက်နှာပေါ်၌ ထင်ဟပ်လာလေတော့သည်။

'မေတ္တာဂေဟာပိုင်ရှင် ဇနီးမောင်နှံနှစ်ယောက်စလုံးဟာ အရှေ့ဘက်အဆောင်မှာ နေကြတာဆိုတော့ မီးထဲကိုနှစ်ယောက်စလုံးပါသွားပြီး အသက်ဆုံးရှုံးခဲ့ကြရတာပါပဲကွယ်'

'အို....ဖြစ်မှဖြစ်ရလေရှင်'

ပေ့ပေ့ လှုတ်ခနဲရေရွတ်လိုက်လေသည်။

မေတ္တာဂေဟာသည် ဒုက္ခရောက်နေသူတိုင်းအား လာရောက်အကူအညီတောင်းသူတိုင်းအား ကူညီနေသော နေရာတစ်ခုဖြစ်လေသည်။

မေတ္တာစေတနာကြီးမားလှသော မေတ္တာဂေဟာပိုင်ရှင် ဇနီးမောင်နှံ မီးထဲပါသွားသည့်အဖြစ်မှာ စိတ်မကောင်းစရာပင်။

ကျီးချိုက ပေ့ပေ့အား အကဲခတ်ကြည့်လိုက်ပြီး....

'သခင်ကြီးတို့ဇနီးမောင်နှံ ကွယ်လွန်သွားကြပြီးတဲ့နောက်ပိုင်းမှာ ဘယ်သူကမှ မေတ္တာဂေဟာကို လာပြီးအကူအညီ



မတောင်းကြတော့ပါဘူး၊ အခု မိန်းကလေးရောက်လာတာဟာ ပထမဦးဆုံးပါပဲ'

ဟု ပြောလေသည်။

ပေ့ပေ့က ဦးညွှတ်လိုက်၏။

'မေတ္တာဂေဟာမှာ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ခဲ့ရတာကို ကျွန်မ လုံးဝမသိခဲ့ပါဘူးရှင်၊ ဒါကြောင့်လဲ အကူအညီလာတောင်းမိတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်'

ကျီးချိုက....

'မေတ္တာဂေဟာရဲ့အဖြစ်အပျက်ကို မိန်းကလေး တကယ်ပဲ မသိဘူးလား'

'ကျွန်မ မသိပါဘူးရှင်'

ကျီးချိုက ပေ့ပေ့အား သေသေချာချာ အကဲခတ်ကြည့်နေ၏။

သူမ လိမ်ပြောနေခြင်းမဟုတ်ကြောင်း, နားလည်မိတော့မှ....

'မိန်းကလေးက ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာပြောပါဦး

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာလေသည်။

ပေ့ပေ့က....

'ကျွန်မဟာ ချူးလိန်မြို့က လာခဲ့တာပါ'

ဟု အစချီကာ လာရင်းကိစ္စကို ပြောပြလိုက်လေသည်။

ကျီးချိုက စိတ်ဝင်စားစွာ နားထောင်နေပါသည်။

ပေ့ပေ့၏စကား ဆုံးသွားတော့မှ....

'လက်စသတ်တော့ မိန်းကလေးဟာ ဒုက္ခရောက်နေသူတွေအတွက် အကူအညီလာရှာတာကိုး'

ဟု ပြောသေသည်။

ပေ့ပေ့က...

'ဟုတ်ပါတယ်ရှင်၊ မေတ္တာဂေဟာမှာ စိတ်မကောင်းစရာတွေ ကြုံတွေ့ခဲ့ရတယ်ဆိုတော့ ကျွန်မက အသိုက်မသိဘူး ဖြစ်နေပါပြီ၊ ကျွန်မကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်'

ဟု တောင်းပန်လိုက်လေသည်။

ကျီးချို လက်ကာပြလိုက်လေသည်။



'ကိစ္စမရှိဘူး၊ မေတ္တာဂေဟာရဲ့ စည်းကမ်းကို ပြောမပြရသေးဘူး'

'ဟုတ်ကဲ့....ပြောပါရှင်'

'မေတ္တာဂေဟာဟာ တစ်စုံတစ်ယောက်က အားကိုးတကြီး လာပြီးအကူအညီတောင်းတယ်ဆိုရင် အဲဒီလူကို မဖြစ်မနေ ကူညီရမယ်ဆိုတာပါပဲ'

'အို'

ပေ့ပေ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သူမသည် ကပျာကယာ လက်ကာပြလိုက်ပြီး....

'နေပါစေရှင်၊ ကျွန်မကိုကူညီဖို့ မလိုပါဘူးရှင်'

ဟု ပြောလိုက်လေသည်။

ကျီးချို မျက်မှောင်ကြုတ်သွားပြီး....

'မိန်းကလေးဟာ အကူအညီ မလိုဘူးလား'

ဟု မေးလာသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com

'အကူအညီသိုပါဘယ်ရှင်၊ ဒါပေမယ့် မေတ္တာဂေဟာကို ဒုက္ခမပေးချင်ဘူးပါ'

ကျီးချို ပြုံးလိုက်သည်။

'မိန်းကလေးရောက်လာတာဟာ မေတ္တာဂေဟာကို ဒုက္ခပေးရာမရောက်တဲ့အပြင် ကူညီရာရောက်တယ်ဆိုရင်ကော'

'ရှင်'

ပေ့ပေ့ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကျီးချိုအား မယုံကြည်နိုင်စွာ ကြည့်လိုက်လေသည်။

ကျီးချိုက....

'မေတ္တာဂေဟာ မီးလောင်သွားပြီးတဲ့ နောက်ပိုင်းမှာ ဘယ်သူကမှ လာပြီးအကူအညီမတောင်းကြတော့ဘူး၊ အားလုံးဟာ မေတ္တာဂေဟာကို လျစ်လျူရှုထားလိုက်ကြတော့တယ်၊ တကယ်ဆိုရင် သိုင်းလောကအကျိုး အများအကျိုးကို ထမ်းရွက်ခဲ့တဲ့ ဒုက္ခရောက်နေသူအပေါင်းကို ကူညီခဲ့တဲ့မေတ္တာဂေဟာကို အားလုံးဖေးမသင့်တယ် မဟုတ်လား၊ မီးလောင်ခံရပြီးတဲ့နောက်ပိုင်း ဘယ်သူကမှ လာပြီးအကူအညီမတောင်းကြတော့တာဟာ မေတ္တာဂေဟာကို အထင်သေးတဲ့သဘော၊ စော်ကားတဲ့သဘော မဟုတ်ဘူးလား'



ပေ့ပေ့ မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ကျီးချိုက....

'မေတ္တာဂေဟာရဲ့ အဖြစ်ဟာ အတော့်ကို ဝမ်းနည်းကြကွဲဖို့ကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးကခုလို လာပြီးအကူအညီတောင်းတာ ကျုပ်တို့အတွက် ဝမ်းသာစရာပါပဲ၊ မေတ္တာဂေဟာကို လေးစားတဲ့လူ၊ အားကိုးတဲ့လူ လောကပေါ်မှာ ရှိနေသေးတယ်ဆိုတာ ကျုပ်တို့ သိလိုက်ရပြီ'

ပေ့ပေ့ သက်ပြင်းချလိုက်လေသည်။

သူမ၏ ခရီးစဉ်သည် သာယာချောမွေ့ခြင်းမရှိဘဲ တစ်ခုမဟုတ်တစ်ခု အဆင်မပြေ အထစ်အငေါ့ဖြစ်နေသည် မဟုတ်ပါလား။

ကျီးချိုက....

'မိန်းကလေး ဘာမှအားမငယ်ပါနဲ့၊ မေတ္တာဂေဟာရဲ့ဆောင်ပုဒ်အတိုင်း အကူအညီတောင်းဖို့ရောက်လာသူကို ကျုပ်တို့က ကူညီမှာပါ၊ ကဲ....သခင်လေးနဲ့ သွားတွေ့ရအောင်'

'ရှင်'

www.burmeseclassic.com

www.burmeseclassic.com

'သခင်လေးနဲ့ သွားတွေ့ရအောင်လေ'

ပေ့ပေ့ ထိုင်ရာမှထလိုက်ပြီး....

'သခင်လေးဆိုတာ'

'သခင်လေးဟာ မေတ္တာဂေဟာပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသား မုထင်းရိုကို ပြောတာပါ'

'ဩော်....မေတ္တာဂေဟာပိုင်ရှင်မှာ သားတစ်ယောက်ကျန်ရစ်ခဲ့သေးတာကိုး'

ပေ့ပေ့ တီးတိုးရေရွတ်လိုက်လေသည်။

ကျီးချိုက....

'မေတ္တာဂေဟာ မီးလောင်လို့ သခင်ကြီးသေဆုံးသွားခဲ့ပေမယ့် သခင်လေးမုထင်းရိုကတော့ ကံကောင်းထောက်မပြီး အသက်ဘေးက လွတ်မြောက်ခဲ့ပါတယ်၊ ဒါပေမယ့်'

သူ၏ စကားမဆုံးမီ....

'ဒေါင်'

မောင်းသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကျီးချိုက....

'ဟော...သခင်လေးခေါ်နေပြီ၊ သွားတွေ့ကြရအောင်'

ဟု ပြောကာ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

ပေ့ပေ့လည်း လိုက်ပါသွားလေသည်။

စင်္ကြံလမ်းတစ်ခုကို ဖြတ်ကျော်ပြီးလျှင် အခန်းငယ်လေးတစ်ခုသို့ ရောက်ရှိသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

သခင်ဖလေး

---

အခန်းငယ်လေးတစ်ခု ဖြစ်သည်။
အခန်းတွင်း၌ ဟာလာဟင်းလင်းဖြစ်နေသည်။
ပရိဘောဂတစ်ခုမျှ မရှိပါ။
အခြား လူအသုံးအဆောင်ပစ္စည်းဟူ၍လည်း [illegible]
ဘာဆိုဘာမှမရှိသော အခန်းငယ်လေးဖြစ်ပေ[illegible]
အကယ်၍....
ထိုအခန်းငယ်လေးအတွင်း၌ လူတစ်ယောက်ကား [illegible]ရှိမနေ
ခဲ့ပါလျှင်....
ယခု....

အခန်းငယ်လေးအား [illegible]
[illegible] ရှိနေပါ[illegible]

ထိုလူသည် ဖြူဖ[illegible]
[illegible]

ထိုလူ[illegible]
[illegible]

[illegible]

[illegible]
[illegible]

[illegible]

သခင်[illegible] [illegible]

[illegible]

[illegible]

[illegible]

[illegible] သခင်ဖလေး

www.burmeseclassic.com

www.burmeseclassic.com

ကြီးချိုက ထိုင်ခုံတစ်လုံးကို ချက်ချင်းသွားယူရန် ဟ
လိုက်လေသည်။

သို့သော်....

ပေ့ပေ့က တားမြစ်လိုက်၏။

'ကိစ္စမရှိပါဘူးရှင်၊ ဒီအတိုင်းပဲ ကျွန်မရပ်နေပါ့မယ်'

သူမ၏စကားသံကြားလျှင် အစိမ်းရောင်ဝတ်ဆင်ထား
လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'မိန်း....မိန်းကလေးတစ်ယောက်ပါလား'

ဟု အထိတ်တလန့် ရေရွတ်လိုက်သောအသံကို ပေ့ပေ့
ကြားလိုက်ရလေသည်။

သူမ အံ့ဩသွား၏။

အစိမ်းရောင်ဝတ်ထားသူက....

'ဘာ....ဘာကြောင့် မိန်းမတစ်ယောက်ကို ခေါ်လာ
တာလဲ'

ဟု ကြီးချိုအား အပြစ်တင်လိုက်လေသည်။



ကြီးချို ပျာပျာသလဲ ဖြစ်သွားလေသည်။

'သ....သခင်လေး'

အစိမ်းရောင် ဝတ်ထားသူက လှည့်မကြည့်ဘဲ လက်ခေါ့
မ်းပြလိုက်လေသည်။

'ဘာ မကောင်းဘူး'

သူ၏အသံ တုန်ခါနေသည်။

ဂနာမငြိမ်ဖြစ်ကာ အခန်းတွင်းမှ ချက်ချင်းထွက်ပြေး
သွားတော့မည့်အသွင် သဏ္ဌာန်ရှိလေသည်။

ပေ့ပေ့ ပို၍အံ့ဩသွားလေသည်။

ကြီးချိုသည်လည်း ဗျာများနေပါတော့သည်။

'သခင်လေး၊ ကျုပ်....ကျုပ်ကမတ္တာဂေဟာရဲ့စည်းကမ်း
အတိုင်း ဆောင်ရွက်ခဲ့တာပါ၊ ကျုပ်မှာအပြစ်ရှိတယ်လို့ထင်
ရင် အပြစ်ကို ကျုပ်ခံယူပါ့မယ်၊ သခင်လေးကို ဒုက္ခပေးဖို့
ရည်ရွယ်ပါဘူး'

ဟု တောင်းပန်လိုက်လေသည်။

အစိမ်းရောင်ဝတ်ထားသူက....

www.burmeseclassic.com

www.burmeseclassic.com

...ကိုနဲ့ လုပ်ရက်လိုက်...

...သည်။

...ဟ မထင်ရှိဘ
...ရိပ်မိလိုက်သည်...

...ခင် ကျုပ်တို့ကို...

ဟု ပြောလေသည်။

ပေ ... မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်သွား...
သည်။

သူမသည် သခင်လေးကိုတစ်လှည့်၊ ကျီးချိုအားတစ်လှည့်
ကြည့်လိုက်လေသည်။



ကျီးချိုသည် တည်ကြည်သောမျက်နှာထားဖြင့် ရှိနေ၏။

...၏အသွင်သည် ခါ... ရှိုတိုင်လန်းနေသည်။

...အသွင်ရှိသည်။

...ကြက်အသွင် ဆောင်နေပါတော့သည်။

...လားတော သူ့ကိုကြည့်ပါ။

သူ၏နှာကိုယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။

'ဘာသရယ်၊ ကျွန်တော်တို့ကိုသာ သတ်ပစ်လိုက်ပါတော့မျာ'

ဟု ညည်းတွားလိုက်လေသည်။

ကျီးချိုက....

'သခင်လေး၊ မေတ္တာဂေဟာဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့နေခဲ့တာပါ၊ ဘယ်လိုအကြောင်းပဲရှိပါစေ၊ မေတ္တာဂေဟာရဲ့နာမည်ကို အပျက်မခံနိုင်ပါဘူး၊ ဂုဏ်သိက္ခာ ထိခိုက်မခံနိုင်ပါဘူး၊ ကွယ်လွန်သွားကြပြီဖြစ်တဲ့ သခင်ကြီး တို့ဇနီးမောင်နှံသာ ရှိနေကြမယ်ဆိုရင် ခုကိစ္စမှာ ဖြစ်တဲ့ပြဿနာနဲ့ အကူအညီပေးနိုင်ဖို့ ကြိုးစားကြမှာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



သခင်လေး ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'ကျုပ်'

တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။

သို့သော်....

ရှေ့မည်သို့ ဆက်ပြောရမှန်းမသိဖြစ်သွားပုံရသည်။

ထို့အပြင်....

တစ်ခဏအတွင်း ငြိမ်ကျသွားလေတော့သည်။

အခန်းတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

*　　*　　*

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

သခင်လေးနှင့် ကြီးချိုတို့ကား ကျောက်ရုပ်များပမာ မလှုပ်မယှက်ရပ်နေကြလေသည်။

ပေ့ပေ့သည်လည်း သူတို့အား ငေးကြည့်ရင်း မလှုပ်မယှက်ရပ်နေမိလေတော့သည်။



မည်မျှကြာသွားမှန်းမသိ။

'ဘဘ၊ ကျုပ်အရက်သောက်ချင်တယ်'

သခင်လေး၏စကားသံ ထွက်ပေါ်လာလေသည်။

ကြီးချိုက....

'ကောင်းပါပြီ သခင်လေး'

အခန်းတွင်းမှ ချက်ချင်းထွက်သွားလေသည်။

သခင်လေးနှင့် ပေ့ပေ့တို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြ၏။

ပေ့ပေ့က မလှုပ်မယှက်ရပ်နေ၏။

သခင်လေးကလည်း တုတ်တုတ်မျှမလှုပ်ပါ။

ပေ့ပေ့ သက်ပြင်းချလိုက်လေသည်။

'ကျွန်မကြောင့် အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ကြားရသောက်ကြောင်း ... ငင် တိတ်ဆိတ်စွာ ... [illegible] ကိုယ်ငေးသော ခံစားချက်ကို ဆိုပါလာသည် [illegible]

[illegible] စေနှာကိုယ် အသံနဲ့ တုန်ခါသွားသော [illegible]

[illegible] မပြောပါ။

[illegible]...

'[illegible] ဆန္ဒကို ... ပြန်ပါတော့မယ်ရှင် [illegible] ပြောပါရှင်'

ဟု ပြောလေသည်။

ဤတွင်...

သခင်လေး၏အသံ အက်ကွဲစွာ ထွက်ပေါ်လာလေတော့သည်။

'မင်းက ရောက်လာပြီးမှပြန်သွားမယ်ဆိုရင် ကျုပ်တို့ မေတ္တာဂေဟာကို စော်ကားတာပဲ'

'ရှင်'



[illegible] တန့်သွား [illegible]

အတန်ကြာပြီးမှ ခေါင်းဆတ်၍ ရှေ့နိုင်ခဲတော့ [illegible] ပေါက်လိုက်လေသည်။

သခင်လေးက...

'ဟုကာယ်ဆိုရင် မေတ္တာဂေဟာအကြောင်းကို [illegible] ဆုံးဖြတ်ပြီးမှ ဝင်းလာခဲ့ဖို့ကောင်းတယ်'

[illegible] ယက်ပြင်းစွာ ဆိုလိုက်လေသည်။

'ကျွန်မဟာ မခက်ကြုံနေရသူ [illegible] ... ကြားဖူးပါတယ်။ [illegible] ... လမ်းညွှန်မှုအရ မေတ္တာဂေဟာအကြောင်းသိပြီး အားကိုး တကြီးလာခဲ့တာပါရှင်၊ ကျွန်မမှာ အသိမိတ်ဆွေဆိုလို့မရှိပါဘူး၊ အကူအညီပေးမယ့်လူလဲ မရှိပါဘူး'

သခင်လေး ငြိမ်သွားလေသည်။

ထိုစဉ်...

ခြေသံများထွက်ပေါ်လာပြီး ကျီးချိုက အခန်းတွင်းသို့ ဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲ၌ အရက်တစ်မျိုးပါလာပြီး သခင်လေးအား ချီသေ့စွာပေးလိုက်လေသည်။

သခင်လေးသည် အရက်အိုးကိုယူကာ တစ်ရှိန်ထိုးမော့ သောက်လိုက်၏။

ပေ့ပေ့က မျက်မှောင်ကုတ်ကာကြည့်နေ၏။

မေတ္တာဂေဟာသခင်လေးသည် အရက်သမားတစ်ယောက် ဖြစ်နေသည်လော။

သခင်လေးသည် အရက်အိုးတစ်ဝက်ခန့် သောက်ချလိုက်ပြီးမှ....

'အစဉ်အလာ ဂုဏ်သိက္ခာ ဒါတွေတကယ်ပဲလား'

ဟု ရေရွတ်လိုက်လေသည်။

'ကျိုးချိုက....

'ဒါအမှန်ပါပဲ သခင်လေး၊ မေတ္တာဂေဟာဟာ လူသားအကျိုး၊ သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ခဲ့ပါတယ်၊ အကူအညီသာဘောင်းသူမှန်သမျှကို မငြင်းဘဲကူညီခဲ့ပါတယ်၊ သခင်ကြီးရဲ့မျိုးဆက်ဖြစ်တဲ့ သခင်လေးဟာ မေတ္တာဂေဟာရဲ့



အစဉ်အလာနဲ့ဂုဏ်သိက္ခာကို စောင့်ထိန်းရပါလိမ့်မယ်၊ ဒါဟာ အမှန်တရားပါပဲ'

ဟု ပြောလိုက်လေသည်။

'ဟား...ဟား....ဟား'

သခင်လေးသည် ကောက်ကာငင်ကာ ရယ်ချလိုက်လေသည်။

ပေ့ပေ့နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

ကျိုးချိုသည်လည်း မျက်နှာပျက်သွားလေသည်။

သခင်လေးသည် အတန်ကြာရယ်မောလိုက်ပြီးလျှင်....

'မေတ္တာဂေဟာဟာ အယုတ်အလတ်အမြတ်မရွေး ကူညီခဲ့တယ်၊ ဒါပေမယ့် အားလုံးက မေတ္တာဂေဟာကို မေ့ပစ်လိုက်ကြတာပဲ မဟုတ်လား'

ခံပြင်းနာကြည်းသောလေသံဖြင့် ပြောလိုက်လေသည်။

ကျိုးချို ကပျာကယာ လက်ကာပြလိုက်လေသည်။

'သခင်လေး ဒီလိုယူဆရင် မှားသွားပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ပြောလိုက်လေသည်။

[illegible] နေ့ကတ်ထပ် အရက်မော့သောက်လိုက် သည်။

ထိုသို့ ထုံးကန်း ရှင်သောက်ပြီးသောအခါ [illegible] ၏ ပြုံးဘက်သို့ အားကျ ပွင့်ပေါက်လိုက်လေသည်။

ကိုးချို့က...

'ချစ်လေး...ကျုပ်ရှင်းပြပါရစေ၊ မေတ္တာဂေဟာ [illegible] ကြည်ခဲ့တာ အမည်အလံတစ်ခုပဲပေါ့၊ [illegible] ကလဲ မေတ္တာဂေဟာကို ဘယ်တော့မှ မေ့သွားကြမှာ မဟုတ်ပါဘူး၊ ရှေ့တောင် အကူအညီတောင်းမယ့်လူ ထပ်ပေါက် [illegible] ပြဲမဟုတ်လား၊ ဒါဟာသက်သေခံပါပဲ'

'ဒါ... ဒါ...'

'ချစ်လေး...တယ်လူတွေကပဲ မေတ္တာဂေဟာကို [illegible] [illegible] ကြည်ဖြစ်စေ၊ ဒုက္ခရောက်ရင် အကူအညီတောင်းဖို့ [illegible] ဂေဟာကိုသတိရတဲ့လူတွေ ရှိနေဦးမယ်ဆိုရင် [illegible] နေပါတယ်၊ မေတ္တာဂေဟာဆိုတဲ့နာမည်ဟာ တယ်[illegible] ပျောက်ကွယ်သွားမှာမဟုတ်ပါဘူး'

[illegible] ပြုံးကျေသွား၏။

ကိုးချို့က...

'ချစ်လေးဟာ [illegible] အချစ်တွေ [illegible] ကျင့် ပျောက်သွားသည့် [illegible]'

သူမစကားသည် [illegible] အကူအညီ [illegible] သွန်းသည့်သဘောဖြစ်နေသည်။

သို့ပေမယ့်...

သူမကတော့သိလိုက်တာ ပြောဆိုခြင်းမဟုတ်ဘဲ [illegible] ဟာ အကျိုးကိုမျှော်သော ပြောဆိုနေခြင်းဖြစ်[illegible] [illegible] နင်းလည်းသိလိုက်သည်။

ချစ်လေးက...

'အကူအညီ [illegible] တောင်းတဲ့လူဟာ'

သူမစကားမဆုံးမီ ကိုးချို့က ကြားဖြတ်ပြောလိုက်[illegible] သည်။

'မဟာကျော်ပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အကူအညီ [illegible] လူဟာ အကူအညီတောင်းတဲ့လူပဲပဲ'

ချစ်လေး [illegible] ပြုံး၍ ဆိုက်လေသည်။

www.burmeseclassic.com



'ကောင်းပြီ....မိန်းမဟာ မိန်းမဆိုတာလဲ ဘာဘာသိရမှာ ပေါ့'

ကျီးချိုက ဘာမှမပြောဘဲ နေလိုက်လေသည်။

သခင်လေးက....

'မင်းက ကျုပ်ရဲ့အကူအညီကို တကယ်ပဲ လိုချင်သလား'

ဟု ပေ့ပေ့ကို မေးလာလေသည်။

ပေ့ပေ့က....

'ဟုတ်ပါတယ်ရှင်'

ဟု ပြောလိုက်သည်။

သခင်လေးက....

'ကျုပ်က မင်းကို ကူညီနိုင်မယ်များ ထင်နေသလား'

'ဟုတ်ပါတယ်ရှင်'

'ကျုပ်ဟာဘယ်လိုလူစားလဲ ဆိုတာကော မင်းသိသလား'

ပေ့ပေ့က....



'ရှင်ဟာ သခင်လေးတစ်ယောက်ဖြစ်သလို ဒုက္ခရောက်သူတွေကို ကူညီလေ့ရှိသူတစ်ယောက်ဆိုတာ ကျွန်မသိထားပြီးပြီ'

'ဟား....ဟား....ဟား'

သခင်လေးက ရယ်မောလိုက်လေသည်။

'မင်းက ကျုပ်အပေါ် ဘယ်လောက် ယုံကြည်အားကိုးတယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ပေ့ပေ့ဘက်သို့ တဖြည်းဖြည်းချင်းလှည့်လာလေတော့၏။

* * *

သခင်လေး....

မေတ္တာဂေဟာရှင် သခင်လေးသည် ထူးခြားသူ တစ်ယောက်ဖြစ်ကြောင်း ပေ့ပေ့ ရိပ်မိထားလေသည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးအား မျက်တောင်မခတ် ကြည့်နေလိုက်၏။

သခင်လေးသည် ပေ့ပေ့နှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

ဤတွင်…

* * *

အဖြူရောင် အနီရောင် အမည်းရောင် ရောယှက်နေသော အမာရွတ်များ…

ရှုံ့တွနေသော အရည်ပြားများ…

လောကပေါ်တွင် ကြောက်မက်ဖွယ်ရာအကောင်းဆုံး ရုပ်သွင်တစ်ခု။

မကောင်းဆိုးဝါးတစ်ကောင်၏အသွင်…

သခင်လေးသည် မျက်နှာတစ်ခြမ်းလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသူ တစ်ယောက်တည်း။



ပေ့ပေ့မှာ သခင်လေး၏မျက်နှာကို တွေ့မြင်လိုက်ရချိန်မှ မေ့လဲကျမသွားအောင် ခံစားလိုက်ရလေတော့သည်။

* * *

သခင်လေးသည် လူတစ်ယောက်နှင့် မတူဘဲ မကောင်းဆိုးဝါးတစ်ကောင်နှင့် တူနေပေ၏။

သူ၏ရုပ်သွင်ကို တွေ့လိုက်ရသူတိုင်းက အထိတ်တလန့်အော်ဟစ်ကာ ထွက်ပြေးသွားနိုင်လောက်ပေသည်။

သို့သော်…

ပေ့ပေ့က ထွက်မပြေးဘဲ မလှုပ်မယှက် ရပ်နေ၏။

သူမအားကူညီနိုင်မည့်သူမှာ သခင်လေးတစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

ကျီးချိုက မလှုပ်မယှက်ရပ်နေ၏။

ပေ့ပေ့နှင့် သခင်လေးတို့၏ အခြေအနေအား စောင့်ကြည့်နေသည့်သဘော ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သခင်လေးက ပေ့ပေ့အား ခြေဆုံးခေါင်းဆုံး ကြ
လိုက်ပြီး....

'မင်းဟာ အတော့်ကို ချောမောလှတဲ့မိန်းကလေးတ
ယောက်ပဲ'

ဟု ပြောလေသည်။

ပေ့ပေ့ ပြုံးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

သခင်လေးက....

'တော်ရုံတန်ရုံမိန်းကလေးတွေဟာ ကျုပ်ရဲ့ရုပ်သွင်ကိုတွေ့
မြင်လိုက်ရတာနဲ့အထိတ်တလန့်အော်ဟစ်တတ်ကြတယ်၊တချို့
ကျတော့ ကြောက်လန့်ပြီး သတိလစ်မေ့မြောသွားတဲ့အထိ
ဖြစ်ရတယ်၊ မင်းကကော ကျုပ်ကို မကြောက်ဘူးလား'

ဟု မေးလေသည်။

ပေ့ပေ့ ခေါင်းခါယမ်းလိုက်လေသည်။

'ကျွန်မ မကြောက်ပါဘူးရှင်'



'ဟာ'

သခင်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ပေ့ပေ့၏စကားကို မယုံကြည်နိုင်အောင် ဖြစ်သွားပုံ
ရလေသည်။

ပေ့ပေ့က....

'သခင်လေးရဲ့ရုပ်သွင်ဟာအတော့်ကိုကြောက်စရာကောင်း
တာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မ မကြောက်တာက ဘယ်
လို အရာမျိုးဟာ ကြောက်သင့်တယ်၊ ဘယ်လိုအရာမျိုးဟာ
မကြောက်သင့်ဘူးဆိုတာ ကျွန်မခွဲခြားတတ်လို့ပါရှင်'

ကျီးချို၏မျက်လုံးများတွင် အပြုံးရိပ်များ ဖြစ်ပေါ်လာ
လေသည်။

သခင်လေးက....

'မင်းစကားက အဆန်းပါလား၊ ကျုပ်ကို ရှင်းပြစမ်း
ပါဦး'

ဟု မေးလေသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com



'တချို့လူတွေဟာ ရုပ်ရည်ချောမော ခန့်ညားကြ တယ်၊ စကားပြောချိုသာယဉ်ကျေးကြပါတယ်၊ ဒါပေမ သူတစ်ပါးကိုကြင်နာသနားဖို့ အကူအညီပေးဖို့ သတိမရ ပါဘူး၊ တချို့ဆိုရင် နိုင်ငံ့ယက်စီးနင်းလုပ်ဖို့ မတရားလု ဝန်မလေးကြပါဘူး၊ ဒီလိုလူစားမျိုးတွေသာလျှင် ကြောက် ဖို့ကောင်းတဲ့ လူတွေဖြစ်ကြပါတယ်ရှင်'

သခင်လေး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်

မေ့ပေ့က ဆက်ပြောလိုက်လေသည်။

'သခင်လေးဟာ အကြောင်းအမျိုးမျိုးကြောင့် အရုပ်ဆို အကျည်းတန်တဲ့ဘဝကို ရောက်ခဲ့ရပေမယ့် ဒုက္ခရောက်သူ ကူညီတယ်ဆိုတော့ ကြောက်စရာမကောင်းတဲ့အပြင် အားကို အားထားပြုထိုက်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ ဒါကြော ကျွန်မအနေနဲ့ သခင်လေးကိုကြောက်စရာမလိုဘူးလို့ ယုံကြည် မိပါတယ်ရှင်'

သခင်လေး ခေါင်းခါယမ်းလိုက်သည်။

'ဒါ...ဒါ...ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

မေ့ပေ့က....



'ဘာကြောင့်မဖြစ်နိုင်ရမှာလဲရှင်၊ တကယ်တော့ ရုပ်ရည် ချောမောလှပတာ အရုပ်ဆိုးတာမျိုးဟာ ပြင်ပပုံပန်းသဏ္ဍာန် ပါ၊ အရေးကြီးတာက အတွင်းစိတ်ပါ၊ ရုပ်လှဖို့ထက် စိတ် နှလုံးလှဖို့ပါရှင်'

ကျိုးချိုက သူမ၏စကားကို ထောက်ခံလိုက်လေသည်။

'ဒါဟာ အဓိကအကျဆုံးကိစ္စပဲ'

ရုတ်တရက်....

သခင်လေးသည် ဒုဏ်ရာရထားသောတိရစ္ဆာန်တစ်ကောင် ပမာ ဝူးဝူးဝါးဝါးအော်ဟစ်ကာ အခန်းတွင်းမှတစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်၏ခါးသီးမှု

ပေ့ပေ့သည် ညှော်ခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

ကျီးချိုက သူမအား ကောင်းမွန်စွာ ဆက်ဆံလေသည်။

နေရာထိုင်ခင်းပေးသည်။

စားသောက်ဖွယ်ရာများ ပြုစုဆင်ပေးလေသည်။

တစ်ဖန်....

'မိန်းကလေးကတော့ သခင်လေးအပေါ်မှာ နားမလည်နိုင်အောင်ဖြစ်နေမှာပဲနော်'

ဟု ပြောလာလေသည်။



ပေ့ပေ့က....

'သခင်လေးဟာ စိတ်ထားကောင်းတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်ရှင်'

ဟု အလိုက်သင့်ပြောလေသည်။

ကျီးချိုက....

'မိန်းကလေး ဒီလိုသဘောထားတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်၊ ဓေတ္တာဂေဟာကို မီးလောင်တဲ့အခါ သခင်ကြီးတို့ဇနီးမောင်နှံ သေဆုံးသွားခဲ့ရပြီ၊ သခင်လေးကံကောင်းလို့ လွတ်မြောက်လာခဲ့ပေမယ့် သူ့ရဲ့မျက်နှာ တစ်ခုလုံးဟာ မီးလောင်ခံရလို့ ခုလိုရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့ရတာပါပဲ'

ပေ့ပေ့က....

'သခင်လေးရဲ့အဖြစ်ကို ကြားရတာ စိတ်မကောင်းပါဘူးရှင်'

ဟု ပြောလိုက်လေသည်။

ကျီးချိုက....

'သခင်လေးဟာ အဲဒီအချိန်ကစပြီး လူကောက်ထဲကျိုးခဲ့အောင် ဖြစ်ခဲ့ရတယ်၊ သိုင်းလောကကိုလဲ မဆင်းတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဂေဟာမှာပဲ အထီးကျန်ဆန်စွာ နေထိုင်ခဲ့ပါသ
တယ်၊ သခင်လေးရဲ့ဘဝကို မိန်းကလေး နားလည်ပြီး ခွ
လွှတ်စေချင်တယ်'

ပေ့ပေ့ ခေါင်းညိတ်လိုက်သည်။

'ကျွန်မ သူ့ဘောပေါက်ပါတယ်ရှင်၊ ဒါထက် သခင်လေ
ဟာ မိန်းကလေးတွေကို မုန်းတီးနေပုံရတယ်လို့ ကျွန်မရိပ်မိ
တယ်၊ အဲဒါ ဘာကြောင့်များလဲဆိုတာ ပြောပြနိုင်ရင် ပြော
ပြပါလားရှင်'

ဟု အောင်းပန်လိုက်လေသည်။

ကြီးချို မျက်နှာပျက်သွားလေသည်။

'အို…မိန်းကလေးထင်သလို မဟုတ်ပါဘူး'

ဟု ကပျာကယာငြင်းဆန်လိုက်လေသည်။

ပေ့ပေ့ ပြုံးလိုက်သည်။

'ကျွန်မဟာ သခင်လေးအပေါ် နားလည်တဲ့လူတစ်
ယောက်ဆိုတာ ဦးလက်ခံစေချင်ပါတယ်'

ကြီးချို ထက်ပြင်းချလိုက်သည်။



'အင်း…ကျုပ်ပြောမပြဘဲ သိုင်းလောကထဲကိုရောက်လို့
မိန်းကလေးစုံစမ်းကြည့်လိုက်မယ်ဆိုရင် သခင်လေးအကြောင်း
ကို သိသွားမှာပါပဲ၊ ဒါကြောင့် ကျုပ်ပြောပြပါ့မယ်'

'ကျေးဇူးတင်ပါတယ်ရှင်'

ပေ့ပေ့သည် ကြီးချိုပြောလာမည့်စကားကို နားစွင့်
လိုက်လေသည်။

ကြီးချို၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသော အရိပ်
အယောင်များ ထွက်ပေါ်လာလေသည်။

သခင်လေး၏အကြောင်းကို ပြောပြလိုက်လေတော့သည်။

* * *

'ခွပ်…ခွပ်…ခွပ်…ခွပ်'

မြင်းခွာသံများ ထွက်ပေါ်နေပါသည်။

မြင်းလှည်းတစ်စီးသည် ဂမုန်းဂေဟာသို့သွားရာ လမ်း
ကြောင်းပေါ်၌ ခရီးနှင်နေသည်။

မြင်းလှည်းမောင်းနှင်လာသူမှာ ကြီးချိုဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးချိုသည် ဂမုန်းဂေဟာသို့လှမ်းပြီး တွေ့မြင်လိုက်ရလျှင်....

'သခင်လေး....ဂမုန်းဂေဟာကို ရောက်ပါတော့မယ်'

ဟု ပြောလိုက်လေသည်။

မြင်းလှည်းအိမ်ထဲ၌ သခင်လေးမုထင်းရီ လိုက်ပါလာပါသည်။

သခင်လေးက....

'ဘာ....ကျုပ်တို့ သွားလို့ဖြစ်ပါ့မလား'

ဟု မေးလာလေသည်။

ကျီးချိုက....

'ဘာကြောင့် သွားလို့မဖြစ်ရမှာလဲ'

'ကျုပ်က....'

'သခင်လေးနဲ့ ဂမုန်းဂေဟာပိုင်ရှင်ချာစိမ်းရဲ့သမီး ချာနန်းတို့ စေ့စပ်ကြောင်းလမ်းထားကြတာ လူတိုင်းသိကြတာပဲ'

သခင်လေးက....



'ဒါဟာ အရင်တုန်းကကိစ္စတွေပါ၊ ခုတော့ ဖေဖေနဲ့ မေမေလဲ မရှိတော့ဘူး၊ ကျွန်တော်လဲ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီ'

'ဘာဆိုင်လို့လဲ သခင်လေးရယ်၊ ချာစိမ်းဟာ ကတိတည်တဲ့ လူတစ်ယောက်ပါ၊ လူဆိုဘာ ကတိတစ်လုံးပေးပြီးရင် ဘယ်တော့မှ ပြန်မဖျက်ရပါဘူး၊ မေတ္တာဂေဟာမီးလောင်သွားပြီး သခင်ကြီးတို့ အဖြစ်ဆိုးကြုံခဲ့ရတာကို ချာစိမ်းကသိပြီးသားပဲ၊ သခင်လေးကိုလာခဲ့ဖို့လဲ သူကိုယ်တိုင်ပဲ ဖိတ်ခေါ်ခဲ့တယ်မဟုတ်လား'

သခင်လေးက....

'သူ့ရဲ့သမီးဟာ နတ်မိမယ်လိုချောမောလှပတယ်၊ ကျုပ်က အရုပ်ဆိုးအကျည်းတန်နေပြီ၊ ပြီးတော့ ဥတစ်လုံးတစ်ကောင်ကြွက်ဘဝရောက်ရပြီ၊ ဒီတော့'

ကျီးချိုက....

'ချာစိမ်းက ဒီလောက်ထိရှိုင်းစိုင်းမယ်မထင်ပါဘူး၊ ကွယ်လွန်သွားပြီဖြစ်တဲ့ သခင်ကြီးရဲ့မျက်နှာကိုလဲ ထောက်ထားရဦးမယ်မဟုတ်လား'

'ကျုပ်လဲ ဘာမှမပြောတတ်တော့ပါဘူး ဘဘရယ်'

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးက ညည်းတွားလိုက်လေသည်။

ကျော်ချိုက....

'သခင်လေး စိတ်အေးအေးသာထားပါ၊ အားလုံးအဆင်ပြေသွားမှာပါ'

ဟု ပြောကာ မြင်းလှည်းကို ဆက်၍မောင်းနှင်သွားလေသည်။

သခင်လေး ဘာမှမပြောသာတော့ဘဲ လိုက်ပါသွားရလေသည်။

မကြာပါချေ။

ဂမုန်းဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

* * *

မေတ္တာဂေဟာမှ သခင်လေးရောက်လာသည်ဆိုလျှင် ဂမုန်းဂေဟာမှ ပျာပျာသလဲ ကြိုဆိုလာကြလေသည်။



ကျော်ချိုနှင့်သခင်လေးတို့အား ဧည့်ခန်းအတွင်း၌ နေရာချပေးကာ စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံခဲ့လေသည်။

ဂမုန်းဂေဟာပိုင်ရှင် ချာစိမ်းလည်း ချက်ချင်းထွက်လာသည်။

သခင်လေးက ထိုင်ရာမှထကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

'ကျွန်တော်မှထင်းရိက ရိုသေစွာဂါရဝပြုပါတယ်ခင်ဗျာ'

ချာစိမ်းသည် အသက်ငါးဆယ်ကျော်ခန့်ရှိပြီဖြစ်သည်။

ထင်ရှားသောသိုင်းဆရာကြီးတစ်ယောက်လည်း ဖြစ်လေသည်။

သိုင်းလောကပြဿနာတစ်ရပ်ဖြင့် ချာစိမ်းက မေတ္တာဂေဟာပိုင်ရှင်ထံ၌ အကူအညီတောင်းခဲ့ဖူးသည်။

မေတ္တာဂေဟာပိုင်ရှင်ကကူညီသဖြင့် ချာစိမ်း၏ပြဿနာများ ပြေပြေလည်လည်ဖြစ်သွားလေသည်။

ထိုအချိန်မှစပြီး ချာစိမ်းနှင့် မေတ္တာဂေဟာပိုင်ရှင်တို့မှာ ခင်မင်ရင်းနှီးသောမိတ်ဆွေများ ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် သခင်လေးနှင့် ဂမုန်းဂေဟာသခင်မလေး ချာနန်တို့အားစေ့စပ်ကြောင်းလမ်းသည်အထိဖြစ်ခဲ့လေသည်။

ယခု....

ချာစိမ်းသည် သခင်လေးအား ခြေဆုံးခေါင်းဆုံး အက ခတ်ကြည့်လိုက်လေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်နေပါတော့သည်။

'မင်းက ကျုပ်ရဲ့ဖိတ်ခေါ်ချက်အတိုင်း ရောက်လာတဲ့ အတွက် ချီးကျူးပါတယ်၊ ကျုပ်အနေနဲ့ အရေးကြီးတဲ့စကား ပြောစရာရှိလို့ မင်းကို ခေါ်ယူခဲ့တာပဲဖြစ်တယ်'

သခင်လေးက....

'ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ'

ချာစိမ်းက....

'မေတ္တာဂေဟာမီးလောင်ခံရတုန်းက မင်းလဲမီးလောင်ခံ တယ်လို့ သတင်းကြားမိတယ်'

သခင်လေးက....

'ဟုတ်ပါတယ်ခင်ဗျာ၊ ခြောက်လလုံးလုံး ဆေးကုသခံယူခဲ့ ရပါသေးတယ်'



သခင်လေးမိဘများ၏ ဈာပနအား ကျီးချီကပင် တာ ယူ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်သည်။

ထိုအချိန်တွင်....

သခင်လေးမှာ အခြေအနေဆိုးနေသဖြင့် သမားတော် ီးများထံသို့ပို့ကာ ဆေးကုသနေရ၏။

ခြောက်လခန့်ကြာပြီးမှ သခင်လေးသက်သာသွားခြင်းဖြစ် ည်။

ထိုအချိန်ဝယ် အရာအားလုံးပြီးဆုံးနေပြီဖြစ်လေသည်။

ချာစိမ်းတို့သည် ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ သော်လည်း သခင်လေးဆေးကုနေသော နေရာဆီသို့ကား ုက်မလာခဲ့ကြပါ။

မိဘများမရှိတော့သည်နှင့် မိမိအပေါ် ဆက်ဆံရေးပြောင်း သွားသည်ဟု သခင်လေး နားလည်ထားလေတော့သည်။

ချာစိမ်းက....

'မေတ္တာဂေဟာဟာ သိုင်းလောကမှာ အတော်ပဲကျော် ကြားခဲ့ပါတယ်၊ ဒါပေမယ့် မိဘတွေရဲ့လက်ထက်က ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြားမှုကို ဆက်လက်ထိန်းသိမ်းသွားဖို့ မင်းကြိုးစားနိုင်မ
မလား'

'ဗျာ'

သခင်လေး အံ့သြသွားသည်။

ချာစိမ်းက သူ့အား အသင်သေးနေသည်မဟုတ်ပါလား။

ချာစိမ်းက ဆက်ပြောလိုက်လေသည်။

'မင်းဟာ မျက်နှာဖုံးစွပ်ပြီး ဒီနေရာကို ဝင်လာခဲ့တာ အံ့သြစရာပဲ၊ ကျုပ်ရဲ့သားမက်ဟာ မျက်နှာဖုံးစွပ်ပြီးရုပ်ဖျက်ထားရဘယ်ဆိုတာ ကျုပ်သိပ်ပြီးသဘောမကျဘူး၊ မျက်နှာဖုံးကို ချွတ်လိုက်ပါ'

မှန်ပေသည်။

သခင်လေးသည် မျက်နှာဖုံးတုတစ်ခုကိုစွပ်ကာ လာခဲ့ခြင်းဖြစ်လေသည်။

ချာစိမ်း၏စကားကြားရသောအခါ သခင်လေးထိတ်လန့်သွားလေသည်။

ချာစိမ်းသည် သူ၏သတင်းကိုကြားထိထားရှိ လက်တွေ့စစ်ဆေးရန် ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်းလည်း သဘောပေါက်လာလေတော့သည်။



သခင်လေးက ဦးညွတ်လိုက်ပြီး....

'ကျွန်တော့်ရဲ့မျက်နှာဖုံးကို မချွတ်ပါရစေနဲ့ဗျာ'

ဟု တောင်းပန်လိုက်လေသည်။

ချာစိမ်းက လက်မခံပါ။

'မင်း ယောကျ်ား မဟုတ်လား၊ မင်းရဲ့ မျက်နှာကို ဘာကြောင့်မပြရဲရမှာလဲ'

ဟု ငေါက်လိုက်သည်။

ကျိုးချိုသည် ချာစိမ်းမှာ ထင်ရှားသော သိုင်းဆရာတစ်ယောက်ဖြစ်၍ လောကသဘာဝအား နားလည်မှုအပြည့်အဝရှိသူတစ်ယောက်ဟု ယုံကြည်မိလေသည်။

ထို့ကြောင့်....

'သခင်လေး မျက်နှာဖုံးစွပ်ကိုချွတ်ပြသင့်ပါတယ်'

ဟု တိုက်တွန်းလိုက်လေသည်။

မတတ်သာမရှိဖြစ်နေသော သခင်လေးမှာ ကျိုးချို၏စကားကြောင့် သဘောပေါက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်....

ဧည့်ခန်းအတွင်းသို့ ချာစိမ်း၏သမီး ချာနန်ဝင်ရောက်
လေသည်။

သခင်လေးက မျက်နှာဖုံးစွပ် ချွတ်လိုက်သောအချိန်
တိုက်ဆိုင်သွားပြီး အခန်းတွင်းသို့ ဝမ်ရောက်လာသည့် ချ
နန်က တွေ့မြင်သွားလေတော့သည်။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သခင်လေး၏ မျက်နှာ
မြင်လျှင်....

'အမယ်လေး'

ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်လိုက်သည်။

သူမ မူးမေ့လဲကျမလိုဖြစ်သွားရလေတော့သည်။

'သမီး'

ချာစိမ်း ကပျာကယာဖေးမလိုက်ရလေသည်။

သခင်လေးသည်လည်း ပျာယာခတ်သွားပြီး မျက်နှာဖုံး
စွပ်ကို မြန်မြန်စွပ်ချလိုက်ရလေသည်။

ချာနန်က....



'ဖေဖေ၊ သူ....သူက ဘယ်သူလဲ'

ဟု မေးလာလေသည်။

ချာစိမ်းက...

'သူဟာ မူထင်းရိုလေ သမီးရဲ့'

'အမယ်လေး'

ချာနန် စူးစူးဝါးဝါး အော်ဟစ်လိုက်လေသည်။

'အမယ်လေး၊ ဒီဘီလူးသဘက်လို ရုပ်ရည်မျိုးနဲ့ သမီး
ကိုဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူးဖေဖေ၊ မကောင်းဆိုး
ါးကောင်ကြီးကို သမီးမယူပါရစေနဲ့'

သူမသည် ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးလေတော့
သည်။

ချာစိမ်းသည် သမီးဖြစ်သူအား အလွန်ချစ်မြတ်နိုးသူဖြစ်
လေသည်။

'သမီး ဘာမှမပူနဲ့၊ သမီးစိတ်မဆင်းရဲစေရဘူး၊ ဒီကောင်
နဲ့ လက်ထပ်ပေးဖို့ ဖေဖေကိုယ်တိုင်လဲ သဘောမတူနိုင်
ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် ချာနန့်ဝမ်းသာသွားလေသည်။

'ဖေဖေ၊ ဒီလူ့တိရစ္ဆာန်ကြီးကိုကြည့်ရတာ အော့နှလုံး[illegible] နာလှပါတယ်၊ မြန်မြန်သာမောင်းထုတ်လိုက်ပါတော့'

ဟု ပြောလိုက်လေသည်။

ချာစိမ်းသည် သခင်လေးဘက်သို့လှည့်ကာ ဒေါသတကြီး[illegible] အော်ဟောက်လိုက်လေသည်။

'ခွေးကောင်၊ မင်းကြောင့် ငါ့သမီး စိတ်ဆင်းရဲနေရပြီ[illegible] ငါ့အိမ်ထဲက မြန်မြန်ထွက်သွားစမ်း၊ မင်းတို့ချင်း စေ့စပ်[illegible] ထားတဲ့ကိစ္စကိုလဲ ဖျက်သိမ်းလိုက်ပြီ၊ နောက်နောင် ဘယ်[illegible] တော့မှ ငါနဲ့ပတ်သက်ဖို့ မကြိုးစားနဲ့လေ'

သခင်လေး အကြီးအကျယ် ရှက်သွားလေသည်။

ဘာမှမပြောဘဲ အခန်းတွင်းမှ ပြေးထွက်သွားလေတော့[illegible] သည်။

'သခင်လေး'

'သခင်လေး'

ကျိုးချို က အော်ဟစ်ခေါ်ရင်း ပြေးလိုက်သွားလေတော့[illegible] သည်။

* * *



ကျိုးချိုသည် အဖြစ်အပျက်များကို ရှင်းပြလိုက်ပြီဖြစ်[illegible]သည်။

ပေ့ပေ့ စိတ်မကောင်းဖြစ်သွားလေသည်။

ကျိုးချိုက....

'သခင်လေးဟာ အဲဒီအချိန်ကစပြီး အိမ်ထဲကနေ အပြင်မထွက်တော့ဘူး၊ လူတွေအားလုံးကို စိတ်နာသွားတယ်၊ အထူးသဖြင့် မိန်းကလေးတွေကိုပေါ့'

ပေ့ပေ့က....

'ကျွန်မ နားလည်သဘောပေါက်ပါပြီရှင်'

ကျိုးချိုက....

'သခင်လေးဟာ သူ့ရဲ့ရုပ်သွင်ကို တွေ့မြင် လိုက်ရရင် ကြောက်လန့်သွားတဲ့လူတွေကို ပိုပြီးမုန်းတီးတယ်၊ မင်းက သူ့ကိုမကြောက်ဘဲ ရုပ်ရည်ဟာအဓိကမဟုတ်ဘူး၊ စိတ်နှလုံးလှဖို့သာ အဓိကလို့ပြောလိုက်တော့ သူကျေနပ်သွားတယ်၊ တို့မေတ္တာဂေဟာရဲ့ စည်းကမ်းကို သူက စောင့်ထိန်း လိုက်နာမှာပါ၊ သူဟာ မင်းကိုကူညီပါလိမ့်မယ်'

ဟု ပြောလေသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ တစ်ခုပြောပါရစေရှင်'

ကျီးချို ခေါင်းညိတ်လိုက်လေသည်။

'ပြောပါ မိန်းကလေး'

ပေ့ပေ့က....

'သခင်လေးရဲ့ဘဝကိုကြားသိရသို့အဘော် စိတ်မကောင်း ဖြစ်မိပါတယ်၊ ကျွန်မဟာ သခင်လေးကို ဒုက္ခပေးသလို ဖြစ် နေပါပြီ၊ ဒါကြောင့် ကျွန်မရဲ့ တောင်းဆိုချက်ကို ပြန်ပြီး ရုပ်သိမ်းပါရစေရှင်'

ဟု ပြောလိုက်လေသည်။

ကျီးချိုက....

'မိန်းကလေးက'

'ကျွန်မက တခြားတစ်နေရာမှာသွားပြီး အကူအညီရှာပါ့ မယ်၊ သခင်လေးကို ဒုက္ခမပေးချင်တော့ပါဘူး၊ ခုတော့မှ ကျွန်မကြောင့် သခင်လေး စိတ်သောက ရောက်နေတာကိုစိတ် မကောင်းပါဘူးရှင်'

ထိုစဉ်....



'မင်းဘာယ်မှ သွားစရာမလိုဘူး'

အေးတိအေးစက်စကားသံတစ်ချက် ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

ပေ့ပေ့နှင့် ကျီးချိုတို့ လှမ်းကြည့်လိုက်ကြသောအခါ အခန်းထဲသို့ ဝင်ရောက်လာသည့် သခင်လေးအား တွေ့မြင် လိုက်ရလေတော့သည်။

* * *

သခင်လေးသည် မျက်နှာဖုံးတစ်ခု တပ်ဆင်ထားပြီး ဖြစ် လေသည်။

သူ၏ မျက်နှာသည် ခေသူမဟုတ်သော်ကောင်းမွန်သော ...

သိုဘိုင်....

www.burmeseclassic.com



မီးလောင်ထားသဖြင့်ရှုပ်ပျက်ဆင်းပျက်ဖြစ်နေသောအသွ
နှင့်စာလျှင် များစွာတော်ပေသေးတော့သည်။

ပေ့ပေ့ သက်ပြင်းချလိုက်လေသည်။

'သခင်လေး'

ကျွီးချိုက ထိုင်ရာမှ ထလိုက်လေသည်။

ပေ့ပေ့က....

'သခင်လေး စိတ်မကောင်းဖြစ်အောင်လုပ်မိတာကျွန်မကို
ခွင့်လွှတ်ပါရှင်'

ဟုအလေးအနက်ထားကာ တောင်းပန်လိုက်လေသည်။

သခင်လေးက....

'ကျုပ်ကို တောင်းပန်စရာမလိုပါဘူး'

ဟု ပြောလာလေသည်။

သူ၏လေသံမှာ အလွန်ညင်သာပျော့ပျောင်း နေတော့
သည်။

ပေ့ပေ့က....



'ကျွန်မ'

သူမ ထိုင်ရာမှထရန် ဟန်ပြင်လိုက်သောအခါ....

'ထိုင်ပါ....ထိုင်ပါ'

သခင်လေးက ထိုင်ခိုင်းလေသည်။

သူကိုယ်တိုင်လည်း ပေ့ပေ့နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်
လိုက်၏။

ပေ့ပေ့သည်သခင်လေးအား စိတ်မကောင်းစွာဖြင့်ကြည့်
ရှုမိလေသည်။

သခင်လေး၏အဖြစ်သည် ရင်နာစရာကောင်းလှသည်မဟုတ်
ပါလား။

မည်သူမဆို....

သခင်လေး၏နေရာတွင် နေရမည်ဆိုလျှင်ယင်းသို့ပင် ခံစား
ကြရမည်ဖြစ်လေသည်။

သခင်လေးက....

'မင်းသွားစရာမလိုတော့ပါဘူး၊ ကျုပ်က မင်းကိုအကူ
အညီ ပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလာလေသည်။

ပေ့ပေ့က...

'သခင်လေးကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့်'

သူမ၏စကားမဆုံးမီ သခင်လေးက ကြားဖြတ်ပြောလေသည်။

'မေတ္တာဂေဟာကိုလာပြီး အကူအညီ တောင်းခံပြီးမှ အကူအညီမယူဘဲ ပြန်သွားမယ်ဆိုရင် စော်ကားရာ ကျမနေဘူးလား'

'ကျွန်မ'

'ကျုပ်ကခင်းကို ကူညီမယ်လို့ ပြောပြီးပါပြီ'

ပေ့ပေ့ သက်ပြင်းချကာ...

'ကျေးဇူးတင်ပါတယ်ရှင်'

ဟု ပြောလိုက်လေသည်။

သခင်လေးက...

'ကောင်းပြီ...ကျုပ်က ဘယ်လိုအကူအညီပေးရမလဲ'



ပေ့ပေ့က...

သူမ သိုင်းလောကသို့ ရောက်လာရသည့်အကြောင်းရင်းကို ပြောပြလိုက်လေသည်။

သခင်လေးက ငြိမ်၍နားထောင်နေသည်။

ပေ့ပေ့၏စကား ဆုံးသွားမှ...

'မီးနဂါးကို သုတ်သင်ရှင်းလင်းပြီးရင် မင်းရဲ့ဆန္ဒပြည့်ဝသွားပြီပေါ့'

'ဟုတ်ပါတယ်ရှင်'

'ကောင်းပြီ...မီးနဂါးကို သုတ်သင်ရှင်းလင်းပေးဖို့ ကျုပ်တာဝန်ယူပါမယ်'

ပေ့ပေ့ ဝမ်းသာသွားလေသည်။

'သခင်လေးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်'

ဟု ပြောလိုက်လေသည်။

သခင်လေး လက်ကာပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေဦး၊ မင်းကိုမေးစရာရှိတယ်'

'ဟုတ်ကဲ့....မေးပါရှင်'

'မင်းက ကျုပ်ကို ယုံကြည်စိတ်ချမှုရှိလို့လား'

'ရှင်'

'ကျုပ်က မီးနဂါးကို သုတ်သင်ရှင်းလင်းပစ်နိုင်မယ်လို့ မင်းယုံကြည်လို့လား'

ပေ့ပေ့ ရှုတ်တရက်အဖြေမပေးနိုင်အောင် ဖြစ်သွားလေသည်။

သခင်လေးက....

'ကျုပ်မေးတာ ဖြေပါဦး'

ဟု ပြောလာသည်။

ပေ့ပေ့မတတ်နိုင်တော့ပါ။

'ကျွန်မယုံကြည်ပါတယ်'

သခင်လေးက....



'မင်းတကယ်ပဲ ယုံကြည်ရဲ့လား'

'ဟုတ်ပါတယ်ရှင်'

'ကောင်းပြီ....ကျုပ်ကူညီမယ်၊ မီးနဂါးကိုကျုပ်တာဝန်ယူမယ်၊ မင်းကျေနပ်ပြီလား'

'ကျေးဇူးတင်ပါတယ်ရှင်'

သခင်မလေးက ကျေးဇူးတင်စကားဆိုလှည့်ကာ....

'ဘဘ....ကျုပ်မြာခရီးထွက်ဖို့ ပြင်လိုက်ပါတော့'

ဟု ပြောလိုက်လေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

## မမျှော်လင့်သောဖြစ်ရပ်

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်နေသောသည်။

မြင်းနှစ်ကောင်သည် ဘောလမ်းကလေးအတိုင်း ခရီးနှင်

နေကြသည်။

မြင်းစီးသမားနှစ်ယောက်မှာ ပေ့ပေ့နှင့် သခင်လေးတို့

ဖြစ်ကြလေသည်။

သူတို့သည် ချူးပြည်နယ်သို့ဦးတည်ကာ ခရီးထွက်လာခဲ့

ကြခြင်းဖြစ်လေသည်။



နေ့ဝက်ခန့်ခရီးနှင်လာပြီးသောအခါ အရှေ့ဘက်တွင် မြို့

လေးတစ်မြို့ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သခင်လေးက ပေ့ပေ့ကိုလှမ်းကြည့်လိုက်၏။

ပေ့ပေ့မှာ နဖူးပေါ်တွင် ချွေးများစို့ရွဲကာ မောပန်း

နသည်ကိုတွေ့ရသဖြင့်....

'မင်း ပင်ပန်းနေပြီလား'

ဟု ပြောလာလေသည်။

ပေ့ပေ့က....

'ရပါတယ်ရှင်'

သခင်လေးက....

'အင်းလေ....ရှေ့ကမြို့ကလေးကို ရောက်ရင် ခဏနားပြီး

စ်နှုခုစားသောက်ကြတာပေါ့'

'ကျွန်မက....'

သခင်လေးသည် သူမအားဇာမှုမထားဘဲ မြင်းကိုရှေ့ဆက်

မောင်းနှင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ပေ့ပေ့လည်း မနေနိုင်ဘဲ လိုက်ပါသွားရလေသည်။ ထို့ကြောင့်....

မြို့လေးတစ်မြို့သို့ ရောက်ရှိသွားကြလေတော့သည်။

*   *   *

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေသည်။

ပေ့ပေ့နှင့် သခင်လေးတို့သည် ဆိုင်ထဲ၌ ရောက်ရှိကာ စားသောက်နေကြလေသည်။

ထိုစဉ်....

ဆိုင်ထဲရှိနေသူများသည် သူတို့အား အကဲခတ်ကြည့်ကာ တီးတိုးပြောဆိုနေကြလေသည်။

ထိုအခြင်းအရာကို ပေ့ပေ့ကသတိပြုမိသဖြင့် ဆက်လက် စားသောက်လိုစိတ်မရှိအောင် ဖြစ်သွားလေသည်။

သခင်လေးကလည်း သတိပြုမိသွားဟန်ရှိသည်။

'ဘယ်သူ့ကိုမှအမှုမထားနဲ့၊ စားစရာရှိတာစားပြီးရင် ခရီးဆက်ကြမယ်'

ဟု ပြောလေသည်။

'ကောင်းပါပြီရှင်'

ပေ့ပေ့က ခေါင်းငုံ့ကာစားသောက်နေလိုက်လေသည်။

ထိုအချိန်မှာပင်....

လူသုံးယောက်က စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်။

ထိုလူသုံးယောက်သည် စားပွဲတစ်လုံး၌နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်ကြလေသည်။

ထိုလူသုံးယောက်သည် စားသောက်ရင်း ပတ်ဝန်းကျင်အကဲခတ်ကြည့်လိုက်သောအခါ ပေ့ပေ့နှင့်သခင်လေးကို သတိပြုမိသွားကြလေသည်။

တစ်ယောက်က....

'ထူးခြားလိုက်တာ'

ဟု ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ယောက်က....

'ဟုတ်တယ်.... မိန်းကလေးက ချောလိုက်တာ၊ သူနဲ့
ယှဉ်နေတဲ့လူက မျက်နှာဖုံးစွပ်ထားတယ်၊ ဒါဘာသဘော

ကျန်တစ်ယောက်က....

'ဘွိုလိုက်ပြီး စုံစမ်းနေတဲ့ကိစ္စနဲ့များ ပတ်သက်နေမလ
မသိဘူး'

သူတို့ကအကဲခတ်နေသဖြင့် ပေ့ပေ့ အနေကျပ်လာ
သည်။

'ကျွန်မတို့ သွားကြပါစို့ရှင်'

သခင်လေးအား ပြောလိုက်လေသည်။

သခင်လေးက....

'ကောင်းပြီ'

စားသောက်ခကျသင့်ငွေကို ပေးချေလိုက်လေသည်။

တစ်ဖန် နှစ်ယောက်သားဆိုင်ထဲမှထွက်လာခဲ့ကြလေသည



ထိုလူသုံးယောက်သည်လည်း ချက်ချင်းထိုင်ရာမှသကာ
ာက်ယောင်ခံလိုက်လာကြလေတော့သည်။

* * *

ပေ့ပေ့နှင့်သခင်လေးတို့သည် ခရီးဆက်ရန် ဟန်ပြင်လိုက်
ကြလေသည်။

ထိုစဉ်....

'ခဏနေကြပါဦးဗျာ'

ဟန့်တားသံနှင့်အတူ သက်ာမကောင်းဖြစ်နေသူသုံးယောက်
လိုက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်သည် ပေ့ပေ့တို့၏သွားရာလမ်းကို ပိတ်
ဆို့ဟန့်တားထားလိုက်လေသည်။

ပေ့ပေ့က....

'ဘာကိစ္စများရှိလို့လဲရှင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က....

'မိန်းကလေးက ဘယ်သူလဲ၊ သူနဲ့ ဘယ်လိုပတ်သက်သလဲ'

ဟု မေးလာလေသည်။

ပေ့ပေ့က....

'ကျွန်မနာမည် ပေ့ပေ့လို့ခေါ်ပါတယ်၊ ကျွန်မဟာ...

သူမ၏စကားမဆုံးမီ သခင်လေးက ကြားဖြတ်ပြောလိုက်လေသည်။

'မင်းတို့ကော ဘယ်သူတွေလဲ၊ ဘာလာရှုပ်မလို့လဲ'

သူ၏အသံမှာ ခက်ထန်နေပါတော့သည်။

ထိုလူသုံးယောက်သည် ပေ့ပေ့ထက် သခင်လေးအား ပိုပြီးစိတ်ဝင်စားနေကြသည့်သဘောရှိလေသည်။

သခင်လေးအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ကြသည်။

တစ်ယောက်က နှာခေါင်းရှုံ့ကာ....



'မင်းကကော ဘယ်သူလဲ၊ ဘာကြောင့် မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားရတာလဲ၊ ပြောစမ်း'

ဟု မေးလိုက်လေသည်။

သခင်လေးက....

'မင်းတို့နဲ့မဆိုင်ပါဘူး'

ထိုလူတစ်ယောက်က....

'ဆိုင်တယ်ကွ၊ သိုင်းလောကမှာ မိန်းမချောလေးတွေ ပျောက်ဆုံးသွားနေခဲ့တာကြာပြီ၊ မင်းကကောဒီမိန်းကလေးကို သွေးဆောင်ဖြားယောင်းပြီး ခေါ်လာတာမဟုတ်လား'

ဟု စွပ်စွဲလိုက်လေသည်။

သခင်လေးမှာ ဒေါသထွက်ကာ အသားများပင် တဆတ်ဆတ်တုန်ယင်လာလေတော့သည်။

ပေ့ပေ့ မနေနိုင်တော့ပါချေ။

'ရှင်တို့ ဘာတွေလာပြောနေတာလဲ၊ ဒါ ကျွန်မရဲ့ကျေးဇူးရှင်၊ ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြရင် ကောင်းမယ်'

ထိုလူသုံးယောက် မကျေမနပ် ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

ပေ့ပေ့ကိုယ်တိုင်က သခင်လေးဘက်မှ ကာကွယ်ပြော နေခြင်းကြောင့် ဘာမှမတတ်သာကြတော့ချေ။

တစ်ယောက်က....

'မိန်းမချောလေးတွေ ပျောက်ဆုံးနေတဲ့အန္တရာယ် သိုင်း လောကမှာဖြစ်ပေါ်နေတယ်၊ မိန်းကလေး အစစအရာရာ သတိထားပါ'

ဟု ပြောသည်။

ထို့နောက် သုံးယောက်သား ထွက်ခွာသွားကြလေတော့ သည်။

* * *

ပေ့ပေ့နှင့်သခင်လေးတို့ ရှေ့ခရီးဆက်လာကြလေသည်။

သခင်လေးသည် တစ်လမ်းလုံးနှုတ်ဆိတ်နေ၏။



အကဲခတ်ကြည့်သာခဲ့သော ပေ့ပေ့က အနှောင့်အယှက် ပေးလာသူသုံးယောက်ကြောင့် သခင်လေး မကျေမနပ်ဖြစ်နေ ကြောင်း သတိပြုမိခဲ့လေသည်။

တစ်လမ်းလုံး တိတ်ဆိတ်စွာခရီးနှင်ခဲ့ကြပြီး တစ်နေရာသို့ အရောက်တွင်....

'ဟေ့....မပြေးနဲ့'

ကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့ ရင်ထိတ်သွားသည်။

ကပျာကယာ မြင်းကို အရှိန်သတ်ရပ်လိုက်လေသည်။

သခင်လေးလည်း မနေသာတော့ဘဲ ရပ်တန့်လိုက်ရလေ တော့သည်။

အသံဗလံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ သောအခါ....

'မပြေးနဲ့၊ ရပ်လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲမှ မိန်းကလေးတစ်ယောက် ဒရောသောပါ ပြေးထွက်လာသည်ကို တွေ့ရလေသည်။

'မပြေးနဲ့'

လူနှစ်ယောက်ကလည်း လိုက်လာကြသည်ကို တွေ့ရလေ သည်။

ပေ့ပေ့ မနေနိုင်တော့ပါ။

မိန်းကလေးများအား လိုက်လံဖမ်းဆီးနေကြသည့် လူဆိုး များရှိနေကြောင်း သူကိုယ်တိုင် လက်တွေ့သိထားပြီးပြီမဟုတ် ပါလား။

ထို့ကြောင့်....

'ရပ်လိုက်စမ်း'

ဟု အော်ဟောက်ကာ မြင်းပေါ်မှခုန်ဆင်းလိုက်လေသည်။

သခင်လေးက ဟန့်တားရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

ပေ့ပေ့သည် မိန်းကလေးနှင့် လိုက်လာသူနှစ်ယောက် ကြားသို့ တစ်ပတ်ကျွမ်းပစ်ကာ ရောက်ရှိသွားလေသည်။



လိုက်လာသူနှစ်ယောက် ရပ်တန့်လိုက်ကြ၏။

ပေ့ပေ့ကို မကျေမနပ်ကြည့်ကာ....

'ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့'

'ဘေးဖယ်လိုက်စမ်း'

ဟု အော်ဟောက်လိုက်ကြလေသည်။

ပေ့ပေ့က....

'မဖယ်နိုင်ဘူး၊ ရှင်တို့ မတရားတာလုပ်လို့မရဘူး'

ဟု ခပ်တည်တည်ပြန်ပြောလိုက်လေသည်။

ထိုလူနှစ်ယောက် ခံပြင်းသွားကြလေတော့သည်။

'ကျုပ်တို့က ဘာကြောင့် မတရားတာလုပ်ရမှာလဲ'

'ကျုပ်တို့ငွေအိတ် လုပြေးသွားတာ မင်းမမြင်ဘူးလား'

သူတို့၏စကားကြောင့်....

'ရှင်'

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့ ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

လှက်ပြေးလာသော မိန်းကလေးကိုလည်း လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ....

'ခစ်... ခစ်... ခစ်'

မိန်းကလေးက မခို့တရို့ ရယ်ရင်း ရယ်မောနေသည်ကို တွေ့ရလေသည်။

သူမ၏လက်ထဲ၌ အဝါရောင်အဝတ်အိတ်တစ်ခု ကိုင်ထားသည်ကိုလည်း တွေ့ရသည်။

မိန်းကလေးသည် အဝါရောင်အိတ်ထဲ လက်နှိုက်ကာ ရှာဖွေကြည့်နေ၏။

စားစရာတစ်ခုခုမတွေ့ရဘဲ ငွေထုပ်ကလေးများကိုသာတွေ့ရလေသောအခါ....

'ဝူး... ဝူး'

တစ်စုံတစ်ခုပြောရင်း အဝေးသို့ လွှင့်ပစ်လိုက်လေသည်။



'ပေး... ပေး'

'မလုပ်နဲ့'

သို့လူနှစ်ယောက်သည် ငွေအိတ်ကလေးကို ပြေးကောက်လိုက်ကြလေတော့၏။

ငွေအိတ်ရလျှင် ဘာကိုမှဂရုမစိုက်ဘဲ ထွက်သွားကြလေတော့သည်။

ပေ့ပေ့က မိန်းကလေးကို ကြည့်လိုက်ပြန်သည်။

ထိုမိန်းကလေးသည် ငယ်ငယ်ရွယ်ရွယ်လေးဖြစ်သည်။

ခန္ဓာကိုယ်အချိုးအစားသည်ချောမောလှပသူဖြစ်ကြောင်း ထင်ရှားနေသည်။

သို့သော်....

သူမ၏ မျက်နှာသည်ကား ကြောက်မက်ဖွယ် ကောင်းအောင် အရုပ်ဆိုး အကျည်းတန်နေပါတော့သည်။

ပေ့ပေ့က....

'ညီမလေး.... ဘာဖြစ်လို့ သူများရဲ့ငွေအိတ်ကို လုယူတာလဲ'

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လေသည်။

မိန်းကလေးက ပေ့ပေ့အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ထို့နောက် တဟီးဟီးရယ်မောကာ ထွက်ပြေးသွားလေတော့သည်။

'ဟေ့....ဟေ့'

ပေ့ပေ့က ဟန့်တားလိုက်သော်လည်း မရတော့ချေ။

ပေ့ပေ့ခေါင်းခါယမ်းလိုက်လေသည်။

'သူက ရူးသွပ်နေတာပါလား'

ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ရူးသွပ်နေသော မိန်းကလေးတစ်ယောက်အား သူမတွေ့ခဲ့ဘူးပါသည်။

ယခုတစ်ဖန် တွေ့ရပြန်ပြီဖြစ်လေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။



ပေ့ပေ့ကြောင်အမ်းအမ်းဖြင့်လှမ်းကြည့်လိုက်သောအခါ သခင်လေးက မြင်းဒုန်းစိုင်းကာ ထွက်သွားသည်ကို တွေ့လိုက်ရလေသည်။

'သခင်လေး....သခင်လေး'

ပေ့ပေ့က အော်ခေါ်လိုက်သော်လည်းသခင်လေးက ဂရုမစိုက်တော့ချေ။

ပေ့ပေ့ မနေနိုင်တော့ပါချေ။

အရှုးမလေးအား လျစ်လျူရှုကာ မြင်းပေါ်သို့ ကပျာကယာ ခုန်တက်ကာ သခင်လေးနောက်သို့ လိုက်ပါသွားရလေတော့သည်။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးဖျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့သည် လမ်းပေါ်၌ လှုပ်ရှားသွားလာနေကြ
များအား ငေးမော့ကြည့်ရင်း သက်ပြင်းအကြိမ်ကြိမ်ချနေ
လေသည်။

သခင်လေးကား ပျောက်ဆုံးသွားပြီဖြစ်သည်။

သူမက လိုက်လံရှာဖွေပါသော်လည်း မတွေ့ရတော့ချေ။

သခင်လေးသည် သူမအားထားရစ်ခဲ့ကာ အဘယ်ကြော
ထွက်သွားရပါသနည်း။

ထူးခြားမှုတစ်ခုခုရှိရမည်ဟု တွေးမိသည်။

သခင်လေးအား ရှာမတွေ့နိုင်တော့သည့်နောက်ဆုံး....

'မထူးတော့ပါဘူး၊ ငါ့ဘာသာ တခြားကူညီနိုင်မယ့်လူ
တစ်ယောက်ကို လိုက်ရှာတော့မယ်'

ဟု ဆုံးဖြတ်လိုက်လေသည်။

သူမ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ခွပ်... ခွပ်....ခွပ်... ခွပ်'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာ
သည်ကို ကြားလိုက်ရလေသည်။



ပေ့ပေ့ လှမ်းကြည့်လိုက်သောအခါ မြင်းလှည်းတစ်စီး
ခုန်းစိုင်း မောင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းလှည်းကိုမြင်လျှင် ပေ့ပေ့ ပါးစပ်အဟောင်း
သား ဖြစ်သွားရလေတော့သည်။

'ဟင်.... ရှင်ပျော်ပျော်တောင်ကြားက မြင်းလှည်းပါ
လား'

မှန်ပေသည်။

ထိုမြင်းလှည်းမှာ ငွေမင်းသမီးမောင်းနှင်လာသော မြင်း
လှည်း ဖြစ်လေသည်။

ငွေမင်းသမီးသည် ရှင်ပျော်ပျော် တောင်ကြားအတွက်
ချော့မော့လုပသော မိန်းကလေးများအား လိုက်လံဖမ်းဆီး
နေသူ ဖြစ်လေသည်။

'ငွေမင်းသမီးပါလား၊ သူက အလောတကြီး မောင်းနှင်
သွားပုံထောက်ရင် မကောင်းမှုတစ်ခုခု ကျူးလွန်တော့မယ်
ထင်တယ်'

ဟု တွေးပြီး စိတ်လှုပ်ရှားလာလေသည်။

ပေ့ပေ့က ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့နောက်ကို ငါလိုက်သွားမယ်'

ထို့နောက်....

ငွေမင်းသမီး၏ မြင်းလှည်းနောက်သို့ ပြေးလွှားလိုက်ပါ သွားလေတော့သည်။

* * *

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံမြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်နေသည်။

ငွေမင်းသမီးက မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်နေ၏

သို့ဖြင့် တစ်နေရာသို့ ရောက်လာသောအခါ....

'ရပ်လိုက်စမ်း'

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။



လူတစ်စု ပြေးထွက်လာကြပြီး မြင်းလှည်းအား ပိတ်ဆို့ ...န်းရံထားလိုက်ကြလေသည်။

ပေ့ပေ့ ရပ်ထိတ်သွားသည်။

ရှေ့ဆက်မသွားသေးဘဲ သစ်ပင်တစ်ပင် နောက်ကွယ်သို့ ...င်က၍ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

'ဟေး....ဟေး'

ငွေမင်းသမီးသည်လည်း ရှေ့ဆက်မောင်းနှင်သွား၍ မရ ...တော့သဖြင့် မြင်းလှည်းကိုရပ်တန့်လိုက်ရလေသည်။

ဝိုင်းရံထားသူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ဒါက ဘာသဘောလဲ'

ဟု ငေါက်လိုက်လေသည်။

ဝိုင်းထားကြသူများအနက် အဘိုးအိုတစ်ယောက်ကရှေ့သို့ ...်းထွက်လာလေသည်။

အဘိုးအို၏လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ဆောင် ...းလေသည်။

အဘိုးအိုသည် တောင်ဝှေးကိုမြှောက်ယမ်းလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ငွေမင်းသမီး၊ ခုတော့ မင်းဘယ်ပြေးမလဲ'

ဟု ဝေါက်လိုက်လေသည်။

ငွေမင်းသမီးက ထိုအဘိုးအိုကိုမြင်လျှင် ရယ်မောလို ၏။

'ဘယ်သူများလဲမှတ်တယ်၊ နဂါးကျေးရွာပိုင်ရှင်တင်းကု ကိုး၊ ကျွန်မက နဂါးကျေးရွာကိုသွားမလို့၊ ရှင်က ကြို စောင့်ပြီး လာကြိုနေတာကိုး'

ဟု ခနဲ့လိုက်လေသည်။

တင်းကုံးဆိုသော အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက နဂါးကျေးရွာကို နှောင့်ယှက်ဖို့ လာတယ် တာ ကျုပ်သိတယ်'

'ဟုတ်ပါတယ်ရှင်၊ ရှင့်ရဲ့မြေးဟာ မကြာခင် မင်းလ ဆောင်တော့မယ်မဟုတ်လား၊ ရှင့်မြေးဟာ ချောမောလှပ မိန်းကလေးတစ်ယောက်မို့ ရှင်ပျော်ပျော် တောင်ကြား သဘောကျနေပါပြီရှင်'

တင်းကုံးက တောင်ဝှေးကို မြေပေါ် ခြေဆောင့်လို လေသည်။



'ကျုပ်က ရှင်ပျော်ပျော်တောင်ကြားကို ဂရုစိုက်မယ်မျှား င်သလား'

ဟု အော်ဝေါက်လိုက်လေသည်။

ငွေမင်းသမီးက....

'ကောင်းပြီ၊ ကျွန်မကို ဘယ်သူဟန့်တားနိုင်မလဲ၊ ကြည့် ကြသေးတာပေါ့'

စကားဆုံးလျှင် မြင်းလှည်းပေါ်မှ လျှပ်တစ်ပြက်ခုန်ဆွက် ာ ဘင်းကုံးထံသို့ ခုန်ဝင်သွားလေသည်။

တင်းကုံးက....

'ကျုပ်က မင်းကိုကြောက်နေရမှာ လား'

ဟု ကြုံးဝါးကာ တောင်ဝှေးကိုဝှေ့ယမ်းကာ ဆီးကြို က်ခိုက်လိုက်လေ၏။

ကျန်လူများကလည်း....

'ယား'

'တိုက်ကြဟ'

www.burmeseclassic.com

www.burmeseclassic.com



ပြောသံပေးကာ တက်ညီလက်ညီဝင်ရောက်တိုက်ခိုက်ကြ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်

* * *

ပေ့ပေ့သည် သစ်ပင်နောက်ကွယ်မှနေပြီး တိုက်ပွဲ အကဲခတ်ကြည့်နေလေသည်။

တင်းကုံးတို့မှာ ဆယ်ယောက်ခန့်ရှိပြီး အားလုံးလို ထိပ်တန်းသိုင်းသမားများချည်း ဖြစ်ကြလေသည်။

သူတို့လူစုတွင် ငယ်ရွယ်နုပျိုပြီး ချောမောလှပသော မိန် ကလေးတစ်ယောက် ပါဝင်နေသည်ကို တွေ့ရ၏။

ထိုမိန်းကလေးမှာ နဂါးကျေးရွာပိုင်ရှင် တင်းကုံး၏မြေ တင်းတင်းဖြစ်လေသည်။ တင်းတင်းသည် ချောမောလှပ သေးဖြစ်ပြီး မကြာခင် မင်္ဂလာဆောင်တော့မည့်သူ ဖြစ် သည်။

သူမသတင်းကြားကိုကြားရသဖြင့် ငွေမင်းသမီးက လာ ရောက်ဖမ်းဆီးခြင်း ဖြစ်လေသည်။



ငွေမင်းသမီး လာရောက်နှောင့်ယှက်မည့်သတင်း ကြားထားသဖြင့် တင်းကုံးတို့က ကြိုတင်စောင့်ဆိုင်းကာ ရင်ဆိုင်ခဲ့ကြခြင်းဖြစ်သည်။

နဂါးကျေးရွာ၌ တိုက်ပွဲဖြစ်လျှင် ရွာသူရွာသားများ အထိတ်တလန့်ဖြစ်မည်ကို စိုးရိမ်ကာ လမ်းခရီးမှထွက်၍စောင့်နေကြခြင်းလည်း ဖြစ်လေသည်။

နဂါးအဘိုးအိုတင်းကုံးသည် သိုင်းလောက၌ နာမည်ရှိသူဖြစ်ရာ ငွေမင်းသမီးအား ယှဉ်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေတော့သည်။

ပေ့ပေ့က တိုက်ပွဲကိုချောင်းကြည့်နေ၏။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

ငွေမင်းသမီးသည် အများနှင့်တစ်ယောက် ရင်ဆိုင်နေရသော်လည်း ကြောက်ရွံ့ခြင်း မရှိပါချေ။

သူမသည် ပန်းဝတ်ရည်စုပ်ယူရန် ပျံသန်းနေသော လိပ်ပြာလေးတစ်ကောင်ပမာ တင်းကုံးတို့ လူစုကြား၌ ခုန်ပျံ၍ တိုက်ခိုက်နေ၏။

တင်းကုံးတို့လူစု၏တိုက်ခိုက်မှုကို ကိုယ်ဖော့ပညာအသုံးပြုကာ ရှောင်တိမ်းရင်း အနီးသို့ရောက်လာသူများအား လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်....

ခပ်လှမ်းလှမ်း၌ရှိနေသူများအား လက်နက်ပုန်းသုံးက တိုက်ခိုက်လိုက်လေသည်။

ထိုမျှမကသေး၊ တင်းတင်းအားဖမ်းရန် ကြိုးစားလိုက် သေး၏။

တင်းကုံးတို့မှာ လူများသော်လည်း ငွေမင်းသမီးအား အနိုင်မရသည့်အပြင် ဗျာများနေကြလေတော့သည်။

ပေ့ပေ့ စိုးရိမ်သွားသည်။

'ဒီအတိုင်းဆိုရင် နဂါးကျေးရွာကလူတွေတောင် အရေး နိမ့်သွားနိုင်တယ်၊ မဖြစ်ဘူး သူတို့ဘက်က ဝင်ပြီးကူမှပဲ'

ဟု တွေးလိုက်လေသည်။

သူမ၏ သိုင်းပညာမှာ ထိပ်သီးအဆင့်ရှိသည်တော့ မဟုတ် ပါ။

သို့သော်....

အခက်ကြုံနေသည့် နဂါးကျေးရွာမှလူများအား တစ်ကယ် တစ်အားကူညီနိုင်မည်ဟု ယုံကြည်ထားလေသည်။



သူမ လှုပ်ရှားရန်ဟန်ပြင်လိုက်စဉ် မလှမ်းမကမ်းတစ်နေ ရာမှ ထူးခြားသောလှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့ မြင်လိုက်ရလေသည်။

ပေ့ပေ့ ရင်ထိတ်သွားသည်။

'သူသေချာအောင်ကြည့်လိုက်သောအခါ ဘာကိုမှ မတွေ့ရ တော့ပါ။

ပေ့ပေ့ မျက်မှောင်ကုတ်သွားလေသည်။

'လူတစ်ယောက်ကို တွေ့လိုက်ရသလိုပဲ'

မှန်ပေသည်။

သူမသည် သစ်ပင်များကြား၌ လူရိပ်တစ်ခုတွေ့မြင်လိုက်ရ သည်ဟု ထင်မိလေသည်။

ထိုအချိန်မှာပင်....

'ဝှန်း'

'အား'

'အမယ်လေး'

www.burmeseclassic.com

www.burmeseclassic.com



'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြား လိုက်ရ၏။

ပေ့ ပေ့ က တိုက်ပွဲဖြစ်ပေါ်နေသောနေရာဆီသို့ လှမ်း ကြည့်လိုက်၏။

ထိုအခါ....

ငွေမင်းသမီး၏လက်ချက်ကြောင့် နဂါးအဘိုးအို၏လူများ ဖရိုဖရဲဖြစ်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမျှမကသေး....

'ညည်းလာခဲ့စမ်း'

ငွေမင်းသမီးကအော်ငေါက်ရင်း နဂါးအဘိုးအိုတင်းကုံး ၏မြေးမလေး တင်းတင်းအနီးသို့ ရောက်ရှိသွားသည်ကို တွေ့ လိုက်ရ၏။

မည်သူကမှ ဟန့်တားခြင်းမပြုလိုက်နိုင်ကြပါချေ။

ငွေမင်းသမီးသည် တင်းတင်းအား သွေးကြောပိတ်က ဖမ်းဆီးထားလိုက်လေသည်။



ထိုအဖြစ်အပျက်ကိုမြင်လျှင် နဂါးအဘိုးအိုတင်းကုံးတို့ ထိတ်လန့်သွားကြလေသည်။

'သေပေတော့'

ဟု အော်ငေါက်ကာ မြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက် ကြ၏။

'ဟင်း....ဟင်း... ဟင်း'

ငွေမင်းသမီးက ရယ်မောလိုက်လေသည်။

'ရှင်တို့ရှေ့တိုးလာတာနဲ့ သူ့ကိုသတ်ပစ်လိုက်မယ်'

ဟုလည်း ခြိမ်းခြောက်လိုက်သည်။

'မင်း'

တင်းကုံး မျက်နှာပျက်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်လေတော့သည်။

ငွေမင်းသမီးက....

'နဂါးအဘိုးအို၊ ရှင့်ရဲ့မြေးမလေး မသေစေချင်ဘူးဆိုရင် ရှင် အေးအေးဆေးဆေးနေပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ တင်းဘင်းအား ခေါးစောခံပြုလုပ်ပြီး မြင်းလှည်းဆီသို့ ခေါ်ဆောင်သွားသည်။

ထို့နောက်...

တင်းဘင်းအား မြင်းလှည်းပေါ်တင်ကာ မြင်းလှည်းအား ဒုန်းစိုင်းမောင်းနှင်သွားလိုက်လေတော့သည်။

* * *

'ခွပ်...ခွပ်...ခွပ်...ခွပ်'

'ဟီး...ဟီး...ဟီး'

မြင်းခွာသံ၊ မြင်းလှည်းဘီးလှိမ့်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

နဂါးအတိုးအိုတင်းကုန်း ခေါသခြောင်းခြောင်း ထွက်နေပါသည်။

သို့သော်...



ငွေမင်းသမီးနောက်သို့ လိုက်မသွားရဲပါချေ။

သူတို့က လိုက်လံဘိုက်ခိုက်မည်ဆိုပါလျှင် ငွေမင်းသမီးက တင်းဘင်းအား အချိန်မရွေးသတ်ပစ်လိုက်နိုင်သည် မဟုတ်ပါလား။

တင်းကုန်းတို့သည် မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့စဉ်မှာပင် တစ်ယောက်ကအော်ပြောလိုက်လေသည်။

'မြင်းလှည်းနောက်မှာ လူတစ်ယောက်ပါသွားတယ်'

ထိုအသံကြောင့် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြကာ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ...

မြင်းလှည်းအိမ်အနောက်ဘက်မှ လူတစ်ယောက်က ထွက်လာပြီး လိုက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် တင်းကုန်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

'သူက ဘယ်သူလဲ'

ဟု ရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ပေ့ပေ့ဖြစ်ပါသည်။

ပေ့ပေ့သည် ငွေမင်းသမီးက ကပျာကယာဖမ်းဆီးခေါ်ဆောင်သွားသော တင်းတင်းအား ကယ်ဘင်ရန်ဆုံးဖြတ်ကာ မြင်းလှည်းအနောက်ဘက်မှတွယ်ကပ်ပြီး တိတ်တဆိတ်လိုက်သွားခြင်းဖြစ်လေသည်။

တင်းကုံးက....

'ဘာပဲဖြစ်ဖြစ် ငါ့မြေးကို ရန်သူ့လက်ထဲအပါမခံနိုင်ဘူး၊ နောက်ယောင်ခံလိုက်သွားပြီး အခွင့်အရေးရတာနဲ့ ကယ်တင်ရမယ်'

ဟု ပြောလိုက်လေသည်။

အကယ်၍....

သူတို့၏အဖြစ်အပျက်ကို တိတ်တဆိတ်ချောင်းမြောင်းကြည့်ရှုနေခဲ့သူမှာ ပေ့ပေ့သာမဟုတ်ဘဲ တခြားတစ်ယောက် ရှိနေခဲ့သေးသည်ဆိုပါလျှင်....

ထိုလူသည်လည်း ငွေမင်းသမီး၏မြင်းလှည်းနောက်သို့ တိတ်တဆိတ်လိုက်သွားသည်ကိုသာ တင်းကုံးတို့သိနိုင်ခဲ့မည်ဆိုပါလျှင်....

* * *

ထူးထူးဆန်းဆန်း

---

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းလှည်းသည် အရှိန်ပြင်းစွာဖြင့် မရပ်မနားမောင်းနှင်နေသည်။

ပေ့ပေ့က မြင်းလှည်းအိမ်အနောက်ဘက်မှ တွယ်ကပ်ပြီး လိုက်လာလေသည်။

ခလုတ်ကန်သင်း ချိုင့်ခွက်များပေါသောလမ်းကြမ်းကို ဖြတ်သန်းသွားသောအခါ မြင်းလှည်းအိမ်မှာ တဝုန်းဝုန်းမြည်အောင်လှုပ်ယမ်းနေပြီး သူမ မြင်းလှည်းပေါ်မှ ပြုတ်ကျမသွားလေအောင် မနည်းတွယ်ကပ်ထားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်....

မရပ်မနားမောင်းနှင်နေသဖြင့် ကြာသော် ခြေလက်များ အံသေကာ ညောင်းညာလာတော့သည်။

'သူက ဘယ်အထိများသွားနေမှာပါလိမ့်'

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ် သွား၏။

နေခြည်ကွယ်ပျောက်သွားပြီး အမှောင်ထုလွှမ်းခြုံသွား သည်။

မကြာပါချေ။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာလေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပလာလေ တော့သည်။

ငွေမင်းသမီးက မြင်းလှည်းကို ဆက်လက်မောင်းနှင်သွား ၏။

ပေ့ပေ့မှာ ညောင်းညာလာကာ ပြုတ်ကျလုမတတ်ဖြစ် လာသည်။



'ဒုက္ခပါပဲ'

သူမစိတ်ထဲမှ ညည်းတွားမိလိုက်သည်။

ထိုအချိန်မှာပင်....

'ဟေး....ဟေး'

အော်ပေါက်သံများ ထွက်ပေါ်လာသည်။

ငွေမင်းသမီးက မြင်းလှည်းအား ရပ်တန့်လိုက်လေတော့ သည်။

* * *

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ငွေမင်းသမီးက မြင်းလှည်းကို ရပ်တန့်လိုက်ပြီ ဖြစ်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမသည် မြင်းလှည်းပေါ်မှခုန်ဆင်းလာသည်။

ဖမ်းဆီးလာသော တင်းတင်းကိုလည်း မြင်းလှည်းပေါ်မှ ဆွဲကာ ပခုံးပေါ်ထမ်းပြီး အရှေ့စူးစူးဆီသို့ထွက်ခွာသွား၏။

ပေ့ပေ့ တုတ်တုတ်မျှမလှုပ်ရဲပါချေ။

သူမသည် တင်းတင်းအား ကယ်တင်လို၍ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

သို့သော်....

လက်တွေ့တွင် ငွေမင်းသမီးအား ရင်ဆိုင်နိုင်မည် မဟုတ် ကြောင်း သဘောပေါက်ထားပြီး ထိပ်တိုက်ရင်ဆိုင်ရန် မဝံ့ မရဲဖြစ်နေပါတော့သည်။

သူမသည် မြင်းလှည်းပေါ်မှ ကပျာကယာခုန်ဆင်းလိုက် သည်။

ထို့နောက်....

အမှောင်ရိပ်ကို အကာအကွယ်ယူကာ ငွေမင်းသမီးနောက် သို့ လိုက်သွားသေသည်။

ငွေမင်းသမီးမှာ ပေ့ပေ့လိုက်လာသည်ကို မသိပါချေ။



တင်းတင်းအား ပခုံးပေါ်ထမ်းကာ ခပ်သွက်သွက်လှမ်း ...းနေ၏။

...အတော်ကလေးကြာလျှင် တောင်ကုန်းကလေးတစ်ခုအနီး ...ရောက်ရှိလာလေသည်။

...ငွေမင်းသမီးက ခြေလှမ်းရပ်လိုက်လေသည်။

...တ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး....

...ဘယ်သူလဲ'

...ု မေးလိုက်လေသည်။

...ူမ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာပါသည်။

...ပေ့ပေ့ ရင်ထိတ်သွားသည်။

...ါလိုက်လာတာကို သူသိသွားသို့များလား'

...ု စိတ်ထဲမှရေရွတ်လိုက်သည်။

...မင်းသမီး၏အသံက ထပ်မံထွက်ပေါ်လာပါသည်။

...မြန်မြန်ထွက်လာခဲ့စမ်း'

...စဉ်....

www.burmeseclassic.com

www.burmeseclassic.com



အေးစက်သော ရယ်သံတစ်ချက် ထွက်ပေါ်လာသ ကြားလိုက်ရလေသည်။

ပေ့ပေ့ အံ့ဩသွားသည်။

သူမသည် အမှောင်ရိပ်ထဲမှထွက်လာ ငွေမင်းသမီးနှ ဆိုင်နေ် ဟန်ပြင်နေစဉ်မှာပင် အေးစိမ့်သောရယ်သံ ပေါ်လာခြင်းမဟုတ်ပါလား။

ရယ်သံနှင့်မရှေးမနှောင်းမှာပင် လူရိပ်တစ်ခုက သ နောက်ကွယ်မှနေ၍ ခုန်ထွက်လာသည်ကို တွေ့မြင်လိုက် သည်။

ပေ့ပေ့မှာ ကပျာကယာ အမှောင်ရိပ်ထဲ တိုးဝ ပုန်းအောင်းနေလိုက်လေသည်။

ထွက်ပေါ်လာသော လူရိပ်ကိုလည်း အကဲခတ်ကြည် သည်။

ထိုအခါ....

အစိမ်းရောင် ဝတ်ဆင်ထားသူတစ်ယောက် ရောက် သည်ကို တွေ့လိုက်ရလေသည်။

လရောင်ဖြင့် ထိုလူ၏မျက်နှာကို ကောင်းစွာ မြ သည်။



ထိုလူမှာ မင်းသားအသားတစ်ယောက်ပမာ ချောမောခန့် းသူဖြစ်နေပေတော့သည်။

ငွေမင်းသမီး မျက်မှောင်ကုတ်သွားသည်။

'ရှင်ဘယ်သူလဲ၊ ကျွန်မနောက်ကို တိတ်တဆိတ် လိုက်နေ ာ ဘာသဘောလဲ'

ဟု မေးလိုက်လေသည်။

ထိုလူက ရယ်မောလိုက်သည်။

'ကျုပ်က ခင်ဗျားနောက်ကို လိုက်ချောင်းကိုင်းလိုက်နေတာ ဟုတ်ဘူး၊ သတို့သမီးလိုက်ရှာနေတာဗျ'

ဟု ပြောလာလေသည်။

ငွေမင်းသမီးက....

'ဘာပြောတယ်၊ သတို့သမီးလိုက်ရှာနေတယ် ဟုတ်လား'

ထိုလူက....

'ဟုတ်ပါတယ်ဗျာ'

ငွေမင်းသမီးသည် သူမဖမ်းခေါ်လာသည့် တင်းအင်းကို စ်လှည့် ထိုလူကိုတစ်လှည့် ကြည့်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ကျွန်မခေါ်လာတဲ့ မိန်းကလေးကိုလိုချင်လို့လ

ဟု မေးလိုက်လေသည်။

ထိုလူက....

'ဟုတ်ပါတယ်ဗျာ'

ငွေမင်းသမီး ရယ်မောလိုက်လေသည်။

'လက်စသတ်တော့ ကျွန်မခေါ်လာတဲ့မိန်းကလေးကို
က လိုချင်နေတာကိုး'

'ဟုတ်ပါတယ်ဗျာ'

'ကျွန်မဟာ ရှင်ပျော်ပျော်တောင်ကြားက လူတစ်ယော
ဆိုတာ ရှင်မသိသေးဘူးထင်တယ်'

ထိုလူက....

'ခင်ဗျားကို ခွေးချီသွားတောင် လူတိုင်းသိကြပါတ
ဗျာ'

ဟု ပြောလိုက်သည်။



ထိုစကားကြောင့် ငွေမင်းသမီး အောင့်သက်သက်ဖြစ်သွား
လေတော့သည်။

'ရှင်က ကျွန်မကိုသိလျက်နဲ့ နှောင့်ယှက်ချင်တာ ကိုယ့်
ဒုက္ခ ကိုယ်ရှာနေတာနဲ့ မတူဘူးလား'

ထိုလူက....

'ဒီလိုထင်ရင် မင်းမှားသွားမှာပေါ့'

'နေပါဦး....ရှင်ကဘယ်သူလဲ၊ ပြောစမ်းပါဦး'

ငွေမင်းသမီး၏ အမေးစကားအဆုံးတွင် ထိုလူက....

'ကျုပ်ကို သိုင်းလောကသားတွေက နတ်ဆိုးလို့ခေါ်ကြ
တယ်ဗျာ'

ဟု ပြောလိုက်လေသည်။

နတ်ဆိုးဆိုသောအမည်ကြားလျှင် ပေ့ပေ့တုန်လှုပ်သွား
လေသည်။

နတ်ဆိုးသည်လည်း ရှင်ပျော်ပျော်တောင်ကြားမှ လူသွား
ကဲ့သို့ မိန်းမချောလေးများအားလိုက်လံဖမ်းဆီးနေသူမဟုတ်
ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ငွေမင်းသမီးလည်း အံ့ဩသွားလေသည်။

'လက်စသတ်တော့ ဣတ္ထိသမုန်း နတ်ဆိုးဆိုတာ ရှင်ကိုး'

ဟု ပြောလိုက်သည်။

ထိုလူက....

'ဟုတ်တယ်....ကျုပ်က မိန်းမချောလေးတွေကို လိုက်ဖမ်းနေတဲ့ ရှစ်ပျော်ပျော်တောင်ကြားကလူတွေလိုတော့ မဟုတ်ဘူးပေါ့ဗျာ'

ငွေမင်းသမီးက....

'တော်ပြစ်ပြစ်၊ ကျွန်မခေါ်လာတဲ့ မိန်းကလေးကို ရှင်ခေါ်သွားလို့ မရဘူး'

နတ်ဆိုးက....

'သူဟာ နဂါးအကိုးအိုရဲ့ မြေးဆိုပြီး ဝင့်ကြွားတယ်၊ အလှအပဂုဏ်ကြောင့် မောက်မာတယ်၊ တော်ရုံတန်ရုံလူမထင်ဘူး၊ မာနကြီးတယ်၊ သူ့ရဲ့အလှပအောက်မှာ ယောကျ်ားတိုင်း ဒူးထောက်ရလိမ့်မယ်လို့ယုံကြည်ထားတယ်၊ ဒါကြောင့် ကျုပ်ကသူ့ကို သဘောကျမိတာပါ'

ငွေမင်းသမီးက....



'အပိုတွေပြောမနေနဲ့၊ ရှင့်ဒီနေရာကနေ မြန်မြန်ထွက်သွားရင် ကောင်းမယ်'

ဟု ဝေါက်လိုက်သည်။

နတ်ဆိုးက....

'စိတ်ချ၊ ကျုပ်က သူ့ကိုခေါ်ပြီးထွက်သွားမယ်'

သွေးကြောပိတ်ခံနေရသော ဘင်းတာင်းကို ညွှန်ပြကာ ပြောလေသည်။

ငွေမင်းသမီး ဒေါပွသွားလေသည်။

'ကောင်းပြီ...ရှင်ဘယ်လောက် အစွမ်းအစရှိသလဲကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် လက်ဖွေ့ယမ်းကာ စဘင်တိုက်ခိုက်လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်'

လေသိုးသံများ ထွက်ပေါ်လာသည်။

ဝင်းလက်တောက်ပသော ဆယင်းရောင်များလည်းထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းလေးများသည် နတ်ဆိုးထံသို့တစ်ဟုန်ထိုးပစ်လွင့်သွားလေသည်။

ပေ့ပေ့က တိုက်ပွဲကို အကဲခတ်ကြည့်နေသည်။

ငွေမင်းသမီးသည် လည်းကောင်း၊ နတ်ဆိုးသည် လည်းကောင်း လူကောင်းများမဟုတ်ကြောင်းသဘောပေါက်ထားသည်။

ထို့ကြောင့်....

ယှဉ်ပြိုင်တိုက်ခိုက်ရင်းနှစ်ယောက်စလုံး ဒုက္ခရောက်သွားပါစေဟုပင် ဆုတောင်းနေမိလေတော့သည်။

လူဆိုးများ ဒုက္ခရောက်သွားမှသာ လူကောင်းများ သက်သာကြလိမ့်မည် မဟုတ်ပါလား။

ငွေမင်းသမီးက လက်နက်ပုန်းဖြင့် တိုက်ခိုက်လိုက်သောအခါ....

'ဟား....ဟား....ဟား'

နတ်ဆိုးက ဟားတိုက်ရယ်မောလိုက်လေသည်။

'ခင်ဗျားပညာ ဒါအကုန်ပဲလား'



ဟုလည်း ပြောလိုက်သည်။

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါဝင်းလက်တောက်ပသော အလင်းရောင်များ ပျောက်ကွယ်သွားလေတော့သည်။

ငွေမင်းသမီး မျက်နှာပျက်သွားလေသည်။

'ဝှစ်....ဝှစ်'

နတ်ဆိုးက....

'ခင်ဗျား ဘာမှတတ်နိုင်မှာမဟုတ်ဘူးဆိုတာ ကျုပ်ပြောပြီးသားပါ'

ငွေမင်းသမီးက အံတင်းတင်းကြိတ်လိုက်လေသည်။

'စိတ်ချ၊ ရှင့်ကိုဆုံးမပြမယ်'

ဟု ပြောကာ မြေပေါ်ခြေဆောင့်ပြီးလျှင် လျှပ်တစ်ပြက်ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

'ဟူး....ဟူး'

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေမင်းသမီးသည် နှတ်ဆိုးအနီးသို့ လျှပ်တစ်ပြက် ရောက်ရှိသွားပြီး လက်ဝါးနှစ်ဖက်ဖြင့် ထိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ပေ့ပေ့ ပင့်သက်ရှိုက်လိုက်လေသည်။

ငွေမင်းသမီး၏လက်ချက်ကြောင့် နှတ်ဆိုးဒုက္ခရောက်တော့မည်ဟု ထင်မိလေသည်။

သို့သော်....

သူမ၏ အထင်နှင့်အမြင် လွဲမှားသွားလေတော့သည်။

နှတ်ဆိုးက....

'သွားစမ်း'

ဟုဟောက်ကာ လက်ခဝှဲ့ယမ်းလိုက်သည်။

ဤတွင်....

'ဝုန်း'

'အမယ်လေး'



စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ငွေမင်းသမီးအဝေးသို့ လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တိုက်ပွဲသည် ရှုတ်တရက် ဖြစ်ပေါ်လာပြီး ရှုတ်ခြည်းပင်ပြီးဆုံးသွားလေသည်။

ငွေမင်းသမီးသည် ယီးယိုင်ဖြင့် နောက်ဆုတ်လာပြီး....

'ဖုတ်'

မြေပေါ်ကျသွားလေသည်။

သို့သော်....

သူမသည် ချက်ချင်းပြန်လည်ခုန်ထလိုက်လေသည်။

သူမ၏ နှုတ်ခမ်းထောင့်၌ သွေးများစီးကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုးအား မျက်လုံးပြူး၍ကြည့်ကာ....

'ရှင်....ရှင်'

စကားထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ ဘာမှ မပြောနိုင်ချေ။

နတ်ဆိုးက....

'တင်းတင်းကို ကျုပ်ခေါ်သွားတော့မယ်'

ဟု ပြောကာ ရှေ့တိုးလာလေသည်။

ငွေမင်းသမီးက ...

'ရှင်....ရှင်'

နတ်ဆိုးက....

'ဘာလဲ၊ ခင်ဗျားက ဟန့်တားဦးမလို့လား'

ဟု မေးလိုက်သည်။

သူ၏အသံ အေးတိအေးစက် ဖြစ်နေသည်။

ငွေမင်းသမီးကဟန့်တားလျှင် ပြတ်ပြတ်သားသား တိုက်ခိုက်သွားတော့မည့်သဘော ဖြစ်လေသည်။



ငွေမင်းသမီးက နောက်ဆုတ်လိုက်လေသည်။

သူမသည် နတ်ဆိုးအား ဟန့်တားခြင်း မပြုဝံ့တော့သည့်အပြင် ကြောက်ရွံ့ထိတ်လန့်နေပြီ မဟုတ်ပါလား။

နတ်ဆိုးက မြေပေါ်လဲနေသည့် တင်းတင်းအား ဆွဲယူကာ ပခုံးပေါ်ထမ်းလိုက်သည်။

ထို့နောက်....

ငွေမင်းသမီးအား ဂရုမစိုက်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

* * *

နတ်ဆိုးထွက်သွားပြီဖြစ်လေသည်။

ငွေမင်းသမီး ဒေါသခြောင်းခြောင်း ထွက်နေသည်။

သို့တိုင်....

www.burmeseclassic.com

www.burmeseclassic.com



သူမ အာမျှ မတတ်နိုင်တော့ပါချေ။

နတ်ဆိုး၏လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရထားပြီးဖြ
မဟုတ်ပါလား။

နတ်ဆိုးမြင်းကွင်းမှ ပျောက်ကွယ်သွားလျှင် မြေပေါ်သို့
ကပျာကယာထိုင်ချလိုက်သည်။

ထို့နောက်....

အတွင်းအား ဖော်ထုတ်ကာ အတွင်းဒဏ်ကို ကုသနေလိုက်
လေတော့သည်။

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

ငွေမင်းသမီးဒုက္ခရောက်သွားသည်ကိုတွေ့ရသဖြင့် ကျေနပ်
မိသွားသော်လည်း နတ်ဆိုးသည် အလွန် ကြောက်မက်ဖွယ်
ကောင်းသူဖြစ်ကြောင်း သဘောပေါက်လိုက်သဖြင့် ရင်လေး
လာလေသည်။

တင်းတင်းအတွက်လည်း စိုးရိမ်လာသည်။

ထို့ကြောင့်....



အခြေအနေကို အကဲခတ်ပြီး နတ်ဆိုးနောက်သို့ နောက်
တင်ခံလိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

* * *

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာလေသည်။

လဝန်းသည် တောင်းကင်အလယ်ဗဟိုသို့ပင် ရောက်ရှိနေပြီ
သည်။

အေးမြသော ညလေများက တဟူးဟူး တိုက်ခတ်နေ၏။

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေ
၏။

ည၏ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံကို
း ကြားနေရလေသည်။

ညသည် သာယာလှပနေပါတော့၏။

သို့တိုင်....

ပေ့ပေ့သည် ည၏သဘာဝအလှအပများကို သိမြင်ခံစား
မ်းမရှိပါချေ။

သူမ၏ရင်ထဲ ပူလောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုး၏လက်ထဲရောက်သွားသော တင်းတင်း ဒုက္ခရောက်
သွားနိုင်သည်ကို တွေးမိထားခြင်းကြောင့် ဖြစ်လေသည်။

ပေ့ပေ့သည် တောအုပ်ကိုဖြတ်သန်း၍ ပတ်ဝန်းကျင်ကို
ကျီးကန်းတောင်းမှောက် အကဲခတ်ကြည့်ခဲ့လေသည်။

နတ်ဆိုးနှင့်တင်းတင်းတို့၏ အရိပ်အယောင်ကိုပင် မတွေ့
သေးပါချေ။

နတ်ဆိုးအား ရှာမတွေ့မည်ကို စိုးရိမ်ပူပန်လာစဉ်မှာပင်...ချေ။

'ကယ်တော်မူကြပါ'

ဝဲဘက်တစ်နေရာမှ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာ
သည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့ ရင်ထိတ်သွားသည်။

အော်ဟစ်သံ ထွက်ပေါ်လာရာသို့ ဦးတည်ပြေးလွှားလိုက်
လေသည်။

မကြာပါချေ။

သစ်ပင်များကြား၌ ရှုပ်ရှင်းဆန်ခတ် ဖြစ်နေသည်ကို
တွေ့မြင်လိုက်ရလေသည်။

ပေ့ပေ့ သေသေချာချာ ကြည့်လိုက်သောအခါ နတ်ဆိုး
နှင့် တင်းတင်းတို့ဖြစ်နေကြသည်ကို တွေ့ရလေသည်။



တင်းတင်းမှာ သွေးကြောပွင့်နေပြီဖြစ်ပြီး နတ်ဆိုးက သူမ
ား တစ်စုံတစ်ခုကို အတင်းတိုက်ကျွေးနေခြင်းဖြစ်ကြောင်း
တွေ့မြင်ရလေသည်။

တင်းတင်းက အတင်းရုန်းကန်နေ၏။

'လွှတ်...လွှတ်...ကျွန်မကိုလွှတ်'

သို့သော် နတ်ဆိုး၏လက်မှ မည်သို့မျှ မလွတ်နိုင်ပါတော့
ချေ။

နတ်ဆိုးက...

'ငြိမ်ငြိမ်နေ စမ်း'

ဟု ဟောက်ကာ လက်ပြန်ရိုက်ချလိုက်လေသည်။

'ဖြန်း'

'အမယ်လေး'

တင်းတင်း မြေပေါ်ပုံလျက်သား လဲကျသွားလေတော့
သည်။

နတ်ဆိုးက မုန်းတီးစက်ဆုပ်ဖွယ်သံဖြင့်...

'မင်းဟာ ချောမောလှပတယ်ဆိုပြီး မာန်မာနတက်နေ
ကို ငါမသိဘူးထင်သလား။ ချောလှတဲ့မိန်းမတွေကို ငါ
တီးတယ်၊ မင်းဟာ အလှသဘာဝတရားကြောင့် ကျ
က်လုံး နေခွင့်တာရစေမယ်'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် လက်ဝှေ့ယမ်းလိုက်သည်။

သူ၏လက်ထဲ၌ ဆေးပုလင်းဇလားတစ်လုံး ပါလာသည်။

ထိုဆေးပုလင်းလေးထဲမှ အစိမ်းရောင် ဆေးရည်များဖြစ် တင်းတင်း၏မျက်နှာကို လောင်းချလိုက်ခြင်းဖြစ်သည်။

'အမယ်လေး'

တင်းတင်း အထိတ်တလန့်အော်လိုက်လေသည်။

သူမ၏မျက်နှာပေါ်တွင် အငွေ့ထောင်းထောင်းထသွား၏။

အစိမ်းရောင်အရည်များသည် မျက်နှာအရေပြားနှင့် ထိတွေ့မိလျှင် ပွက်ပွက်ဆူကာ အမြှုပ်များ ထွက်လာ၏။

ဇရဲမီးပမာ မျက်နှာအရေပြားများကိုစားကာ ဖျက်ဆီးပစ်လိုက်လေတော့သည်။

ပေ့ပေ့သည် ထိုမြင်ကွင်းကိုတွေ့ရလျှင်....

'အမယ်လေး'

အထိတ်တလန့်အော်ဟစ်လိုက်မိလေသည်။

ဤတွင်....

နတ်ဆိုးသည် သူမ၏အသံကိုကြားသွားပြီး....

'ဘယ်သူလဲ'



ဟု အော်ဟောက်ကာ ပေ့ပေ့ရှိရာသို့ လျှပ်ဘစ်ပြက် ခုန်ဝင်လာလေတော့သည်။

* * *

ပေ့ပေ့က မလှုပ်မယှက်ရပ်နေ၏။

သူမ၏ရှေ့သို့ ရိပ်ခနဲရောက်လာသည့် နတ်ဆိုးကို မျက်လုံးပြူးကာ ကြည့်နေမိသည်။

နတ်ဆိုးသည် ပေ့ပေ့အား လျှပ်တစ်ပြက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

ပေ့ပေ့၏မျက်နှာကို သေသေချာချာတွေ့မြင်ရလျှင်တိုက်ခိုက်ခြင်းမပြုဘဲ ကပျာကယာနောက်ဆုတ်သွားလေသည်။

'မင်း....မင်း'

ဟုလည်း ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်လေသည်။

ပေ့ပေ့သည် ကြောက်ရွံ့စိတ်ကို မောင်းထုတ်ကာ အံကြိတ်ပြီး ရင်ဆိုင်လိုက်လေသည်။

'လူယုတ်မာ၊ ရှင့်ကိုချမ်းသာမပေးဘူး'

ဟု အော်ဟောက်ရင်း တိုက်ခိုက်ရန် ဟန်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှတ်ဆိုးက....

'မင်း....မင်း'

ကပျာကယာနောက်ဆုတ်လိုက်၏။

ထို့နောက်....

ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

ပေ့ပေ့ အံ့သြသွားသည်။

သူမသည် ငွေခင်းသမီးကိုပင် မယုံနိုင်ပါ။

ငွေခင်းသမီးအား လူယ်လင့်တကူအနိုင်ယူခဲ့သည့်နှတ်ဆိုး အား ညှိသည့်နည်းနှင့်မျှ အနိုင်ယူနိုင်မည် မဟုတ်ကြောင်း နားသည်းထားလေသည်။

ယခု....

ကြောက်ကြမ်းကြုတ်လှသော နှတ်ဆိုးသည် သူမအား တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်သွားသည်မှာ အဘယ် ကြောင့်ပါနည်း။

'နှင် ထွက်ပြေးဖို့မကြိုးစားနဲ့'

ပေ့ပေ့က အော်ပေါက်လိုက်လေသည်။

နှတ်ဆိုးကား အမှုမထားချေ။



ကြောက်မယ်ဖွယ်ကောင်းသည့် ကိစ္စတစ်ခုခုနှင့် ကြုံတွေ့ လိုက်ရသည့်အလား နောက်သို့ တရွေ့ရွေ့ ဆုတ်သွားပြီး ချာခနဲလှည့်ကာ သစ်ပင်များကြားသို့ ခုန်ဝင်သွားလေတော့ သည်။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေ တော့သည်။

* * *

နှတ်ဆိုး ထွက်ပြေးသွားပြီ ဖြစ်လေသည်။

ပေ့ပေ့ ကြောင်အမ်းအမ်းဖြစ်နေမိလေသည်။

အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိလေသည်။

နှတ်ဆိုးသည် ချောမောလှပသော မိန်းကလေးများအား လိုက်လံဖမ်းဆီးနေကြောင်း သတင်းကြားထားပြီး ဖြစ်သည်။

တင်းတင်းကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားလေသည် မဟုတ်ပါလား။

သူမကိုလည်း ချမ်းသာပေးမည်မဟုတ်ဟု ယုံကြည် ထား၏။

သို့သော်....

www.burmeseclassic.com



နှုတ်ဆိုးသည့် သူမအား လုံးဝဒုက္ခမပေးဘဲ ထွက်သွားပြီ ဖြစ်လေသည်။

'ဒါ…ဒါတကယ်ပဲလား'

ပေ့ပေ့ သက်ပြင်းချလိုက်လေသည်။

ထိုစဉ်…

'အင်း…အင်း'

ညည်းတွားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ပေ့ပေ့က တင်းတင်းကိုသတိရလာလေသည်။

ထို့ကြောင့်…

တင်းတင်းလဲကျနေသောနေရာဆီသို့ ပြေးလွှားသွားလိုက်လေတော့သည်။

* * *

တင်းတင်း မြေပေါ်တွင် လဲကျနေသည်။

'မမ'

ပေ့ပေ့က ပြေး၍ဖေးမလိုက်လေသည်။



သို့သော်…

'ဝူး…ဝူး'

တင်းတင်းသည် အဝူးဝူးတဝါးဝါးအော်ဟစ်ကာ ရုန်းကန်လိုက်လေသည်။

သူမ၏ပါးစပ်ထဲမှ အမြှုပ်များထွက်နေသည်။

သူမ၏မျက်နှာတွင် အစိမ်းရောင်အရည်များ စိုရွှဲနေ၏။

ထိုမျှမကသေး။

အစိမ်းရောင်အရည်များ၏အရေပြားကိုစားသွားမှုကြောင့် သူမ၏ချောမောလှပသောမျက်နှာလေးမှာ ကြောက်မက်ဖွယ်ကောင်းအောင် ရှုပ်ပျက်ဆင်းပျက်ဖြစ်နေပြီတကား။

'အမယ်လေး'

ပေ့ပေ့သည်ပင် အထိတ်တလန့် အော်ဟစ်လိုက်မိသေးသည်။

'ဝူး…ဝူး'

တင်းတင်းသည် တဝူးဝူးတဝါးဝါး အော်ဟစ်လိုက်သည်။

ပေ့ပေ့အား တွန်းထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့နောက်....

အဝေးသို့ပြေးထွက်သွားလေတော့သည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှထွက်ပေါ်လာပြီဖြစ်ပါသည်။

ပွင့်သစ်စနေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ပေပေသည် နှမ်းလျသောခြေလှမ်းများဖြင့် လှမ်းကာ ခဲ့ရင်း....

စည်ကားသိုက်မြိုက်သော မြို့လေးတစ်မြို့သို့ ရောက်ရှိလာ လေသည်။

သူမသည် တစ်ညလုံး အိပ်မပျော်နိုင်ခဲ့ပါချေ။

အလွန်ထူးဆန်းသော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ခဲ့ရ သည်မဟုတ်ပါလား။

တင်းတင်း....

ချောမောလှပသော တင်းတင်းသည် လောကပေါ်တွင် အကျည်းတန်အရုပ်ဆိုးဆုံးမိန်းကလေးတစ်ယောက် ဖြစ်သွား ချေပြီ။



ထိုမျှမကသေး....

သူမသည် စကားမပြောနိုင်တော့သလို စိတ်နောက်သွား ရှာပြီဖြစ်လေသည်။

နတ်ဆိုးသည် တင်းတင်း၏ဘဝကို ပြောင်းပြန်လှန်ပစ်လိုက် ခြင်း ဖြစ်ပါတော့သည်။

ထိုသို့ဖြစ်ပျက်လာမည်ဟု မည်သူက ထင်မှတ်ကြမည်နည်း။

ပေပေသည်လည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရခြင်းကြောင့်သာ လျှင် လက်ခံယုံကြည်မိခြင်းဖြစ်လေသည်။

နတ်ဆိုး၏လုပ်ရပ်ကြောင့် အူတုန်အသည်းတုန် ဖြစ်ခဲ့ရ သည်။

ယခုအထိ ထိတ်လန့်မှုပျောက်ကွယ်မသွားသေးချေ။

ပေပေသည် မည်မျှအတွေးလွန်နေမိမှန်းမသိ၊ လူတစ် ယောက်က ဝင်တိုက်လိုက်မိခြင်းကြောင့် အော်ငေါက်ခံလိုက်ရမှ သတိဝင်လာသည်။

ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်သောအခါ မြို့ထဲသို့ ရောက်နေပြီဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

လမ်းများပေါ်၌ အရောင်အသွေးစုံသင်စွာ ဝတ်ဆင်ထား ကြသူများ လှုပ်ရှားသွားလာနေကြပြီဖြစ်ပါသည်။

www.burmeseclassic.com



ဈေးဆိုင်များ၊ စားသောက်ဆိုင်များလည်း ဖွင့်ထားပြီး ဖြစ်သည်။

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

ကြောက်လန့်ဖွယ်ကောင်းသောကိစ္စတစ်ခုနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့် သူမ၏ရည်ရွယ်ချက်များပင် ပျောက်ကွယ်သွားမလို ဖြစ်ခဲ့ရလေသည်။

သူမသည် မီးနဂါးအားနှိမ်နင်းဖို့ အကူအညီရှာဖွေရန် သိုင်းလောကသို့ထွက်လာခဲ့ခြင်း မဟုတ်ပါလား။

သူမအား ကူညီမည့်သခင်လေးက သူမအားစွန့်ခွာပြီး ထွက်သွားသည်။

ထို့ကြောင့်....

နောက်ထပ်တစ်ယောက်အား ရှာဖွေကာ အကူအညီ တောင်းရလိမ့်မည် ဖြစ်လေသည်။

ပေ့ပေ့ စဉ်းစားတွေးတောနေစဉ်မှာပင်....

မလှမ်းမကမ်းရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ လှမ်းဝင်သွားသည့်လူတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ပေ့ပေ့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'သခင်လေးပါလား'

ဟုလည်း လွတ်ခနဲ ရေရွတ်လိုက်လေသည်။



သူမသည် သခင်လေးနှင့် ပြန်လည်ဆုံတွေ့လိုက်ရပြီဖြစ်သည်။

သခင်လေးသာကူညီမည်ဆိုလျှင် မီးနဂါးအား သုတ်သင်ချေမှုန်းနိုင်မည်ဟု ယုံကြည်ထား၏။

သို့ဖြစ်၍....

'သခင်လေး....သခင်လေး'

ဟု ခေါ်ကာ ပြေးလိုက်သွားမိလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ပွဲကြီးပွဲကောင်း

---

စားသောက်ဆိုင်လေး....

စားသောက်ဆိုင်လေးအတွင်းသို့ ပေ့ပေ့ ရောက်ရှိသွားပြီဖြစ်လေသည်။

ဆိုင်ထဲ၌လူရှင်းနေ၏။

ထို့ကြောင့်လည်း ဆိုင်ထဲရောက်သွားသော သခင်လေးကို ပေ့ပေ့ သေသေချာချာ တွေ့မြင်လိုက်ရလေသည်။

ပေ့ပေ့ မျက်နှာပျက်သွားလေတော့သည်။

'သခင်လေးလဲ မဟုတ်ပါလား'

ဟု ညည်းတွားလိုက်မိတော့၏။



မှန်ပေသည်။

ထိုလူသည် အစိမ်းရောင်ဝတ်ဆင်ထားပြီး နောက်ကျောဘက်မှကြည့်လျှင် သခင်လေးနှင့် ခွဲခြားမရအောင်တူလေသည်။

သို့သော်....

ကိုယ်လုံးကိုယ်ပေါက်၊ အစိမ်းရောင်အဝတ်အစားနှင့်သွားလာလုပ်ရှားပုံချင်းတူသော်လည်း မျက်နှာပေါက်ချင်း၊ လုံးဝခြားနားနေပါသည်။

ထိုလူမှာ ရုတ်တရက်ကြည့်လျှင် သခင်လေးနှင့်တူသဖြင့် ပေ့ပေ့ လူမှားသွားပြီဖြစ်ကြောင်း ထင်မှတ်လိုက်ခြင်းဖြစ်ပေတော့သည်။

လူမှားသွားပြီဖြစ်ကြောင်းသိလိုက်ရလျှင် ပေ့ပေ့ အကြီးအကျယ် စိတ်ပျက်သွားတော့သည်။

ထိုစဉ်...

'အစ်မလေး....ထိုင်ပါဗျာ၊ ဘာမှာသုံးဆောင်မလဲဆိုတာ အမိန့်ရှိပါ'

ဆိုင်လုလင်တစ်ယောက်က ပျူပျူငှာငှာ ပြောလာလေသည်။

ပေ့ပေ့ အကျပ်ရိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအား စားသောက်ရန် ဆိုင်ထဲဝင်လာသူတစ်ယောက်ဟု ဆိုင်လုလင်က ထင်မှတ်နေပြီ မဟုတ်ပါလား။

ပေ့ပေ့ မတတ်သာတော့ဘဲ....

'အင်းလေ... ငါက ရှေ့ခရီးဆက်ရဦးမှာဆိုတော့ စောစောစီးစီး ဗိုက်ဖြည့်ထားလိုက်တာ ကောင်းပါတယ်'

ဟု တွေးကာ စားပွဲတစ်လုံး၌ နေရာယူပြီး စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

နေပွင့်လာသည်နှင့်အမျှ စားသောက်မည့်သူတစ်ယောက် စ နှစ်ယောက်စ ရောက်လာလေရာ မျ ားမကြာမီ ဆိုင်ထဲ၌ စည်စည်ကားကား ဖြစ်လာလေတော့သည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးမှာ ဆိုင်ရှေ့သို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းလှည်းပေါ်မှ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဆင်းလာကာ ဆိုင်ထဲဝင်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။

ဆိုင်လုလင်များက ထိုလူရွယ်အား ပျာပျာသလဲ ကြိုဆိုလိုက်ကြလေသည်။



'သူဌေးလေး ချန်ဖုံး၊ ကြွရောက်လာတာကို ဂုဏ်ယူပါတယ်ဗျာ'

ဆိုင်ရှင်ကိုယ်တိုင် ရောက်ရှိလာပြီး ညွှတ်ဝတ်ပြုလေသည်။

စားသောက်ဖွယ်ရာများကိုလည်း အလျှံပယ်ပြင်ဆင်ပေးလိုက်လေသည်။

ထိုလူရွယ်မှာ လုရန်မြို့မှ နာမည်ကျော်သူဌေးကြီးချန်ရှုံး၏ သား ချန်ဖုံး ဖြစ်လေသည်။

ချန်ဖုံးသည် ပြိုင်ဘက်ကင်း အလှတစ်ပါးဖြစ်သော ဆေးဆရာသမီး ယဉ်ယဉ်နှင့် လက်ထပ်ရန် စီစဉ်ခဲ့သည်။

သို့သော်....

ယဉ်ယဉ် ပျောက်ချင်းမလှ ပျောက်ဆုံးသွားခြင်းကြောင့် မင်္ဂလာပွဲအစီအစဉ် ပျက်ပြားသွားကာသူဌေးသားလေးချန်ဖုံးသည် စိတ်လေလွင့်သွားပြီး စိတ်ပြေပျောက်ပျောက် ဆိုသလို နေရာဒေသအနှံ့အပြားသို့ လှည့်လည်သွားလာနေခြင်း ဖြစ်ပေတော့သည်။

သဌေးသားချန်ဖုံးအား ဆိုင်ရှင်က သိရှိထားသဖြင့်လိုလေသေးမရှိ ဧည့်ခံနေခြင်းဖြစ်ပေတော့သည်။

ပေ့ပေ့သည် ဆိုင်ရှင်က အရေးပေးနေသဖြင့် ချန်ဖုံးအား သတိပြုမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖိုးအား အကဲခတ်ကြည့်နေမိတော့သည်။

ချန်ဖိုးက ဆိုင်ရှင်၏ ဧည့်ဝတ်ကျေပွန်မှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကာ ဆိုင်ရှင်နှင့် စကားသောက်ဆို ကျနေတော့သည်။

ထိုစဉ်...

ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

'ဟေ့....ဟေ့၊ သွားစမ်း'

ဆိုင်လုလင်၏အော်ငေါက်သံ ထွက်ပေါ်လာ၏။

ဆိုင်တံခါးပေါက်ဝ၌ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

ပေ့ပေ့လည်း လှမ်းကြည့်မိလိုက်၏၊

ထိုအခါ....

အရူးမလေးတစ်ယောက်က ဆိုင်လုလင်များ တားမြစ်နေသည့်ကြားမှ အတင်းတိုးဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအရူးမလေး၏မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းအောင် အရုပ်ဆိုးအကျည်းတန်နေပါသည်။

ပေ့ပေ့သည် နတ်ဆိုး၏လက်ချက်ကြောင့် အဖြစ်ဆိုးကြုံသွားရသည့် တင်းတင်အား ဖျတ်ခနဲ သတိရလိုက်လေသည်။



အရူးမလေးသည် ဟဟားဟားရယ်မောကာ ဆိုင်ထဲသို့ အတင်းဝင်လာလေသည်။

'ဟေ့....ဟေ့၊ ဒါဘာလုပ်တာလဲ'

'ထွက်သွားစမ်း'

ဆိုင်လုလင်များက အော်ငေါက်လိုက်ကြသည်။

အရူးမလေးအား ဆွဲထုတ်ရန်ကြိုးစားလိုက်ကြလေသည်။

ပေ့ပေ့ စိတ်မကောင်းဖြစ်သွားလေသည်။

သူမသည် ဆိုင်လုလင်များအား တားမြစ်ရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'နေပါစေ၊ သူဗိုက်ဆာလို့ ဝင်လာတာဖြစ်မှာပါ၊ သူ့ကို စားသောက်စရာတစ်ခုခု ပေးလိုက်ပါ'

သူဌေးသား ချန်ဖိုးက တားမြစ်လိုက်လေသည်။

ဆိုင်လုလင်များသည် ချန်ဖိုး၏အမိန့်ကို မလွန်ဆန်ဝံ့ကြချေ။

အရူးမလေးအား လွှတ်ပေးလိုက်ကြသည်။

စားသောက်စရာအချို့ပေးရန် ဟန်ပြင်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်....

အရှုးမလေးက တားဆီးမည့်သူမရှိတော့သဖြင့် ချန်ဖုံး၏ စားပွဲဆီသို့ပြေးလာပြီး ချန်ဖုံးအတွက် ပြင်ဆင်ပေးထားသော စားသောက်ဖွယ်ရာများမှ ပေါက်စီတစ်လုံးအား နှိုက်ယူလိုက်လေသည်။

ချန်ဖုံးအနီးရှိ ဆိုင်ရှင် မျက်နှာပျက်သွားလေသည်။

'ဟေ့....ဒီလိုမလုပ်ရဘူး'

ကပျာကယာ တားမြစ်လိုက်လေသည်။

အရှူးမလေး၏ လက်ကိုလည်း လှမ်းဆွဲထားလိုက်လေသည်။

ဤတွင်....

'ဟင်'

ချန်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'နေပါဦး....သူ့ကိုလွှတ်လိုက်ပါ'

ဟု ပြောလိုက်သည်။

ဆိုင်ရှင်က....

'သူရူးလေး....သူဟာ'

'လွှတ်လိုက်ပါဗျာ'



ချန်ဖုံးက လွှတ်ခိုင်းနေသဖြင့် ဆိုင်ရှင်လည်း ဘာမှမတတ်နိုင်ဘဲ လွှတ်ပေးလိုက်ရလေတော့သည်။

ချန်ဖုံးက....

'ထိုင်ပါ မိန်းကလေး၊ မင်းကြိုက်သလောက် စားနိုင်ပါတယ်'

ဟု ပြောလိုက်လေသည်။

အရူးမလေးက ရယ်မောနေသည်။

ပေါက်စီသာမက အခြားသော စားသောက်ဖွယ်ရာများကိုပါ နှိုက်ယူကာ အားရပါးရ စားသောက်လိုက်လေသည်။

ချန်ဖုံးက သူမ၏ဝဲဘက်လက်ကို ဂရုစိုက်ပြီး ကြည့်နေ၏။

အရူးမလေး၏ ဝဲဘက်လက်တွင် စာနီအမှတ်ကြီးတစ်ခု ထင်ထင်ရှားရှားရှိနေပါသည်။

ချန်ဖုံးက....

'မင်းနာမည် ဘယ်လိုခေါ်သလဲ၊ မင်းရဲ့ မိဘတွေကော ဘယ်သူတွေလဲ'

ဟု စူးစမ်းလိုက်သည်။

အရူးမလေးက ဂရုမစိုက်ချေ။

ပေါက်စီတစ်လုံးကို ပလုတ်ပလောင်း စားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန့်ဖုံးက....

'မိန်းကလေးရဲ့လက်က အနီအမှတ်အသားကကော မွေးရာပါပဲလား'

ဟု မေးပြန်သည်။

ယခုတစ်ကြိမ်...

အရှုးမလေးက မျက်လုံးလှန် ကြည့်လာလေသည်။

ရုတ်တရက်....

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ကျဆင်းလာသည်။

မပီမသ ဗလုံးဗထွေးဖြင့် တဝူးဝူး တဝါးဝါး အော်ဟစ်လိုက်သည်။

ထို့နောက် ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။

❀ ❀ ❀

အရှုးမလေး ထွက်ပြေးသွားပြီ ဖြစ်လေသည်။

ဆိုင်ရှင်က....

'သူဌေးလေးအတွက် အနှောင့်အယှက် ဖြစ်သွားတာကို ခွင့်လွှတ်ပါဗျာ'



ဟု တောင်းပန်လာလေသည်။

ချန့်ဖုံးက သက်ပြင်းချလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ဒီအရူးမလေးရဲ့လက်က စာနီအမှတ်အသားဟာ အတော့်ကို ထူးခြားတာဗျ'

ဟု ပြောလိုက်သည်။

ဆိုင်ရှင်က....

'သူဌေးလေးက သူ့ကိုသိလို့လား'

ချန့်ဖုံး ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်နဲ့လက်ထပ်မယ့် သတို့သမီးယဉ်ယဉ်ရဲ့လက်မှာလဲ အဲဒီလို စာနီအမှတ်အသား ရှိတယ်လေ၊ ယဉ်ယဉ် ပျောက်ဆုံးသွားခဲ့တာ ကြာပါပြီ၊ ခုထိ ပြန်မတွေ့ရသေးဘူး'

ဟု ဆွေးမြည့်ကြေကွဲသောလေသံဖြင့် ပြောသေသည်။

ဆိုင်ရှင်က ချန့်ဖုံးကို ကရုဏာသက်သွားလေသည်။

ချန့်ဖုံးက သတို့သမီးယဉ်ယဉ်အား စွဲလန်းစိတ်ဖြင့် ထင်ယောင်ထင်မှားဖြစ်နေခြင်းဟု ယူဆထားလေသည်။

ချန့်ဖုံးကိုယ်တိုင်လည်း ထိုအရူးမလေးမှာ ယဉ်ယဉ် ဖြစ်မည်ဟု မယူဆပါ။

www.burmeseclassic.com

www.burmeseclassic.com



အရူးမလေးတွင် ယဉ်ယဉ်ကဲ့သို့ စာနီအမှတ်မျိုးရှိနေသည် ဟုသာ နားလည်ထားခြင်း ဖြစ်လေသည်။

အကယ်၍သာ....

ထိုအရူးမလေးသည် သတို့သမီးယဉ်ယဉ် အမှန်တကယ် ဖြစ်နေသည်ကိုသာ သိနိုင်ကြမည် ဆိုပါလျှင်....

ယဉ်ယဉ်သည် နတ်ဆိုး၏ လက်ချက်ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အရူးမလေးဘဝသို့ ရောက်ခဲ့ရလေသည်။

နတ်ဆိုးသည်အဘယ်ကြောင့်ထိုသို့ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့ရပါသနည်း။

* * *

နေမွန်းတည့်တော့မည် ဖြစ်လေသည်။

ပေ့ပေ့က ရှေ့ခရီးဆက်လာခဲ့ရာ လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာခဲ့လေသည်။

သူမ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ပါသည်။

အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ရပ်နားရင်း သူမ၏ဖြစ်အင်ကို ပြန်လည်ဝေဖန်သုံးသပ်မိလေသည်။





'ငါ့အိမ်ကထွက်လာတာ အတော်ကြာသွားပြီ၊ ဒါပေမယ့် ငါ့ရဲ့ရည်ရွယ်ချက်အတိုင်းဖြစ်မြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့သေးဘူး၊ ဦးတည်ချက်မရှိဘဲ ဒီလိုလျှောက်သွားနေလို့ သင့်တော်ပါ့မလား'

ရှေ့မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို ဝေခွဲမရ ဖြစ်သွားလေတော့သည်။

ထိုစဉ်....

'မြန်မြန်လာကြဟေ့'

ကျယ်လောင်သော အော်ပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပေ့ပေ့လှမ်းကြည့်လိုက်သောအခါ ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားကြသူများ ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

'သိုင်းသမားတွေပါလား'

ပေ့ပေ့ လွှတ်ခနဲရေရွတ်လိုက်လေသည်။

မှန်ပေသည်။

လက်နက်ကိုယ်စီဆောင်ထားကြသော သိုင်းသမားများသည် လျင်မြန်စွာ ပြေးလာကြပြီး တောအုပ်ထဲဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့ အံ့ဩသွားလေသည်။

‘တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်’

သူမ တွေးနေစဉ်....

‘မြန်မြန်လာကြဟေ့’

နောက်ထပ်အော်ပြောသံများနှင့်အတူ လူတစ်စုပြေးလွှား လာကြသည်ကို တွေ့ရလေသည်။

ထိုလူစုသည်လည်း တောအုပ်ထဲ ဝင်ရောက်ပျောက်ကွယ် သွားကြလေသည်။

ပေ့ပေ့ စိတ်ဝင်စားသွားလေတော့သည်။

‘ဘာများ ဖြစ်တာပါလိမ့်’

ဟု တွေးပြီး လှမ်းသွားလိုက်လေသည်။

တောအုပ်ထဲ ရောက်သွားပြီး မကြာမီ....

‘မိန်းကလေးပါလား’

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ လေသည်။

ပေ့ပေ့ ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်သောအခါ လူ ရိုင်းတစ်ခု ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရ၏။

အဘိုးအိုတစ်ယောက်ဖြစ်သည်။



‘ဗေဒါအဘိုးအိုပါလား’

ပေ့ပေ့ လွှတ်ခနဲရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ပြေးလွှားရောက်ရှိလာသူမှာ ဗေဒါအဘိုးအိုဖြစ်လေသည်။

ဗေဒါအဘိုးအိုက....

‘မိန်းကလေး မင်းကအိမ်မပြန်သေးဘူးလား’

ဟု မေးလာလေသည်။

ပေ့ပေ့က....

‘မပြန်ဖြစ်သေးပါဘူးရှင်’

ဗေဒါအဘိုးအိုက....

‘မင်းကို မေတ္တာခြံဝင်း သခင်လေးက အကူအညီမပေး ဘူးလား’

ဟု မေးပြန်သည်။

ပေ့ပေ့က....

‘သခင်လေးက အကြောင်းကိစ္စတစ်ခုကြောင့် ကျွန်မကို ကူညီဖို့....’

သူမ ရှေ့ဆက်မပြောနိုင်ဘဲ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေဒါအဘိုးအို သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ သူက မင်းကိုအကူအညီမပေးနိုင်ဘူးဆိုရင်လဲ ကျုပ်ကကူညီပါ့မယ်၊ ဒါပေမယ့် တို့ဒီမှာအရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေသေးလို့ အရင်ဖြေရှင်းပါရစေဦး'

ဟု ပြောလေသည်။

ပေ့ပေ့ ဝမ်းသာသွားလေတော့သည်။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ဦးရဲ့ကျေးဇူးကို မမေ့ပါဘူးရှင်'

ဟု ပြောလိုက်လေသည်။

ပေဒါအဘိုးအိုက....

'ခုလောလောဆယ်တော့ ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်နဲ့ သိုင်းလောကသားတွေရဲ့ကိစ္စကို အရင်ဆုံး သွားပြီးဖြေရှင်းရဦးမယ်၊ ငွေမင်းသမီး သေဆုံးသွားတာကြောင့် ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်ကိုယ်တိုင် သိုင်းလောကထဲဆင်းလာပြီ'

ထိုစကားကြားလျှင် ပေ့ပေ့ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။



ငွေမင်းသမီးသည် နတ်ဆိုး၏လက်ချက်မိသွားကာ ဆေးကုသပါသော်လည်း မရနိုင်ဘဲ သေဆုံးသွားရခြင်းဖြစ်မည်ဟု တွက်ဆမိလေသည်။

ငွေမင်းသမီး သေဆုံးသွားခြင်းကြောင့် ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်သည် မကျေမနပ်ဖြစ်ကာ ကိုယ်တိုင် သိုင်းလောကသို့ ဆင်းလာခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

မိန်းမချောလေးများအား အမွှေဖမ်းဆီးကာ အခြေအရုံပြုလုပ်တတ်သည့် ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်အား သိုင်းလောကသားများကလည်း မကျေမနပ်ဖြစ်နေကြရကာ ပွဲကြီးပွဲကောင်းဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ပေဒါအဘိုးအိုက....

'ဘော်ကြာ နောက်ကျနေမယ် သွားကြရအောင်'

ဟု ပြောကာ ပြေးထွက်သွားလေသည်။

ပေ့ပေ့လည်း မနေနိုင်ဘဲ ပြေးလွှားလိုက်ပါသွားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

စလာကသစ္စာ

---

စိမ်းလန်းနေသော တောအုပ်များသည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလေသည်။

တောအုပ်ကြီးတစ်နေရာ၌ မြေကွက်လပ်တစ်ခုရှိသည်။

ထိုမြေကွက်လပ်တွင် မြင်းဖြူလေးကောင် တပ်ဆင်ထားသည့် မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုမြင်းလှည်းမှာ ရှင်ပျော်ပျော် တောင်ကြားပိုင်ရှင်စီးနင်းလိုက်ပါလာသော မြင်းလှည်းဖြစ်လေသည်။

ယခု....



လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြသော သိုင်းလောကသားများသည် မြင်းလှည်းအား ဝိုင်းရံသားလိုက်ကြပြီဖြစ်လေသည်။

မြင်းလှည်းမောင်းသူနေရာ၌ ထိုင်နေသူမှာ ရွှေရောင်ဝတ်ဆင်ထားသောအမျိုးသမီးတစ်ယောက် ဖြစ်လာသည်။

ထိုအမျိုးသမီးမှာ ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်၏ ညာလက်ရုံး ရွှေမင်းသမီးဖြစ်လေသည်။

ပေ့ ပေ့ တို့ရောက်ရှိသွားချိန်၌ အခြေအနေမှာ အလွန်တင်းမာနေပြီဖြစ်သည်ကို တွေ့ရလေသည်။

ရွှေမင်းသမီးသည် မြင်းရိုက်သည့်ကျာပွတ်ကိုဆုပ်ကိုင်ကာ ဝိုင်းရံထားသောသိုင်းလောကသားများအား မျက်ထောင့်နီကြီးဖြင့်ကြည့်နေသည်။

သိုင်းလောကသားတစ်ယောက်ကရှေ့သို့လှမ်းထွက်ကာ....

'ရှင်ပျော်ပျော်တောင်ကြားကသူတွေ ဒီကနေ့ ခင်များတို့ထွက်သွားလို့မရတော့ဘူး'

ဟု အော်ပြောလိုက်လေသည်။

ကျန်သိုင်းသမားများက ထောက်ခံလိုက်ကြလေသည်။

'ဟုတ်တယ် ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးတွေကိုဖမ်းပြီးကျေးကျွန်လုပ်နေတာကို ကျုပ်တို့ လက်မခံနိုင်ဘူး'

'ရှင်ပျော်ပျော်တောင်ကြားကို အလွတ်မပေးနဲ့'

'လူယုတ်မာတွေကို ချေမှုန်းပစ်ကြ'

မြေကွက်လပ်တွင် ဆူဆူညံညံဖြစ်သွားလေတော့သည်။

ပေ့ပေ့က ပေဒါအဘိုးအိုအားကြည့်လိုက်သည်။

ပေဒါအဘိုးအိုနှင့် ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင်တို့မှာ မိတ်ဆွေရင်းခြာများ ဖြစ်ခဲ့ကြသည်မဟုတ်ပါလား။

ပေဒါအဘိုးအိုကား တည်ကြည်သော မျက်နှာထားဖြင့် မလှုပ်မယှက်ရပ်နေသည်ကို တွေ့ရလေသည်။

ထိုစဉ်....

'ရှင်ပျော်ပျော်တောင်ကြားကို ချေမှုန်းကြ'

ကြွေးကြော်သံများ ထွက်ပေါ်လာသည်။

သိုင်းလောကသားများသည် တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်ကို တွေ့ရလေသည်။

'သေချင်ကြပြီထင်တယ်'



ရွှေမင်းသမီးကလည်း အောင်ဝေါက်ရင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းလာကာ ကျောပွတ်ကိုဝှေ့ယမ်းရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တစ်မုဟုတ်ချင်း ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

ပေ့ပေ့သည် ပြင်းထန်လှသောတိုက်ပွဲအား ငေးကြည့်နေမိပါသည်။

ရွှေမင်းသမီးသည် ကျောပွတ်ကိုဝှေ့ယမ်းကာ ပြေးဝင်လာကြသော သိုင်းသမားများအား ဆီးကြို၍တိုက်ခိုက်နေ၏။

သူမ၏ကျောပွတ်သည် သိုင်းသမားအချို့၏လည်ပင်းကို ရစ်ပတ်မိသွားပြီး တအားဆောင့်ဆွဲလိုက်လျှင် ထိုလူမှာ အသက်ရှူကျပ်ကာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် လဲကျသွားတော့သည်။

ထို့အတူ....

'ယား'

သိုင်းသမားများကလည်း ဓားလှံလက်နက် ကိုယ်စီကိုင်ဆောင်ကာ တရကြမ်းတိုက်ခိုက်လေသောအခါ....

'အမယ်လေး'

ရွှေမင်းသမီး၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက်မျှ ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ၏အဖြေ မည်သို့ရှိမည်ကို မသိနိုင်သေးသော်လည်း နှစ်ဖက်စလုံးအထိနာမည်မှာ ထင်ရှားနေပါတော့သည်။

ဗေဒါအဘိုးအို သက်ပြင်းချလိုက်လေသည်။

'ဒီအဘိုးဆိုရင် ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင် ထွက်လာတဲ့အခါ လွယ်မှာမဟုတ်ဘူး'

ပေ့ပေ့က....

'သူဟာ လူကောင်းတစ်ယောက်မဟုတ်မှန်း သိပါလျက်နဲ့ ဦးက ဘာကြောင့် သူ့ကို မှဟာနှံ့တားချင်ရတာလဲ'

'ကျုပ်က'....

ဗေဒါအဘိုးအို စကားဆုံးအောင် မပြောလိုက်ပါချေ။

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

မြင်းလှည်းတံခါးပွင့်သွားသည်။

လူရိပ်တစ်ခုခုန်ထွက်လာပြီး သိုင်းသမားများထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင် ထွက်လာပြီ ဖြစ်လေသည်။ ဤတွင်....

* * *

'ဝုန်း'

'အား'

'အမယ်လေး'



'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

သိုင်းသမားများသည် တစ်ယောက်ပြီးတစ်ယောက် အဝေးသို့လွင့်စဉ်သွားကြလေသည်။

ခရမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုဘစ်ယောက်က တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ထိုအဘိုးအိုမှာ ရှင်ပျော်ပျော်တောင်ကြားပိုင်ရှင် ယင်းကြိုင်ဖြစ်ပါသည်။

ယင်းကြိုင်သည် သိုင်းသမားတစ်ယောက်၏ယယ်ထိပ်ပေါ်သို့ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

'ကျန်သိုင်းသမားတစ်ယောက်အားထိုလူ၏လက်ထဲမှဓားကို ယူကာ ထိုလူ၏ရင်ဝသို့ ပြန်လည်ထိုးစိုက်ချလိုက်လေသည်။

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

သိုင်းသမားများ လဲကျသွားပြန်သည်။

ယင်းကြိုင်ထွက်ပေါ်လာသည့် တစ်ခဏဘာအချိန်လေးအတွင်းမှာပင် သိုင်းသမားနှစ်ဆယ်ခန့် မြေပေါ်လဲကျကာ အသက်ပျောက်သွားကြခြင်းဖြစ်လေသည်။

ကျန်သိုင်းသမားများ သေးပျက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သက်လက်တိုက်ခိုက်ရန် မဝံ့ရဲတော့ဘဲ ဒရောသောပါး နောက်ဆုတ်သွားကြလေသည်။

သို့နောက်....

ဝရုန်းသုန်းကား ထွက်ပြေးသွားကြလေတော့သည်။

* * *

တိုက်ပွဲမှာ တစ်ခဏအတွင်းမှာပင် ပြီးဆုံးသွားလေသည်။

သိုင်းသမားများ မရှုမလှ ခံလိုက်ရလေတော့သည်။

ယင်းကြိုင်ကား ကျေနပ်ပုံမရသေးပါချေ။

‘ငါ့တပည့်ကို ဘယ်သူသတ်သွားသလဲဆိုတာ ဖော်ထုတ်ရမယ်၊ သိုင်းလောကတစ်ခုလုံးကို မီးလောင်တိုက် သွင်းပစ်ရမယ်’

ဟု ကြုံးဝါးလိုက်လေသည်။

ထိုစဉ်....

‘ဟား...ဟား...ဟား’

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယင်းကြိုင် လှမ်းကြည့်လိုက်သောအခါ ရယ်မောနေသော ဗေဒါအဘိုးအိုအား တွေ့မြင်သွားလေသည်။

‘လက်စသတ်တော့ မင်းကိုး’

ဗေဒါအဘိုးအိုက....

‘ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့’



“မင်းက ကျုပ်ရဲ့ကိစ္စထဲဝင်ရှုပ်မလို့လား’

‘ဟုတ်တယ်’

‘မင်း...မင်း’

ယင်းကြိုင် ဒေါပွသွားလေသည်။

ဗေဒါအဘိုးအိုက....

‘ယင်းကြိုင်၊ မင်းရဲ့လုပ်ရပ်တွေကို ဘယ်သူကမှ လက်မခံနိုင်ဘူး၊ မှားယွင်းတဲ့ လုပ်ရပ်လဲဖြစ်တယ်၊ ဒါ့ကြောင့် မိတ်ဆွေဆိုတာကို အေးဖယ်ထားပြီးဟန့်တားဖို့ ငါလာခဲ့တာပဲ’

ဟု ပြောလိုက်လေသည်။

ပေ့ပေ့ ဝမ်းသာသွားလေသည်။

ဗေဒါအဘိုးအို စိတ်ထားပြောင်းလဲသွားပြီ မဟုတ်ပါလား။

အမှန်တရားဘက်မှ ရပ်တည်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပြီ မဟုတ်ပါလား။

ယင်းကြိုင်သည် ဗေဒါအဘိုးအိုအား မျက်လုံးပြူးကာ ကြည့်ရင်း နံဘေး၌ ရပ်နေသည့် ပေ့ပေ့ကို တွေ့မြင်သွားလေသည်။

ယင်းကြိုင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရွှေခင်းသမီးအား လက်ရပ်ခေါ်လိုက်ပြီး ပေ့ပေ့အား သွန်ပြကာ....

‘ငါလိုချင်တာ ဒီမိန်းကလေးမျိုးပဲ’

ဟု ပြောလိုက်လေသည်။

ရွှေမှင်းသမီးက ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ၊ သခင်ကြီးရဲ့ဆန္ဒပြည့်ဝပါရစေမယ်ရှင်'

ဟုပြောကာ ရှေ့သို့လှမ်းထွက်လာလေသည်။

ဗေဒါအဘိုးအိုက....

'ယင်းကြိုင် မင်းတို့အခုချိန်ထိ မကောင်းမှုတွေလုပ်ချင်နေတုန်းပဲလား၊ ကျုပ်ကတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးနော်'

ဟု ပြောလိုက်လေသည်။

ယင်းကြိုင်က....

'စိတ်ချ၊ မင်းနဲ့မတွေ့တာ အတော်ကြာပြီဖြစ်လို့ မင်းရဲ့ပညာ တယ်လောက်တိုးတက်လာသလဲဆိုတာ ကျုပ် သိချင်သေးတယ်'

စကားဆုံးလျှင် ရှေ့သို့ခုန်ထွက်လာကာ ဗေဒါအဘိုးအိုနှင့် ရင်ဆိုင်လိုက်လေသည်။

ဗေဒါအဘိုးအိုက....

'ခုချိန်ကစပြီး မင်းနဲ့ငါဟာ မိတ်ဆွေတွေ မဟုတ်တော့ဘူး'

ဟုပြောကာ စတင်တိုက်ခိုက်လိုက်လေသည်။

ယင်းကြိုင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

* * *



ဗေဒါအဘိုးအိုနှင့် ရွှင်ပျော်ပျော် တောင်ကြားပိုင်ရှင် ယင်းကြိုင်တို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

သူတို့၏ တိုက်ပွဲမှာကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ထိုစဉ်....

'ညည်းကော ဘယ်ပြေးမလဲ'

ရွှေမင်းသမီးက ပေ့ပေ့ထံသို့ ခုန်ဝင်လိုက်လေသည်။

ပေ့ပေ့ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ရွှေမင်းသမီး ခေါင်းခါယမ်းလိုက်သည်။

'သခင်ကြီးကညည်းကို သဘောကျနေပြီဆိုမှတော့ ညည်းထွက်ပြေးလို့ မရတော့ဘူး'

စကားဆုံးလျှင် လက်တစ်ဖက်ဆန့်ထုတ်ကာ ဖမ်းဆီးရန်ဟန်ပြင်လိုက်လေသည်။

ထိုအခိုက်အချိန်လေးအတွင်းမှာပင်....

'ဝှန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရွှေမင်းသမီးနှင့် ပေ့ပေ့တို့က လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ....

ဗေဒါအဘိုးအို၏ လက်ချက်ကြောင့်ရွှင်ပျော်ပျော်တောင်ကြားပိုင်ရှင် ယင်းကြိုင်မှာ နောက်ဆုတ်သွားရသည်ကိုတွေ့လိုက်ရလေသည်။

ရွှေမင်းသမီး မျက်နှာပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေဒါအဘိုးအိုက အသာစီးရသွားပြီး ယင်းကြိုင် အခြေအနေ မဟန်ခကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ယင်းကြိုင်သည် ခံပြင်းခဲ့ဒါသ ထွက်သွားလေသည်။

'အင်း...ဒီကနေ့တော့ ကျုပ်တို့နှစ်ယောက် ပြတ်ပြတ်သားသား ဖြေရှင်းမှ ဖြစ်တော့မယ်၊ ဟိုဘက်က တောင်ကုန်းလေးပေါ်မှာ သွားပြီး ယှဉ်ပြိုင်သိုက်ကြရင် မကောင်းဘူးလား'

ပေဒါအဘိုးအိုက မငြင်းပါချေ။

'ကောင်းသားပဲ၊ သွားကြတာပေါ့'

ထို့နောက်....

နှစ်ယောက်သား ခပ်သွက်သွက် ပြေးထွက်သွားကြလေတော့သည်။

* * *

ယင်းကြိုင်နှင့်ပေဒါအဘိုးအိုတို့ ထွက်သွားကြပြီ ဖြစ်ခဲလေသည်။

ပေ့ပေ့ က ထိတ်သွားခဲ့လေသည်။

ပေဒါအဘိုးအိုထွက်သွားပြီဖြစ်ရာ သူမအား ကူညီစောင့်ရှောက်မည့်သူ မရှိတော့ပြီ မဟုတ်ပါလား။

ရွှေမင်းသမီးက....

'ညည်း...သက်သာလား'



ဟုပြောကာ လက်ရဖမ်းဆီးဖို့ ကြိုးစားလာလေသည်။

ပေ့ပေ့က....

'ရှင်...ရှင်ကဘာကြောင့် ရှင့်ရဲ့ဆရာနောက်ကို လိုက်မသွားရတာလဲ၊ ရှင့်ဆရာ အခြေအနေမဟန်ဘူးဆိုတာ ရှင် မသိဘူးလား'

ရွှေမင်းသမီး မျက်နှာပျက်သွားလေသည်။

သို့သော်....

'သခင်ကြီးက ညည်းကို ဖမ်းဆီးဖို့ ငါ့ကို အမိန့်ပေးထားတယ်၊ ဒါကြောင့် ငါက အမိန့်အတိုင်း ဆောင်ရွက်ရလိမ့်မယ်'

စကားဆုံးလျှင် ပေ့ပေ့အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်လာပြီး သွေးကြောဆိုးပိတ်လိုက်လေသည်။

ပေ့ပေ့က ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

ထိုအချိန်မှာပင်....

'ဟူး'

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူရိပ်တစ်ခုသည် အနီးသို့ ရောက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသမီး ရင်ထိတ်သွား၏။

'ဘယ်သူလဲ'

ဟု အော်ဝေါက်လိုက်လေသည်။

ရောက်လာသည့်လူရိပ်ကို လှည့်ကြည့်ရန် ကြိုးစားလိုက်၏။

သို့သော်....

သူမ လှည့်မကြည့်လိုက်ရမီ ပြင်းထန်လှသောလက်ဝါးရိုက်ချက်သည် သူမ၏ဦးခေါင်းပေါ်သို့ ကျရောက်လာလေတော့သည်။

'ခွပ်'

'အမယ်လေး'

ရွှေမင်းသမီးတစ်ချက်အော်လိုက်ပြီးမြေပေါ်ပုံလျက်သားလဲကျသွားလေတော့သည်။

ရွှေမင်းသမီး၏ အဖြစ်ဆိုးကိုမြင်လျှင် ပေ့ပေ့ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

* * *

ပေ့ပေ့ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ရွှေမင်းသမီးမှာ မြေပေါ်လဲကျနေပြီဖြစ်သည်။



သူမ၏ ဦးခေါင်းမှာ ကွဲအက်ကြေမွကာ သေဆုံးသွားပြီဖြစ်လေသည်။

ပေ့ပေ့သည် ရွှေမင်းသမီးအား သတ်ပစ်လိုက်သူကို ကြည့်လိုက်လေသည်။

ထိုလူအား သေသေချာချာ တွေ့မြင်လိုက်ရလျှင်....

'နတ်ဆိုး'

ဟု အထိတ်တလန့် ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ပေ့ပေ့အား အချိန်မီကယ်တင်လိုက်သူမှာ နတ်ဆိုး ဖြစ်ပါသည်။

ပေ့ပေ့ မျက်နှာပျက်သွားသည်။

ကပျာကယာ နောက်ဆုတ်လိုက်ပြီး....

'ရှင်....ရှင်'

နတ်ဆိုးက....

'မင်း....ကံကောင်းတယ်မှတ်ပါ'

ဟု ပြောလာလေသည်။

ပေ့ပေ့က....

www.burmeseclassic.com

www.burmeseclassic.com



'ဘာရှင့်၊ ရှင့်လို လူယုတ်မာနဲ့တွေ့ရတာ ကျွန်မကံကောင်းတယ် ဟုတ်လား'

နတ်ဆိုးက....

'ကျုပ်သာ အချိန်မီရောက်မလာရင် မင်းဒုက္ခရောက်သွားမှာပေါ့'

ပေ့ပေ့က....

'ဘာထူးလို့လဲ၊ ရှင်က ကျွန်မကိုဖမ်းပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်မှာပဲမဟုတ်လား'

နတ်ဆိုး ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ်က မင်းကို ဒုက္ခပေးမှာ မဟုတ်ပါဘူး'

ပေ့ပေ့က....

'အံ့သြစရာ ကောင်းလိုက်တာ၊ ရှင်က သူတော်ကောင်း တစ်ယောက်မဟုတ်ပါဘူး'

'ဘာပဲဖြစ်ဖြစ် မင်းကို ချမ်းသာပေးလိုက်မယ်၊ ဒီနေရာက အမြန်ပြန်သွားပေတော့'

ပေ့ပေ့ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မသွားဘူး'

'ဘာ'



'ရှင့်ရဲ့ လုပ်ရပ်တွေကို ဟန့်တားဖို့ ကျွန်မ ကြိုးစားရမှာပဲ'

ထိုစကားကြားလျှင် နတ်ဆိုး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ပေ့ပေ့က....

'ရှင့်ကြောင့် ဒုက္ခရောက်ရတဲ့ မိန်းကလေးတွေ မနည်းတော့ဘူးဆိုတာ ကျွန်မသိတယ်၊ ရှင့်ရဲ့ရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေကို တားဆီးရမယ်'

ဤတွင်....

'မင်း သေသွားချင်သလား'

နတ်ဆိုးက ဒေါသတကြီး အော်ဟစ်လာလေသည်။

ပေ့ပေ့ အံကြိတ်တာ....

'ကျွန်မသေချင်သေပါစေလို့ ပြောပြီးပြီပဲ၊ ရှင် သတ်သာသတ်ပေတော့'

စကားဆုံးလျှင် နတ်ဆိုးထံ ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

နတ်ဆိုးက အသာအယာ ရှောင်တိမ်းလိုက်ပြီး....

'နောက်တစ်ခါဆို ကျုပ်က မင်းကိုချမ်းသာပေးတော့မှာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး အဝေးသို့ ပြေးထွက်သွားလေသည်။

ပေ့ပေ့က....

'မပြေးနဲ့'

ဟု အော်ဟစ်ကာ ပြေးလိုက်သွား၏။

ထိုစဉ်....

'မိန်းကလေး'

ခေါ်သံနှင့်အတူ ဗေဒါအဘိုးအို ရောက်ရှိလာလေသည်။

ပေ့ပေ့ ဝမ်းသာသွားသည်။

'ဦး....ရှင်ပျော်ပျော်တောင်ကြား ပိုင်ရှင်ကော'

ဟု အလောတကြီး မေးလိုက်၏။

ဗေဒါအဘိုးအို၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

သူက ခေါင်းခါယမ်းလိုက်ပြီး....

'သူက ဒေါသကြီးတော့ အမှားလုပ်မိလိုက်တယ်'

ဟု ပြောလေသည်။

အရေးကြီးသောအချိန်၌ အမှားပြုလုပ်မိသူသည် ရှုံးနိမ့်သွားရစမြဲမဟုတ်ပါလား။



ရှင်ပျော်ပျော် တောင်ကြား ပိုင်ရှင်ကား အမိုက်ဓာတ်သိမ်းသွားပြီ ဖြစ်လေသည်။

ထို့အတွက် ဗေဒါအဘိုးအိုစိတ်ထိခိုက်နေမည်ဖြစ်ကြောင်း ပေ့ပေ့ကိုယ်ချင်းစာမိလေသည်။

ရှင်ပျော်ပျော် တောင်ကြားပိုင်ရှင်အား ဆုံးမပြီးနောက် နတ်ဆိုးအား ဆုံးမရန်သာ ရှိတော့သည် မဟုတ်ပါလား။

ပေ့ပေ့က...

'ကျွန်မက နတ်ဆိုးကို တွေ့လိုက်တယ်'

ဟု ပြောလိုက်သည်။

ဗေဒါအဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'နတ်ဆိုး'

'ဟုတ်ပါတယ်'

'ဘယ်မှာလဲ'

'ဟိုဘက်ကို ပြေးသွားတယ်'

ပေ့ပေ့က နတ်ဆိုးထွက်ပြေးသွားရာဘက်သို့ ညွှန်ပြကာ ပြောလိုက်လေသည်။

ဗေဒါအဘိုးအိုက....

'နတ်ဆိုးကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ပြေးထွက်သွားသည်။

ပေ့ပေ့လည်း လိုက်ပါသွားလေတော့သည်။

* * *

တောအုပ်အပြင်ဘက်သို့ ရောက်လျှင်....

'ရပ်လိုက်စမ်း'

ဗေဒါအဘိုးအို၏အသံကို ပေ့ပေ့ ကြားလိုက်ရလေသည်။

လှမ်းကြည့်လိုက်သောအခါ အဘိုးအိုသည် နတ်ဆိုးအား အမိလိုက်ကာ ဟန့်တားတိုက်ခိုက်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ပေ့ပေ့လည်း တစ်ဟုန်ထိုးပြေးလိုက်သွားကာ နတ်ဆိုးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

'သွားစမ်း'

နတ်ဆိုးကလည်း ကြုံးဝါးရင်းလက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း....ဝုန်း'



ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

ပေ့ပေ့နှင့် ဗေဒါအဘိုးအိုတို့ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

နတ်ဆိုးသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ထွက်ပြေးသွားရန် ဟန်ပြင်လိုက်၏။

ဗေဒါအဘိုးအိုက ခုန်ထလာပြီး....

'သခင်လေး၊ မပြေးပါနဲ့တော့၊ သခင်လေးအကြောင်းကို ကျုပ် သိနေပါပြီ'

ပြောလိုက်လေသည်။

သူ၏ အသံကြောင့် နတ်ဆိုး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

ဗေဒါအဘိုးအိုက....

'သခင်လေးက အရိပ်မဲ့လက်သိုင်းကွက်ကို အသုံးပြုလိုက်ပြီးတဲ့နောက် ဟန်ဆောင်နေလို့မရတော့ပါဘူး'

ဟု ပြောလိုက်၏။

*

www.burmeseclassic.com

www.burmeseclassic.com



ပေ့ပေ့ မယုံနိုင်အောင်ဖြစ်နေ၏။

'သူ....သူဟာ မေတ္တာဂေဟာကသခင်လေး ဟုတ်လား'

ဟု မေးလိုက်လေသည်။

ပေဒါအဘိုးအိုက....

'ဟုတ်တယ်.... မိန်းမချောလေးတွေ ပျောက်ဆုံးသွားကြသလို မင်းရဲ့ဆရာဟာ အရိပ်မဲ့လက်သိုင်းကြောင့်သေဆုံးသွားခဲ့ရတယ်၊ သိုင်းလောကမှာ အရိပ်မဲ့လက်သိုင်း အသုံးပြုတတ်တဲ့ သိုင်းသမား တချို့ရှိတယ်၊ ဒီပြိုင်ဘက်ကင်းပညာရပ် တတ်မြောက်ထားတဲ့ လူတွေထဲမှာ မေတ္တာဂေဟာရဲ့ သခင်လေးလဲပါတယ်၊ ဒါကြောင့် ကျုပ်ကမင်းကို မေတ္တာဂေဟာကို သွားဖို့ တိုက်တွန်းခဲ့တာပဲ'

ပေ့ပေ့က နတ်ဆိုးကိုကြည့်ကာ....

'ရှင်....ရှင်ဟာ တကယ်ပဲ သခင်လေးလား'

ဟု မေးလိုက်လေသည်။

နတ်ဆိုးက....

'ဟုတ်တယ်ဆိုရင်ကော'

ဟု ပြန်မေးလာလေသည်။



ပေ့ပေ့က....

'သ....သခင်လေး ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

နတ်ဆိုးက အဖြေမပေးပါ။

ပေဒါအဘိုးအိုက....

'သခင်လေးဟာ မီးလောင်ခံရပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတယ်၊ သူနဲ့စေ့စပ်ထားတဲ့ မိန်းကလေးက သူ့ကိုစွန့်ခွာသွားတယ်၊ ဒီတော့သူဟာ မိန်းမတွေကို အကြီးအကျယ် မုန်းတီးနာကြည်းသွားပြီး လက်စားချေဖို့ ကြံစည်ခဲ့တာပဲ'

ဟုကြားဝင်ပြောလိုက်လေသည်။

ဤတွင်....

'ဟား....ဟား....ဟား'

နတ်ဆိုးက ဟားတိုက်ရယ်မောလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နှတ်ဆိုးဆိုသူမှာ သခင်လေးဖြစ်ပါသည်။

သခင်လေးသည် စေ့စပ်ထားသောမိန်းကလေးက ခါ
ခါးသီးသီး ငြင်းဆန်ပြီး မောင်းထုတ်ခြင်းခံရလေသောအခါ
အရှက်ကြီးရှက်သွားခဲ့လေသည်။

မိတ်များ သေဆုံးသွားကြသည်။

ပစ္စည်းဥစ္စာများ ဆုံးရှုံးကုန်သည်။

မီးလောင်ခံရသဖြင့် လူဘောမတိုးဝံ့အောင် ရုပ်ပျက်ဆင်း
ပျက်ဖြစ်ခဲ့ရသည်။

စေ့စပ်ထားသောမိန်းကလေး၏ မောင်းထုတ်ခြင်း ခံရ
သည်။

ထိုသို့သော ခါးသီးချက်ဖြစ်ရပ်များနှင့်ဆက်တိုက်ကြုံတွေ့
လိုက်ရသောအခါ မိန်းမလှများအား မုန်းတီးသူတစ်ယောက်
ဖြစ်လာလေရတော့သည်။

မိန်းမလှဟူသောအသံကြားသည်နှင့်လိုက်လံဒုက္ခပေးတော့
သည်။

မိန်းမလှလေးပေ့ပေ့က သူ့ထံသို့ရောက်လာသောအခါ
ရုပ်ဆင်းအင်္ဂါသည် အဓိကမဟုတ်ကြောင်း စိတ်နှလုံး ဖြူစင်



ဖို့သာ အဓိကကျကြောင်း ရှင်းပြခဲ့ရသည်မှစ၍ သခင်လေး
(ဝါ)နှတ်ဆိုးသည် ပေ့ပေ့အား လေးစားသွားပြီး ဒုက္ခ
မပေးဘဲ နေခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ အဖြစ်မှန်များ ပေါ်ပေါက်လာပြီ ဖြစ်လေ
သည်။

နှတ်ဆိုး(ဝါ)သခင်လေးက ပေ့ပေ့အား စိုက်ကြည့်လိုက်
ပြီး....

'မင်းကသာ ကျုပ်ရဲ့ ရုပ်ရည်ကို တွေ့တွေ့ချင်း အလန့်
တကြား ဖြစ်ခဲ့မယ်ဆိုရင် မင်းကိုလဲ ချမ်းသာပေးနိုင်မှာ
မဟုတ်ဘူး၊ မင်းနဲ့တွေ့မှ အရေပြားအလှထက် စိတ်နှလုံးလှဖို့
ပိုပြီးအရေးကြီးတယ်ဆိုတာကို ကျုပ်သဘောပေါက်လာတယ်
ဒါကြောင့် မင်းကိုချမ်းသာပေးလိုက်တာပဲ'

ဟု ရှင်းပြလိုက်သည်။

အမှန်တော့....

ပေ့ပေ့၏စိတ်ထားကိုလေးစားသွားပြီး ပေ့ပေ့အား
သံယောဇဉ်ငြိတွယ်သွားခဲ့သည်ဆိုမူ ဖွင့်မပြောပါ။

တွယ်နေသောအခါမှသည်၊ ဖွင့်ပြောသည် မဟုတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုးက....

'ကျုပ်ကို တားဆီးဖို့မကြိုးစားနဲ့၊ ကျုပ်က ချမ်းသာပေးမှာမဟုတ်ဘူး'

ဟု ဟောက်လိုက်လေသည်။

ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ဗေဒါအဘိုးအိုက....

'ရပ်လိုက်'

ဟု အော်ဟောက်ကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

နတ်ဆိုးက ရှောင်တိမ်းခြင်းမပြုဘဲ....

'သွားစမ်း'

ဟု ဟောက်ကာ လက်ပြန်ရိုက်ထုတ်လိုက်သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ဗေဒါအဘိုးအိုမှာ အဝေးသို့လွင့်စဉ်သွားလေသည်။



'ဦး'

ပေ့ပေ့က ပြေး၍ဖေးမလိုက်လေသည်။

ဗေဒါအဘိုးအို၏ နှုတ်ခမ်းထောင့်၌ သွေးများစီးကျပြီး ဒဏ်ရာရသွားပြီဖြစ်သည်။

ပေ့ပေ့က လှမ်းကြည့်လိုက်သောအခါ နတ်ဆိုးသည် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ပြီး အဝေးသို့ရောက်ရှိကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

နတ်ဆိုး(ဝါ)သခင်လေး....

သခင်လေး ထွက်သွားပြီဖြစ်လေသည်။

ပေ့ပေ့အား လုံးဝဒုက္ခမပေးခဲ့ပါချေ။

ပေ့ပေ့ သက်ပြင်းချလိုက်သည်။

'ဦး...ဦး ဘယ်လိုနေသလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု စိုးရိမ်တကြီးမေးလိုက်လေသည်။

ဗေဒါအဘိုးအိုက နှုတ်ခမ်းထောင့်မှ စီးကျလာသောသွေးများကို သုတ်လိုက်သည်။

တစ်ဖန်....

အသက်ပြင်းပြင်းရှူရှိုက်လိုက်လေသည်။

'မိန်းကလေး၊ မှန်းအိမ်ပြန်ပါတော့၊ ကျုပ်ကာ ဒဏ်ရာရထားလို့ ဆေးကုလိုက်ဦးမယ်၊ ကျုပ်ရဲ့ဒဏ်ရာ သက်သာပျောက်ကင်းသွားရင် မိန်းကလေးဆီကို လာခဲ့ပါမယ်၊ မီးနဂါးကို နှိမ်နင်းပေးပါမယ်'

ဟု ပြောလေသည်။

ပေ့ပေ့က....

'ဦး...သခင်လေးကိုကော ဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်သည်။

ဗေဒါအဘိုးအိုပြုံးလိုက်ပြီး....

'မပူပါနဲ့ကွယ်၊ မေတ္တာဂေဟာဟာ အစဉ်အလာရှိတဲ့နေရာတစ်ခုပါ၊ သခင်လေးရဲ့အကြောင်း ပေါ်ပေါက်သွား



ပြီဆိုရင်၊ သူ့အကြောင်းကို သိုင်းလောက တစ်ခုလုံးက သိသွားကြပြီဆိုရင်'

စကားဆုံးအောင်မပြောနိုင်ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်၏။

ပေ့ပေ့ရင်ထဲ တင်းကျပ်လာသည်။

သခင်လေး၏နောက်ဆုံးကံကြမ္မာကို သိမြင်သလို ဖြစ်လာသည်။

ဗေဒါအဘိုးအိုက....

'ကျုပ်နားမလည်နိုင်တာတစ်ခုပဲရှိတယ်၊ သခင်လေးဟာ သူ့အကြောင်း မပေါ်ပေါက်ရလေအောင် ကျုပ်နဲ့ မင်းကို ဘာကြောင့် နှုတ်ပိတ်မသွားသလဲဆိုတာပါပဲ'

ဟု ပြောလေသည်။

သူတို့အား နှုတ်ပိတ်လိုက်လျှင် သခင်လေးအကြောင်း မည်သူမျှ သိနိုင်ကြတော့မည် မဟုတ်ချေ။

သူတို့အား အသက်ရှင်ခွင့်ပြုလိုက်ခြင်းဖြင့် သခင်လေးအကြောင်းကို သိုင်းလောကတစ်ခုလုံး သိသွားကြတော့မည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးသည် မည်သည့်နည်းနှင့်မျှ သိုင်းလောကသို့ ဆက်လက်အသက်ရှင်နေနိုင်တော့မည်မဟုတ်ပါ၊ မည်သည့်နည်းနှင့်မျှရပ်တည်နိုင်တော့မည်မဟုတ်ပါ။

'သူက ဘာကြောင့် ငါတို့ကို အသက်ရှင်ခွင့်ပြုခဲ့ရတာလဲ'

သူမသည်လည်း ဗေဒါအဘိုးအိုကဲ့သို့တွေးလာမိလေတော့သည်။

သို့သော်....

အဖြေမှန်ကို မည်သည့်နည်းနှင့်မျှ သိရနိုင်လိမ့်မည် မဟုတ်ပေ။

* * *

ချူးပေပြည်နယ်....

မေ့ပေ့သည် ချူးပေပြည်နယ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။



ဖခင်မြို့စားကြီးရှိရာ ချူးပေပြည်နယ်သို့ ဦးတည်လာရင်း လမ်းခရီး၌ခရီးသည်များ၊ကုန်သည်ပွဲစားများ ဥဒဟိုသွားလာနေကြသည်ကို တွေ့မြင်ခဲ့ရလေသည်။

ထိုမျှမကသေး....

အချို့သော နေရာများ၌ ပွဲလမ်းသဘင်များ ခင်းကျင်းကာ စည်စည်ကားကား ရှိနေကြသည်ကိုလည်းကောင်း။

လူတိုင်းလူတိုင်းသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ သွားလာနေကြသည်ကိုလည်းကောင်း ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြသည်ကို တွေ့ရလေသည်။

ယခင်ကဆိုလျှင်....

ဘယ်နေရာကိုကြည့်ကြည့် ကျိုးနှင့်ဖုံတ်ဖွတ်ရှိခဲ့ပြီး လူတိုင်းလူတိုင်းသည် ထိတ်လန့်တုန်လှုပ်နေကြသည့် အသွင် ရှိနေကြသည်ကိုသာ တွေ့ရမည်ဖြစ်လေသည်။

အခြေအနေမှာ အပြောင်းလဲကြီး ပြောင်းလဲနေရကား ထူးခြားမှုတစ်ခုခုဖြစ်နေပြီဟု ပေ့ပေ့ သဘောပေါက်လိုက်လေတော့သည်။

သူမသည် အိမ်ပြန်ရောက်သည်အထိပင် မစောင့်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လူအများကြားသို့ဝင်ကာ သတင်းစုံစမ်းလိုက်၏။

ဤတွင်...

ချူးပြည်နယ်တွင် သောင်းကျန်းဖ်နေသော မီးနဂါးနှင့် အပေါင်းပါ များအား သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီဖြစ်၍ ခုအေး ချမ်းသာယာသွားခြင်းဖြစ်ကြောင်း သိလာရလေတော့သည်။

နှစ်ပေါင်းများစွာ ဆိုးသွမ်း သောင်းကျန်းနေခဲ့သော မီးနဂါး ဦးဆောင်သော လူဆိုးများအား မည်သူနှိမ်နင်းပေး လိုက်ပါသနည်း။

ပေ့ဒပ့ သိလိုက်ရသည်မှာ....

* * *

မီးနဂါးသည် သူ့အား မြို့စားကြီးပေ့ထင်းက နှိမ်နင်း နိုင်စွမ်းမရှိကြောင်းသိရလျှင် ပို၍သောင်းကျန်းလာလေတော့ သည်။

နောက်လိုက်နောက်ပါများဖြင့် ချူးလိန်မြို့အားသိမ်းပိုက် ရန်ဦးဘည်ချီတက်လာကြလေသည်။

BURMESE CLASSIC .com



ထပ်မှူးကောင်းယို ဦးဆောင်သော မြို့စားတပ်ဖွဲ့များက လည်း မီးနဂါးတို့အား ခုခံရင်ဆိုင်ရန် ပြင်ဆင်ထားကြလေ သည်။

ပြင်းထန်သောတိုက်ပွဲကြီး ပေါ်ပေါက်လာတော့မည် ဖြစ် ပြီး တစ်မြို့လုံး မီးလောင်တိုက်သွင်း ခံရတော့မည့် အခြေ အနေသို့ ဆိုက်ရောက်လာသောကြောင့် မြို့သူမြို့သားများ ပူဆွေးသောက ရောက်ခဲ့ကြရလေသည်။

အိုးအိမ်များကို စွန့်ခွာကာ ထွက်ပြေးကြရလေသည်။

ထိုအချိန်မှာပင် စုရုံးချီတက်လာသော မီးနဂါးတို့ လူစု အား ဟန့်တားမည့် သူရဲကောင်းတစ်ယောက် ထွက်ပေါ် လာခဲ့လေသည်။

ထိုသူရဲကောင်းသည် မြို့စားကြီးထံ၌ မီးနဂါးအား ချေ မှုန်း ခွင့်ပြုရန် ခွင့်ပန်သည်။

တပ်မှူးကောင်းယို့နှင့်အတူ မြို့စားတပ်ဖွဲ့များကို ဦးစီး ကွပ်ကဲပြီး မီးနဂါးအား ရင်ဆိုင်ခဲ့လေသည်။

ထိုသူရဲကောင်း၏ စွမ်းရည်ကြောင့် ထိပ်တိုက်ရင်ဆိုင်တွေ့ ရသော တိုက်ပွဲများတွင် မြို့စားတပ်ဖွဲ့များ အနိုင်ရရှိခဲ့ကြလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးမြို့တော်အနီး၌ သုံးရက်သုံးညတိုင်တိုင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ပြီးနောက် မီးနဂါးတို့လူစု လုံးဝ အရေးနိမ့်သွားခဲ့တော့သည်။

လူဆိုးကြီး မီးနဂါးကိုလည်း သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ ကြလေသည်။

ထို့အတူ....

သူရဲကောင်းလေးသည်လည်း တိုက်ပွဲတွင် အသက်စွန့်သွား ခဲ့ရရှာလေတော့သည်။

BURMESE CLASSIC .com

* * *

သူရဲကောင်းလေးမှာ မြို့စားသမီး ပေ့ပေ့၏မိတ်ဆွေဟု သိရ၏။

သူ၏မျက်နှာတွင် မီးလောင်ရာ အမာရွတ်များပြည့်နှက် နေကာ ကြောက်စရာကောင်းအောင် အရုပ်ဆိုးအကျည်းတန် နေသည်။



ထို့ကြောင့်....

အများက ရုပ်ဆိုးသူရဲကောင်းလေးဟု တင်စားခေါ်ဆို ခဲ့ကြလေသည်။

ရုပ်ဆိုးသူရဲကောင်းလေး သေဆုံးမသွားမီ ပေ့ပေ့၏ အမည်ကို ညည်းတွားသွားခဲ့သည်ဟု သိရ၏။

* * *

လေဝှေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်ကလေးများ ကြွေကျလာသည်။

အချို့သော သစ်ရွက်များကလည်း လေနှင့်အတူ မျော ပါသွားပြီး အချို့က မြေပေါ်ရှပ်တိုက်ပြေးသွားသည်။

အချို့ကား အသစ်စက်စက်မြေပုံလေးပေါ်သို့ကျရောက် သွားလေသည်။

မြေပုံရှေ့၌ ပေ့ပေ့ရှိနေ၏။

သူမသည် မြေပုံလေးကို ငေးမောကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


မြေပုံထဲ၌ ကိန်းအောင်းနေသူကား ရုပ်ဆိုးသူရဲကောင်းလေး (၀၇) မေတ္တာဂေဟာမှ သခင်လေး မုထင်းရို ဖြစ်လေသည်။

ပေ့ပေ့သည် မြေပုံကိုငေးကြည့်ရင်း....

'ရုပ်ချောတာ ရုပ်ဆိုးတာထက် စိတ်နှလုံးလှဖို့ အရေးအကြီးဆုံးဆိုတာကို ရှင်ဒီထက်ပိုဒေစာပြီး နားလည်သဘောပေါက်ခဲ့ရင် ဘယ်လောက်ကောင်းလိုက်လေမလဲရှင်'

ဟု တဖွဖွ ရေရွတ်နေမိပါတော့သည်။

မှန်ပေသည်။

သခင်လေးသည် မိမိ၏စိတ်ကိုထိန်းသိမ်းကာ အမှန်တရားကို နားလည်သဘောပေါက်ခဲ့မည်ဆိုပါလျှင်....

( ပြီးပါပြီ )

www.burmeseclassic.com